# လက်ရှိအခွန်ဥပဒေဖြင့်
# အခွန်စည်းကြပ်ကောက်ခံမှုစနစ်ကိုလေ့လာခြင်း
# (အမြတ်ခွန်ဥပဒေဖြင့်စည်းကြပ်ကောက်ခံမှုစနစ်)

ခင်လေးဆွေ

စာကြည့်တိုက်
စီးပွားရေး တက္ကသိုလ်။
ရန်ကုန်။

၁၉၈၆

၃၃၆.၂၄
ခင

IE-19367

# လက်ရှိအခွန်ဥပဒေဖြင့်အခွန်စည်းကြပ်ကောက်ခံမှုစနစ်ကို လေ့လာခြင်း

## (အမြတ်ခွန်ဥပဒေဖြင့်စည်းကြပ်ကောက်ခံမှုစနစ်)

စီးပွားရေး တက္ကသိုလ်

ဝါဏိဇ္ဇဗေဒဌာနတွင် မဟာဝါဏိဇ္ဇဘွဲ့ အတွက်

လိုအပ်ချက် တစ်ရပ်အနေဖြင့်တင်သွင်း ခြင်း ဖြစ်ပါသည်။


**ကြီးကြပ်သူ**

ဒေါ်စိုးစိုးအောင်
ကထိက
ဝါဏိဇ္ဇဗေဒဌာန
စီးပွားရေး တက္ကသိုလ်

ဦးမော်သန်း
ကထိက
ဝါဏိဇ္ဇဗေဒဌာန
စီးပွားရေး တက္ကသိုလ်

**ကျမ်းပြုစုသူ**

ခင်လေးဆွေ

ခုံအမှတ်- ၆


( ၁၉၈၆ )

ကျေးဇူးရှင်မိဘနှစ်ပါးအား ဤကျမ်းစာအုပ်ဖြင့်

ကန်တော့အပ်ပါသည် ။

စီးပွားရေး တက္ကသိုလ်

ရန်ကုန်မြို့

ဝါဏိဇ္ဇဗေဒဌာန

ခင်လေးဆွေ

ကျမ်းစာ တင်သွင်းသူ

ဤကျမ်းစာကို စီးပွားရေး တက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒ စာစစ်အဖွဲ့သို့ မဟာဝါဏိဇ္ဇဘွဲ့အတွက်လိုအပ်ချက်တစ်ရပ်အနေဖြင့် ရေးသား တင်သွင်း ခြင်း ဖြစ်ပါသည်။

စာစစ်အဖွဲ့မှအတည်ပြုသည်။

............
ပါမောက္ခ
ဝါဏိဇ္ဇဗေဒဌာန
စီးပွားရေးတက္ကသိုလ်
ရန်ကုန်မြို့။

............
ဦးဆက်မောင်
အကြံပေးပုဂ္ဂိုလ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဦးစီးဌာန

............
ဒေါ်ခင်သန်းကြွယ်
ပါမောက္ခ
သုတေသနနှင့်စီမံခန့်ခွဲမှုပညာဌာန

............
ဒေါ်ညိုညိုမြင့်
ကထိက
ဝါဏိဇ္ဇဗေဒဌာန

............
ဦးဖော်သန်း
ကထိက
ဝါဏိဇ္ဇဗေဒဌာန

............
ဒေါ်စိုးစိုးအောင်
ကထိက
ဝါဏိဇ္ဇဗေဒဌာန

(၁၉၉၆)

## ကျေးဇူးတင်လွှာ

ဤကျမ်းစာသည် မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းခြင်း ဖြစ်ပါသည်။ မဟာဝိဇ္ဇာသင်တန်းသို့ တက်ရောက်ပညာသင်ကြားရန် ခွင့်ပြုခဲ့သော ဝိဇ္ဇာဗေဒဌာနပါမောက္ခဆရာဦးတင်ထွန်းအား အထူးကျေးဇူးတင်ရှိပါကြောင်း ရှေးဦးစွာ ဖော်ပြအပ်ပါသည်။

ဤကျမ်းစာဖြစ်မြောက်ရေးအတွက် အစမှအဆုံး တိုင်ကြီးကြပ်လမ်းညွှန်ပေးခဲ့သော ဝိဇ္ဇာဗေဒဌာနမှ ကထိကဆရာမဒေါ်စိုးစိုးအောင်နှင့်၊ ကထိကဆရာဦးမော်သန်းတို့အား လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

ဤကျမ်းစာနှင့်စပ်လျဉ်း၍ အဖက်ဖက်မှ အကြံဉာဏ်များပေး၍ အားပေးကူညီသော ကထိကဆရာ ဒေါက်တာအောင်ထွန်းသက်အားလည်း အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါသည်။

ဤကျမ်းစာပြုစုရာတွင် အကြံဉာဏ်များပေးခြင်းနှင့် ၊ ဥပဒေအကြောင်းအရာများ ၊ အတွေ့အကြုံများကို ရှင်းလင်းညွှန်ပြပေးသည့် ဦးစိန်ဝင်း( ၄ ) (ဒုတိယညွှန်ကြားရေးမှူး ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဦးစီးရုံး )အားလည်းကောင်း ၊ ဦးကိုကို ( အငြိမ်းစားလက်ထောက်အမြဲတမ်းခွန်မင်းကြီး )အားလည်းကောင်း ၊ ဦးအောင်မင်း ( အငြိမ်းစားလက်ထောက်ညွှန်ကြားရေးမှူး – ၂ )အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဤကျမ်းစာနှင့်သက်ဆိုင်သည့်စာအုပ်စာတမ်းများကို ငှားရမ်းကူညီသော ဦးခင်သိန်း ( ညွှန်ကြားရေးမှူး ၊ ပြည်တွင်းအခွန်များဦးစီးဌာန )အားလည်းကောင်း ၊ ဦးတင်အောင် ( လက်ထောက်

ညွှန်ကြားရေးမှူး - ၂ ) အားလည်းကောင်း ၊ အထူးကျေးဇူးတင်ရှိပါ
သည်။

ဤကျမ်းစာဖြစ်မြောက်ရေးအတွက်အစစအရာရာကူညီခဲ့သည့်အန်ကယ်ဦးမောင်မောင်အားလည်းအထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းဖော်ပြအပ်ပါသည်။

ဤကျမ်းစာပြုစုစဉ်ကာလတစ်လျှောက်လုံးအမြဲတမ်းကူညီအားပေးခဲ့သည့်ဒေါ်ဘေဘီ ( ဒု-လက်ထောက်ညွှန်ကြားရေးမှူး ၊ ပ-တ-ခ) အားလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်ပါသည်။ ထို့အတူဦးကေကေ ( သဃန်းကျွန်းမြို့နယ်အခွန်ဦးစီးမှူး ) အားလည်းကျေးဇူးတင်ရှိပါကြောင်းဖော်ပြအပ်ပါသည်။

ဤကျမ်းစာနှင့်ပတ်သက်၍လိုအပ်သောအချက်အလက် ၊ ကိန်းဂဏန်းများကိုကောက်ယူရန်ခွင့်ပြုခဲ့သည့်ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်ရန်ကုန်တိုင်းအခွန်ဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ၊ ပန်းဘဲတန်းမြို့နယ်အခွန်ဦးစီးမှူးဦးစိန်အေးနှင့်ပန်းဘဲတန်းမြို့နယ်မှဒေါ်ခင်အုန်းကျင်တို့အားလည်းကောင်းအထူးကျေးဇူးတင်ပါသည်။

ရန်ကုန်တိုင်းအခွန်ဦးစီးဌာနမှလိုအပ်သောစာရင်း ၊ ဇယားများကောက်ယူရာတွင်ကူညီပြသပေးသည့်ဒေါ်သန်းစန်းအေးနှင့်ဒေါ်ခင်မျိုးအေးတို့အားအထူးပင်ကျေးဇူးတင်ပါသည်။

ဤကျမ်းစာအားစာအုပ်အသွင်ဖြစ်မြောက်ရေးအတွက် ၊ ကူညီကြသည့်ကိုသိန်းဦးနှင့်မိုးမိုးတို့ကိုလည်းအထူးကျေးဇူးတင်ပါသည်။

ဤကျမ်းစာဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ၊ အားပေးကြသော စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့အား ကျေးဇူးတင်ပါသည်။

ဤကျမ်းစာ၏ လက်ရေးမူများကို စနစ်တကျ လက်နှိပ်စက်ရိုက်နှိပ်ပေးခြင်းဖြင့် ကူညီသော မခင်ဝင်း ( လမ်းစဉ်လူငယ်ရုံးခန်း ) အားလည်း အထူးပင် ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ခင်လေးဆွေ

# မာတိကာ

## အကြောင်းအရာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁ | အခွန်ဆိုင်ရာအခြေခံသဘောတရားများ | ၈ |
| | ၁-၁။ အခွန်စနစ် | ၁၀ |
| | ၁-၂။ အခွန်စည်းကြပ်ကောက်ခံသည့်အခြေခံမူ | ၁၅ |
| ၂ | မြန်မာနိုင်ငံတွင် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေ မပေါ်ပေါက်မီကာလများ၏အခွန်ကောက်ခံမှုစနစ် | ၁၈ |
| | ၂-၁။ မြန်မာမင်းများလက်ထက်အခွန်ကောက်ခံမှုစနစ် | ၁၉ |
| | ၂-၂။ ကိုလိုနီခေတ်အခွန်ကောက်ခံမှုစနစ် | ၂၂ |
| | ၂-၃။ လွတ်လပ်ရေးရပြီးနောက်အမြတ်ခွန်ကောက်ခံမှုစနစ် | ၂၅ |
| | ၂-၄။ တော်လှန်ရေးကောင်စီလက်ထက်အမြတ်ခွန်ကောက်ခံမှုစနစ် | ၂၈ |
| ၃ | ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေပေါ်ပေါက်လာသည့်နောက်ပိုင်းအမြတ်ခွန်စည်းကြပ်ကောက်ခံမှုစနစ် | ၃၄ |
| | ၃-၁။ အမြတ်ခွန်ပေးဆောင်ရန်တာဝန်ရှိသူများ | ၃၇ |
| | ၃-၂။ အမြတ်ခွန်ပေးဆောင်ရန်မလိုအပ်သည့်ဝင်ငွေအမျိုးအစားများ | ၃၈ |
| | ၃-၃။ အမြတ်ခွန်ဥပဒေနှင့်အကျုံးမဝင်သောအခွန်ထမ်း (သို့မဟုတ်) ဝင်ငွေများ | ၃၉ |

## မာတိကာ

## အကြောင်းအရာ

အခန်း | စာမျက်နှာ


၃-၄။ ဝင်ငွေရရှိချိန်တွင်ဝင်ငွေကြေညာလွှာ ပေးပို့ခြင်း ၄၀

၃-၅။ ကြိုတင်ခွန်ပေးဆောင်ခြင်း ၄၁

၃-၆။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့်အာဏာပိုင်အသီးသီးတို့၏ ဆောင်ရွက်ချက်များ ၄၃

၃-၆-၁။ စာရင်းပြုစုရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များ ၄၃

၃-၆-၂။ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များ ၅၀

၃-၆-၃။ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များ ၅၂

၃-၆-၄။ စည်းကြပ်မှုအဖွဲ့များ၏ ဆောင်ရွက်ချက်များ ၅၄

၃-၆-၅။ မြို့နယ်အခွန်ဦးစီးမှူးများ၏ ဆောင်ရွက်ချက်များ ၅၈

၃-၇။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေပြင်ဆင်ကောက်ခံလျက်ရှိသည့်အခွန်နှုန်းထားများ ၆၀

# မာတိကာ

## အကြောင်းအရာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| | ၃-၇-၁။ အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၏အခွန်နှုန်းထားများ | ၆၉ |
| ၄ | အမြတ်ခွန်ပေးဆောင်ထိုက်သူများအပေါ်လက်တွေ့ အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း | ၇၂ |
| | ၄-၁။ နှစ်တစ်နှစ်အတွင်းအခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိသူများအပေါ် အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း | ၇၃ |
| | ၄-၁-၁။ စီးပွါးရေးလုပ်ငန်းမှဝင်ငွေ အပေါ်အမြတ်ခွန်စည်းကြပ် ကောက်ခံခြင်း | |
| | ၄-၁-၂။ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှဝင်ငွေအပေါ်အမြတ် ခွန်စည်းကြပ်ကောက်ခံခြင်း | ၈၈ |
| | ၄-၁-၃။ ပစ္စည်းငှားရမ်းခြင်းမှဝင်ငွေ အပေါ်အမြတ်ခွန်စည်းကြပ် ကောက်ခံခြင်း | ၉၁ |
| | ၄-၁-၄။ ဝင်ငွေရလမ်းမဖော်ပြနိုင်သော လမ်းကြောင်းမှဝင်ငွေအပေါ် အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း | ၉၃ |
| | ၄-၂။ အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်အမြတ်ခွန် စည်းကြပ်ကောက်ခံခြင်း | ၉၇ |

# မာတိကာ

## အကြောင်းအရာ


| အခန်း | | စာမျက်နှာ |
| --- | --- | --- |
| | ၄-၃။ ပြည်ပမှပစ္စည်းတင်သွင်းသူများအပေါ် အမြတ်ခွန်စည်းကြပ်ကောက်ခြင်း | ၁၀၂ |
| | ၄-၄။ အခကြေးငွေယူသောဖျော်ဖြေမှုအပေါ် အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း | ၁၀၄ |
| | ၄-၅။ သားထုတ်လုပ်သူများအပေါ်အမြတ်ခွန် စည်းကြပ်ကောက်ခံခြင်း | ၁၀၇ |
| | ၄-၆။ စည်းကြပ်ရာဒေသသတ်မှတ်ခြင်း | ၁၀၉ |
| ၅ | မြန်မာနိုင်ငံတွင်အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှု အခြေအနေနှင့်ရန်ကုန်တိုင်းအတွင်းအမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုအခြေအနေ | ၁၁၄ |
| | ၅-၁။ မြန်မာနိုင်ငံ၏အမြတ်ခွန်စည်းကြပ်ကောက်ခံ ရရှိမှုအခြေအနေ | ၁၁၅ |
| | ၅-၂။ ရန်ကုန်တိုင်းအတွင်းအမြတ်ခွန်ကောက်ခံ ရရှိမှုအခြေအနေ | ၁၂၅ |
| | ၅-၃။ ရန်ကုန်တိုင်းအတွင်းအမြတ်ခွန်အများဆုံး ကောက်ခံရရှိသည့်မြို့နယ်ကိုရွေးချယ်စိစစ်ခြင်း | ၁၃၉ |
| | ၅-၃-၁။ ပန်းဘဲတန်းမြို့နယ်၏အမြတ်ခွန် ကောက်ခံရရှိမှု | ၁၄၇ |
| ၆ | နိဂုံး | ၁၅၃ |
| | * နောက်ဆက်တွဲများ | |
| | * ကျမ်းကိုးစာရင်းများ | |

## ဇယားများမာတိကာ

အကြောင်းအရာ


| အခန်း | ဇယားအမှတ် | | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁ | အခွန်နှုန်းထား (၃) မျိုးဖြင့်ကျသင့်သည့်အခွန်များ | ၁၇ |
| ၃ | ၂ | ရန်ကုန်တိုင်း၊ မြို့နယ်အသီးသီး၏ ရပ်ကွက်ကျေးရွာအုပ်စုအရေအတွက်နှင့် စာရင်းပြုစုရေးအဖွဲ့ဦးရေပြဇယား | ၄၅ |
| | ၃ | ရန်ကုန်တိုင်း၊ မြို့နယ်အသီးသီး၏ စည်းကြပ်မှုအဖွဲ့ဦးရေ | ၅၃ |
| | ၄ | ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များ၏ အခွန်ဦးစီးမှူးများဦးရေကိုဖော်ပြသည့်ဇယား | ၆၁ |
| ၅ | ၅ | ၁၉၇၆ ခုနှစ်မှ ၁၉၈၅-၈၆ ခုနှစ်အထိ မြန်မာနိုင်ငံအတွင်း အမြတ်ခွန်ကောက်ခံရန်လျာထားငွေနှင့် ကောက်ခံရရှိမှုအခြေအနေပြဇယား | ၁၁၆ |
| | ၆ | မြန်မာနိုင်ငံအတွင်း အမြတ်ခွန်ကောက်ခံရရှိမှုတိုးတက်ပြောင်းလဲမှုအခြေအနေပြဇယား | ၁၁၈ |
| | ၇ | ပြည်နယ်/တိုင်းအလိုက် ၁၉၈၁-၈၂ မှ ၁၉၈၅-၈၆ ခုနှစ်အထိ အမြတ်ခွန်ကောက်ခံရန်လျာထားငွေနှင့်ကောက်ခံရရှိမှုအခြေအနေပြဇယား | ၁၂၀ |

## ဇယားများမာတိကာ


| အခန်း | ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၈ | စုစုပေါင်း အမြတ်ခွန် ကောက်ခံရရှိမှုတွင် ပြည်နယ်/တိုင်း အသီးသီး၏ ပါဝင်မှုအချိုး ပြဇယား | ၁၂၁ |
| | ၉ | ရန်ကုန်တိုင်း၏ဘဏ္ဍာနှစ်အလိုက်အမြတ်ခွန် ကောက်ခံရန်လျာထားငွေနှင့် ကောက်ခံရရှိမှုအခြေအနေပြဇယား | ၁၂၃ |
| | ၁၀ | ရန်ကုန်တိုင်း၏အမြတ်ခွန်ထမ်းသစ် ဦးရေတိုးတက်မှုအခြေအနေပြဇယား | ၁၂၈ |
| | ၁၁ | ရန်ကုန်တိုင်း၏ဘဏ္ဍာရေးနှစ်အလိုက်၊ အမြတ်ခွန်စည်းကြပ်ပြီးပြတ်မှုအခြေအနေ ပြဇယား | ၁၃၃ |
| | ၁၂။ | ရန်ကုန်တိုင်း၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်ကျသင့်သောအမှုများနှင့်အခွန် မကျသင့်သောအမှုများ၏ပြီးပြတ်မှု အခြေအနေနှိုင်းယှဉ်ဇယား | ၁၃၄ |
| | ၁၃။ | ရန်ကုန်တိုင်း၏ဘဏ္ဍာရေးနှစ်အသီးသီး အတွက်ဝင်ငွေအလွှာအလိုက်အခွန် ကျသင့်သောအမှုများ ပြဇယား | ၁၃၆ |

# ဇယားများမာတိကာ


| အခန်း | ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၁၄ | ရန်ကုန်တိုင်း၏ ၁၉၈၂-၈၃မှ ၁၉၈၅-၈၆ခုနှစ်အထိအမြတ်ခွန် အခွန်ကြေးကောက်ခံရရှိမှုအခြေအနေ | ၁၃၈ |
| | ၁၅ | ရန်ကုန်တိုင်း အတွင်း ရှိမြို့နယ်အလိုက် အမြတ်ခွန် ကောက်ခံရရှိမှုနှင့်ပါဝင်မှု အချိုး အစား ပြဇယား | ၁၄၀ |
| | ၁၆ | ကျောက်တံတား မြို့နယ်၏ ဝင်ငွေအမျိုး အစား အလိုက်အမြတ်ခွန် ကောက်ခံ ရရှိမှုနှိုင်း ယှဉ်ဇယား | ၁၄၂ |
| | ၁၇ | ပန်း ဘဲတန်း မြို့နယ်၏ ဝင်ငွေအမျိုး အစား အလိုက်အမြတ်ခွန် ကောက်ခံ ရရှိမှုနှိုင်း ယှဉ်ဇယား | ၁၄၅ |
| | ၁၈ | ပန်း ဘဲတန်း မြို့နယ်၏ ဝင်ငွေအမျိုး အစား အလိုက်အခွန်ထမ်း သစ်ဦးရေ | ၁၄၆ |

# နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည်၊ ဆိုရှယ်လစ်လူ့ဘောင်သစ်တည်ဆောက်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိကာ ဆိုရှယ်လစ်စီးပွားရေးစနစ်အောင်မြင်အောင်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကိုမြန်မာနိုင်ငံသူနိုင်ငံသားများ နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုကျင့်သုံးရာ၌ တိုင်းရင်းသားလုပ်သားပြည်သူများ၏စားဝတ်နေရေးနှင့်လူမှုရေး လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးစီမံကိန်းများကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက်ဆိုရှယ်လစ် အရင်းအနှီးများစုဆောင်းရရှိရန်အရေးကြီးပါသည်။ အဓိကကျသော ဆိုရှယ်လစ်အရင်းအနှီးစုဆောင်းမှုတစ်ရပ်မှာငွေရေးကြေးရေးစုဆောင်းမှုပင်ဖြစ်ပါသည်။

စီးပွားရေးပိုင်းဆိုင်ရာလုပ်ငန်းစီမံကိန်းများတိုးတက်ဖွံ့ဖြိုးလာရေးနှင့်အပေါ်ထပ်အဆောက်အအုံဖြစ်သည့်စီမံခန့်ခွဲရေး၊ လူမှုရေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ အစရှိသည့်လုပ်ငန်းရပ်များအတွက်ငွေရေးကြေးရေးစုဆောင်းမှုတစ်ရပ် အမှန်ပင်လိုအပ်ပါသည်။ ထို့ကြောင့်နိုင်ငံတော်၏ငွေကြေးစုဆောင်းမှု လုပ်ငန်းတစ်ရပ်ဖြစ်သည့်ပြည်တွင်းဝင်ငွေ၏အဓိကဖြစ်သောအခွန် အကောက်များ အပြည့်အဝကောက်ခံရရှိရေးကိုကြိုးပမ်းဆောင်ရွက်ကြရန် များစွာလိုအပ်ပါသည်။

နိုင်ငံတော်သည်ပြည်သူတို့၏အကျိုးစီးပွားကိုရည်မျှော်လျက် လူမှုရေးနှင့်စီမံခန့်ခွဲရေးအသုံးစရိတ်များကိုနှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ ထိုကဲ့သို့နိုင်ငံတော်၏လူမှုရေးနှင့်စီမံခန့်ခွဲရေးအတွက်ရှိသော

လုပ်ငန်းဆောင်ရွက်မှုများ ကြီးမားလာသည်နှင့်အမျှ ၊ ဘစ်ဖက်တွင်နိုင်ငံတော်၏အခွန်ဘဏ္ဍာ ရရှိရေး သည်လည်း အချိုးကျကျတိုး တက်ရန်မှာများစွာ လိုအပ်လှပါသည်။ ထို့ကြောင့်နိုင်ငံတော်အတွက်အခွန်ငွေများ ဘစ်နှစ်ထက် တစ်နှစ်တိုးတက် ကောက်ခံရရှိရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင်ယခုအခါမှသာအခွန် ကောက်ခံခဲ့ခြင်း မဟုတ်ပေ။ ခေတ်အဆက်ဆက်ကတည်း ကအခွန်စည်းကြပ် ကောက်ခံမှုများ ရှိခဲ့ပါသည်။ အခွန်စနစ်ဟောင်းများ ကို လေ့လာကြည့်ပါက စနစ်အမျိုးမျိုး ၊ ဥပဒေအမျိုးမျိုး ကွဲပြားလျက်ရှိနေသည်ကို တွေ့ရပါသည်။ ယခင်ကပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်ပြည်သူများ အပေါ် ကောက်ခံခဲ့သောအခွန်စနစ်ဟောင်းများ ဘွင်ရောင်းခွန်၊ ယစ်မျိုးခွန်၊ နိုင်ငံတွင်းအကောက်ခွန်၊ ပွဲခွန်၊ ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန်၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်နှင့်ဝင်ငွေခွန်ဟူ၍အခွန်များ ကိုပုံစံအမျိုးမျိုး ဖြင့် ကောက်ခံခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့ပြင်စည်းကြပ် ကောက်ခံခဲ့သောအခွန်များ နှင့်ပတ်သက်၍ ရေးဆွဲထားသောဥပဒေများ သည်လည်း နိုင်ငံသူနိုင်ငံသားများအတွက် မျှတစွာအခွန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍စနစ်တကျ ရေးဆွဲပြဋ္ဌာန်းထားသောဥပဒေများ မဟုတ်ခဲ့ပေ။ ထိုခေတ်အခါကကြီးစိုးလျက်ရှိသည့် လူတန်းစားများ ၊ အရင်းရှင်များ အတွက်သာလျှင်ရည်ရွယ်၍ဖြစ်ပေါ်နေသောအခြေအနေရပ်များ အပေါ်အရေးပေါ်ပြဋ္ဌာန်းထားခြင်း မျှသာဖြစ်ပါသည်။ ထို့ကြောင့်အခွန်ထမ်းဆောင်ရန်သတ်မှတ်ထားသော နှုန်းထားများ သည်မျှတမှုမရှိပဲ ၊ မြန်မာနိုင်ငံသူနိုင်ငံသားများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုး ပိ၍ နေခဲ့ပါသည်။

ထိုကဲ့သို့ဥပဒေအမျိုးမျိုး အရအကွဲကွဲအပြားပြားဖြစ်နေခဲ့သော အခွန်မျိုးစုံကိုစုစည်း လုက်သမဝါယမအသင်း နှင့်ဝန်ထမ်းများ မှအပ ၊

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ်အခွန်တစ်မျိုးတည်းဖြင့် ကောက်ခံရန်ပထမအကြိမ်ပြည်သူ့လွှတ်တော်ပထမအစည်းအဝေးတွင် ၊ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေပေါ်ပေါက်လာသည့်အခါမှစ၍ ၎င်းအမြတ်ခွန်ဥပဒေ အရအခွန်ပေးဆောင်ထိုက်သူနိုင်ငံသားတိုင်းသည်လွယ်ကူမှုတစ်ခုဖြင့် အခွန်ကိုထမ်းဆောင်နိုင်ကြပြီဖြစ်ပါသည်။

ထို့ပြင် ၁၉၇၆ခုနှစ် အမြတ်ခွန်ဥပဒေပေါ်ပေါက်လာသောအခါတွင်အခွန်ပေးဆောင်ရန်တာဝန်ကိုတိမ်းရှောင်နေကြသော စီးပွားရေးသမားများ၊ ဖုံးကွယ်ဝင်ငွေများ၊ ဝင်ငွေထိမ်ချန်မှုများကိုပြည်သူများကိုယ်တိုင်ရွေးချယ်ထားသောပြည်သူ့ကိုယ်စားလှယ်များကဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေအဖြစ်ဖော်ထုတ်က နိုင်ငံတော်၏ရသင့်ရထိုက်သောအခွန်ဘဏ္ဍာကိုရရှိရန်ဆောင်ရွက်နိုင်ခဲ့ခြင်းမှာလည်း၎င်းဥပဒေ၏ထူးခြားချက်တစ်ရပ်ပင်ဖြစ်ပါသည်။

နိုင်ငံတော်၏အခွန်အကောက်အားလုံးအနက်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှပြည်တွင်းအခွန်အမျိုးအစား (၁၀) မျိုး ကို ၊ ကောက်ခံပေးလျက်ရှိပါသည်။ ယင်းအခွန် (၁၀) မျိုးတို့မှာကုန်စည်နှင့်ဝန်ဆောင်မှုခွန်၊ အမြတ်ခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ သတ္တုခွန်၊ မြေခွန်၊ ယစ်မျိုးခွန်၊ ရေနှင့်တာတမံခွန်၊ အင်းအိုင်ခွန်နှင့်အောင်ဘာလေသိန်းဆုခွန်တို့ဖြစ်ကြပါသည်။ ထိုအခွန် (၁၀) မျိုးအနက်၊ ကုန်စည်နှင့်ဝန်ဆောင်မှုခွန်မှာအများဆုံးရရှိပြီး၊ ဒုတိယအများဆုံးရရှိသောအခွန်မှာအမြတ်ခွန်ဖြစ်ပါသည်။ အမြတ်ခွန်သည် ပုဂ္ဂလိကလုပ်ငန်းများမှရရှိသောအခွန်များအနက်အဓိကအကျဆုံး အခွန်ဖြစ်ပါသည်။

နိုင်ငံတော်ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်မှုအတွက်ဖြည့်ဆည်းပေးနေသည့်အခွန်များအနက်အမြတ်ခွန်သည်ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်

နေပါသည်။ ထို့ပြင်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ( ၁၇၂ ) အရ၊ နိုင်ငံသားတိုင်း အခွန်ပေး ဆောင်ရန်တာဝန်တစ်ရပ်အနေဖြင့် အရေးပါလျက်ရှိပါသည်။ အထူးသဖြင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ သည်သတိမှတ်ထားသောဝင်ငွေပမာဏရရှိပါက၊ အမြတ်ခွန်ပေးဆောင်ရန်တာဝန်ရှိကြောင်း သဘောပေါက်နားလည်ထားရန်လိုအပ်ပါသည်။

နိုင်ငံတော်သည်အခွန်ပေးဆောင်သူများအား အခွန်တာဝန်မပိစေရန်အခွန်စည်းကြပ်ရာတွင်ပိုမိုတရားမျှတမှန်ကန်မှုရှိစေရန် ၊ နှင့် ၊ အခွန်စည်းကြပ်ကောက်ခံရာတွင်ပိုမိုထိရောက်ပြီး အခွန်အပြည့်အဝရရှိစေရန် ရည်ရွယ်၍စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ၊ ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကိုလည်းပြဋ္ဌာန်းပေးခဲ့ပြန်ပါသည်။ ထိုသို့ပြင်ဆင်သည့်ဥပဒေကိုလည်း ဤကျမ်း၌လေ့လာတင်ပြထားပါသည်။

ဤကျမ်းကိုပြုစုလေ့လာခြင်း၏အဓိကရည်ရွယ်ချက်မှာမြန်မာနိုင်ငံတွင်လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေဖြင့်အခွန်ကောက်ခံမှုစနစ်သည်ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့်အံဝင်ခွင်ကျရှိခြင်း ၊ နိုင်ငံသားများအတွက်အခွန်ထမ်းဝန်ပိုးမဖြစ်စေခြင်း လွယ်ကူရှင်းလင်း၍မျှတသောအခွန်စနစ်ဖြစ်ခြင်းကိုလေ့လာရန် နှင့် ၊ ၁၉၇၆ ခုနှစ်အမြတ်ခွန်အက်ဥပဒေအရ၊ အခွန်ပေးဆောင်ရမည့်သူများအပေါ် မည်ကဲ့သို့စည်းကြပ်ကောက်ခံသည်ကိုလေ့လာရန်ဖြစ်ပါသည်။ ထို့ပြင် ဤဥပဒေပေါ်ပေါက်လာသည့်အချိန်မှစ၍မြန်မာနိုင်ငံ၏အမြတ်ခွန်ကောက်ခံရရှိမှုအခြေအနေဘိုးတက်လာခြင်း ရှိမရှိကိုလည်း လေ့လာရန်ရည်ရွယ်ပါသည်။

နိုင်ငံသူနိုင်ငံသားများထံမှစည်းကြပ်ကောက်ခံသောအခွန်ငွေများဘိုးတက်ကောက်ခံရရှိလေလေ၊ နိုင်ငံတော်၏စီးပွားရေးလုပ်

ငန်း စီမံကိန်းများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ လုပ်ငန်းရပ်အသီးသီးတို့ တိုးတက်ဖွံ့ဖြိုးလာရန်အထောက်အကူပြုနေမည် ဖြစ်သဖြင့်၊ နိုင်ငံသားတိုင်းသည်အခြေခံဥပဒေပုဒ်မ(၁၇၂)တွင် ပြဋ္ဌာန်းသည့်အတိုင်း အခွန်ပေးဆောင်ကြရန်တာဝန်ရှိကြောင်းကိုအခွန်ပေးဆောင်ကြရမည့်နိုင်ငံသားတိုင်းသဘောပေါက်ကြရန် ရည်ရွယ်၍ လေ့လာတင်ပြခြင်းလည်းဖြစ်ပါသည်။

ထို့ပြင်စာရင်းကိုင်၊ စာရင်းစစ်များဖြစ်လာကြမည့်စီးပွားရေးဘဏ္ဍာသိုလ်ကျောင်းသူကျောင်းသားများ အနေဖြင့်အခွန်စာရင်းကိုင်ခြင်း သို့မဟုတ် အခွန်စာရင်းစစ်ခြင်း စသည့်လုပ်ငန်းရပ်များကိုဆောင်ရွက်ကြရသည့်အခါတွင်အမြတ်ခွန်နှင့်ပတ်သက်၍ဗဟုသုတ အသိပညာများ ရရှိစေရန် ရည်ရွယ်၍ လေ့လာတင်ပြပါသည်။

ဤကျမ်းကိုပြုစုလေ့လာရာတွင် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေသည်သက်သာသောအခွန်နှုန်းများဖြင့်ပြည်သူတို့အပေါ်ဘာရအားမှုတစ်ခု အခွန်စည်းကြပ်ကောက်ခံသောဥပဒေဖြစ်သည်ဟုယူဆထားပါသည်။ ထို့ပြင် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ အခွန် ကောက်ခံသည့်စနစ်ပြောင်းလဲလာပြီး၊ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့အစည်းများဖြင့်ကြီးကြပ်၍စည်းကြပ်ကောက်ခံခြင်းကြောင့်အခွန်စည်းကြပ်ကောက်ခံမှုကိုယ်ထိရောက်စွာဆောင်ရွက်နိုင်သည်ဟုယူဆထားပါသည်။

ဤကျမ်းကိုပြုစုနိုင်ရန်အတွက် လေ့လာမှုပြုရာဘွင်အမြတ်ခွန်ဆိုင်ရာ လှူင်လူတိုင်းကထမ်းဆောင်ရမည်ကိုစုံးရိမ်တာကြသဖြင့်အခွန်ထမ်းများအပေါ်၌ မေးခွန်းများ မေးမြန်းသည့်ပုံစံဖြင့် လေ့လာခြင်း မပြုနိုင်ခဲ့ပါ။ သို့သော်အမြတ်ခွန်နှင့်ပတ်သက်၍အတွေ့အကြုံရင့်ကျက်၍လုပ်ငန်းကျွမ်းကျင်မှုအပြည့်အဝရှိပြီးဖြစ်သောပြည်တွင်းအခွန်များဦးစီးဌာန မှ ညွှန်ကြားရေးမှူးများ၊ ဒု-ညွှန်ကြားရေးမှူးများနှင့်မြို့နယ်အခွန်

ဦးစီးမှူးများအား မေးမြန်းလေ့လာခြင်းနှင့်အခွန်ဦးစီးမှူးများ၏ လက်တွေ့ဆောင်ရွက်ချက်အတွေ့အကြုံများကို ရေးသားပြုစုထားသော စာအုပ်စာတမ်းများ၊ ပြည်တွင်းအခွန်ဦးစီးဌာနဦးစီးရုံးမှနှစ်ပတ်လည်အစီရင်ခံစာများ၊ ရန်ကုန်တိုင်းမှနှစ်ပတ်လည်အစီရင်ခံစာများကို ဖတ်ရှုလေ့လာခြင်းဖြင့်ဤကျမ်းကို လေ့လာပြုစုပါသည်။

ဤကျမ်း၌ပါဝင်သည့်အခန်းအသီးသီးကိုအကျဉ်းချုပ်ဖော်ပြရပါက၊ အခန်း (၁) တွင်အခွန်၏အဓိပ္ပါယ်၊ အခွန်ကောက်ခံခြင်း၏ရည်ရွယ်ချက်နှင့်အခွန်စနစ်ကောင်းတစ်ခုအနေဖြင့်ပြည့်စုံရမည့်လိုအပ်ချက်များ စသည့်အခွန်ဆိုင်ရာအခြေခံသဘောတရားများကို လေ့လာတင်ပြထားပါသည်။

အခန်း (၂) တွင်အမြတ်ခွန်စည်းကြပ်ကောက်ခံမှုသမိုင်းကို တင်ပြထားပါသည်။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေမပေါ်ပေါက်သေးမီအချိန်ကာလများကတည်ရှိခဲ့သောဥပဒေများဖြင့်အမြတ်ခွန်စည်းကြပ်ကောက်ခံမှုကိုခေတ်ကာလပိုင်းခြား၍မည်သို့မည်ပုံဆောင်ရွက်ခဲ့ကြသည်ကို လေ့လာတင်ပြထားပါသည်။ ဤသို့လေ့လာခြင်းဖြင့်လက်ရှိတည်ဆဲအမြတ်ခွန်ဥပဒေအရ၊ အမြတ်ခွန်စည်းကြပ်ကောက်ခံမှုနှင့်ယခင်ခေတ်ကာလများကအမြတ်ခွန်စည်းကြပ်မှုတို့ကိုနှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်ပါသည်။

အခန်း (၃) တွင် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေပေါ်ပေါက်လာခြင်းနှင့်ထိုဥပဒေအရအခွန်နှုန်းများသည်သက်သာခြင်း၊ မျှတခြင်းရှိကြောင်းကို လေ့လာတင်ပြထားပါသည်။ အမြတ်ခွန်စည်းကြပ်ကောက်ခံမှုတွင်ပါဝင်အကောင်အထည်ဖော်လျက်ရှိကြသော ရပ်ကွက်ကျေးရွာအုပ်စုစာရင်းပြုစုရေးအဖွဲ့များ၊ စည်းကြပ်မှုအဖွဲ့များ၊ အခွန်ဦးစီးမှူးများ မည်သို့မည်ပုံတာဝန်ယူဆောင်ရွက်လျက်ရှိသည်ကိုလည်းကောင်း၊ အခွန် အပြည့်အဝရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်းကောင်း၊

လေ့လာထားပါသည်။

အခန်း (၄) တွင်အခွန်သည်လူတိုင်းရှောင်လွှဲ၍မရ၊ အခွန်တာဝန်ကျရောက်လာပါကပေးဆောင်ကြရမည်ဖြစ်ပါသည်။ သို့သော်လူတိုင်းအနေဖြင့်အမြတ်ခွန်ပေးဆောင်ရန်မလိုပါ။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရအမြတ်ခွန်ပေးဆောင်ရန်တာဝန်ရှိသူများကိုသာလျှင်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဤအခန်းတွင်အမြတ်ခွန်ဥပဒေအရအခွန်ထမ်းဆောင်ရန်တာဝန်ရှိသူများနှင့်အခွန်ထမ်းဆောင်ရန်ဝင်ငွေခေါင်းစဉ်အသီးသီးအတွက်မည်သို့မည်ပုံတရားမျှတမှုရှိစေရန်စည်းကြပ်သည်ကိုလေ့လာတင်ပြထားပါသည်။

အခန်း (၅) တွင်မြန်မာနိုင်ငံ၏အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတနိုင်ငံလုံးတွင်စီးပွားရေးအချက်အချာအကျဆုံးဖြစ်၍လူဦးရေအများဆုံးနေထိုင်ပြီးစီးပွားရေးလုပ်ငန်းပေါင်းစုထွန်းကားသည့်ရန်ကုန်တိုင်းအတွင်းရှိပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ်တွင်အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုအခြေအနေများကိုဇယားများ၊ ဂရပ်စ်များဖြင့်လေ့လာဆီစစ်တင်ပြထားပါသည်။

နိဂုံးပိုင်းတွင်အထက်ဖော်ပြပါအခန်းများမှလေ့လာတွေ့ရှိချက်များကိုပြန်လည်သုံးသပ်ပြီး ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုနှင့်ပတ်သက်၍လိုအပ်သောအကြံပြုချက်များကိုတင်ပြထားပါသည်။

ဤကျမ်းကိုပြုစုရန်လိုအပ်သောစာရင်းအင်းအချက်အလက်ကိန်းဂဏန်းများကိုပြည်တွင်းအခွန်များဦးစီးဌာနဦးစီးရုံးနှင့်ရန်ကုန်တိုင်းအခွန်ဦးစီးဌာနများမှရရှိပါသည်။

# အခန်း (၁)

## အခွန်ဆိုင်ရာအခြေခံသဘောတရားများ

အခွန်စည်းကြပ်ကောက်ခံမှုစနစ်ကို လေ့လာခြင်း မပြုမီ ရှေးဦးစွာ အခွန်ဆိုသည့်စကားရပ်၏အဓိပ္ပါယ်ကို လေ့လာရှင်းလင်းလိုပါသည်။

အခွန်ဟူသောဝေါဟာရနှင့်ပတ်သက်၍ စီးပွားရေးပညာရှင်များက အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ ယင်းတို့အနက် စီအက်(ဖ)ဘက်စတာဘေး ဆိုသူပညာရှင်က ၎င်း၏ပြည်သူ့ဘဏ္ဍာအမည်ရှိသောစာအုပ်တွင် လူတစ်ဦးတစ်ယောက် (သို့မဟုတ်) လူ့အဖွဲ့အစည်းတစ်ခုသည် မိမိတို့ရရှိသော ဝင်ငွေထဲမှ အများအကျိုးဆောင်ရွက်နိုင်ရန်အတွက် ထည့်ဝင်ရသောငွေဟု၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[1] အလားတူပင် အိပ်(ချ)စီအာဒမ်(စ) ဆိုသူကလည်း အခွန်ဆိုသည်မှာ ပြည်သူတို့က နိုင်ငံတော်ကို အထောက်အပံ့ပြုရန်အတွက် ထည့်ဝင်ခြင်းဖြစ်သည်ဟု၍ ၎င်း၏ဘဏ္ဍာရေးသိပ္ပံစာအုပ်တွင် ဖော်ပြထားပါသည်။[2]

ပညာရှင် အီးအာအေဆယ်လစ်မန်ကမူ လူပုဂ္ဂိုလ်တို့က နိုင်ငံတော်အစိုးရသို့ အများအကျိုးဆောင်ရာတွင် ကုန်ကျသည့်စရိတ်များကို ကာမိစေရန်အတွက် မလွှဲမသွေပေးဆောင်ရခြင်းဟု၍ ၎င်း၏အခွန်အကောက်ဆိုင်ရာစာစီစာကုံးစာအုပ်တွင် ဖော်ပြထားပါသည်။[3] ဆယ်လစ်မန်၏အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ပြောင်းလဲလာသော ခေတ်ကာလနှင့်ဆီလျော်မှုရှိပါသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြည်သူပြည်သားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကာကွယ်ရေးစသော

---

၁။ Bastable, C.F, " Public Finance," 3rd Edition, London, 1903, Pg. 63.

၂။ H.C. Adams," The science of Finane,"New York 1898, Pg.302

၃။ Seligman, E.R.A, "Essays on Taxation," 10th Edition(1925), Pg.432.

တာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက်အခွန်ပေးဆောင်ရန်ဝင်ငွေရှိသူများသည်အခွန်ပေးဆောင်သင့်ပါသည်။

ယခုခေတ်တွင်တိုင်းပြည်အုပ်ချုပ်သောအစိုးရသည်တိုင်းသူပြည်သားများအပေါ်အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့်နိုင်ငံတော်၏ဘဏ္ဍာပြည့်ဖြိုးစေရန်ကြိုးဆောင်ရပါသည်။ အခွန်ကောက်ခံခြင်းပြုရာတွင်အဓိကရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(၁) နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းသူပြည်သားများ၏လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်တိုင်းပြည်စည်ပင်သာယာဝပြောရေးတို့ကိုဆောင်ရွက်ရန်အတွက်အသုံးစရိတ်များကျခံသုံးစွဲနိုင်ရန်

(၂) နိုင်ငံတော်အနေဖြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်ရာတွင်ကုန်ကျမည့်အသုံးစရိတ်များကိုကာတ်နိုင်သမျှပြန်လည်ဖြည့်တင်းရန်

(၃) ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက်ပိုင်းတွင်တကမ္ဘာလုံး၌ငွေကြေးဖောင်းပွမှုများသည်အဆမတန်ဖြစ်ပေါ်လာသည်ကိုအခွန်ကောက်ခံခြင်းဖြင့်ကာကွယ်တားဆီးနိုင်ရန်

(၄) ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းများကိုအကာအကွယ်ပေးရေးအတွက် ပြည်ပနိုင်ငံများ၏ပြိုင်ဆိုင်မှုကိုလျော့ပါးစေရန်အခွန်အကောက်ဖြင့်တားဆီးရန်

(၅) တိုင်းသူပြည်သားများ၏ဝင်ငွေဖြန့်ဖြူးမှုမမျှတခြင်းကိုတတ်နိုင်သမျှ၊ မျှတမှုရှိစေရန်

(၆) အမှန်တကယ်မလိုအပ်သည့်ဇိမ်ခံပစ္စည်းများသုံးစွဲခြင်းကဲ့သို့သောစားသုံးမှုများကိုအဟန့်အတားပြုနိုင်ရန်

၎င်းရည်ရွယ်ချက်များအပြင်၊ အခြားသောရည်ရွယ်ချက်များကြောင့်လည်းအခွန်အကောက်များကိုကောက်ခံခြင်းပြုလုပ်နိုင်ပါသည်။

နိုင်ငံတော်အစိုးရတို့သည်ဤ ရည်ရွယ်ချက်များအားလုံး ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ရည်ရွယ်၍ပြည်သူပြည်သားများအပေါ်အခွန်အကောက်များ စည်းကြပ်ကောက်ခံခြင်း ဖြစ်ပါသည်။

အခွန်စည်းကြပ်ကောက်ခံပုံနှင့်စပ်လျဉ်း၍အင်္ဂလန်ပြည်တွင် ရှေးဦးစွာပေါ်ပေါက်ခဲ့သောဘောဂဗေဒပညာရှင် "အဒမ်စမစ်"[1] ကအခွန်ကောက်ခံရာတွင်ပေးနိုင်မပေးနိုင်ကိုစဉ်းစားပြီးနောက်၊ ပေးနိုင်သည့်အချိုးအစားအလိုက်တိုင်းသူပြည်သားတို့ကလွယ်လင့်တကူ ပေးဆောင်နိုင်အောင်နှင့်စရိတ်နည်းနည်းနှင့်ကောက်ခံနိုင်အောင်အခွန် ကိုအတိအကျသတ်မှတ်ကောက်ခံသင့်သည်ဟုဆို၏။ နာမည်ကျော်ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး "ဂျေဘီကိုးလဗား"[2] ကမူ၊ ငန်းကိုအမွေးနှုတ်ရာတွင် သိတ်မအော်စေဘဲ၊ အမွေးများများရနိုင်သမျှရအောင်နှုတ်ပါဟုပြော ခဲ့ဘူးလေသည်။ ဆိုလိုရင်းမှာတိုင်းသူပြည်သားများထံမှအခွန်ကောက် ခံရာတွင်ဆူပူမှုနည်းနိုင်သမျှနည်းစေပြီး လျှင်အခွန်ငွေရနိုင်သမျှရအောင် ကောက်ပါဟူ၍ဖြစ်သည်။[3]

## ၁-၁ အခွန်စနစ်

နိုင်ငံအသီးသီး၌ပြည်သူလူထု၏ကျန်းမာရေး၊ ကာကွယ်ရေး ပညာရေးနှင့်အေးချမ်းစွာနေထိုင်ရေးတို့အပြင်နိုင်ငံ၏စီမံခန့်ခွဲ မှုလုပ်ငန်းရပ်များကိုအစိုးရသည်တာဝန်ယူ၍ဆောင်ရွက်ပေးကြရလေ ရာ၊ စရိတ်စကများကျခံရန်လိုအပ်ပါသည်။ ယင်းကဲ့သို့ပြည်သူလူထု အတွက် ဆောင်ရွက်ပေးရသောကြောင့်ကုန်ကျစရိတ်များတိုကာမိစေရန် ၊ နိုင်ငံအစိုးရတိုင်းသည်ပြည်သူပြည်သားများထံမှထည့်ဝင်ငွေအဖြစ်အခွန်

---

၁။ Adam Smith.

၂။ Jean Baptiste, Colbert.

၃။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၄၊ စာ-၁၉၄

များကိုကောက်ခံရပါသည် ။ သို့ဖြစ်ရာနိုင်ငံဘဏ္ဍာအစိုးရအနေဖြင့် ၊ အခွန်ကောက်ခံခြင်းကိုလုပ်ငန်းတစ်ရပ်အနေဖြင့်တာဝန်ယူဆောင်ရွက်ရလေသည်။ စင်စစ်အားဖြင့်အခွန်များ ကောက်ခံခြင်း မပြုဘဲ၊ နိုင်ငံ၏အုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်မှာမလွယ်ကူလှပေ ။ အခွန်များသည်နိုင်ငံ၏ဘဏ္ဍာငွေရရှိရာအခြေအမြစ်ဖြစ်ပြီး နိုင်ငံ ၏ဘဏ္ဍာရေးအင်အားတောင့်တင်းမှသာလျှင်အုပ်ချုပ်ရေးယန္တရားမှန်မှန်လည်ပတ်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်လူ့သမိုင်းစတင်သည့်အချိန်မှစ၍ယနေ့အထိကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်နည်းအမျိုးမျိုး ၊ စနစ်အမျိုးမျိုးဖြင့်အခွန်အကောက်များကိုစည်းကြပ်ကောက်ခံကြပါသည်။ အခွန်စည်းကြပ်ကောက်ခံသည့်နည်းစနစ်များသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံကွဲပြားခြားနားမှုရှိပါသည်။ ထိုကဲ့သို့ကွဲပြားခြားနားရခြင်းမှာလည်း မိမိနိုင်ငံတွင်ကျင့်သုံးသောစီးပွားရေးစနစ်အရအခွန်စနစ်ကိုထားရှိကြခြင်းကြောင့်ဖြစ်ပါသည်။ အရင်းရှင်နိုင်ငံများတွင်ကျင့်သုံးသည့်အခွန်စည်းကြပ်ကောက်ခံမှုစနစ်နှင့်ဆိုရှယ်လစ်နိုင်ငံများတွင်ကျင့်သုံးသည့်အခွန်စည်းကြပ်ကောက်ခံမှုစနစ်တို့မှာစီးပွားရေးအခြေခံချင်း မတူညီသောကြောင့်ကွဲပြားခြားနားမှုရှိမည်မှာအမှန်ပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ နိုင်ငံတွင်ကျင့်သုံးလျက်ရှိသည့်စီးပွားရေးစနစ်ကိုလိုက်လျောညီထွေရှိပြီး ၊ ကောင်းမွန်သောစနစ်မျိုးဖြစ်ရန်မှာအလွန် လိုအပ်လှပါသည်။ အခွန်စနစ်ကောင်းတစ်ခုဖြစ်ရန်အတွက် ယေဘုယျအားဖြင့်အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံရမည်ဖြစ်ပါသည်။

(၁) အခွန်စနစ်သည်မျှတမှုရှိခြင်း

(၂) စွမ်းဆောင်နိုင်စွမ်းရှိခြင်း

(၃) ပြည့်စုံလုံလောက်ခြင်း

(၁) <u>အခွန်စနစ်မျှတမှုရှိခြင်း</u>

အခွန်စနစ်မျှတမှုရှိခြင်း နှင့်ပတ်သက်၍၊ အခွန်စည်းကြပ်ရာတွင်တရားမျှတမှုရှိရန်လိုအပ်ပါသည်။ သို့သော်လက်တွေ့၌တရားမျှတမှုရှိမရှိကိုဆန်းစစ်တိုင်းတာရန်မလွယ်ကူလှပေ။ တရားမျှတမှုရှိခြင်းနှင့်ပတ်သက်၍အဓိပ္ပါယ်အမျိုးမျိုး၊ အယူအဆအမျိုးမျိုးကွဲပြားနိုင်ပါသည်။ အချို့ပညာရှင်များ၏အယူအဆမှာစီးပွားရေးအခြေအနေတူသူတို့အား တူညီသောအခွန်ကိုပေးဆောင်စေခြင်းဖြင့်တရားမျှတမှုရှိသည်ဟုယူဆကြပါသည်။ တစ်နည်းအားဖြင့်လူတစ်ဦးတစ်ယောက်၏ပေးနိုင်စွမ်း (Ability to pay) ပေါ်၊ မူတည်၍အခွန်ပေးဆောင်စေခြင်းပင်ဖြစ်ပါသည်။ ဤသို့ဆိုပါကစီးပွားရေးအခြေအနေမတူသူတို့အား တရားမျှတစွာအခွန်စည်းကြပ်ရန်ခက်ခဲမည်ဖြစ်ပါသည်။ စီးပွားရေးအခြေအနေမတူသူတို့သည်အစိုးရထံမှရရှိခံစားရသည့်အကျိုးကျေးဇူးအရသာ၊ အခွန်ပေးဆောင်စေရမည်ဟူ၍ယူဆနိုင်ပါသည်။ သို့သော်ရရှိခံစားရသည့်အကျိုးကျေးဇူးကိုတိုင်းတာရန်မလွယ်ကူသဖြင့်ပေးနိုင်စွမ်းအရ၊ အခွန်စည်းကြပ်ခြင်းသည်ပို၍သဘာဝကျပါသည်။ အစိုးရထံမှခံစားရရှိသည့်အကျိုးကျေးဇူးကိုလိုက်၍အခွန်စည်းကြပ်ခြင်းမှာအစိုးရကလုပ်ငန်းအဖွဲ့အစည်းကြီးတစ်ခုအနေဖြင့်ပြည်သူလူထုသို့ဆောင်ရွက်ပေးရန်ရှိသည်များကိုလုပ်ဆောင်ပေးပြီး၊ ပြည်သူလူထုကတဖန်ပြန်လည်၍အခွန်ပေးဆောင်ခြင်းပင်ဖြစ်သည်။ ခံစားရရှိသောအကျိုးကျေးဇူးအတွက်အခွန်ပေးဆောင်ခြင်းသည်တရားမျှတသည်ဟုဆိုနိုင်သော်လည်း၊ အခွန်စည်းကြပ်ခြင်းပြုရာ၌ဤသဘောတရားသည်အခက်အခဲများစွာတွေ့ရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်ရရှိခံစားရသည့်အကျိုးကျေးဇူးကိုတိုင်းတာရန်နည်းနာမရှိခြင်း၊ တိုင်းတာရန်ခက်ခဲခြင်းကြောင့်ပင်ဖြစ်ပါသည်။

ထိုသို့သောအခက်အခဲများရှိခြင်းကြောင့်ထိုအကျိုးကျေးဇူး၊ သဘောတရားများကိုပစ်ပယ်ရန်မဟုတ်ပဲ၊ အစိုးရထံမှရရှိသည့်အကျိုးကျေးဇူး

နှင့်၊ အခွန်ပေးဆောင်ရခြင်းကိုဆက်စပ်ဘိုင်းထွာ၍မှုတသောအခွန်ဆစ် ကိုလက်ခံကျင့်သုံးရမည်ဖြစ်ပါသည်။

အခွန်ပေးဆောင်သူတို့၏ဝင်ငွေအပေါ်လိုက်၍အခွန်ပေးဆောင် စေခြင်းသဘောတရားမှာမူ၊ မျှတခြင်းအသွင်ကိုဆောင်ပါသည်။ အခွန်ပေး ဆောင်နိုင်သည့်စွမ်းအားကိုသတ်မှတ်ပေးနိုင်သည့်နည်းများရှိသော်လည်း အသားတင်ဝင်ငွေသည်ပေးနိုင်စွမ်းအားကိုသတ်မှတ်ရာ၌အသုံးဝင်ဆုံး ပင်ဖြစ်ပါသည်။ အသားတင်ဝင်ငွေသည်အကောင်းဆုံးအကိုင်းအတာတစ်ခု ဟု၍လက်ခံနိုင်သော်လည်း ကောက်ခံသည့်နှုန်းနှင့်ပတ်သက်၍မူ၊ ယူဆချက်များ ကွဲပြားနိုင်ပါသည်။ အချို့က အသားတင်ဝင်ငွေအပေါ်အချိုးတူနှုန်း ၊ ( Proportional Rate )ဖြင့်အခွန်ကောက်ခံခြင်းသည်တရားမျှတ သည်ဟုယူဆကြပါသည်။ အချိုးတူနှုန်းဆိုသည်မှာမည်သည့်ဝင်ငွေအပေါ်မဆို ၊ တစ်ခုတည်းသောနှုန်းဖြင့်စည်းကြပ်ခြင်းဖြစ်ပါသည်။ အချို့ကတိုးမြင့်သော နှုန်း ( Progressive Rate )ဖြင့်ကောက်ခံခြင်းသည်သင့်လျော်သည် ဟုယူဆကြပါသည်။ တိုးမြင့်သောနှုန်းအရအသားတင်ဝင်ငွေများလာလျှင် ၊ ရာခိုင်နှုန်းသည်လည်းမြင့်သောနှုန်းဖြင့်ကောက်ခံခြင်းဖြစ်ပါသည်။အချို့ ကမူလျော့နည်းသောနှုန်းဖြင့်အခွန်ကောက်ခံခြင်း ( Regressive Rate )မှုကိုလက်ခံကြပါသည်။ လျော့နည်းသောနှုန်းမှာဝင်ငွေအရွယ်အစား ကြီးလေအခွန်နှုန်းလျော့သွားလေဖြစ်ပါသည်။ မည်သို့ပင်ယူဆစေကာမူ ၊ အခွန်နှုန်းများကိုပေးနိုင်စွမ်းအားသဘောတရားကိုအခြေပြု၍ သတ် မှတ်ခြင်းဖြစ်သည်ဟုဆိုနိုင်ပါသည်။ အခွန်အကောက်စနစ်သည်မျှတမှုရှိခြင်းအားဖြင့်အခွန်ပေးဆောင်သူများထံမှအခွန်ငွေကိုရရှိရန်ပို၍ဆွဲဆောင် နိုင် မည်ဖြစ်ပါသည်။

( ၂ ) စွမ်း ဆောင်နိုင်ခြင်း ရှိခြင်း

ကောင်း မွန် သော အခွန် စနစ်ဖြစ် စေရန်လိုအပ် ချက်များတွင် စွမ်း ဆောင်နိုင်စွမ်း ရှိခြင်း မှာလည်း အချက်တစ်ချက်အနေဖြင့် ပါဝင် ပါသည်။ အင်္ဂလန်ပြည်၏ ရှေး ဦး စွာ ပေါ် ပေါက်ခဲ့သော ဘောဂဗေဒပညာ ရှင်တစ်ဦး ဖြစ်သူ အဒမ်စမစ် ( Adam Smith )သည်၊ အခွန် ကောက်ခံရာတွင် ပေး စွမ်း နိုင်မှုရှိမရှိကိုစဉ်း စား ပြီး ပေး စွမ်း နိုင်သည့် အ ချိုး အစား အလိုက်၊ ပြည်သူပြည်သား တို့က လွယ်လင့်တကူ ပေး ဆောင်နိုင် ရန် နှင့်၊ စရိတ်နည်း နည်း နှင့် ကောက်ခံနိုင် ရန်အခွန်ကိုအတိအကျသတ်မှတ်သင့် သည်ဟုဆိုခဲ့ဘူး ပါသည်။ ဆိုလိုသည်မှာ စွမ်း ဆောင်နိုင်စွမ်း ရှိသည့်အခွန်စနစ် သည်တိကျမှုရှိရမည်ဖြစ် ပါသည်။

အခွန် ပေး ဆောင်သူသည်အခွန်မည်မျှပေး ရမည်။ မည် သည့် အတွက် ပေး ရမည်။ မည်သည့်အချိန်တွင် ပေး ရမည်ဆိုသည်များ ကိုတိကျစွာ ၊ ဆောင်ရွက်နိုင် ရမည်။ ထို့ပြင်အခွန် ပေး ဆောင်သူအတွက်အခွန်ပေးဆောင် ခြင်း ဖြင့်အဆင် ပြေမှုရှိရမည်။ စရိတ်စကသက်သာမှုရှိ စေ သောအခွန်စနစ် လည်း ဖြစ်ရပါမည်။

ယခုမျက် မှောက် ခေတ်ပညာရှင်များ ကမူစွမ်း ဆောင်နိုင် စွမ်း ရှိမှုကိုစီး ပွား ရေး စွမ်း ဆောင်နိုင်မှုကိုဆိုလိုကြပြီး ၊ အခွန်ကောက် ခြင်း အား ဖြင့်အင်အား စုများ နေရာချထား မှုကိုအကောင်း ဆုံးဖြစ်စေ သည့်အပြင်အခွန် ကောက်ခြင်း အား ဖြင့်တိုင်း ပြည်ဝင် ငွေတိုး တက်မှု ကို အ ထောက်အကူပြုနိုင်မှုသာ စွမ်း ဆောင်နိုင်မှုရှိသည်ဟူ၍ဆိုကြ ပါသည်။

( ၃ ) ပြည့်စုံလုံလောက်ခြင်း

ပြည့်စုံလုံ လောက်ခြင်း ရှိ သောအခွန်စည်း ကြပ် ကောက်ခံ မှု စနစ်ဆိုသည်မှာအခွန် ငွေများ များ ရရှိနိုင်သည့်အခွန်စနစ်မျိုး ကိုဆို လို ခြင်း ဖြစ် ပါသည်။ တ နည်း ဆို သော်အခွန်စနစ်သည်မျှတမှုရှိခြင်း နှင့် ၊

စွမ်း ဆောင်မှုရှိခြင်း ဆိုသည့်အချက်နှစ်ချက်နှင့်ပြည့်စုံလုံလောက်နေရုံနှင့်မပြီး ချေ။ အခွန်ငွေကိုလုံလောက်စွာမရရှိနိုင်ပါက ကောင်း မွန်သောအခွန်စည်းကြပ်ကောက်ခံမှုစနစ်ဟူ၍မခေါ်ဆိုနိုင်ပေ။ သို့သော်အခွန်ကောက်ခံမှုစနစ်ပြည့်စုံလုံလောက်ခြင်း ကိုတရား လွန်အလေး မပေး မိစေရန်မှာ မူသတိပြုချက်ထား ရှိရပါမည်။

ကောင်း မွန်သောအခွန်စည်းကြပ်ကောက်ခံမှုစနစ်သည်မိမိနိုင်ငံ၏ကျင့်သုံး လျက်ရှိသောစီး ပွား ရေး စနစ်ကိုအထောက်အကူပြုပါသည်။ ထို့ကြောင့်မိမိနိုင်ငံတွင်ကျင့်သုံး သောစီး ပွား ရေး စနစ် ပေါ်အခြေခံ၍တည်ဆောက်ထား သောအခွန်စည်းကြပ်ကောက်ခံမှုစနစ်ဖြစ်ရန်လည်း လိုအပ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံမှုစနစ်ကိုပြုပြင်ခြင်း အား ဖြင့်စီးပွါးရေး ကိုတည်ငြိမ်မှုရရှိစေနိုင်မည်ဖြစ်ပါသည်။ ပြည်သူပြည်သား အား လုံးအတွက်လွယ်ကူရှင်း လင်း နား လည်သဘောပေါက် သောအခွန်စနစ်မျိုး ဖြစ်ရန်လည်းများ စွာလိုအပ်ပါသည်။ သို့မှသာလျှင်ပြည်သူပြည်သား ဘို့အနေဖြင့်အခွန်ကို လိုလား စွာပေး ဆောင်လာခြင်း ဖြင့်နိုင်ငံ၏အခွန်ဘဏ္ဍာငွေတိုး တက်လျက်၊ နိုင်ငံ၏ဖွံ့ဖြိုး ရေး လုပ်ငန်း များ ကိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၁-၂ <u>အခွန်စည်းကြပ်ကောက်ခံသည့်အခြေခံမူ</u>

အခွန်စည်းကြပ်ကောက်ခံရာတွင် ယေဘုယျအား ဖြင့်အခြေခံမူ ၂ ရပ်ရှိပါသည်။

(၁) ဘိုက်ရိုက်အခွန်စည်းကြပ်ကောက်ခံခြင်း
( Direct Taxation )

(၂) သွယ်ဝိုက်အခွန်စည်းကြပ်ကောက်ခံခြင်း
(Indirect Taxation )

ဘိုက်ရိုက်အခွန်စည်းကြပ်ကောက်ခံခြင်း မှာလူပုဂ္ဂိုလ်တစ်ဦးချင်း၏တနှစ်အတွင်း ဝင်ငွေ(သို့မဟုတ်)အမြတ်ငွေပေါ်တွင်လည်း ကောင်း ၊

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခု၏ဝင်ငွေ(သို့မဟုတ်)အမြတ်ငွေပေါ်တွင်လည်း ကောင်းစည်းကြပ်ကောက်ခံမှုဖြစ်ပါသည်။ တိုက်ရိုက်ကောက်ခံသည့်အခွန်များ၌ပါဝင်သောအခွန်အမျိုးအစားတို့မှာဝင်ငွေပေါ်ကောက်သောအခွန်(သို့မဟုတ်)အမြတ်ခွန်အပြင်အသုံးစရိတ်အပေါ်ကောက်သောအခွန် ( Expenditure Tax )၊ ဥစ္စာဓနပစ္စည်းကရိယာပိုင်ဆိုင်မှုအပေါ်ကောက်သောအခွန်( Property Tax )များလည်းပါဝင်ပါသည်။

သွယ်ဝိုက်အခွန်စည်းကြပ်ခြင်းဆိုသည်မှာပစ္စည်းထုတ်လုပ်မှု၊ နိုင်ငံခြားမှပစ္စည်းတင်သွင်းမှု၊ စားသုံးမှုနှင့်ဝန်ဆောင်မှုစသည်တို့အပေါ်ကောက်ခံခြင်းဖြစ်ပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုခွန်မှာသွယ်ဝိုက်အခွန်အမျိုးအစားဖြစ်ပါသည်။ ယင်းအခွန်များကိုအခွန်ထမ်းဆောင်သူပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းကပေးဆောင်ခြင်းမဟုတ်ပဲစားသုံးသူ၊ အကျိုးခံစားသူများထံမှရေဝင်းချလိုက်သည့်ပစ္စည်းနှင့်ဆောင်ရွက်ပေးမှုတို့အပေါ်ကျသင့်သောအခွန်နှုန်းထားဖြင့်အခွန်ငွေပြန်လည်ရယူခြင်းဖြင့်အခွန်၏ဝန်ထုတ်ဝန်ပိုးသည်စားသုံးသူတို့အပေါ်၌ကျရောက်စေခြင်းဖြစ်ပါသည်။

ထိုသို့အခွန်ကောက်ခံသည့်နည်းစနစ် ၂ မျိုးအနက်၊ ကောက်ခံသည့်အခွန်နှုန်းထားများမှာ ၃ မျိုးရှိပါသည်။ ၎င်းတို့မှာ

(၁) နှုန်းတိုးခွန် ( Progressive Tax )

(၂) အချိုးတူခွန် ( Proportional Tax )

(၃) နှုန်းလျော့ခွန်( Regressive Tax )တို့ဖြစ်ပါသည်။

နှုန်းတိုးခွန်မှာအမြတ်ခွန်အပါအဝင်တိုက်ရိုက်အခွန်များကိုကောက်ခံရာတွင်ဝင်ငွေတိုးတက်လာသည်နှင့်အမျှနှုန်းပိုရှိပေးဆောင်စေခြင်းဖြင့်အခွန်စည်းကြပ်ခြင်းဖြစ်ပါသည်။ ဝင်ငွေမြင့်သူများသည်ဝင်ငွေ

ဝင်ငွေနိမ့်သူများ ထက်အခွန်ပိုမို၍ပေး ဆောင်ရပါသည်။ ပုဂ္ဂလိကဝင်ငွေမှ ကောက်ယူသောအခွန်များ ကိုများ သောအားဖြင့်နှုန်း တိုး ခွန်ဖြင့်သာ လျှင်ကောက်ခံပါသည်။ ဆိုရှယ်လစ်နိုင်ငံတို့တွင်အခွန်စည်းကြပ်ရေး မူများနှင့် အညီအဆင့်ဆင့်တိုးတက်သောနှုန်းထား များဖြင့်အခွန်စည်းကြပ် လေ့ရှိပါ သည်။

အချိုးတူခွန်မှာအခွန်အခြေခံမည်သို့ပင်ရှိနေစေကာမူ၊တူညီ သောရာခိုင်နှုန်း ဖြင့်သာစည်းကြပ်ခြင်း မျိုးဖြစ်ပါသည်။ ဝင်ငွေများသည် ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ ငါး ရာခိုင်နှုန်း အခွန်ထမ်း ဆောင်ရသည် ဆိုပါက အသားတင်ဝင်ငွေ ၁၀၀ ကျပ်ရှိသူသည်အခွန်ငွေ ၅ ကျပ်၊ ဝင် ငွေ ၁၀၀၀ ရှိသူသည်အခွန်ငွေ ၅၀ ကျပ်ထမ်း ဆောင်ရမည်ဖြစ်ပါ သည်။

နှုန်းလျော့ခွန်မှာအသားတင်ဝင်ငွေပမာဏကြီး လာသည် နှင့်အမျှအခွန်နှုန်း လျော့သွား လေ့ရှိသောအခွန်မျိုးဖြစ်ပါသည်။ အရင်းရှင် နိုင်ငံကြီးများ ၌စီးပွားရေးလုပ်ငန်းကြီး များကိုအားပေးလိုသော အခါမျိုးတွင်နှုန်းလျော့ခွန်ဖြင့်စည်းကြပ် လေ့ရှိပါသည်။

အခွန်နှုန်း (၃)မျိုး နှင့်ပတ်သက်၍ရှင်းလင်း စေရန် ၊ အောက်ဖော်ပြပါဇယားကိုလေ့လာနိုင်ပါသည်။

ဇယား (၁)

အခွန်နှုန်းထား (၃)မျိုး ဖြင့်ကျသင့်မည့်အခွန်များ

| ဝင်ငွေ (ကျပ်) | နှုန်းလျော့ခွန် | | အချိုးတူခွန် | | နှုန်းတိုးခွန် | |
|---|---|---|---|---|---|---|
| | နှုန်း | ကျသင့်ခွန် | နှုန်း | ကျသင့်ခွန် | နှုန်း | ကျသင့်ခွန် |
| ၁၀၀၀၀ | ၁% | ၁၀၀ | ၁% | ၁၀၀ | ၁% | ၁၀၀ |
| ၁၀၀၀၀၀ | .၂% | ၂၀၀ | ၁% | ၁၀၀၀ | ၂% | ၁၀၀၀ |
| ၁၀၀၀၀၀၀ | .၀၃% | ၃၀၀ | ၁% | ၁၀၀၀၀ | ၃% | ၃၀၀၀၀ |

source: The Theory of Taxation by Charles M. Allan Pg.30

## အခန်း (၂)

## ၁၉၄၈ ခုနှစ်အမြတ်ခွန်ဥပဒေမပေါ်ပေါက်မီကာလများ၏ အခွန်ကောက်ခံမှုစနစ်

မြန်မာနိုင်ငံတွင်မည်သည့်အချိန်ကစတင်၍အခွန်ကောက်ခံခြင်းစနစ်တစ်ရပ်ပေါ်ပေါက်လာခဲ့သည်ကို ရှေးဦးစွာလေ့လာတင်ပြလိုပါသည်။

အစောဆုံးသမိုင်းဝင်အမှတ်အသားများ၌တွေ့ရှိရသော အခွန်ကောက်ခံသည့်၊ အခွန်ပေးဆက်သည် ဟူသောစကားရပ်များကို ထောက်ရှု၍အခွန်ကောက်ခံမှုပေါ်ထွန်းသည့်ကာလသည်လူတန်းစားလွှာပေါ်ပေါက်လာသည့်အချိန်ကစတင်ခဲ့ဟန်ရှိသည်ဟုယူဆနိုင်ပါသည်။ သမိုင်းစဉ်အရလူတန်းစားလွှာပေါ်ထွန်းချိန်တွင်အဓိကအားဖြင့်အုပ်ချုပ်သူလူတန်းစားနှင့်အုပ်ချုပ်ခံလူတန်းစားဟူ၍နှစ်မျိုးကွဲပြားလျက်ရှိသည်ကိုတွေ့ရှိရပါသည်။ အခွန်ပေးဆက်သူသည်အုပ်ချုပ်ခံလူတန်းစားဖြစ်၍ ၊ ကောက်ခံသူသည်အုပ်ချုပ်သူလူတန်းစားဖြစ်ပေသည်။ ထို့ကြောင့်လူတန်းစားလွှာမပေါ်ပေါက်သေးသောကျောက်ခေတ်ကာလ၌အခွန်ကောက်ခံခြင်းရှိမည်မဟုတ်ပေ။ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံလူတန်းစားလွှာထင်ရှားသည့်ပဒေသရာဇ်မြို့ပြနိုင်ငံများထွန်းကားသည့်ခေတ်၌သာလျှင် ၊ အခွန်ကောက်ခံခြင်းပေါ်ထွန်းလာသည်ဟုကောက်ချက်ချနိုင်ပါသည်။ မြန်မာနိုင်ငံတွင်တွေ့ရှိပြီးသမိုင်းအထောက်အထားများအရအစောဆုံးဟုယူဆရသောမြို့ပြနိုင်ငံမှာ ဗိဿနိုးမြို့ဖြစ်သည်ဟုဆိုပါသည်။ သမိုင်းသုတေသီတို့၏ စစ်ဆေးချက်များအရအုပ်ချုပ်သူနှင့်အုပ်ချုပ်ခံတစ်နည်းအားဖြင့်မင်းနှင့်ပြည်သူဟူသောလွှာကိုတွေ့ရှိခဲ့ရပြီး ခရစ်နှစ်တစ်ရာစုအချိန်ခန့်က ဗိဿနိုးမြို့သည်ပျက်စီးခဲ့ရသည်ဟု၍ခန့်မှန်းခဲ့ပါသည်။ ထို့ကြောင့်မြန်မာ

နိုင်ငံတွင်သမိုင်းအထောက်အထားများအရအခွန်ကောက်ခံမှုသည် ၊ ခရစ်နှစ်ဘီစီရာစုမတိုင်မီလူတန်းစား လက္ခဏာပါပြင်သည့်ကာလမှ စတင်ပေါ်ပေါက်ခဲ့သည်ဟုဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင်မည်သည့်သက္ကရာဇ်ခုနှစ်မှာ၍အခွန်ကောက်ခံခဲ့သည်ကိုတိကျစွာမသိရှိရသော်လည်း အခွန်ကောက်ခံခြင်း၏အခြေခံသဘောတရားမှာမှန်နန်းရာဇဝင်တော်ကြီးအရ၊ ကမ္ဘာပေါ်တွင်၊ ကမ္ဘာဦးသူတို့က `မနု ` အမည်ရှိသောပုဂ္ဂိုလ်ကိုမဟာသမ္မတမင်းအဖြစ်တင်မြှောက်၍မိမိတို့အပေါ်အုပ်ချုပ်ရသည့်အုပ်ချုပ်ခအဖြစ်မိမိတို့လုပ်ဆောင်ဖြစ်ထွန်းသောသီးနှံများမှ ``ဒသမဘာဂ`` ဆယ်ပုံတစ်ပုံကိုအခွန်အဖြစ်ပေးဆက်ခဲ့ကြသည့်ထုံးတမ်းစဉ်လာမှစတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟုလေ့လာသိရှိရပါသည်။

## ၂-၁။ <u>မြန်မာမင်းများလက်ထက်အခွန်ကောက်ခံမှုစနစ်</u>

မြန်မာမင်းများလက်ထက်ရှေးဦးပထမကောက်ခံသော အခွန်မှာမြေမှဘိုက်ရိုက်ကောက်ခံသောအခွန်ဖြစ်ပါသည်။ စုစုပေါင်းသီးနှံ အထွက်၏ဆယ်ပုံတစ်ပုံကိုကောက်ခံခဲ့ရာမှနောင်အခါတွင်ထွန်ယက်သောကျွဲနွား အယှဉ်းကိုလိုက်၍စည်းကြပ်ကောက်ခံခဲ့ပါသည်။ ပေးဆောင်ရသည့်အခွန် မှာလည်းသီးနှံများဖြင့်ပင်ပေးရပါသည်။ ထို့ကြောင့်မြန်မာမင်းများ လက်ထက်အခွန်ဘော်ခွဲဝေကောက်ခံပုံစာရင်းကိုလေ့လာလျှင်ထန်းလျက်၊ ဖန်းခါးသီး၊ ကွမ်းရွက်၊ ဒူးရင်းသီး၊ ကွမ်းသီး၊ သန့်ဝင်ပန်း ၊ စသည်တို့ကိုအခွန်အဖြစ်ကောက်ခံခဲ့ကြောင်းတွေ့မြင်နိုင်ပါသည်။

သီးနှံဖြင့်အခွန်ပေးသွင်းရာမှဆင်ဖြူရှင်(မြေဒူး)မင်း လက်ထက်မှစ၍သီးနှံအစားငွေဖြင့်အခွန်ပေးသည်ကိုတွေ့ရှိရပါသည်။ လုပ်ကိုင်သည့်မြေအကျယ်အဝန်းကိုလိုက်၍အခွန်စည်းကြပ်မှုလည်းရှိပါသည်။

ထိုစဉ်အခါက ပဒေသရာဇ်မြို့ပြနိုင်ငံကလေးများ ပြန့်ကျဲနေသဖြင့်မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏အခွန်စည်းကြပ်ကောက်ခံမှုသည်တပြေးညီမဖြစ်ဘဲ ၊ ဒေသကိုလိုက်၍အခွန်စည်းကြပ်ကောက်ခံမှုကွဲပြားကြောင်း စစ်တမ်းများ၌ လေ့လာတွေ့ရှိရပါသည်။

ဒုတိယမြန်မာနိုင်ငံထူထောင်သည့်တောင်ငူခေတ်တွင်နိုင်ငံခြားသားကုန်သည်များသည်မြန်မာနိုင်ငံသို့အဝင်အထွက်ရှိလာပြီဖြစ်၍ ၊ မြန်မာဘုရင်များကရေကြောင်းဝယ်မှုများအပေါ်တွင်အကောက်ခွန်များကောက်ခံခဲ့ပါသည်။ ၎င်းခေတ်တွင် ကင်းခွန်၊ ကူးတို့ခွန်များလည်းကောက်ခံနေပြီဖြစ်ပါသည်။ အခွန်အကောက်ပစ္စည်းများတွင်ဝါး ၊ အုန်းသီး ၊ သကြားတို့ပါဝင်ပါသည်။ မိုးကောင်း ၊ မိုးညင်းဒေသများမှ ၊ ကောက်ခံရရှိသည့်အခွန်တော်များတွင်ရွှေ၊ ခဲ၊ ဆားနှင့်သံများလည်းပါဝင်ပါသည်။

ဒုတိယမြန်မာနိုင်ငံတော်နှောင်းပိုင်းကာလ၊ ညောင်ရမ်းခေတ်တွင်သွင်းကုန်ထုတ်ကုန်များအပေါ်အခွန်ကောက်ခံခဲ့ပါသည်။ ထိုအခါကသန်လျင်ဆိပ်ကမ်းသို့တင်သွင်းသည့်ပစ္စည်းများအပေါ်ဆိပ်ကမ်းခွန် ၁၄ ရာခိုင်နှုန်းကောက်ခံပြီး မြန်မာနိုင်ငံမှကျောက်မျက်ရတနာဝယ်ယူသည့်အခါ ၄ ရာခိုင်နှုန်းကောက်ခံခဲ့ကြောင်းတွေ့ရှိရပါသည်။

မြန်မာမင်းများလက်ထက်တွင်အထက်၌ဖော်ပြခဲ့သည့်အတိုင်း အခွန်တော်များကိုအမျိုးမျိုးအစားစားကောက်ခံခဲ့ပြီး ၊ အဓိကအားဖြင့် အောက်ပါအတိုင်း (၄) မျိုးသတ်မှတ်ခွဲခြားထားပါသည်။

(က) ရှင်ဘုရင်အတွက်သက်ဆိုင်သောအခွန်

(ခ) မင်းညီမင်းသား ၊ မှူးမတ်အရာရှိတို့နှင့်သက်ဆိုင်သောအခွန်

(ဂ) နိုင်ငံနှင့်ဆိုင်သောအခွန်

(ဃ) ရတနာသုံးပါးနှင့်ဆိုင်သောအခွန်

အခွန်ကောက်ခံသည့်နှုန်းများမှာ ရှေးဦး ဗုဒ္ဓဘာသာမဟာ ဂ (တစ်ဆယ်ရာခိုင်နှုန်း ) ကောက်ခံခဲ့ရာမှ တဖြည်းဖြည်း ပြောင်းလဲလာပြီး အခွန်ကောက်ခံသည့်နှုန်း (၄) မျိုး ခွဲခြား ကောက်ခံခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုအခွန်နှုန်း (၄) မျိုးမှာ

(၁) ခွန်သေ

(၂) ခွန်ရှင်

(၃) နယ်ခြားခွန်

(၄) နယ်ခြားအကောက်ခွန်တို့ဖြစ်ပါသည်။

မင်းတုန်းမင်းလက်ထက်တွင်ယခင်က ကောက်ခံခဲ့သောအခွန်များကိုပယ်ဖျက်၍ ``သဿမေဓ `` ခေါ်အခွန်ကိုစည်းကြပ်ကောက်ခံခဲ့ပါသည်။ ၎င်းသို့ ကောက်ခံခြင်းဖြင့် ရှေးခေတ်အခွန်စနစ်မှလမ်းခွဲထွက်လာပြီဟုဆိုနိုင်ပါသည်။ သဿမေဓအခွန်ကိုတစ်အိမ်ထောင်လျှင်မူလကတစ်ကျပ် ၊ နောက်ဆုံးကျပ်ဟု ကောက်ခံရာမှတစ်ဆယ်ကျပ်အထိစည်းကြပ် ကောက်ခံခဲ့ပါသည်။ သဿမေဓအခွန်စည်းကြပ်ပုံမှာ ရှေးဦး ဗွာကျေးရွာတရွာ ရှိ ၊ အိမ်ထောင်စုအရေအတွက်ကိုတစ်ဆယ်နှင့် မြှောက်ရပါသည်။ ထိုရလာဒ်သည် ၎င်းကျေးရွာကပေး ဆောင်ရမည့်အခွန်တော်ပမာဏအဖြစ်သတ်မှတ်ပါသည်။ ဘုရင့်ထံပေး ဆောင်ရမည့်အခွန်ပမာဏကိုအိမ်ထောင်စုအလိုက်၊ ကောက်ခံရန် အိမ်ထောင်စုတစ်စု၏ ငွေအင်အား ၊ ပစ္စည်း အင်အားပေါ်မူတည်တွက်ချက် ကောက်ခံပါသည်။ ထိုသို့သဿမေဓအခွန် ကောက်ခံသည်မှအစပြု၍ ရှေးမင်းအဆက်ဆက် ကောက်ခံသောအခွန်စနစ်မှုသဘောများသိသိသာသာ ပြောင်းလဲသွားပါသည်။

သီပေါမင်းလက်ထက်တွင် ဈေးခွန်၊ ပွဲခွန်၊ ကင်းခွန် ၊ ကူးတို့ခွန်၊ နိုင်ငံအတွင်းအင်းခွန်၊ ပတ္တမြား ၊ ကျောက်စိမ်း ၊ ရေနံစသည့်တွင်းထွက်ခွန်များ ၊ သစ်တောခွန်များ ကောက်ခံခဲ့သည်ဟုသိရပါ

သည်။ ရှေးက ကောက်ခံခဲ့ဘူးသည့် ဘုရားပွဲခွန်၊ နတ်ပွဲခွန်၊ ဈေးပွဲခွန်၊ ဆေး၊ ဆီ၊ ထန်း လုပ်ခွန်များကို မကောက်ခံဘဲ နှုတ်သိမ်းခဲ့ပါသည်။ တဖန် သီပေါမင်း လက်ထက်တွင် ထူးခြားချက်မှာ ထီရုံများ ဖွင့်၍ အခွန်ငွေတိုးကောက် ရရှိအောင် တီထွင်ခဲ့ပါသည်။

## ၂-၂။ ကိုလိုနီခေတ်အခွန်ကောက်ခံမှုစနစ်

မြန်မာနိုင်ငံကို အင်္ဂလိပ်များက အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲဖြင့် သိမ်းယူလိုက်ပြီး၊ မြန်မာနိုင်ငံသည် မြေရှင်ပဒေသရာဇ်ခေတ် မှ အင်္ဂလိပ်ကိုလိုနီအရင်းရှင်စနစ်လက်အောက်သို့ ရောက်ရှိခဲ့ရပါသည်။ အင်္ဂလိပ်၏ ကိုလိုနီနိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ရပါသည်။

မြန်မာနိုင်ငံအား သိမ်းပိုက်ပြီး နောက်အင်္ဂလိပ်တို့သည် ၊ အုပ်ချုပ်မှုစရိတ်၊ နယ်ချဲ့စစ်ပွဲစရိတ်များ ကာမိစေရေး အတွက်အခွန် ကောက်ခံခြင်း ဖြင့်ဖြည့်ဆည်း ရန်ကြိုးပမ်းခဲ့ရာ၊ မြေခွန်ကိုအခြေ ပြုသည့်အခွန်စနစ်ကို စတင်ကျင့်သုံးခဲ့လေသည်။ အင်္ဂလိပ်တို့သည် မြေခွန်အပြင် ၊ မြန်မာဘုရင်များ လက်ထက်က ကောက်ခံခဲ့သည့် သဿမေဓခွန်ကိုလည်း ဆက်လက် ကောက်ခံခဲ့ရာတွင် ယခင်ကကဲ့သို့ ပစ္စည်း ပိုင်ဆိုင်မှုပေါ်တွင်သာ မဟုတ်တော့ဘဲ၊ အခြား ဝင်ငွေများ အပေါ်တွင်ပါ ကောက်ခံခဲ့ပေသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီနိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ရာ၊ အိန္ဒိယနိုင်ငံဥပဒေများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေခဲ့ရပါသည်။ အိန္ဒိယနိုင်ငံတွင် ၁၈၆၀ ပြည့်နှစ်တွင် အမြတ်ခွန်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပြီး ၊ ပိုပြင်မှုရှိလာစေရန် ၊ အကြိမ်ကြိမ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာ၊ ၁၉၂၂ ခုနှစ်တွင် စနစ်ကျသော ဥပဒေရပ်အဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင်မူ ၁၉၀၄-

၁၉၀၅ခုနှစ်ခန့်တွင်မှအမြတ်ခွန်စည်းကြပ်ကောက်ခံမှုစတင်ခဲ့ကြောင်းသိရှိရပါသည်။

၁၉၀၄-၁၉၀၅ ခုနှစ်တွင်မြန်မာနိုင်ငံ၌အမြတ်ခွန်စည်းကြပ်ကောက်ခံမှုစတင်အကျိုးသက်ရောက်သည်ဟုဆိုသော်လည်း၊ အမြတ်ခွန် ၊ ဌာနဟူ၍သီးခြားမထားရှိနိုင်သေးပါ။ ရန်ကုန်မြို့တွင်အမြတ်ခွန်ကောက်ခံသည့်အရာရှိ( Collectors of Income- Tax )နှင့်စာရင်းစစ်တို့သာထားရှိပါသည်။ နယ်များတွင်အထွေထွေအုပ်ချုပ်ရေးအရာရှိများကရာထူးအလျောက်အမြတ်ခွန်အရာရှိများအဖြစ်ဆောင်ရွက်ကြပါသည်။ ထိုစဉ်ကဘဏ္ဍာတော်မင်းကြီးသည်အမြင့်ဆုံးအမြတ်ခွန်အာဏာပိုင်အရာရှိဖြစ်ပါသည်။

၁၉၂၂ခုနှစ်အိန္ဒိယအမြတ်ခွန်အက်ဥပဒေကို၊ ထိုနှစ်မတ်လတွင်ပြဋ္ဌာန်းခဲ့ပြီး၊ ဧပြီလ ၁ ရက်မှစတင်၍မြန်မာနိုင်ငံတွင်အာဏာသက်ရောက်ခဲ့ပါသည်။ ၁၉၂၂ ခုနှစ်၊ အိန္ဒိယအမြတ်ခွန်အက်ဥပဒေပြဋ္ဌာန်းပြီးမှမြန်မာနိုင်ငံတွင်အမြတ်ခွန်ဌာနသီးခြားဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်။ ထိုဌာနအားအိန္ဒိယဗဟိုအစိုးရလက်အောက်ခံဌာနခွဲအဖြစ်သာထားရှိခဲ့ပါသည်။ ၁၉၂၂ခုနှစ်အမြတ်ခွန်အက်ဥပဒေအရ၊ စည်းကြပ်မှုမှာဝင်ငွေဖြစ်တစ်နှစ်၏ဝင်ငွေကိုထိုနှစ်၏နောက်တဆက်တည်းဖြစ်သောဘဏ္ဍာရေးနှစ်မှသာစည်းကြပ်မှုပြုလုပ်ပါသည်။

၁၉၃၇ခုနှစ်တွင်မြန်မာနိုင်ငံသည်အိန္ဒိယနိုင်ငံမှခွဲထွက်ခဲ့ပြီးအင်္ဂလိပ်၏သီးခြားကိုလိုနီနိုင်ငံတစ်ခုဖြစ်လာခဲ့ပါသည်။ ထိုသို့ခွဲထွက်ပြီးနောက်တွင်၁၉၂၂ခုနှစ်၊ အိန္ဒိယအမြတ်ခွန်အက်ဥပဒေကိုပင်လိုအပ်သောပြင်ဆင်မှုများပြဋ္ဌာန်းပြီးဆက်လက်အသုံးပြုခဲ့ပါသည်။ ၁၉၃၇ခုနှစ်မှ ၁၉၄၂ ခုနှစ်ဂျပန်များဝင်လာသည့်အထိထူးခြားသောပြောင်းလဲမှုများမရှိခဲ့ပေ။ ၁၉၄၅ခုနှစ်တွင်အင်္ဂလိပ်များတစ်ဖန်ပြန်လည်ဝင်ရောက်လာ

ပြီး ၊ အမြတ်ခွန်ဌာနကိုပြန်လည်ဖွဲ့စည်းကာစည်းကြပ်မှုများကိုဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ်မြန်မာနိုင်ငံဘဏ္ဍာတော်အက်ဥပဒေအရ အမြတ်ခွန်နှင့်နောက်ထပ်အခွန်များကိုအလွှာလိုက်နှုန်းဖြင့်ကောက်ခံသည့် စနစ်[၁] အရ၊ ကောက်ခံရန်သတ်မှတ်ခဲ့ပါသည်။

အမြတ်ခွန်ဥပဒေဖြင့်ကောက်ခံသောဝင်ငွေခေါင်းစဉ်များကိုအောက်ပါအတိုင်းခွဲခြားထားပါသည်။

(က) လစာဝင်ငွေ

(ခ) လုပ်ငန်းမှဝင်ငွေ

(ဂ) ပစ္စည်းပေါ်မှဝင်ငွေ

(ဃ) အသက်မွေးဝမ်းကျောင်းပညာဖြင့်လုပ်ကိုင်ရရှိသောဝင်ငွေ

(င) အခြားဝင်ငွေများ

၁၉၂၂ ခုနှစ်အမြတ်ခွန်အက်ဥပဒေအရ၊ အမြတ်ခွန်စည်းကြပ်မှုကိုအမြတ်ခွန်ဝန်ထောက်များကပြုလုပ်ရသော်လည်း အမြတ်ခွန်ဌာနအကြီးအကဲကဝင်ငွေစာရင်းတင်သွင်းရန်နှိုးဆော်စာထုတ်ရပါသည်။ တင်သွင်းလိုက်သောဝင်ငွေစာရင်းပေါ်တွင်အမြတ်ခွန်ဝန်ထောက်များကအမိန့်စာရေးသား၍စည်းကြပ်မှုပြုလုပ်ရပါသည်။ အမြတ်ခွန်ကောက်ခံရာ၌ဝင်ငွေရရှိတိုင်း ၊ စည်းကြပ်မှုပြုခြင်းမဟုတ်ဘဲနှစ်စဉ်ဘဏ္ဍာတော်အက်ဥပဒေဖြင့်အစိုးရကသတ်မှတ်သည့်စည်းကြပ်ထိုက်သောဝင်ငွေရရှိသူများအပေါ်၌သာစည်းကြပ်မှုပြုလုပ်ပါသည်။

၁၉၂၂ ခုနှစ်အမြတ်ခွန်အက်ဥပဒေသည်နယ်ချဲ့အင်္ဂလိပ် ၊ အစိုးရမှပြဋ္ဌာန်းခဲ့သောဥပဒေတစ်ရပ်ဖြစ်လေရာအမြတ်ခွန်အက်ဥပဒေပါပြဋ္ဌာန်းချက်များမှာအင်္ဂလိပ်ဘာသာဖြင့်ဖြစ်ပြီး ၊ ရှုပ်ထွေးခက်ခဲသည့်အပြင်အခွန်အမျိုးအစားများလည်းအလွန်များပြားပါသည်။

---

၁။ slab system .

စာကြည့်တိုက်
စီးပွားရေးတက္ကသိုလ်
ရန်ကုန်။

ကိုလိုနီခေတ်အခွန်စည်းကြပ်ကောက်ခံသည့်စနစ်ကိုလေ့လာသုံးသပ်ကြည့်သောအခါအခွန်စည်းကြပ်ကောက်ခံမှုပြုရာဘွင်အိန္ဒိယဗဟိုအစိုးရ၏ပြဋ္ဌာန်းထားသည့်နှုန်းများအတိုင်းစည်းကြပ်ကောက်ခံမှုပြုလုပ်ရပြီး ရရှိသမျှအခွန်ဘဏ္ဍာငွေတို့ကိုအိန္ဒိယအစိုးရသို့ပေးသွင်းခဲ့ရပါသည်။ အိန္ဒိယအစိုးရမှပြန်လည်သတ်မှတ်ပေးသောအချိုးကျငွေကိုသာလျှင်မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့အာတွက်သုံးစွဲခဲ့ရသည်ကိုလေ့လာရသဖြင့်ထိုကာလကအမြတ်ခွန်စည်းကြပ်ကောက်ခံမှုစနစ်သည်မြန်မာပြည်သူပြည်သားတို့အားအပြည့်အဝအကျိုးပြုခဲ့ခြင်းမရှိဟုကောက်ချက်ချနိုင်ပါသည်။

## ၂-၃။ <u>လွတ်လပ်ရေးရရှိပြီးနောက်အမြတ်ခွန်ကောက်ခံမှုစနစ်</u>

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်မြန်မာနိုင်ငံသည်လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရက `` ၁၉၄၈ ခုနှစ်မြန်မာနိုင်ငံအစိုးရဥပဒေများ၊ ပြင်ဆင်ချက်အမိန့် ``[၁] အရ၊ ယခင်ကရှိပြီးဖြစ်သောမြန်မာနိုင်ငံအမြတ်ခွန်ဥပဒေကိုပင်အသုံးအနှုန်းအချို့ပြောင်းလဲ၍အသုံးပြုခဲ့ပါသည်။ သို့သော်ထိုဥပဒေသည်မြန်မာနိုင်ငံတဝှမ်းလုံးအကျိုးသက်ရောက်မှုမရှိသေးကြောင်းလေ့လာသိရှိရပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်အင်္ဂလိပ်အစိုးရလက်ထက်တွင်ကျင့်သုံးခဲ့သောအမြတ်ခွန်အက်ဥပဒေပါအချက်အလက်အချို့မှာနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီခြင်းမရှိတော့၍ပြန်လည်သုံးသပ်အကြံပြုနိုင်ရန်``အမြတ်ခွန်အုပ်ချုပ်မှုစုံစမ်းရေးကော်မတီ `` တစ်ရပ်ကို ၁၉၄၉ ခုနှစ်တွင်ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကော်မတီတွင်ဘဏ္ဍာတော်မင်းကြီး [illegible]၊

---

၁။ The Government of Burma (Adaptation of Laws) Order, 1948.

ဥက္ကဋ္ဌအဖြစ်ပါဝင်၍အမြတ်ခွန်မင်းကြီး၏အပါး တော်မြဲကအတွင်းရေးမှူး အဖြစ်ပါဝင်ကာအဖွဲ့ဝင်(၇)ဦးနှင့်ဖွဲ့စည်းခဲ့ပါသည်။ စုံစမ်းရေးကော်မတီ၏အမိန့်ကလုပ်ငန်းရပ်များတွင်အမြတ်ခွန်ဌာနပြန်လည်ဖွဲ့စည်းရေး နှင့်လက်ရှိအမြတ်ခွန်စည်းကြပ်ကောက်ခံသည့်စနစ်ပြန်လည်စိစစ်ရေး တို့ ပါဝင်ပါသည်။

လွတ်လပ်ရေးရပြီး နောက်အမြတ်ခွန်ဌာနကိုအမြတ်ခွန်အက်ဥပဒေအရစီမံခန့်ခွဲမှုများပြုလုပ်ရန်အောက်ပါအတိုင်း အာဏာပိုင် အဆင့်ဆင့်ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

(၁)ဘဏ္ဍာတော်မင်းကြီး

(၂)အမြတ်ခွန်မင်းကြီး

(၃)လက်ထောက်အမြတ်ခွန်မင်းကြီးများ

(၄)အမြတ်ခွန်ဝန်ထောက်များ

(၅)စစ်ဆေးရေးမှူးများနှင့်စာရေးဝန်ထမ်းများ

အမြတ်ခွန်နှင့်နောက်ထပ်အမြတ်ခွန်များကိုအခွန်လေးဆောင်ခြင်းမပြုရသည့်အများဆုံးဝင်ငွေအပေါ်မှသာကောက်ခံခြင်းဖြစ်ပါသည်။ နောက်ထပ်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်းကို ၁၉၆၃-၆၄ စည်းကြပ်နှစ်မှစ၍ကောက်ခံခြင်းမပြုတော့ကြောင်း လေ့လာသိရှိရ ပါသည်။

၁၉၄၉ခုနှစ်တွင်ဖွဲ့စည်းပေးခဲ့သောအမြတ်ခွန်အုပ်ချုပ်မှု စုံစမ်းရေးကော်မတီ၏ ၁၉၅၂ ခုနှစ်အောက်တိုဘာလတွင်တင်သွင်းသောအစီရင်ခံစာအပေါ်အခြေပြု၍ဝန်ထမ်းဖွဲ့စည်းမှုပြင်ဆင်ခြင်း၊ စည်းကြပ်မှုစနစ်ပြင်ဆင်ခြင်း၊ အမြတ်ခွန်အက်ဥပဒေ ပြင်ဆင် ခြင်းများပြုလုပ်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ်အမြတ်ခွန်ပြင်ဆင်ချက်ဥပဒေတွင်ဇနီးနှင့်သားသမီးများအတွက်သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို

ပြဌာန်း၍ ၁၉၅၄ ခုနှစ်တွင်ဒုတိယပြင်ဆင်ချက်ဥပဒေကိုထုတ်ပြန်ပါသည်။ ၁၉၅၂ ခုနှစ်တွင်အိန္ဒိယငွေ(ရူပီး)မှမြန်မာငွေ(ကျပ်)သို့ပြောင်းလဲပြီး ဆယ်လီစနစ်ဖြင့်စတင်သုံးစွဲခဲ့ပါသည်။ ၁၉၅၃-၅၄ စည်းကြပ်နှစ်တွင်အများဆုံးဝင်ငွေ သတ်မှတ်ချက်* မှာ ၄၂၀၀ ကျပ်အထိ တိုးမြှင့်ခဲ့ပါသည်။

၁၉၅၄ခုနှစ်အမြတ်ခွန်ပြင်ဆင်ချက်ဥပဒေသည်အခွန်ထမ်းများအား သက်သာခွင့်ပေးထားသကဲ့သို့စည်းကြပ်မှုပြုလုပ်ရသောအမြတ်ခွန်အရာရှိများအားလည်း လုပ်ပိုင်ခွင့်ကိုပေးထားသည်ကိုတွေ့ရှိရပါသည်။ ထိုပြင်ဆင်ချက်ဥပဒေအရအမြတ်ခွန်ဝန်ထောက်သည်စည်းကြပ်နှစ်မတိုင်မီနှင့်ဆက်သွယ်နေသည့်နောက်ပိုင်းနှစ်များ၏စာရင်းများကိုစစ်ဆေးပိုင်ခွင့်နှင့်အခွန်ထမ်းတင်ပြသည့် စာရင်းတွင်မပါရှိသေးသောရပိုင်ခွင့်အားလုံးနှင့် ပေးဆောင်ရန်တာဝန်ရှိမှုအားလုံးကိုဆင့်ခေါ်နိုင်သည့်အာဏာရှိပါသည်။ လက်ထောက်အမြတ်ခွန်မင်းကြီးနှင့်အမြတ်ခွန်ဝန်ထောက်တို့သည်စည်းကြပ်မှု အတွက်(သို့မဟုတ်)အယူခံခြင်း (သို့မဟုတ်) စာရွက်စာတမ်းများကိုသိမ်းဆည်းရန်မည်သည့်လုပ်ငန်းမဆိုဝင်ရောက်စစ်ဆေးရန်အခွင့်အာဏာရှိပါသည်။

၁၉၅၇ ခုနှစ်အမြတ်ခွန်ဒုတိယပြင်ဆင်ချက်ဥပဒေအရ၊ အခြေပစ္စည်းမှ ရရှိသည့် အမြတ်ဝင်ငွေကိုဝင်ငွေရလ[illegible] တစ်ခုအဖြစ်သတ်မှတ်လိုက်ခြင်းကြောင့်အမြတ်ခွန်အက်ဥပဒေအရ စည်းကြပ်ရန်ရှိသောဝင်ငွေ၊ခေါင်းစဉ်ထပ်မံတိုးလာပါသည်။ ထိုဝင်ငွေခေါင်းစဉ်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) လစာများ

(၂) ငွေချေးစာချုပ်များမှရရှိသောအတိုး

(၃) ပစ္စည်းမှရရှိသောဝင်ငွေ

---

* အများဆုံးဝင်ငွေသတ်မှတ်ချက်ဆိုသည်မှာ ၄င်းဝင်ငွေထက်ကျော်လွန်သည့်ဝင်ငွေမှသာအမြတ်ခွန်စည်းကြပ်ရန်သတ်မှတ်သည့် သင့်ငွေဖြစ်ပါသည်။

(၄) လုပ်ငန်းမှရရှိသောဝင်ငွေ

(၅) အတတ်ပညာမှရရှိသောဝင်ငွေ

(၆) အခြားနည်းဖြင့်ရရှိသောဝင်ငွေ

(၇) အခြေပစ္စည်းမှရရှိသောဝင်ငွေ

အမြတ်ခွန်စည်းကြပ်ရာတွင်စည်းကြပ်ပုံစည်းကြပ်နည်းမှာ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်ရောင်းဝယ်၊ လုပ်ကိုင်မှုမြတ်စွန်းခွန်အက်ဥပဒေအရဆောင်ရွက်ပါသည်။ အမြတ်ခွန်စည်းကြပ်သောအနည်းဆုံးဝင်ငွေနှင့်အခွန်နှုန်းထားများ၊ သက်သာခွင့်ပြုသောငွေများ၊ ကန့်သတ်ချက်တို့ကိုပါတီမန်လွှတ်တော်မှာဘာတော်အက်ဥပဒေဖြင့်နှစ်စဉ်ပြဋ္ဌာန်းပေးပါသည်။

လွတ်လပ်ရေးရပြီးနောက်အမြတ်ခွန်အက်ဥပဒေကို ၁၉၅၂ ခုနှစ်ထိကြိမ်ဖန်များစွာပြင်ဆင်ခြင်း၊ အမိန့်ကြေညာချက်များထုတ်ပြန်ခဲ့ခြင်းတို့ကြောင့်မူလ ၁၉၂၂ ခုနှစ်အမြတ်ခွန်အက်ဥပဒေနှင့်ခြားနားမှုရှိလာပါသည်။

## ၂-၄။ တော်လှန်ရေးကောင်စီလက်ထက်အမြတ်ခွန်ကောက်ခံမှုစနစ်

၁၉၆၂၊ မတ်လ (၂) ရက်နေ့တွင်တော်လှန်ရေးကောင်စီသည်နိုင်ငံတော်အာဏာကိုလွှဲပြောင်းယူခဲ့ပါသည်။ ထိုနှစ်တွင်မူလအမြတ်ခွန်ဥပဒေအရပင်ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်ဘဏ္ဍာတော်ဥပဒေထုတ်ပြန်ခဲ့ရာအမြတ်ခွန်နှင့်နောက်ထပ်အခွန်နှုန်းများပြောင်းလဲချက်မရှိခဲ့ပါ။ အခွန်ပေးဆောင်ရသည့်အများဆုံးဝင်ငွေသတ်မှတ်ချက်မှာလည်း ၄၂၀၀ ကျပ်ဖြစ်ပါသည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလအထိကျင့်သုံးနေသောဥပဒေသည်အင်္ဂလိပ်အခိုး ၇၊ ပါလီမန်အခိုး ၇ တို့၏အမွေခံဥပဒေဖြစ်ပြီး၊ အများ

နားလည်ရန်ခက်ခဲပါသည်။ ထို့ပြင်အရင်းရှင်စီးပွားရေးစနစ်ကို၊ အကျိုးပြုသည့်ဥပဒေဖြစ်သဖြင့်ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုအခြေခံတည်ဆောက်မည့်နိုင်ငံတော်၏စီးပွားရေးအခြေအနေနှင့်သင့်လျော်မှုမရှိတော့ပါ။ ထို့ကြောင့်ခေတ်နှင့်မဆီလျော်တော့သောပါလီမန်ဒီမိုကရေစီသဘောတရားများအစား၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့်ကိုက်ညီသောအမြတ်ခွန်စည်းကြပ်ကောက်ခံမှုကိုပြုလုပ်ရန်လိုအပ်လာပါသည်။ သို့ဖြစ်ပါ၍ ၁၉၆၃ ခုနှစ်အမြတ်ခွန်ပြင်ဆင်ချက်ဥပဒေကိုတော်လှန်ရေးကောင်စီ၏ဥပဒေ ၂၇ အဖြစ်ထုတ်ပြန်ခဲ့ပါသည်။

၁၉၂၂ ခုနှစ်မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေသည်၊ နယ်ချဲ့အင်္ဂလိပ်တို့ပြဋ္ဌာန်းခဲ့သည့်ဥပဒေဖြစ်သည်နှင့်အညီ၊ နယ်ချဲ့အရင်းရှင်များ၏အကျိုးကိုတစ်ဘက်မှအကာအကွယ်ပေးကာမြန်မာနိုင်ငံသားများအပေါ်မသိမသာဖိနှိပ်ချုပ်ချယ်ထားသောဥပဒေတစ်ရပ်သာဖြစ်ပါသည်။ အခွန်နှုန်းထားများသတ်မှတ်ရာတွင်လည်း အရင်းရှင်များကိုသာလျှင်အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။ သာဓကအနေဖြင့်ပြရလျှင် ဘိအိုစီလီမိတက်ကုမ္ပဏီ၊ ဝတီးဘရားသားကုမ္ပဏီ။ အစရှိသောဗြိတိသျှကုမ္ပဏီကြီးများအပေါ်တွင်အမြတ်ခွန် ၁၈ ရာခိုင်နှုန်းနှင့်နောက်ထပ်အခွန် ၃၂ ရာခိုင်နှုန်း၊ စုစုပေါင်းဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကိုသာအခွန်စည်းကြပ်ကောက်ခံပါသည်။ ထို့ပြင်အစုစပ်လုပ်ငန်းများကိုလည်း အစုစပ်ဥပဒေအရမှတ်ပုံတင်ပါကလုပ်ငန်းတစ်ရပ်အတွက်အခွန်ငွေတွက်ချက်ကောက်ခံခြင်းမပြုဘဲ၊ အစုဝင်တစ်ဦးချင်းပေါ်တွင်သာ၊ အခွန်ကိုတွက်ချက်ကောက်ခံရာ၊ ပေးဆောင်ရသည့်အခွန်ငွေမှာအလွန်သက်သာလှပါသည်။ အမြတ်ခွန်အကြောင်းအရာများနှင့်ပတ်သက်၍လုံးဝနားလည်ကျွမ်းကျင်မှုမရှိကြသောမြန်မာလူမျိုးနိုင်ငံသားများမှာ၊ ဤအခွင့်အရေးကိုမယူတတ်ကြသဖြင့်အခွန်ပိုမို၍ထမ်းဆောင်ကြရပါသည်။

ဤကဲ့သို့ မညီမျှသော အခွန်စည်းကြပ်ကောက်ခံမှုစနစ်ဖြစ်နေသည်ကို ၁၉၆၂ ခုနှစ်တိုင်အောင်ထိ ရောက်သော ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရသည် အထက်ဖော်ပြပါ မညီမျှသည့် အမြတ်ခွန်စည်းကြပ်ကောက်ခံမှုကို ပြောင်းလဲရန် အာရုံစိုက်ပြီး၊ ၁၉၆၃ ခုနှစ်တွင် ပြင်ဆင်ချက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဓိကပြဋ္ဌာန်းချက်မှာ အရင်းရှင်ကြီးများ ကြီးစိုးသော လီမိတက်ကုမ္ပဏီများအပေါ် ယခင်ကကဲ့သို့ ၅၀ ရာခိုင်နှုန်း စည်းကြပ်ခြင်းကို ပယ်ဖျက်ကာ၊ သာမန်နှုန်းထားများအတိုင်း ကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။ မှတ်ပုံတင်အစုစပ်အဖွဲ့များကို အထူးအခွင့်အရေးပေးခြင်းကိုလည်း ရပ်စဲကာ၊ သာမန်အစုစပ်အသင်းအဖွဲ့ (သို့မဟုတ်) ပုဂ္ဂိုလ်စုအနေဖြင့် အခွန်စည်းကြပ်ပါသည်။ အခြားထူးခြားချက်မှာ နောက်ထပ်အခွန်ကောက်ခံခြင်းကို ပယ်ဖျက်ပြီး အမြတ်ခွန်နှုန်းထားအဆင့်ဆင့်ကိုသာ သတ်မှတ်ခဲ့ပါသည်။

အရင်းရှင်များထံမှ အမှန်တကယ် ရသင့်ရထိုက်သော အခွန်များ ရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းငယ်ကလေးများ သက်သာမှုရှိစေရန် ဝင်ငွေအဆင့်ဆင့်အလိုက် အမြတ်ခွန်နှုန်းထားများကို အဆင့်ဆင့်တိုးမြှင့်သောနှုန်း[၁] ဖြင့် သတ်မှတ်ထားပါသည်။ စုစုပေါင်းဝင်ငွေ ၁ ကျပ်မှ ၁၅၀၀ ကျပ်အထိ အခွန်ပေးဆောင်ရန်မလိုပါ။ စုစုပေါင်းဝင်ငွေ ၁၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ၊ အခွန်နှုန်းထား ၇ ရာခိုင်နှုန်းဖြင့် သတ်မှတ်ရာမှ ကျပ် ၅၀၀၀ စီ အဆင့်ဆင့်တိုးပြီး စုစုပေါင်းဝင်ငွေ ၃၀၀၀၀၀ ကျော်ပါက၊ ၉၉ ရာခိုင်နှုန်း အခွန်ပေးဆောင်ရန် သတ်မှတ်ပါသည်။ (နောက်ဆက်တွဲဇယား (၈) တွင် ထိုအမြတ်ခွန်နှုန်းထားများကို ပူးတွဲဖော်ပြထားပါသည်။) ဤသို့သတ်မှတ်ခြင်းဖြင့် နိုင်ငံခြား

---

၁။ Progressive Rate.

အရင်းရှင်များ၏ကုမ္ပဏီကြီးများ ကြီးစိုးမှုကိုဘိုက်ဖျက်နိုင်ခဲ့ပါသည်။ဇနီးနှင့်သားသမီး စရိတ်ကိုလည်း တိုးမြှင့်၍သက်သတ်သာသာခွင့်ပြုခဲ့ပါသည်။ ထို့ပြင်အမြတ်ခွန်ထိမ်ချန်မှုရှောင်တိမ်းမှုအများအပြား ရှိနေသည်ကိုလည်း ထိန်းသိမ်းထားမြစ်နိုင်ရန်အတွက်ဒဏ်ငွေများ ပိုမိုရိုက်နိုင်ရန် ပြင်ဆင်ချက်ဥပဒေတွင်ထည့်သွင်းခဲ့ပါသည်။

၁၉၆၃ ခုနှစ်တွင်အမြတ်ခွန်ဥပဒေကိုကျယ်ပြန့်စွာပြင်ဆင်ရာတွင် တော်လှန်ရေးကောင်စီသည် အောက်ဖော်ပြပါရည်ရွယ်ချက်များကိုထားရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

(၁) အမြတ်ခွန်အက်ဥပဒေသည်ခက်ခဲရှုပ်ထွေးနေမှုကြောင့်သာမန်လူတန်းစားများ အနေဖြင့်သိရှိနားလည်ရန်များစွာအခက်အခဲနှင့်ကြုံတွေ့နေရခြင်း ကြောင့်ပိုမိုရှင်းလင်းပြတ်သား၍လွယ်ကူစေရန်

(၂) မူလအမြတ်ခွန်အက်ဥပဒေတွင်ချို့ယွင်းချက်များ ရှိခြင်းကြောင့် အမှန်ဘကယ်ပေးဆောင်ထိုက်သည့်အခွန်ထမ်းများမှာအခွန်မပေးဆောင်ပဲရှိသည်ကတစ်ကြောင်း၊ အချို့အခွန်ထမ်းများမှာမိမိတို့ပေးသင့်သည့်အခွန်ထက်လျော့နည်း၍ပေးနေသည်ကတစ်ကြောင်း၊ အချို့မှာမူမိမိတို့ပေးသင့်သည်ထက်ပိုမိုပေးရသဖြင့်နစ်နာချက်ရှိနေသည်ကတစ်ကြောင်း၊ စသည့်အရာများနည်းနိုင်သမျှနည်းပါးစေရန်ပိုမိုတိကျပြတ်သားသေါ အခွန်စည်းကြပ်ကောက်ခံခြင်းစနစ်ကိုဆောင်ရွက်နိုင်ရန်

(၃) အချို့သောအခွန်ထမ်းတို့မှာရရှိသည့်ဝင်ငွေနှင့်မမျှတဲ၊ကြီးလေးသောအခွန်ကိုထမ်းဆောင်ရခြင်းအတွက်နစ်နာမှုရှိသောကြောင့်ခေတ်နှင့်လျော်ညီစွာတတ်နိုင်သမျှသက်သာစေရန်

(၄) ဝင်ငွေရရှိသူများဖြစ်ကြလျက်စာရင်းအင်းများကိုတိကျမှန်

ကန်စွာထား ရှိခြင်း မရှိသောကြောင့်ခန့်မှန်းခြေဖြင့်အမြတ်ခွန်စည်းကြပ်မှုများ ပြုလုပ်ရာတွင်မှန်ကန်မှုအပြည့်အဝမရှိသည်ကိုတတ်နိုင်သမျှပပျောက်စေရန်ရည်ရွယ်ချက်ဖြင့်စာရင်းအင်းများကိုတိကျစွာထားရှိရန်

(၅) အချို့သောအခွန်ထမ်းတို့မှာလွတ်လပ်သောနိုင်ငံကြီးသားများဖြစ်ကြပါလျက်မိမိတို့ပေးသင့်ပေးထိုက်သောအခွန်ငွေကိုနည်းအမျိုးမျိုးဖြင့်ရှောင်တိမ်းရန် (သို့မဟုတ်) နည်းအမျိုးမျိုးဖြင့်လျော့နည်းရန်အားထုတ်ကြိုးစားမှုကိုဟန့်တားရန်ဖြစ်ပါသည်။

တော်လှန်ရေးကောင်စီအစိုးရသည်မညီမျှသောအမြတ်ခွန်စည်းကြပ်ကောက်ခံမှုများကိုပြောင်းလဲရန်အထက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖန်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည် ၂၃-၂-၇၄ နေ့တွင်တော်လှန်ရေးကောင်စီဥပဒေ (၇) ဖြစ်သောဝင်ငွေခွန်ဥပဒေကိုမြန်မာဘာသာဖြင့်ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံ၌လွတ်လပ်ရေးမရမီကပင်စတင်၍အစဉ်တစိုက်ကျင့်သုံးလာခဲ့သော ၁၉၂၂ ခုနှစ်မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအား ထိုဝင်ငွေခွန်ဥပဒေဖြင့်အစားထိုး၍ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများတိုးတက်ဖွံ့ဖြိုးမှုအတွက်လိုအပ်သောငွေအရင်းအနှီးများကိုတိကျမှန်ကန်၍ဘရားမျှတမှုရှိသောအမြတ်ခွန်စည်းကြပ်ကောက်ခံခြင်းဖြင့်ရရှိရန်နှင့်ကုန်ထုတ်လုပ်မှုကိုအထောက်အကူပြုသောအခွန်အကောက်စနစ်

တစ်ရပ်ဖြစ်လာစေရန် ဝင်ငွေခွန်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

ဝင်ငွေခွန်ဥပဒေတွင် ပုဂ္ဂလိကကဏ္ဍမှ အခွန်ထမ်းတစ်ဦးတစ်ယောက်၏ ဝင်ငွေအရပ်ရပ်ကို ဝင်ငွေခေါင်းစဉ်များအလိုက် ခွဲခြား သတ်မှတ်၍ ခေါင်းစဉ်တစ်ခုစီက ဝင်ငွေအတွက် ခွဲခြားပြီး အခွန်စည်းကြပ်ပါသည်။ ခွဲခြားထားသည့် ဝင်ငွေခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လစာ

(ခ) အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း

(ဂ) စီးပွားရေးလုပ်ငန်း

(ဃ) ပစ္စည်း

(င) အခြေပစ္စည်း မှမြတ်စွန်းငွေ

(စ) ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေ

ယခုလက်ရှိကာလ၌ တစ်ဦးချင်း ပုဂ္ဂိုလ်တို့အား အခွန်စည်းကြပ်ရာတွင် အထက်ပါခေါင်းစဉ်များ အနက် လစာခေါင်းစဉ်တစ်ခုတည်း သာလျှင် ဝင်ငွေခွန်ဥပဒေနှင့်အကျုံးဝင်၍ ပုဂ္ဂလိကကဏ္ဍမှ အခြားဝင်ငွေများကို ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေအရ စည်းကြပ်ကောက်ခံပါသည်။ ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေသည် နိုင်ငံတော်ရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အပေါ်ကျင့်သုံးနေသည့် အခွန်အကောက်စနစ်ကို၊ ဆိုရှယ်လစ်စီးပွားရေး စနစ်နှင့်အံဝင်ခွင်ကျရှိသည့် အခွန်အကောက်စနစ်ဖြစ်စေရန် ရည်ရွယ်၍ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၄) အဖြစ် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါသည်။ ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေ ပေါ်ပေါက်လာသည့်အတွက် ၊ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေမှာ ပျက်ပြယ်သွားခြင်း မရှိဘဲ၊ ဥပဒေနှစ်ရပ်သည် ယှဉ်တွဲတည်ရှိနေပါသည်။

## အခန်း (၃)

## ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေပေါ်ပေါက်လာသည့် နောက်ပိုင်း အမြတ်ခွန်စည်းကြပ်ကောက်ခံမှုစနစ်

မြန်မာနိုင်ငံတွင်ယခင်ရှိခဲ့သောအခွန်ကောက်ခံမှုစနစ်သည်ချို့ယွင်းအားနည်းချက်များရှိနေပါသည်။ ထိုချို့ယွင်းချက်များကို စိစစ်ကြည့်ရာတွင်အောက်ဖော်ပြပါအချက်များကိုတွေ့ရှိရပါသည်။

(၁) မြန်မာနိုင်ငံ၏လူမှုရေးနှင့်စီးပွားရေးတိုးတက်ပြောင်းလဲလာမှုအခြေအနေများနှင့်မကိုက်ညီခြင်း

(၂) အခွန်ကောက်ခံသည့်စနစ်သည်ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဦးတည်မှုမရှိခြင်း

(၃) အခွန်ထမ်းဆောင်နေကြရသောနိုင်ငံသူနိုင်ငံသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ကာအခွန်နှုန်းများမှာမျှတမှုမရှိခြင်း

(၄) ကုန်ထုတ်လုပ်မှုကိုအထောက်အကူမပြုသောကြောင့်နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်တွန်းအားပေးနိုင်စွမ်းမရှိခြင်း

(၅) ရောင်းခွန်၊ ဥပစာခွန်၊ ပွဲခွန်၊ ဟော်တယ်နှင့်ဖျော်ဖြေပွဲစားရုံခွန်၊ ဝင်ငွေခွန် စသည်ဖြင့်အခွန်အမျိုးအမည်များပြားပြီး၊ အခွန်စနစ်ရှုပ်ထွေးသည့်အတွက်အခွန်ကောက်ခံရာ၌ထိရောက်မှုမရှိဘဲ အခက်အခဲများစွာတွေ့ရခြင်း

ထိုချို့ယွင်းချက်များရှိနေသည့်အခွန်အကောက်စနစ်ကိုအစားထိုးပြုပြင်ရန်လိုအပ်လာပါသည်။ ထို့ကြောင့်ပထမအကြိမ်ပြည်သူ့လွှတ်တော် ၊ ပဉ္စမအစည်းအဝေး၌ ၁၉၇၆ ခုနှစ်ဧပြီလ ၁ ရက်နေ့တွင်၁၉၇၆ ခုနှစ်ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)ဖြစ်သော `` အမြတ်ခွန်ဥပဒေ

ကိုအတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုအချိန်မှစ၍အမြတ်ခွန်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ၁၉၇၆–၇၇ ခုနှစ်စည်းကြပ်နှစ်[၁] မှစ၍အကျိုးသက်ရောက်လာပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေသည်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်၍ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့်လည်းအံဝင်ခွင်ကျဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုကိုအထောက်အကူပြုသောအခွန်အကောက် ၊ စနစ်ဖြစ်လာစေရန်ပြန်လည်ပြုပြင်၍နှုန်းထားများ ပြန်လည်သတ်မှတ်ရန်ဟူသောမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏လမ်းညွှန်ချက်နှင့်နိုင်ငံသားတိုင်းမှဥပဒေအရအခွန်ပေးဆောင်ရန်တာဝန်ရှိသည်ဟူသောဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၇၂) တို့နှင့်ညီညွတ်စေရန်ဦးတည်ပြဋ္ဌာန်းခဲ့သောဥပဒေတစ်ရပ်လည်းဖြစ်ပါသည်။

ထိုဥပဒေပေါ်ပေါက်လာခြင်းဖြင့်အခွန်ကောက်ခံမှုစနစ်သည်ပြောင်းလဲသွားပါသည်။ ယခင်ကအချို့ဝင်ငွေများသည်အခွန်အမျိုးမျိုးထမ်းဆောင်ခဲ့ရာမှယခုအခါအမြတ်ခွန်တစ်မျိုးတည်းသာထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်အခွန်ထမ်းများသည်အခွန်ဝန်ထုပ်ဝန်ပိုးလျော့နည်းသွားမည့်အပြင်၊ အခွန်ကောက်ခံရာ၌လည်း အခွန်အမျိုးမျိုးရှုပ်ထွေးမှုမရှိတော့ဘဲ၊ တစ်မျိုးတည်းထိရောက်စွာကောက်ယူသွားနိုင်မည်ဖြစ်ပါသည်။

---

၁။ စည်းကြပ်နှစ် = ဝင်ငွေနှစ်* နှင့်တဆက်တည်းဖြစ်သောနောက်ဘဏ္ဍာရေးနှစ်

* ဝင်ငွေနှစ် = ဝင်ငွေရရှိသောဘဏ္ဍာရေးနှစ်
အမြတ်ခွန်စည်းကြပ်ရာတွင်သာမန်အားဖြင့်ဘဏ္ဍာရေးနှစ်တစ်နှစ်ကာလအတွင်းရရှိသောဝင်ငွေကို နောက်ဘဏ္ဍာရေးနှစ်တွင်မှစည်းကြပ်ခြင်းပြုလုပ်ရပါသည်။ ထို့ကြောင့်ဝင်ငွေနှစ်သည်စည်းကြပ်နှစ်နှင့် ၊ တဆက်တည်းဖြစ်သောအလျင်ဘဏ္ဍာရေးနှစ်ပင်ဖြစ်ပါသည်။

ထို့ပြင် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေဖြင့်အခွန်စည်းကြပ်ကောက်ခံမှုစနစ်သည်ယခင်ဥပဒေများကဲ့သို့တစ်ဦးတစ်ယောက်တည်း၏ ဆုံးဖြတ်ချက်ဖြင့်အခွန်စည်းကြပ်ကောက်ခံသည့်စနစ်မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အခွန်နှုန်းထားများမှာလည်း ယခင်နှင့်နှိုင်းယှဉ်လျှင်၊ သက်သာသောအခွန်နှုန်းထားများဖြစ်ပါသည်။ အမြတ်ခွန်ဥပဒေသည် ၊ အဓိကအားဖြင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အတွက်လွယ်ကူထိရောက်စွာကောက်ယူနိုင်ရန်အတွက်အများနားလည်ပြီး လွယ်ကူရှင်းလင်းသောစည်းကြပ်နည်းများဖြင့်ပြဋ္ဌာန်းထားပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေကိုပြဋ္ဌာန်းရာတွင်အဓိကကျသောရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ်အမြတ်ခွန်ကိုလွယ်ကူစွာနှင့်ထိရောက်စွာကောက်ခံနိုင်စေရန်၊

(၂) လူအများနားလည်ပြီး ရှင်းလင်းလွယ်ကူသောစည်းကြပ်နည်းလမ်းများဖြင့်အခွန်ကောက်ခံရရှိစေရန်

(၃) တိုးတက်ပြောင်းလဲလျက်ရှိသည့်လူမှုရေး စီးပွားရေးအခြေအနေများနှင့်ကိုက်ညီမှုရှိရန်၊

(၄) နိုင်ငံတော်၏စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးရေးတိုးတက်မှုကိုထွန်းအားပေးနိုင်ရန်၊

(၅) အခွန်ရှောင်တိမ်းသူများနှင့်ဝင်ငွေရလမ်းမဖော်ပြနိုင်သူများကိုလွယ်ကူစွာဖော်ထုတ်ကောက်ခံနိုင်ရန်၊

(၆) ဝင်ငွေနည်းသူများအပေါ်အခွန်ဝန်ထုပ်ဝန်ပိုးမပိစေရန်

၃-၁။ **အမြှတ်ခွန်ပေး ဆောင်ရန်တာဝန်ရှိသူများ**

အမြှတ်ခွန်ထမ်း ဆောင်ရန်တာဝန်ရှိသူများ ကိုအမြှတ်ခွန်ဥပဒေ ပုဒ်မ(၄)တွင်ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။ အခွန်ပေး ဆောင်ရန်တာဝန် ရှိသူ(၅)မျိုး ရှိကြောင်း လေ့လာသိရှိရပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) နှစ်တစ်နှစ်အတွင်း ၌အခွန်ပေး ဆောင်ရန်သတ်မှတ်ထားသောဝင်ငွေရှိပါကအမြှတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၌ဖော်ပြထား သည့်အတိုင်း အခွန်ပေး ဆောင်ရန်တာဝန်ရှိသည်။

(ခ) နှစ်တစ်နှစ်အတွင်း အခွန်ပေး ဆောင်ရန်သတ်မှတ်ထား သော ၊ အခြေပစ္စည်း မှမြှတ်ခွန်း ငွေရှိပါကအဆိုပါဇယား ၌ဖော်ပြထား သည့်အတိုင်း အခွန်ပေး ဆောင်ရန်တာဝန်ရှိပါသည်။

(ဂ) ပြည်ပမှပစ္စည်း တင်သွင်း လျှင်ထိုပစ္စည်း၏ကုန်း ပေါ်ရောက်တန် ဖိုး အပေါ်တွင်အဆိုပါဇယား ၌ဖော်ပြထား သည့်အတိုင်းအခွန်ပေး ဆောင်ရန်တာဝန်ရှိပါသည်။

(ဃ) အခကြေး ငွေယူသော ဖျော်ဖြေမှုကိုတာဝန်ယူကျင်း ပလျှင်အဆိုပါ ၊ ဇယား ၌ဖော်ပြထား သည့်အတိုင်း အခွန်ပေး ဆောင်ရန်တာဝန် ရှိပါသည်။

(င) သား ထုတ်လုပ်လျှင်ထိုဇယား ၌ဖော်ပြထား သည့်အတိုင်း အခွန်ပေး ဆောင်ရန်တာဝန်ရှိပါသည်။

အထက်ဖော်ပြပါအပိုဒ်(ခ)မှ(င)အထိတစ်မျိုး မျိုး အရအခွန် ကျသင့်ပြီး ပါကအပိုဒ်(က)အရအခွန်ထပ်မံမကျသင့်တော့ကြောင်း လေ့လာ သိရှိရပါသည်။ နှစ်တစ်နှစ်ဆိုသည်မှာဘဏ္ဍာရေး နှစ်ကိုရည်ညွှန်းခြင်း ဖြစ်ပါ သည်။

၃ - ၂။ အမြတ်ခွန်ပေးဆောင်ရန်မလိုအပ်သည့်ဝင်ငွေအမျိုးအစားများ

အမြတ်ခွန်ဥပဒေအရအခွန်မကျသင့်စေသည့်ဝင်ငွေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ၄င်းတို့ကိုအမြတ်ခွန်ဥပဒေ ပုဒ်မ(၁)၌ပြဌာန်းဖော်ပြထားပါသည်။

(၁) ဘာသာရေး (သို့)ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုကရရှိ၍၊ ဘာသာရေး (သို့မဟုတ်)ကုသိုလ်ရေးကိစ္စများအတွက်သာအသုံးပြုသောဝင်ငွေ

(၂) စည်ပင်သာယာရေးအဖွဲ့ဝင်ငွေ

(၃) ငွေစုဆောင်းမှုနှင့်စပ်လျဉ်း၍စည်းမျဉ်းများဖြင့်ပြဌာန်းသည့်ရငွေတစ်ရပ်ရပ်

(၄) ပင်စင်မှပြောင်းလဲ၍ရသောငွေ၊

(၅) သေဆုံး၍ (သို့မဟုတ်) ဒဏ်ရာရ၍ရရှိသည့်လျော်ကြေး

(၆) အာမခံပေါ်လစီအတွက်ထုတ်ပေး၍ရရှိသည့်ငွေ၊

(၇) အဖန်တလဲလဲမဟုတ်ဘဲတစ်ခါတစ်ရံရရှိသည့်ငွေ

သို့သော်အောက်ပါဝင်ငွေတို့မပါဝင်ပါ။ ၄င်းဝင်ငွေတို့အတွက်ဥပဒေအရအခွန်ပေးဆောင်ရပါမည်။

(က) အခြေပစ္စည်းမှမြတ်စွန်းငွေ

(ခ) လုပ်ငန်းတစ်ရပ်ရပ်မှရရှိငွေ

(ဂ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ အသင်း (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုမှအမြတ်ဝေစု

## ၃-၃။ အမြတ်ခွန်ဥပဒေနှင့်အကျုံးမဝင်သောအခွန်ထမ်း(သို့မဟုတ်) ဝင်ငွေများ

၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေနှင့်အကျုံးမဝင်သောသူများ (သို့မဟုတ်) ဝင်ငွေများကိုဥပဒေပုဒ်မ ၅(က)တွင်ဖော်ပြထားပါသည်။ ထိုသူများ (သို့မဟုတ်) ဝင်ငွေများမှာအခွန်စည်းကြပ်ခြင်းခံရမည်ဖြစ်သော်လည်း အမြတ်ခွန်ဥပဒေအရစည်းကြပ်ခြင်း ခံရမည်မဟုတ်ပေ။ သက်ဆိုင်ရာဥပဒေများအရသာအခွန်ကျသင့်ခြင်း၊ စည်းကြပ်ကောက်ခံခြင်းကိစ္စရပ်များကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်အဖွဲ့အစည်း ၊ (သို့မဟုတ်) ဝင်ငွေများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ

(ခ) သမဝါယမအသင်း၊ အသင်းစုနှင့်စုပေါင်းလယ်ယာအဖွဲ့များ

(ဂ) နိုင်ငံတော်က၊ ကမကထပြုသောလုပ်ငန်းတစ်ရပ်ရပ်၌အထူးခွင့်ပြုချက်ဖြင့်ပါဝင်ဆောင်ရွက်သည့်နိုင်ငံခြားသားတစ်ဦးဦး

(ဃ) လစာဝင်ငွေ

(င) ပြည်ပနေနိုင်ငံခြားသား

(စ) ပြည်ပနေနိုင်ငံသား၏ပြည်ပတွင်ရရှိသောဝင်ငွေ

အထက်တွင်ဖော်ပြခဲ့သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (သို့မဟုတ်)ဝင်ငွေများအနက်၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများအား ၊ ၁၉၇၆ခုနှစ်ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ဥပဒေဖြင့်စည်းကြပ်ကောက်ခံပြီး ကျန်သောပုဂ္ဂိုလ်နှင့်ဝင်ငွေများအပေါ်တွင် ၁၉၇၄ ခုနှစ်ဝင်ငွေခွန်ဥပဒေဖြင့်စည်းကြပ်ကောက်ခံကြောင်း လေ့လာသိရှိရပါသည်။

## ၃-၄။ ဝင်ငွေရရှိချိန်တွင်ဝင်ငွေကြေညာလွှာပေးပို့ခြင်း

မည်သူမဆိုနှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန်၊ သတ်မှတ်ထားသောဝင်ငွေရရှိလျှင်ဖို့ဝင်ငွေရရှိချိန်၌အမြတ်ခွန်ဥပဒေပုဒ်မ (၁၃) ပါနည်းလမ်းများအတိုင်း အခွန်ပေးသွင်းရန်တာဝန်ရှိပါသည်။ အမြတ်ခွန်စည်းကြပ်ထိုက်သောဝင်ငွေမှာ ၈၀၀၀၁ကျပ်ဖြစ်ပြီး၊ စည်းကြပ်ထိုက်သည့်စုစုပေါင်းဝင်ငွေကိုရရှိသူသည်ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃)လအတွင်းဝင်ငွေကြေညာလွှာကိုသတ်မှတ်ထားသောပုံစံအတိုင်းတင်သွင်းရပါသည်။ သတ်မှတ်ထားသောဝင်ငွေကြေညာလွှာပုံစံမှာ (ပုံစံ အမခ ၉) ဖြစ်ပါသည်။ ၄င်းကိုနောက်ဆက်တွဲ (၁) ၌ဖော်ပြထားပါသည်။

ဝင်ငွေကြေညာလွှာကိုတင်သွင်းပြီး နောက်ထိုကြေညာလွှာတွင်မှားယွင်းချက်များရှိပါကသတ်မှတ်ထားသည့်ကာလအတွင်း စည်းကြပ်မှု၊ မပြုလုပ်မီကာလအတွင်း ကြေညာလွှာကိုပြင်ဆင်နိုင်ကြောင်းသိရပါသည်။ ပြင်ဆင်ရန်နည်းလမ်းမှာနောက်ထပ်ပြင်ဆင်ပြီး ဝင်ငွေကြေညာလွှာကိုထပ်မံတင်သွင်းခြင်းဖြစ်ပါသည်။ ထိုကြေညာလွှာတွင်မည်သည့်နေ့ကတင်သွင်းခဲ့သည့်ဝင်ငွေကြေညာလွှာကိုပြင်ဆင်သည့်ကြေညာလွှာဟုထင်ရှားစွာရေးသား ဖော်ပြရပါမည်။

အခွန်ထမ်းတို့သည်မိမိတို့၏ဝင်ငွေကြေညာလွှာများကိုသက်ဆိုင်ရာမြို့နယ်များတွင်တင်ကြရပါသည်။ အခကြေးငွေယူသောဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည်ဖျော်ဖြေမှုမကျင်းပမီအနည်းဆုံး (၃) ရက်ကြိုတင်၍စည်းကြပ်မှုအဖွဲ့ထံအကြောင်းကြားရပြီး၊ မိမိကျင်းပမည့်ဖျော်ဖြေမှုနှင့်ပတ်သက်၍လိုအပ်သောပုံစံများထားရှိခြင်း ဖျော်ဖြေမှုမှရငွေ၊ ကြေညာခြင်းစသည်တို့ကိုစည်းမျဉ်းအရသတ်မှတ်ချက်များနှင့်အညီ၊ ဆောင်ရွက်ရပါသည်။

ဆားထုတ်လုပ်သူများသည်လည်း ဆားထုတ်လုပ်လိုကြောင်း ၊ (၇) ရက်ကြိုတင်၍သတ်မှတ်ထားသော ပုံစံဖြင့်အကြောင်းကြားခြင်း ၊ဆား ထုတ်လုပ်မှုကြေညာချက်ကိုတစ်ပတ်လျှင်တစ်ကြိမ်အကြောင်းကြားခြင်း ပြုလုပ်ရ ပါသည်။

အခြေပစ္စည်း တခုခုကို ရောင်း ချလဲလှယ် ( သို့မဟုတ် ) လွှဲပြောင်း ခြင်း ပြုလုပ်သည့်တန်ဘိုး ငါး သောင်း ကျပ်ထက်ပိုမိုသည့်ပြင်မြတ်စွန်း ငွေ လည်း ရရှိသူတိုင်း သည်ဝင်ငွေကြေညာလွှာကိုထိုပစ္စည်း အား တရားဝင်ရောင်း ချလဲလှယ် ( သို့မဟုတ် ) လွှဲပြောင်း သည့်နေ့မှတစ်လအတွင်း တင်သွင်း ရကြောင်း လေ့လာသိရှိရပါသည်။

## ၃ – ၅။ <u>ကြိုတင်ခွန်ပေး ဆောင်ခြင်း</u>

၁၉၂၂ ခုနှစ်အမြတ်ခွန်အက်ဥပဒေအရအခွန်စည်း ကြပ်ကောက် ခံခဲ့စဉ်က ဝင်ငွေရရှိချိန်၊ ဝင်ငွေနှစ်အတွင်း ၌အခွန်ပေး သွင်း ခြင်းကို ကြိုတင်ခွန်ပေး သွင်း သည်ဟုခေါ်ဝေါ်ခဲ့ပါသည်။ ယခု ၁၉၇၆ ခုနှစ်အမြတ် ခွန်ဥပဒေတွင်ကြိုတင်ခွန်ဟူသောစကား ရပ်မပါရှိသော်လည်း ပုံစံတွင် ၊ `` ကြိုတင်ခွန် `` ဟူသောစကား လုံး ကိုအသုံး ပြုထား ပါသည်။ ဝင်ငွေနှစ် အတွင်း အခွန်ပေး ဆောင်ခြင်း ကိုလည်း ကြိုတင်ခွန်ပေး ဆောင်သည်ဟူ၍ သုံး နှုန်း ထား ပါသည်။

ဝင်ငွေရရှိချိန်၌အခွန်ပေး သွင်း ရန်ပုဒ်မ ၁၂ တွင် ၊ ပြဋ္ဌာန်း ထား ပါသည်။ ပုဒ်မ ၁၂ ( က ) ၌မည်သူမဆိုတစ်နှစ်အတွင်းအခွန် ပေး ဆောင်ရန်သတ်မှတ်ထား သောဝင်ငွေရရှိလျှင်ထိုနှစ်အတွင်း အခွန် ပေး သွင်း ရမည်ဟုပြဋ္ဌာန်း ထား ပါသည်။ ထို့ကြောင့်ဝင်ငွေနှစ်အတွင်း အခွန်ပေး သွင်း ရန် ( သို့မဟုတ် ) ကြိုတင်ခွန် ဆောင်ရန်တာဝန်ရှိသူများမှာ ဥပဒေပုဒ်မ ၄ ( က ) အရ၊ အခွန်ပေး ဆောင်ရန်တာဝန်ရှိသူများနှင့်

သောသက်ဆိုင်ပါသည်။ ပုဒ်မ ၄(က)အရ၊ တာဝန်ရှိသူများ အားစည်းကြပ်ခြင်း မှာသာမန်အား ဖြင့်စည်းကြပ်နှစ်ရောက်မှသာစည်းကြပ်ပါသည်။ ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်း မပြုလုပ်ပါ။ ထို့ကြောင့်အခွန်ပေးဆောင် ရမည့်အမြတ်ခွန်အတိအကျကိုစည်းကြပ်နှစ်ကုရောက်သောအခါမှသာသိရှိရပါ သည်။ သို့သော်ဝင်ငွေနှစ်အတွင်း၌အခွန်ထမ်း ကမိမိခန့်မှန်း သည့်ဝင်ငွေ အပေါ်ကျသင့်အခွန်ကိုလစဉ်(သို့မဟုတ်)သုံး လတစ်ကြိမ်၊ ပေးဆောင်ရပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမြတ်ခွန်ဥပဒေအရ၊အခွန် စည်းကြပ်ခြင်း ပြုရာတွင်သာမန်အား ဖြင့်စည်းကြပ်နှစ်ရောက်မှသာလျှင် ဝင်ငွေနှစ်အတွင်း ကရရှိခဲ့သောဝင်ငွေများ အပေါ်စည်းကြပ်ကောက် ခံမည်ဖြစ်ပါသည်။ သို့သော် အောက်ဖော်ပြပါအခွန်ထမ်း များ အား စည်းကြပ် နှစ်သို့ရောက်သည်အထိမစောင့်တော့ဘဲဝင်ငွေနှစ်အတွင်း၌ပင်စည်းကြပ် ခြင်း ပြုကြောင်း လေ့လာသိရှိရပါသည်။ ၎င်း တို့မှာ-

(က)ပြည်ပသို့ထွက်ခွာသွား မည့်သူများ

(ခ)လုပ်ငန်း ရပ်စဲသူများ

(ဂ)ပြည်ပမှပင်္လည်း တင်သွင်း သူများ

(ဃ)အခကြေး ငွေယူသောဖျော်ဖြေမှုကိုတာဝန်ယူကျင်း ပသူများ

(င)သား တုတ်လုပ်သူများ ဖြစ်ကြပါသည်။

ထိုအခွန်ထမ်း များ အား ဝင်ငွေနှစ်အတွင်း စည်းကြပ်ရန် ဖြစ်သော်လည်း အကြောင်း အမျိုးမျိုး ကြောင့်ဝင်ငွေနှစ်အတွင်း၌စည်း ကြပ်ခြင်း မပြုနိုင်ခဲ့ပါလျှင်ဝင်ငွေနှစ်ကုန်ဆုံး ပြီး နောက်ပိုင်း တွင်လည်း ၊ စည်းကြပ်ကောက်ခံမည်ဖြစ်ပါသည်။

## ၃-၆။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့်အာဏာပိုင်အသီးသီးတို့၏ ဆောင်ရွက်ချက်များ

နိုင်ငံတော်၏ဆိုရှယ်လစ်စီးပွားရေး စနစ်တည်ဆောက်မှု လုပ်ငန်းရပ်များတွင်ကျခံသုံးစွဲရန်အသုံးစရိတ်များ အတွက်နိုင်ငံသူနိုင်ငံသားများ ထံမှအခွန်အကောက်ရငွေများ သည်အဓိကအခြေအမြစ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏စီးပွားရေး စနစ်ပြောင်းလဲလာသည်နှင့်အညီ၊ ၎င်းကိုအခြေခံသောအခွန်ကောက်ခံမှုစနစ်တစ်ရပ်လည်း ပေါ်ထွက်လာခဲ့ပါသည်။ ထိုအခွန်ကောက်ခံမှုစနစ်သစ်အရအမြတ်ခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းရပ်များတွင်ပြည်သူ့ကိုယ်စားလှယ်များအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်း၍ဆောင်ရွက်စေပါသည်။ ယခင်ဥပဒေဟောင်းကဲ့သို့အမြတ်ခွန်ဝန်ထောက်တစ်ဦးတည်း၏သဘောဖြင့်ဆုံးဖြတ်ခြင်းမျိုး မဟုတ်တော့ဘဲ၊ ပြည်သူတို့ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့များကသာအမြတ်ခွန်စည်းကြပ်ကောက်ခံမှုကိစ္စရပ်များကိုဆုံးဖြတ်ကြပါသည်။

### ၃-၆-၁။ စာရင်းပြုစုရေးအဖွဲ့များ၏ဆောင်ရွက်ချက်များ

အမြတ်ခွန်စည်းကြပ်ကောက်ခံရာတွင်စာရင်းပြုစုရေးအဖွဲ့များသည်အခြေခံအဖွဲ့များ ဖြစ်ပါသည်။ ဤအဖွဲ့မှပြုစုပေးပို့သောစာရင်းများကိုအခြေပြု၍မြို့နယ်အခွန်စည်းကြပ်မှုအဖွဲ့များကအမြတ်ခွန်စည်းကြပ်ကောက်ခံရပါသည်။

အမြတ်ခွန်စည်းကြပ်ကောက်ခံရန်အတွက်အခွန်ပေးဆောင်ထိုက်သူများ၏စာရင်းပြုစုရန်ကိစ္စရပ်နှင့်ပတ်သက်၍ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်ရပ်ကွက်/ကျေးရွာအုပ်စု

စုပြည်သူ့ကောင်စီဝင်(၃)ဦး စီပါဝင်သောစာရင်းပြုစုရေးအဖွဲ့ကို၊ လိုအပ်သလိုဖွဲ့စည်းပေးရပါသည်။ စာရင်းပြုစုရေးအဖွဲ့တစ်ဖွဲ့လျှင်အဖွဲ့ခေါင်းဆောင်တစ်ဦး နှင့်အဖွဲ့ဝင်နှစ်ဦး စီပါဝင်ရပါသည်။ သို့သော်ရပ်ကွက်/ ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်တစ်ဦးသည်မိမိကိုယ်တိုင်အခွန်ပေးဆောင်ထိုက်သူဖြစ်နေပါလျှင်၄င်း၏လုပ်ငန်းတည်ရှိရာမြို့နယ်(သို့မဟုတ်)နေထိုင်ရာမြို့နယ်အတွက်ဖွဲ့စည်းထားသည့်စာရင်းပြုစုရေးအဖွဲ့တွင်ပါဝင်ခွင့် မရှိကြောင်း သိရှိရပါသည်။ စာရင်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းခြင်းမှာ ၊ သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း စာရင်းပြုစု ရမည့်လုပ်ငန်း ပမာဏနှင့်အညီအဖွဲ့ဦး ရေကိုလိုအပ်သလိုဖွဲ့စည်းခြင်းဖြစ်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုတွင်စာရင်းပြုစုရေးအဖွဲ့တစ်ဖွဲ့ထက်မက၊ ဖွဲ့စည်းတည်ရှိနိုင်ပါသည်။

ဇယား (၂) တွင်၊ ရန်ကုန်တိုင်းအတွင်း ရှိမြို့နယ်အသီးသီး၏ရပ်ကွက်ကျေးရွာအုပ်စုအရေအတွက်နှင့်ဖွဲ့စည်းထားသည့်စာရင်းပြုစုရေးအဖွဲ့ဦး ရေကိုဖော်ပြထားပါသည်။ ရန်ကုန်တိုင်းသည်မြန်မာနိုင်ငံ၏အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုတွင်အများဆုံး ကောက်ခံရရှိသည့် ၊ တိုင်းဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများပြားသဖြင့်အခွန်ထမ်းဦးရေလည်းများပြားကာအခွန်ထမ်း ဆောင်ထိုက်သူများကိုလည်းများပြားစွာဖော်ထုတ်နိုင်မည့်တိုင်းတစ်တိုင်းဖြစ်ပါသည်။ ထို့ကြောင့်ရန်ကုန်တိုင်းရှိမြို့နယ်များတွင်ဖွဲ့စည်းထားသောစာရင်းပြုစုရေးအဖွဲ့များကိုရွေးထုတ်လေ့လာကြည့်ခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်းတွင်မြို့နယ်ပေါင်း ၃၉ မြို့နယ်ရှိပါသည်။ သို့သော်ကိုကိုးကျွန်းမြို့နယ်တွင်အခွန်ဦးစီးမှူးရုံးမရှိဘဲ၊ ကွမ်းခြံကုန်းမြို့နယ်နှင့်ပူးပေါင်းကြီးကြပ်ကွပ်ကဲကြောင်းသိရပါသည်။ ထို့ကြောင့်ဇယား (၂)တွင်ရန်ကုန်တိုင်းအတွင်း (၃၈)မြို့နယ်၌ရှိသည့်ရပ်ကွက်/ ကျေးရွာ

ဇယား (၂)

**မြို့နယ်အသီးသီး၏ ရပ်ကွက်ကျေးရွာအုပ်စုအရေအတွက် နှင့် စာရင်းပြုစုရေးအဖွဲ့ဦးရေပြဇယား**

| အမှတ်စဉ် | မြို့နယ် | ရပ်ကွက်ကျေးရွာအုပ်စုအရေအတွက် | စာရင်းပြုစုရေးအဖွဲ့ဦးရေ |
|---|---|---|---|
| ၁ | အင်းစိန် | ၂၄ | ၂၉ |
| ၂ | လမ်းမတော် | ၁၂ | ၁၉ |
| ၃ | တောင်ဥက္ကလာပ | ၁၃ | ၂၆ |
| ၄ | သာကေတ | ၁၉ | ၁၉ |
| ၅ | ဒဂုံ | ၅ | ၁၀ |
| ၆ | ကျောက်တန်း | ၅၂ | ၂၇ |
| ၇ | သုံးခွ | ၇၆ | ၇၆ |
| ၈ | ခရမ်း | ၆၅ | ၆၅ |
| ၉ | ပန်းဘဲတန်း | ၁၁ | ၁၃ |
| ၁၀ | တာမွေ | ၂၄ | ၃၃ |
| ၁၁ | အလုံ | ၁၁ | ၂၆ |
| ၁၂ | တွံတေး | ၉၆ | ၉၆ |
| ၁၃ | သန်လျင် | ၄၄ | ၄၄ |
| ၁၄ | လှည်းကူး | ၇၈ | ၇၈ |
| ၁၅ | ဒေါပုံ | ၁၄ | ၁၄ |
| ၁၆ | လသာ | ၁၀ | ၂၁ |
| ၁၇ | သင်္ဃန်းကျွန်း | ၃၉ | ၃၉ |
| ၁၈ | မင်္ဂလာဒုံ | ၃၁ | ၃၁ |
| ၁၉ | ဆိပ်ကမ်း | ၄ | ၆ |
| ၂၀ | ရန်ကင်း | ၁၆ | ၁၈ |
| ၂၁ | မင်္ဂလာတောင်ညွန့် | ၂၀ | ၂၃ |
| ၂၂ | ဆိပ်ကြီး / ခနောင်တို | ၈ | ၈ |
| ၂၃ | ဒလ | ၁၇ | ၁၁ |
| ၂၄ | ကမာရွတ် | ၁၀ | ၁၀ |
| ၂၅ | လှိုင် | ၁၆ | ၂၁ |
| ၂၆ | မရမ်းကုန်း | ၁၀ | ၂၄ |
| ၂၇ | ကြည့်မြင်တိုင် | ၂၁ | ၂၁ |
| ၂၈ | စမ်းချောင်း | ၁၈ | ၂၁ |
| ၂၉ | တိုက်ကြီး | ၇၇ | ၃၀ |
| ၃၀ | မှော်ဘီ | ၄၆ | ၄၆ |
| ၃၁ | ထန်းတပင် | ၆၅ | ၆၅ |
| ၃၂ | ကျောက်တံတား | ၉ | ၂၇ |
| ၃၃ | ပုဇွန်တောင် | ၁၀ | ၁၇ |
| ၃၄ | မြောက်ဥက္ကလာပ | ၁၇ | ၂၄ |
| ၃၅ | ဗိုလ်တထောင် | ၁၀ | ၁၃ |
| ၃၆ | ဗဟန်း | ၂၂ | ၂၂ |
| ၃၇ | ကွမ်းခြံကုန်း | ၅၀ | ၅၀ |
| ၃၈ | ကော့မှူး | ၆၂ | ၆၂ |
| | စုစုပေါင်း = | ၁၁၃၂ | ၁၁၈၅ |

အုပ်ဖွဲ့များ တွင်လုပ်ငန်း အနည်း အများ အလိုက် စာရင်း ပြုစုရေး အဖွဲ့များ ကိုဖွဲ့စည်း ထား သည်ကို လေ့လာ တင်ပြထား ပါသည်။

စာရင်း ပြုစုရေး အဖွဲ့များ သည်တာဝန်ချထား သည့်မြို့နယ်အတွင်း ရှိအမြတ်ခွန်စည်း ကြပ်ထိုက်သူများ စာရင်း နှင့်၎င်း တို့၏ ခန့်မှန်း ဝင်ငွေများ ကိုပြုစု၍၊ ရပ်ကွက်/ ကျေး ရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့တစ်နှစ်လျှင်တစ်ကြိမ်၊ ထိုအဖွဲ့မှသတ်မှတ်ပေး သည့် နေ့ရက်မတိုင်မီစာရင်း များ ကို ပေး ပို့ရပါသည်။ ပေး ပို့ပြီး သော စာရင်းများ နှင့်ပတ်သက်၍ပြင်ဆင်ရန်ဖြည့်စွက်ရန် နှင့်စာရင်း မှနှုတ်ပယ်ရန်ပေါ်ပေါက် လာပါကလည်း လိုအပ်သလို ဆောင်ရွက်ရန်ပြန်လည်ပြုစု ပေး ပို့ရပါသည်။ ရပ်ကွက်/ ကျေး ရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့မှစာရင်းများ ကိုပြန်လည်ပြုစုရန်ညွှန်ကြား လာပါကလည်း ပြန်လည်ပြုစု ပေး ရပါသည်။

ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း ၊ နှုတ်ပယ်ခြင်း အစရှိသော ၊ ကိစ္စရပ်များ ပေါ်ပေါက်လာပါကစာရင်း ပြုစု ရေး အဖွဲ့အနေဖြင့်နောက်တစ်ကြိမ်စာရင်း ပြုစု ပေး ရန် နေ့ရက်အထိမစောင့်ဘဲ၊ စာရင်း ပြုစုပေး ရပါသည်။ သက်ဆိုင်ရာမြို့နယ်အတွင်း ၌ မော်တော်ယာဉ်(သို့မဟုတ်)အိမ် ၊ အစရှိသောအခြေပစ္စည်း တစ်ရပ်ရပ် ရောင်း ချခြင်း ကို တွေ့ရှိလျှင်၊ နှစ်ကုန်သည်အထိမစောင့်ဘဲပစ္စည်း ရောင်း သည့်ကိစ္စပြီး သည်နှင့်စာရင်း ပြုစု ပေး ရပါသည်။ ထို့အတူအခကြေး ငွေယူသော ဖျော်ဖြေမှုများကျင်းပခြင်း ကို တွေ့ရလျှင်လည်း ကောင်း ၊ စည်း ကြပ်မှုအဖွဲ့ကသတင်း အချက်အလက်များ တောင်း လျှင်လည်း ကောင်း ၊ နှစ်ကုန်သည်အထိမစောင့်ဘဲချက်ခြင်းပေး ပို့ရပါသည်။ ဆား ထုတ်လုပ်သူများ အား ရက်သတ္တပတ်(သို့မဟုတ်)တစ်လ အတွက်ထုတ်လုပ်မှုအပေါ်အခြေပြု၍စည်း ကြပ်ခြင်း ဖြစ်သဖြင့်ဆား ထုတ်လုပ်သူများ နှင့်ပတ်သက် သော စာရင်း ကိုရက်သတ္တပတ်(သို့မဟုတ်)လအလိုက်၊ ထုတ်လုပ်မှုပြုနေသမျှပြုစု ပေး ပို့ရပါသည်။ ဤသို့အား ဖြင့်စာရင်း ပြုစု ရေးအဖွဲ့

များသည်မိမိတို့၏သက်ဆိုင်ရာမြို့နယ်အတွင်း ရှိအခွန်စည်းကြပ်ထိုက်သူများ စာရင်းကိုမှန်မှန်နှင့်မြန်မြန်အချိန်မီပေးပို့နိုင်ရန်ပြုစုခြင်းအားဖြင့် အမြတ်ခွန်စည်းကြပ်ထိုက်သောအခွန်ထမ်းများ လွတ်မသွားသဖြင့်ရသင့် ရထိုက်သောအခွန်ငွေများ မဆုံးရှုံးဘဲ၊ အခွန်အပြည့်အဝကောက်ခံရရှိ ကာအမြတ်ခွန်ကောက်ခံရရှိမှုအခြေအနေသည်တိုးတက်လာနိုင်မည်ဖြစ်ပါ သည်။

စာရင်းပြုစုရေးအဖွဲ့သည်အမြတ်ခွန်စည်းကြပ်ထိုက်သူများ စာရင်းကိုပြုစုပေးပို့ရာတွင်သတ်မှတ်ထားသောပုံစံများဖြင့်ပေးပို့ ရကြောင်း လေ့လာသိရှိရပါသည်။ ပြုစုပေးပို့ရမည့်ပုံစံမှာ(၅)မျိုး ရှိ ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း ရှိစီးပွားရေး လုပ်ငန်း များ မှဝင်ငွေ အပေါ်အမြတ်ခွန်ပေး ဆောင်ထိုက်သူများစာရင်း (ပုံစံ အမခ-၂)

(ခ) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း ရှိအခြေပစ္စည်း မှမြတ် စွန်း ငွေအပေါ်အမြတ်ခွန်ပေး ဆောင်ထိုက်သူများ စာရင်း (ပုံစံ အမခ-၃)

(ဂ) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း ရှိပစ္စည်း ဝယ်ယူသူများ စာရင်း။ (ပုံစံ အမခ-၄)

(ဃ) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း အခကြေး ငွေယူသော ဖျော်ဖြေမှုကျင်းပသူများ စာရင်း (ပုံစံ အမခ-၅)

(င) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း ဆားထုတ်လုပ်သူများ စာရင်း (ပုံစံ အမခ-၆)

စာရင်းပြုစုရေးအဖွဲ့များသည်မိမိတို့တာဝန်ခံရာ မြို့ နယ်အတွင်းရှိအခွန်ပေးဆောင်ထိုက်သူများ၏စာရင်းကိုရပ်ကွက် ၊

( သို့မဟုတ် ) ကျေး ရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့မပေး ပို့မီမိမိတို့အစည်း အဝေး တွင်တင်ပြဆုံး ဖြတ်အတည်ပြုကြရပါသည်။ ကျေးရွာ ပြုစုရေး အဖွဲ့အစည်းအဝေး တွင်အဖွဲ့ဝင် ၃ ဦး ရှိသည့်အနက်၊ ၂ဦးတက် ရောက်မှသာလျှင်အစည်း အဝေး အထမြောက်ပြီး ထိုအဖွဲ့ဝင် ၂ဦး သည် ၊ သဘောကွဲလွဲမှုမရှိဘဲနှစ်ဦး သဘောတူညီမှသာဆုံး ဖြတ်ချက် ချမှတ်ရမည်ဖြစ် ပါသည်။ သဘောကွဲလွဲမှုရှိပါကအဖွဲ့ဝင် ၃ဦး စုံညီသည့်အစည်း အဝေး တွင်သာ ဆုံး ဖြတ်အတည်ပြုရကြောင်း လေ့လာသိရှိရပါသည်။

အခွန်ပေး ဆောင်ထိုက်သူများ စာရင်း ကိုပြုစုရာ၌ ၎င်း တို့၏ဝင်ငွေကိုခန့်မှန်း သတ်မှတ်ပေး ရပါသည်။ ထိုသို့ခန့်မှန်း သတ်မှတ်ရာ တွင်နစ်နာမှုမရှိစေရန် ဆောင်ရွက်ကြရပါသည်။ ထို့ပြင်အခွန်ပေးဆောင် ခြင်း မှကင်း လွတ်နေသူများ ၊ စာရင်း လိမ်ပြသူများ ၊ ဝင်ငွေထိမ်ချန် ထား သူများ ၊ အခွန်ကိုရှောင်တိမ်း နေသူများ အား ထိရောက်စွာဖော် ထုတ်စစ်ဆေးကြရပါသည်။ ထို့ကြောင့်ဝင်ငွေခန့်မှန်း သတ်မှတ်ရာတွင်အောက်ပါ အချက်များ ကိုအခြေခံ၍ ဆောင်ရွက်ကြရပါသည်။

(၁) တစ်နေ့ပျမ်း မျှရငွေ ( သို့မဟုတ် ) တစ်လပျမ်း မျှရငွေကိုအခြေ ပြု၍သက်ဆိုင်ရာနှစ်အတွက်စုစုပေါင်း ရငွေမှထိုငွေရရှိရန် ၊ ကုန်ကျငွေအား လုံး ကိုနှုတ်ပယ်၍ဝင်ငွေကိုခန့်မှန်း သတ်မှတ်ရ ပါသည်။

(၂) အထက်ပါအတိုင်း ခန့်မှန်း ရငွေကိုသတ်မှတ်၍ ဝရိတ်ကိုခန့်မှန်း ခြင်း မပြုဘဲလုပ်ငန်း သဘာဝအလိုက်ရရှိတတ်သည့်အသား တင် အမြတ်ရာခိုင်နှုန်း ဖြင့်ရငွေ ပေါ်တွက်ချက်ခြင်း ဖြင့်ခန့်မှန်း ဝင်ငွေကိုရရှိနိုင်ပါသည်။ ဥပမာ - လေး ဘီး အငှား ကား တစ်စီး မောင်းသူတစ်ဦး ၏ဝင်ငွေကိုခန့်မှန်း ရန်တစ်နှစ် ကား ထွက်ရက်ပေါင်း ၊ တစ်နေ့သယ်ယူပို့ဆောင်ခပျမ်း မျှမည် မျှရသည်ကိုခန့်မှန်း ခြင်း ဖြင့်ခန့်မှန်း ရငွေကိုရရှိနိုင်၏ ။

သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူတို့ရရှိသင့်သည့်အသားတင်အမြတ်ရာခိုင်နှုန်း မှာ ၁၅ ရာခိုင်နှုန်း ဟုသတ်မှတ်သည်ဆိုပါက၄င်း ရာခိုင်နှုန်း ဖြင့်ရငွေပေါ်တွက်ခြင်း ဖြင့်ခန့်မှန်း ဝင်ငွေကိုရရှိနိုင်ပါသည်။

(၃) မြေအဆောက်အဦ၊ ယာဉ် (သို့မဟုတ်) အခြားပစ္စည်း တစ်ရပ်ရပ်ငှား ရမ်း ခြင်း ဖြင့်ပစ္စည်း မှဝင်ငွေရရှိသူများ၏ဝင်ငွေကိုခန့်မှန်း ရာတွင်မူထိုပစ္စည်း တို့နှင့်ပတ်သက်၍သက်ဆိုင်ရာနှစ်အတွင်း ရသင့်ရထိုက်သောငှား ရမ်း ခရငွေပေါင်းမှ ထိုငွေရရှိရေး အတွက်ကုန်ကျသည့်စရိတ်များ ကိုနုတ်ပယ်ခြင်း ဖြင့်သတ်မှတ်ရပါသည်။ သို့ရာတွင်ထိုနုတ်ပယ်သည့်စရိတ်များတွင် မတည်စရိတ်များ နှင့်ကိုယ်ရေး ကိုယ်တာစရိတ်များ မပါဝင်စေရပါ။

(၄) အထက်ပါအတိုင်း ဝင်ငွေကိုခန့်မှန်း သတ်မှတ်ရာတွင်အခွန်ထမ်း၏ နေထိုင်စား သုံး မှုအဆင့်အတန်း ကိုလည်း ထည့်သွင်း စဉ်းစား၍၊ ထိုအဆင့်အတန်း နှင့်ခန့်မှန်း သည့်ဝင်ငွေတို့ကို နှိုင်း ယှဉ် ချိန်ထိုး ကြည့်ပါကခန့်မှန်း ထား သည့်ဝင်ငွေနှင့်မဆီလျော်အောင် အခွန်ထမ်း၏ နေထိုင်စား သုံး မှုအဆင့်အတန်း သည်မြင့်မား နေလျှင်ထိုအဆင့်အတန်း အရဝင်ငွေကိုခန့်မှန်း သတ်မှတ်ပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေတွင်အခွန်ရှောင်တိမ်း သူများ နှင့်ဝင်ငွေထိမ်ချန်သူများ ကိုလွယ်ကူစွာဖော်ထုတ်ရာတွင်အဓိကအကျဆုံး နှင့်အထိရောက်ဆုံး အဖွဲ့မှာရပ်ကွက် ကျေး ရွာအုပ်စုပြည်သူ့ကောင်စီဝင်များ ပါဝင်ဖွဲ့စည်း ထား သောစာရင်း ပြုစုရေး အဖွဲ့များ ပင်ဖြစ်ပါသည်။ ထိုအဖွဲ့တွင်ပါဝင်သောပြည်သူ့ကိုယ်စား လှယ်များ သည်ပြည်သူတို့ ၏

စာကြည့်တိုက်
...ရုံးရေး ဌာနသိုက်
ရန်ကုန်

လူမှုရေး ၊ စီးပွားရေး ၊ လူနေမှုအဆင့်အတန်း စသည့်အခြေအနေ ၊ အရပ်ရပ်ကိုအနီးကပ်ဆုံး ဆောင်ရွက်နေကြသူများ ဖြစ်ပါသည်။ထို့ကြောင့် ထိုသူများ အနေဖြင့်မိမိတို့၏ ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအတွင်း ဒြပ်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရှင်တို့၏ဝင်ငွေကိုအနီးကပ်ဆုံး ခန့်မှန်းပြုစုနိုင်ကြပါသည်။ သက်ဆိုင်ရာရပ်ကွက် ကျေးရွာအတွင်း ရှိအခွန်ထမ်းဆောင်ထိုက်သူများ အားလုံး၏စာရင်းကိုပြည့်စုံစွာတင်ပြနိုင်သဖြင့်ဖုံးကွယ်ဝင်ငွေရှိသူများ ၊ အခွန်ထမ်း သစ်များ ကိုထိရောက်စွာစာရင်း ပြုစုဖော်ထုတ်နိုင်ကြပါသည်။ ထို့ကြောင့်နိုင်ငံတော်၏အမြတ်ခွန် ကောက်ခံရရှိမှုတွင် လျာထား ချက်ပြည့်မီ ကျော်လွန်စွာဖြင့် ကောက်ခံရရှိရန်အထောက်အကူပြု နေသည်ဟုသုံးသပ်မိပါသည်။

## ၃-၆-၂။ ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များ

ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်စာရင်းပြုစုရေး အဖွဲ့များ၏ဆောင်ရွက်မှု ၊ထိရောက်စေရန်ကြီးကြပ်ပေး ရပြီး ထိုအဖွဲ့များ၏ ဆောင်ရွက်မှုအခြေအနေများ ကိုရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုပြည်သူ့ကောင်စီအစည်းအဝေး သို့အစီရင်ခံရပါသည်။

ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏တာဝန်မှာအခွန်ပေး ဆောင်ထိုက်သူများ၏စာရင်း ကိုပြုစုရန်ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်သုံးဦး ပါဝင်သောစာရင်းပြုစုရေး အဖွဲ့များကိုလိုအပ်သလိုအမိန့်စာများထုတ်ပြန်၍ဖွဲ့စည်းတာဝန်ပေး ရပါသည်။ စာရင်းပြုစုရေး အဖွဲ့များ ဖွဲ့ရာတွင်ရပ်ကွက် ( သို့မဟုတ် ) ကျေးရွာအုပ်စုအတွင်း စာရင်းပြုစုရမည့်လုပ်ငန်း

ပမာဏနှင့်အညီအဖွဲ့ဦးရေကိုလိုသလောက်ဖွဲ့စည်း ပေး ရပါသည်။ အလုပ်အမှုဆောင်အဖွဲ့သည်ထိုသို့စာရင်း ပြုစု ရေး အဖွဲ့များ ဖွဲ့စည်းပေး ခြင်းအပြင်၊ အဖွဲ့ဟောင်း များ ဖျက်သိမ်း ခြင်း ၊ အဖွဲ့သစ်များ ဖွဲ့စည်း ခြင်းတို့ကိုအမိန့်စာထုတ်ပြန်၍ ဆောင်ရွက် ရပါသည်။

အလုပ်အမှုဆောင်အဖွဲ့သည်စာရင်း ပြုစု ရေး အဖွဲ့အသီး သီးတို့ကတာဝန်ယူ ရမည့်ဒေသများ ကိုသတ်မှတ်ပေး ပြီး ၊ မည်သည့်နှစ်အတွက်မဆိုစာရင်း ပြုစု ရေး အဖွဲ့မှအလုပ်အမှုဆောင်အဖွဲ့သို့စာရင်း များပေး ပို့ရမည့်ရက်ကိုလည်း သတ်မှတ်ပေး ပါသည်။ နှစ်တစ်နှစ်အတွင်း လိုအပ်ပါကစာရင်း များ ကိုထပ်မံ၍ပြုစုစေရပါသည်။

အလုပ်အမှုဆောင် အဖွဲ့သည်စာရင်း ပြုစု ရေး အဖွဲ့မှစာရင်း များ ကိုရရှိသည့်အခါတွင်ထိုစာရင်း များ ကိုစိစစ်၍လိုအပ်ချက်များ ကို ၊ စာရင်း ပြုစု ရေး အဖွဲ့နှင့်ညှိနှိုင်း ပါသည်။ ထို့နောက်မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ထိုအဖွဲ့မှ ပေး ထား သောရက်အတွင်း အရောက်ပေး ပို့ရပါသည်။ ထိုသို့ပေး ပို့ရာတွင်စာရင်း များ ကိုရပ်ကွက်၊ ကျေးရွာအုပ်စုအလုပ်အမှုဆောင်အဖွဲ့၏မှတ်ချက်များ ကိုရေး သား ဖော်ပြရန်လိုအပ်ပါသည်။

အမြတ်ခွန်စည်း ကြပ် ကောက်ခံမှုပြုရန်ထိုကဲ့သို့အောက်ခြေမှစ၍စနစ်တကျဆောင်ရွက်ခြင်း အား ဖြင့်ရသင့်ရထိုက်သောအခွန်ဘဏ္ဍာများ ကိုလက်လွှတ်မဆုံး ရှုံး စေဘဲ၊ နိုင်ငံတော်၏ရည်မှန်း ချက်ကိုဖြည့်ဆည်း နိုင်မည်ဖြစ်ပါသည်။

## ၃-၆-၃။ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ဆောင်ရွက်ချက်များ

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်မည့်အမြတ်ခွန်စည်းကြပ်မှုအဖွဲ့များကိုဖွဲ့စည်းနိုင်ရန်အတွက်မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်မိမိနှင့် သက်ဆိုင်သောမြို့နယ်အတွင်း စည်းကြပ်မှုအဖွဲ့များကိုဖွဲ့စည်းပေးရပါသည်။ ထိုသို့ဖွဲ့စည်းရာတွင်မြို့နယ်ပြည်သူ့ကောင်စီဝင်များသည်အဖွဲ့ဝင်များဖြစ်ကြပြီး လျှင်အဖွဲ့တစ်ဖွဲ့တွင်အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့်အဖွဲ့ဝင်နှစ်ဦးပါဝင်ရပါသည်။ သက်ဆိုင်ရာမြို့နယ်အတွင်း အခွန်စည်းကြပ်ကောက်ခံရမည့်လုပ်ငန်းပမာဏနှင့်အညီ၊ အဖွဲ့ဦးရေကိုလိုအပ်သလောက်ဖွဲ့စည်းပေးရပါသည်။ ဤသို့အဖွဲ့ဖွဲ့ခြင်းနှင့်ပတ်သက်၍မြို့နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်အမိန့်စာဖြင့်ဖွဲ့စည်းခြင်းပြုလုပ်ရပါသည်။ အဖွဲ့ဟောင်းများဖျက်သိမ်းလျှင်လည်းအမိန့်စာဖြင့်ပင်ဆောင်ရွက်ရပါသည်။

မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်မိမိမြို့နယ်အတွင်း ဖွဲ့စည်းကြပ်မှုအဖွဲ့များကိုရပ်ကွက်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းအလိုက်သော်လည်းကောင်း တာဝန်ချထားပေးရပါသည်။ ထို့ပြင်တာဝန်ချထားပြီးသည့်ကျေးရပ်များတွင်လည်း လိုအပ်လျှင်လိုအပ်သလိုပြောင်းပေးနိုင်ပါသည်။

မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်ရပ်ကွက်၊ (သို့မဟုတ်) ကျေးရွာအုပ်စုစာရင်းပြုစုရေးအဖွဲ့များနှင့်စည်းကြပ်မှုအဖွဲ့များ၏ဆောင်ရွက်မှုထိရောက်စေရန်လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းများကိုပြုလုပ်ရပါသည်။ ထို့နောက်စည်းကြပ်ကောက်ခံမှုအခြေအနေများကိုပြည်သူ့ကောင်စီအစည်းအဝေးသို့အစီရင်ခံရပါသည်။ ပြည်နယ်၊ (သို့မဟုတ်) တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ၃-လတစ်ကြိမ် (သို့မဟုတ်) လိုအပ်သလိုအစီရင်ခံပါသည်။

ဇယား (၃)

ရန်ကုန်တိုင်း

မြို့နယ်အသီးသီး၏ စည်းကြပ်မှုအဖွဲ့ဦးရေ

| စဉ် | မြို့နယ်များ | ရပ်ကွက်ကျေးရွာအုပ်စု | စည်းကြပ်မှုအဖွဲ့ဦးရေ |
|---|---|---|---|
| ၁ | အင်းစိန် | ၂၄ | ၃ |
| ၂ | လမ်းမတော် | ၁၂ | ၃ |
| ၃ | တောင်ဥက္ကလာပ | ၁၃ | ၃ |
| ၄ | သာကေတ | ၁၉ | ၃ |
| ၅ | ဒဂုံ | ၅ | ၃ |
| ၆ | ကျောက်တန်း | ၅၂ | ၅ |
| ၇ | သုံးခွ | ၇၆ | ၁ |
| ၈ | ခရမ်း | ၆၅ | ၁ |
| ၉ | ပန်းဘဲတန်း | ၁၁ | ၅ |
| ၁၀ | တာမွေ | ၂၄ | ၃ |
| ၁၁ | အလုံ | ၁၁ | ၄ |
| ၁၂ | တွံတေး | ၉၆ | ၁ |
| ၁၃ | သန်လျင် | ၄၄ | ၂ |
| ၁၄ | လှည်းကူး | ၇၀ | ၁ |
| ၁၅ | ဒေါပုံ | ၁၄ | ၁ |
| ၁၆ | လသာ | ၁၀ | ၂ |
| ၁၇ | သဃန်းကျွန်း | ၃၉ | ၃ |
| ၁၈ | မင်္ဂလာဒုံ | ၃၁ | ၂ |
| ၁၉ | ဆိပ်ကမ်း | ၄ | ၂ |
| ၂၀ | ရန်ကင်း | ၁၆ | ၃ |
| ၂၁ | မင်္ဂလာတောင်ညွန့် | ၂၀ | ၃ |
| ၂၂ | ဆိပ်ကြီး / ခနောင်တို | ၈ | ၁ |
| ၂၃ | ဒလ | ၁၇ | ၁ |
| ၂၄ | ကမာရွတ် | ၁၀ | ၃ |
| ၂၅ | လှိုင် | ၁၆ | ၄ |
| ၂၆ | မရမ်းကုန်း | ၁၀ | ၂ |
| ၂၇ | ကြည့်မြင်တိုင် | ၂၁ | ၃ |
| ၂၈ | စမ်းချောင်း | ၁၈ | ၃ |
| ၂၉ | တိုက်ကြီး | ၇၇ | ၂ |
| ၃၀ | မှော်ဘီ | ၄၆ | ၁ |
| ၃၁ | ထန်းတပင် | ၆၅ | ၁ |
| ၃၂ | ကျောက်တံတား | ၉ | ၃ |
| ၃၃ | ပုဇွန်တောင် | ၁၀ | ၁ |
| ၃၄ | မြောက်ဥက္ကလာပ | ၁၇ | ၃ |
| ၃၅ | ဗိုလ်တထောင် | ၁၀ | ၃ |
| ၃၆ | ပဟန်း | ၂၂ | ၅ |
| ၃၇ | ကွမ်းခြံကုန်း | ၅၀ | ၁ |
| ၃၈ | ကော့မှူး | ၆၂ | ၁ |
| | စုစုပေါင်း = | ၁၁၃၂ | ၉၂ |

ဇစ်မြစ် - ရန်ကုန်တိုင်း အခွန်ဦးစီးဌာန၏ ၁၉၈၅-၈၆ ခုနှစ်၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှုအစီရင်ခံစာ။

မြန်မာနိုင်ငံတွင်အမြဲတမ်းခွန်ကောက်ခံရရှိမှုအများဆုံးဖြစ်သည့်ရန်ကုန်တိုင်းအတွင်း ရှိမြို့နယ်အသီးသီး၌ယနေ့အထိဖွဲ့စည်းထားသည့် စည်းကြပ်မှုအဖွဲ့အရေအတွက်ကိုဇယား ( ၃ ) တွင်ဖော်ပြထားပါသည်။ ရန်ကုန်တိုင်းအတွင်း အချို့မြို့နယ်များမှာဝီးပွားရေးလုပ်ငန်းများပြားပြီး အခွန်ထမ်းလည်းများပြားသဖြင့်စည်းကြပ်မှုအဖွဲ့တစ်ဖွဲ့ထဲနှင့် မလုံလောက်သည်ကိုတွေ့မြင်နိုင်ပါသည်။

## ၃-၆-၄။ စည်းကြပ်မှုအဖွဲ့များ၏ဆောင်ရွက်ချက်များ

၁၉၇၆ ခုနှစ်အမြဲတမ်းခွန်ဥပဒေအရပြဋ္ဌာန်းသတ်မှတ်ထားချက်များကိုအကောင်အထည်ဖော်ရာတွင်စည်းကြပ်မှုအဖွဲ့များသည်အဓိကဖြစ်ပါသည်။ စည်းကြပ်မှုအဖွဲ့အနေဖြင့်အမြဲတမ်းခွန်ဥပဒေအရအခွန်ထမ်းကပေးဆောင်ရမည့်အခွန်ကိုစည်းကြပ်ကောက်ခံရန်ဖွဲ့စည်းထားသောအဖွဲ့ပင်ဖြစ်ပါသည်။ ထိုစည်းကြပ်မှုအဖွဲ့တွင်မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့မှမြို့နယ်ပြည်သူ့ကောင်စီအဖွဲ့ဝင် ( ၃ ) ဦးနှင့်လိုအပ်သလိုဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယခင်အမြဲတမ်းခွန်အက်ဥပဒေအရအခွန်စည်းကြပ်ကောက်ခံရာတွင်အမြဲတမ်းခွန်ဝန်ထောက်ကသာစည်းကြပ်ကောက်ခံခြင်းပြုပါသည်။ မြန်မာနိုင်ငံသည်ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံတော်ဖြစ်သည်နှင့်အညီ၊ ထိုကဲ့သို့အရေးပါသည့်အခွန်စည်းကြပ်ခြင်းဆိုင်ရာလုပ်ငန်းရပ်များကိုတစ်ဦးတစ်ယောက်တည်းသို့အာဏာပေးအပ်ခြင်းမရှိဘဲ၊ ပြည်သူ့ကိုယ်စားလှယ်များပါဝင်၍ဆောင်ရွက်စေခြင်းဖြင့် ဆိုရှယ်လစ်ဝီးပွားရေးစနစ်ကိုအခြေခံသည့်အခွန်ကောက်ခံသည့်စနစ်ကိုအကောင်အထည်ဖော်လျက်ရှိပါသည်။

အမြဲတမ်းခွန်စည်းကြပ်မှုအဖွဲ့သည်အခွန်ထမ်းများ၏အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍တာဝန်ယူဆောင်ရွက်ရပါသည်။ ထူးခြားသည့်ကိစ္စရပ်

များ တွင်ဝင်ငွေနှင့်အတွင်း ခည်းကြပ်မှုပြုရန်လိုအပ်လျှင်ဝင်ငွေနှင့်ကုန်ဆုံးပြီး သည့်အထိ စောင့်ဆိုင်းခြင်း မပြုဘဲအခွန်ခည်းကြပ်ခြင်း ၊ကောက်ခံခြင်း များကို ဆောင်ရွက်ပါသည်။ ဝင်ငွေနှင့်ကုန်ဆုံးပြီး သည်ထိ စောင့်ဆိုင်းခြင်း မပြုဘဲ၊ အခွန်ခည်းကြပ် ကောက်ခံရမည့်ကိစ္စရပ်များ မှာ ၊ (၁)ပြည်ပသို့ထွက်ခွာသွားခြင်း (၂)လုပ်ငန်း ရပ်ဆဲခြင်း(၃)အခြေပန္နည်းမှမြတ်စွန်း ငွေရှိခြင်း၊ (၄)ပြည်ပမှပင္ဆည်းဘင်သွင်းခြင်း (၅)အခကြေး ငွေယူသော ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပခြင်း နှင့် ၊ (၆)ဆား ထုတ်လုပ်ခြင်း နှင့်ပတ်သက်သည့်ကိစ္စရပ်များ ဖြစ်ပါသည်။ သို့သော်ပြည်ပသို့ထွက်ခွာသွားခြင်း ၊ လုပ်ငန်း ရပ်ဆဲခြင်း နှင့်အခြေပစ္စည်းမှမြတ်စွန်း ငွေရှိခြင်း စသည့်ကိစ္စရပ်များ တွင်သက်ဆိုင်ရာအခွန်ထမ်းအား အကြောင်း အမျိုးမျိုး ကြောင့်ဝင်ငွေနှင့်အတွင်း မခည်းကြပ်နိုင်ခဲ့ ပါလျှင်ဝင်ငွေနှင့်ကုန်ဆုံးပြီး နောက်ပိုင်း တွင်လည်း စည်းကြပ် ကောက် ခံခြင်း ပြုရပါသည်။

ထို့ပြင် သေဆုံး သူများ ၊ အကြောင်း ဘဝ်ခုခု ကြောင့်တရား ဝင်မခွမ်း ဆောင်နိုင်သူတို့အား အခွန်ခည်းကြပ်ရန်အကြောင်းများပေါ်ပေါက်လာပါကတရား ဝင်ကိုယ်စား လှယ်အား ဖြစ်စေ၊ ဥပဒေဘင်ရပ်ရပ်အရတာဝန်ရှိသူအား ဖြစ်စေ၊ အခွန်စည်းကြပ် ကောက်ခံခြင်း ပြုရပါသည်။

ခည်းကြပ်ပြီး သည့်အခွန်ထမ်း များ ဆိုင်ရာ ခည်း ကမ်း သတ်ကာလအတွင်း အမှုပြန်ဖွင့်၍ခည်းကြပ်ခြင်း ၊ မှား ယွင်း ချက်ကိုပြင် ဆင်ခြင်း ပြုရန်ရှိလျှင်လည်း ပြန်လည်စည်းကြပ်မှုပြုလုပ် ပါသည်။ ထို့ပြင်အခွန်ခည်းကြပ်ထိုက်လျက်လွတ်ကင်း နေသူများ ၊ လျော့နည်း ခည်းကြပ်ခဲ့ခြင်းများ ကိုဆိုင်ရာခည်းကြပ်နှစ်ကုန်ဆုံး ပြီး နောက်မှ တွေ့ရှိပါကလည်း အမှုသစ်ဖွင့်၍ စည်းကြပ်ခြင်း ပြုပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စည်းကြပ်မှုအဖွဲ့သည်နိုင်ငံတော်မှရသင့်ရထိုက်သည့်အခွန်များ မဆုံးရှုံး မနစ်နာစေရန်၊ထိရောက်သောစည်းကြပ်မှုများကို ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်းကိစ္စတွင်အခွန်ထမ်းအနေဖြင့်အမှန်ဘကယ်ပေး ဆောင်ရမည့်အခွန်ထက်ပိုမိုပေး ဆောင်ခဲ့ခြင်းရှိပါကထိုပိုမို၍ပေး ဆောင်ထား သောငွေများ ကိုအခွန်ထမ်း အား ပြန်ပေး စေရန်စည်းကြပ်မှုအဖွဲ့ကပင်အမိန့်ချမှတ်၍ဆောင်ရွက်ပေး ပါသည်။

စည်းကြပ်မှုအဖွဲ့သည်အမြတ်ခွန်စည်းကြပ်ရာတွင်ရပ်ကွက် ၊ (သို့မဟုတ်) ကျေးရွာအုပ်စုစာရင်းပြုစုရေး အဖွဲ့ကပြုစုပေး ပို့ထား သည့်အခွန်ပေး ဆောင်ထိုက်သူများ စာရင်း ၊ အခွန်ထမ်း များ ထံမှ ရရှိထား သောဝင်ငွေကြေညာလွှာ၊ မြို့နယ်အခွန်ဦး စီး မှူး များ ကသုံး သပ်အကြံပြုချက်များ နှင့်အခြား ရရှိထား သောသတင်း အချက်အလက်များ ကိုအခြေခံ၍အမြတ်ခွန်စည်း မျဉ်း ၂၅ နှင့်အညီ၊ အခွန်ထမ်း ၏ဝင်ငွေကိုခန့်မှန်း ၍စည်းကြပ်ပါသည်။ စည်းကြပ်မှုအဖွဲ့ကအခွန်ထမ်း ၏ဝင်ငွေကိုခန့်မှန်း ရာတွင်လိုက်နာရမည့်နည်း လမ်း များ မှာစာရင်း ပြုစုရေး အဖွဲ့ကလိုက်နာရမည့်နည်း လမ်း များ အတိုင်း ပင်ဖြစ်ပါသည်။ သို့ရာတွင် အမြတ်ခွန်စည်း မျဉ်း ၂၅ အပိုဒ်(င) ခြွင်း ချက်အရ၊ အခွန်ထမ်း ၏နေထိုင်စား သုံး မှုအဆင့်အတန်း နှင့်အညီဝင်ငွေကိုခန့်မှန်း သတ်မှတ်လျှင် သက်ဆိုင်ရာအခွန်ထမ်း အား ပြောရေး ဆိုခွင့်ကိုပေး ပါသည်။

စည်း ကြပ်မှုအဖွဲ့သည်အခွန်ထမ်း အား ခေါ်ယူစစ်ဆေး ခြင်း ပြုသောအခါတွင်အနည်း ဆုံး အဖွဲ့ဝင်နှစ်ဦး ရှိမှသာလျှင်ဆောင်ရွက်ပါသည်။ ထို့ပြင်အဆုံး အဖြတ်ပေး ခြင်း ၊ အမိန့်ချမှတ်ခြင်း ကိုဆောင်ရွက်ရာတွင်

လည်း အနည်းဆုံး အဖွဲ့ဝင်နှစ်ဦး ရှိမှသာလျှင် ဆောင်ရွက်ပါသည်။ အကယ်၍အဖွဲ့ဝင် ၂ ဦး သည်သဘောကွဲလွဲမှုရှိပါက၊ အဖွဲ့ဝင်သုံးဦး နုံညီအောင်ရောက် မှသာလျှင်ဆုံးဖြတ်ချက်ချပါသည်။

စည်းကြပ်မှုအဖွဲ့သည်ဆုံးဖြတ်ချက်မချမီသက်ဆိုင်ရာမြို့နယ်အခွန်မှူး ထံမှလိုအပ်သောနည်းနာဆိုင်ရာအကြံဉာဏ်များကို တောင်းခံနိုင်ပါသည်။ စည်းကြပ်မှုအဖွဲ့အနေဖြင့် စည်းကြပ်မှုဆောင်ရွက်သည့်ကိစ္စတွင်အခွန်ထမ်း ပိုင်အဆောက်အဦ နေရာ (သို့မဟုတ်) လုပ်ငန်း ဥပစာများ သို့ဝင်ရောက်စစ်ဆေး နိုင်ပါသည်။ ထို့ပြင်ထိုနေရာများ တွင်ရှိသောစာရင်း နှင့်စာရွက်စာတမ်း များကိုရှာဖွေရန် (သို့မဟုတ်) သိမ်းဆည်း ရန်၊ (သို့မဟုတ်) ကောက်နှုတ်ချက်မိတ္တူများကိုကူးယူရန် (သို့မဟုတ်) ရုံးတံဆိပ် အမှတ်အသားများ ရိုက်နှိပ်ရန်အခွန်မှူး အား ညွှန်ကြား နိုင်ပါသည်။ သို့ရာတွင်စည်းကြပ်မှုအဖွဲ့သည်၎င်း၏လုပ်ပိုင်ခွင့်များကိုအသုံးပြု၍အထက်ပါကိစ္စ ရပ်တို့ကိုဆောင်ရွက်ရာတွင်သက်ဆိုင်ရာအခွန်ထမ်း (သို့မဟုတ်) ၎င်း၏ကိုယ်စားလှယ်နှင့်သက်သေနှစ်ဦး တို့ရှိမှသာလျှင်ဆောင်ရွက်ရပါသည်။

စည်းကြပ်မှုအဖွဲ့များ သည် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေ နှင့်အညီတရားမျှတစွာဖြင့်အခွန်ထမ်းများ လည်း မနစ်နာစေရန်နှင့် နိုင်ငံတော်အတွက်လည်း အခွန်နစ်နာဆုံးရှုံးမှုမရှိစေရန်အထူး ဂရုစိုက်၍ဆုံးဖြတ်ချက်များကိုပြုလုပ်ဆောင်ရွက်ကြပါသည်။ အခွန်ပေးဆောင်ထိုက် သူများ အပေါ်အမြတ်ခွန်စည်းကြပ်ရာတွင်မနစ်နာစေရန်နှင့်နိုင်ငံတော်အတွက်အခွန်ရရှိမှုမနစ်နာစေရန်လက်တွေ့အမြတ်ခွန်စည်းကြပ်မှု ကို အခန်း (၄) တွင်လေ့လာတင်ပြထားပါသည်။

၃-၆-၅။ <u>မြို့နယ်အခွန်ဦးစီးမှူးများ၏ဆောင်ရွက်ချက်များ</u>

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ အခွန်ထမ်းများအား ဥပဒေနှင့်အညီအခွန် ကောက်ခံမှုပြုရန်အခွန်ဦးစီးမှူးများကတာဝန်ယူ၍ ဆောင်ရွက်ရပါသည်။

မြို့နယ်အခွန်ဦးစီးမှူးများသည်ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကပေးပို့သောအခွန်ပေး ဆောင်ထိုက်သူများ စာရင်းကိုစည်းကြပ်မှုအဖွဲ့ကအဆုံးအဖြတ်ပေးနိုင်ရန်ထိုအဖွဲ့သို့စာရင်းပြုစု၍တင်ပြရပါသည်။ ထို့ပြင်အခွန်ပေးဆောင်ထိုက်လျက်နှင့်ရပ်ကွက်(သို့မဟုတ်) ကျေး ရွာအုပ်ခုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကပေးပို့သောစာရင်းများ တွင်ပါဝင်ခြင်း မရှိသူများ လွတ်ကင်း ကျန်ရှိခဲ့သူများ ကို တွေ့ရှိပါလျှင်စည်းကြပ်မှုအဖွဲ့ကစည်းကြပ်မှုကိစ္စကိုဆုံးဖြတ် ဆောင်ရွက်နိုင်ရန်မြို့နယ်အခွန်ဦးစီး ဌာနမှူးများက စာရင်း ပြုစု၍သက်ဆိုင်ရာမြို့နယ်စည်းကြပ်မှုအဖွဲ့သို့တင်ပြရပါသည်။

မြို့နယ်အခွန်ဦးစီးမှူးများအနေဖြင့်စည်းကြပ်မှုအဖွဲ့က တောင်းခံသည့်နည်းနာဆိုင်ရာအကြံဥာဏ်များကိုလည်း ပေးရပါသည်။ ထို့ပြင်မြို့နယ်အခွန်ဦးစီးမှူးများသည်စည်းကြပ်မှုနှင့်ပတ်သက်၍ကြားနာခြင်း၊ ဖြေရှင်းခွင့်ပေးခြင်းနှင့်အမိန့်ချမှတ်ခြင်းတို့မှအပ၊ လိုအပ်သည့်အခြားကိစ္စရပ်များကိုဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ဤလုပ်ဆောင်ချက်သည်ယခင်တည်ရှိခဲ့သည့်အမြတ်ခွန်ဥပဒေဟောင်းများနှင့် ခြားနားချက်ပင်ဖြစ်ပါသည်။ ယခင်ကအမြတ်ခွန်ဝန်ထောက်သည်စည်း ကြပ်မှုနှင့်ပတ်သက်၍ကြားနာခြင်း၊ ဖြေရှင်းခွင့်ပေးခြင်းနှင့်အမိန့် ချမှတ်ခြင်းတို့ကိုမိမိတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့်ပြုလုပ်ပိုင်ခွင့်ရှိပါသည်။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရစည်းကြပ်မှုတွင်မိမိတစ်ဦးတည်း

သဘောဖြင့်ဆုံးဖြတ်ခွင့်မရှိတော့ဘဲ၊ စည်းကြပ်မှုအဖွဲ့သို့နည်းနာဆိုင်ရာ အကြံဉာဏ်များကိုသာပေးနိုင်ပါသည်။ မြို့နယ်အခွန်ဦးစီးမှူးသည်၊ အမြတ်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်စည်းမျဉ်းဥပဒေများတွင် သတ်မှတ်ထားသည့်အချက်အလက်များကိုတိကျစွာလိုက်နာခြင်းဖြင့်အခွန် စည်းကြပ်ကောက်ခံမှုပြုရာတွင်ပိုမိုထိရောက်မှုရှိကြောင်း လေ့လာသိရှိ ရပါသည်။

ထို့ကြောင့်မြို့နယ်အခွန်ဦးစီးမှူးများသည်မိမိတာဝန်ယူ ရသောမြို့နယ်များရှိအမြတ်ခွန်စည်းကြပ်မှုများပြီးပြတ်ရေးနှင့်၊ စည်းကြပ်မှုအဖွဲ့ကစည်းကြပ်ထားသောအခွန်များ ကောက်ခံရရှိရေး တို့ကို ပြေလည်စွာဆောင်ရွက်နိုင်ရေးတာဝန်ယူရပါသည်။

မြန်မာနိုင်ငံတွင်ပြည်နယ်နှင့်တိုင်း (၁၄) ခုရှိရာ ရန်ကုန် တိုင်းသည်စီးပွားရေးအချက်အချာကျပြီး အမြတ်ခွန်ကောက်ခံရရှိမှုအ များဆုံးရသောတိုင်း* ဖြစ်ပါသည်။ ထို့ကြောင့်ရန်ကုန်တိုင်းကိုရွေး ထုတ်လေ့လာကြည့်လျှင်ရန်ကုန်တိုင်းအတွင်းရှိအချို့မြို့နယ်များတွင်စီးပွား ရေးလုပ်ငန်းများပြားသဖြင့်အခွန်ထမ်းဦးရေလည်းများပြား သည်ကိုတွေ့ရှိရပါသည်။ ထိုအခါထိုသို့သောမြို့နယ်များ၌မြို့နယ်အခွန်ဦးစီး မှူးတစ်ဦးတည်းဖြင့်နိုင်နင်းစွာမဆောင်ရွက်နိုင်သဖြင့်ထိုမြို့နယ်များ တွင် ဒု-မြို့နယ်အခွန်ဦးစီးမှူးနှင့်လက်ထောက်မြို့နယ်အခွန်ဦးစီးမှူး များတွဲဘက်ပါဝင်ဆောင်ရွက်ကြရပါသည်။

ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များကိုစီးပွားရေးဖွံ့ဖြိုး မှုအလိုက်အဆင့် ၃ဆင့်ခွဲခြားထားပါသည်။ ယင်းတို့မှာ-

(၁) (က) အဆင့်မြို့နယ်
(၂) (ခ) အဆင့်မြို့နယ်
(၃) (ဂ) အဆင့်မြို့နယ် ဟူ၍အဆင့်အတန်း ၃မျိုး ဖြစ်ပါသည်။

---

* အခန်း (၅) တွင်ရန်ကုန်တိုင်းမှအမြတ်ခွန်ကောက်ခံရရှိမှုနှင့်ပတ် သက်၍ဖော်ပြထားရာ၊ ရန်ကုန်တိုင်းသည်အများဆုံးဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းတွင်တည်ရှိသောမြို့နယ်များနှင့် မြို့နယ်တစ်ခုချင်းတွင်တာဝန်ပေးအပ်ထားသောမြို့နယ်အခွန်ဦးစီးမှူးများ၏ဦးရေမှာ တဖက်ပါအတိုင်းဖြစ်ပါသည်။

## ၃-၇။ ၁၉၇၆ ခုနှစ်ဥပဒေဖြင့် ကောက်ခံလျက်ရှိသည့်အခွန်နှုန်းထားများ

မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအရ အမြတ်ခွန်စည်းကြပ်ကောက်ခံရာတွင်အမြတ်ခွန်နှုန်းထားများကိုပြောင်းလဲမှုများ ရှိခဲ့ဘူးပါသည်။ ၁၉၇၄ ခုနှစ်တွင်အတည်ပြုပြဋ္ဌာန်းထားသောပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် လေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ၁၉၇၃-၇၄ ခုနှစ်မတိုင်မီ ကကျင့်သုံးခဲ့သည့်အခွန်အကောက်စနစ်ကိုပြန်လည်သုံးသပ်ပြီး ၊ ကုန်ထုတ်လုပ်မှုကိုအထောက်အကူပြုစေမည့်အခွန်အကောက်စနစ်ဖြစ်လာစေရန်အတွက် ဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ပေါ်ရှိလာပါသည်။ ထို့ကြောင့် ၁၉၇၃-၇၄ ခုနှစ်အထိ ကောက်ခံသည့်အမြတ်ခွန်အစား ဝင်ငွေခွန် ကောက်ခံရန်အတွက်ဝင်ငွေခွန်နှုန်းများကို ၁၉၇၄ ခုနှစ်တွင်နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။ ထိုအခွန်နှုန်းများအရဝင်ငွေခွန်ကို ၁၉၇၄-၇၅ ခုနှစ်နှင့် ၁၉၇၅-၇၆ ခုနှစ်များတွင်စည်းကြပ်ခဲ့ပါသည်။

ထို့နောက်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံသည့်ဝင်ငွေခွန်အစား ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ ၁၉၇၆-၇၇ ခုနှစ်မှစ၍အမြတ်ခွန် ကောက်ခံရန်အခွန်နှုန်းများကို ၊ ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။ အမြတ်ခွန်ပေးဆောင်ရန်တာဝန်ရှိသူများနှင့်ပတ်သက်၍ယင်းအခွန်နှုန်းများဖြင့်မည်သို့မည်ပုံစည်းကြပ်ကောက်ခံ

ဇယား ( ၄ )

ရန်ကုန်တိုင်း အတွင်း ရှိမြို့နယ်များ ၏အခွန်ဦး စီးမှူးများ

ဦး ရေကိုဖော်ပြသည့်ဇယား

| အမှတ်စဉ် | မြို့နယ် | မြို့နယ်အခွန်ဦးစီးမှူး | ဒုမြို့နယ်ဦးစီးမှူး | လက်ထောက်မြို့နယ်ဦးစီးမှူး | အခွန်မှူးဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | (က) အဆင့်မြို့နယ်များ | | | | |
| ၁ | ကမာရွတ် | ၁ | ၁ | ၂ | ၄ |
| ၂ | ကျောက်တံတား | ၁ | ၃ | ၅ | ၉ |
| ၃ | တာမွေ | ၁ | ၁ | ၁ | ၃ |
| ၄ | ပန်းဘဲတန်း | ၁ | ၂ | ၃ | ၆ |
| ၅ | ပုဇွန်တောင် | ၁ | ၁ | ၁ | ၃ |
| ၆ | မရမ်းကုန်း | ၁ | ၁ | ၂ | ၄ |
| ၇ | သင်္ဃန်းကျွန်း | | ၁ | ၁ | ၂ |
| ၈ | လသာ | | ၁ | ၃ | ၄ |
| ၉ | လမ်းမတော် | | ၁ | ၃ | ၄ |
| ၁၀ | လှိုင် | | ၁ | ၂ | ၃ |
| ၁၁ | အင်းစိန် | | ၁ | ၂ | ၃ |
| ၁၂ | (ခ) အဆင့်မြို့နယ်များ | | | | |
| ၁၂ | ကြည့်မြင်တိုင် | | ၁ | ၂ | ၃ |
| ၁၃ | စမ်းချောင်း | | ၁ | ၂ | ၃ |
| ၁၄ | ဆိပ်ကမ်း | | ၁ | ၁ | ၂ |
| ၁၅ | တိုက်ကြီး | | ၁ | ၁ | ၂ |
| ၁၆ | တွံတေး | | ၁ | ၁ | ၂ |
| ၁၇ | တောင်ဥက္ကလာပ | | ၁ | ၁ | ၂ |
| ၁၈ | ဒဂုံ | | ၁ | ၃ | ၄ |
| ၁၉ | ဗဟန်း | | ၁ | ၂ | ၃ |
| ၂၀ | ဗိုလ်တထောင် | | ၁ | ၂ | ၃ |
| ၂၁ | မင်္ဂလာဒုံ | | ၁ | ၁ | ၂ |
| ၂၂ | မြောက်ဥက္ကလာပ | | ၁ | ၁ | ၂ |
| ၂၃ | မင်္ဂလာတောင်ညွန့် | | ၁ | ၂ | ၃ |
| ၂၄ | ရန်ကင်း | | ၁ | ၁ | ၂ |
| ၂၅ | သာကေတ | | ၁ | ၂ | ၃ |
| ၂၆ | သန်လျင် | | ၁ | ၁ | ၂ |
| ၂၇ | အလုံ | | ၁ | ၂ | ၃ |
| | (ဂ) အဆင့်မြို့နယ်များ | | | | |
| ၂၈ | ကော့မှူး | | | ၁ | ၁ |
| ၂၉ | ကွမ်းခြံကုန်း | | | ၁ | ၁ |
| ၃၀ | ကျောက်တန်း | | | ၁ | ၁ |
| ၃၁ | ခရမ်း | | | ၁ | ၁ |
| ၃၂ | ဆိပ်ကြီး / ခနောင်တို | | | ၁ | ၁ |
| ၃၃ | ထန်းတပင် | | | ၁ | ၁ |
| ၃၄ | ဒလ | | | ၁ | ၁ |
| ၃၅ | ဒေါပုံ | | | ၁ | ၁ |
| ၃၆ | မှော်ဘီ | | | ၁ | ၁ |
| ၃၇ | သုံးခွ | | | ၁ | ၁ |
| ၃၈ | လှိုင်သာယာ / ကူး | | | ၁ | ၁ |

မှတ်ချက်။ ကိုကိုးကျွန်း မြို့နယ်တွင်အခွန်ဦးစီး ရုံး မရှိသေးခြင်းမရှိ...

ခြင်း ပြုသည်ကိုအခန်း (၄) ၌အသေးစိတ် လေ့လာတင်ပြထား ပါသည်။

အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၌အမြတ်ခွန်နှုန်းများ ကို ဖော်ပြထား ပါသည်။ ထိုဇယား ကိုဤကျမ်း၏ နောက်ဆက်တွဲ( ၉ ) ၌ ဖော်ပြထား ပါသည်။ ၄င်း မှာ ၁၉၇၆ ခုနှစ်အမြတ်ခွန်ပြင်ဆင်ချက် ဥပဒေမတိုင်မီကပြဋ္ဌာန်း သည့်နှုန်း များ ဖြစ်ပါသည်။ ထိုအမြတ်ခွန်နှုန်း များ ကို ရှေး ဦး စွာ လေ့လာ၍တင်ပြ ပါသည်။

ဝင်ငွေအပေါ်စည်းကြပ်ကောက်ခံခြင်း နှင့်ပတ်သက်၍ ၊ စီး ပွား ရေး လုပ်ငန်း များ အပေါ်အခွန်စည်းကြပ်ထိုက်သော ၊ အနည်း ဆုံး ဝင်ငွေမှာ ၈၀၀၁ကျပ်ဖြစ်ပါသည်။ ဝင်ငွေအတန်း အစား အလိုက်ကျသင့်အခွန် များ ကိုထိုဇယား ၌ ဖော်ပြထား ရာ ၈၀၀၁ကျပ်မှ ၁၀၀၀၀ ကျပ်အထိ၊ ကျသင့်အခွန်မှာ ၁၂၄၀ကျပ်၊ ၁၀၀၀၁မှ ၁၂၀၀၀ ကျပ်အထိကျသင့်အခွန်မှာ ၃၆၀ကျပ်စသည်ဖြင့်အခွန်နှုန်း များ ကိုဝင်ငွေအတန်း အစား အလိုက်အဆင့်ဆင့်ဖော်ပြထား ရာ၊ ဝင်ငွေသည် ၊ ၂၉၀၀၀၁ မှ ၃၀၀၀၀၀ ကျပ်အထိဖြစ်လျှင်ကျသင့်အခွန်မှာ ၊ ၁၉၇၄၀၀ ကျပ်ဖြစ်ပါသည်။ ဝင်ငွေ ၃၀၀၀၀၀ ကျပ်အထက်ရှိလျှင် ၊ ကျသင့်အခွန်သည် ၁၉၇၄၀၀ကျပ်နှင့်ဝင်ငွေ ၃၀၀၀၀၀ကျပ်ထက်ပိုမိုသည့်အပေါ် ၉၀ ရာခိုင်နှုန်း နှင့်ညီမျှသောငွေနှင့်ရပ် ပေါင်း ဖြစ်ပါသည်။

ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း နှင့်သယ်ယူပို့ဆောင်ရေး လုပ်ငန်း တို့မှဝင်ငွေရရှိခြင်း ဖြစ်လျှင်ဇယား အရအခွန်၏ဘင်္ဂသယ်ရာခိုင်နှုန်း နှင့်ညီမျှသောငွေကိုဇယား အရအခွန်မှနှုတ်ပယ်ပြီး ကျန်ငွေကိုသာလျှင်ပေး ဆောင်ရပါသည်။ ဆေး ပေါ့လိပ်ထုတ်လုပ်ရောင်း ချသည့် လုပ်ငန်း မှဝင်ငွေရရှိခြင်း ဖြစ်ပါကဇယား အရအခွန်နှင့်ထိုအခွန်၏ဘင်္ဂသယ်ရာခိုင်နှုန်း နှင့်ညီမျှသောငွေနှင့်ရပ် ပေါင်း ကိုပေးဆောင်ရပါသည်။

အခြေပစ္စည်းဖြစ်သည့်မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာမဘာညီပစ္စည်းများကို ရောင်းချခြင်း၊ လဲလှယ်ခြင်း(သို့မဟုတ်)လွှဲပြောင်းခြင်းပြုလုပ်၍ရရှိသောအမြတ်စွန်းငွေနှင့်ပတ်သက်၍ ရောင်းချ၊ လဲလှယ်(သို့မဟုတ်)လွှဲပြောင်းသောတန်ဖိုးသည် ၅၀၀၀၀ ကျပ်ထက်ပိုပြီး၊ မြတ်စွန်းငွေရှိမှသာလျှင်အခွန်ကျသင့်စေပါသည်။ ကျသင့်အခွန်သည်အခြေပစ္စည်းမှမြတ်စွန်းငွေ၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ပါသည်။ သို့ရာတွင်ကျသင့်သောအခွန်သည်အခြေပစ္စည်းကို၊ ရောင်းချလဲလှယ်(သို့မဟုတ်)လွှဲပြောင်းသည့်တန်ဖိုးမှ ၅၀၀၀၀ ကျပ်နှုတ်ပယ်ပြီးကျန်ရှိသောငွေ၏ထက်ဝက်ထက်မပိုစေရပါ။ တနည်းဆိုသော်၊ အခြေပစ္စည်းကိုရောင်းချလဲလှယ်(သို့မဟုတ်)လွှဲပြောင်းသည့်တန်ဖိုးသည်ငွေကျပ် ၅၀၀၀၀ ကျော်ရုံသာရှိ၍အခြေပစ္စည်းကိုရောင်းချလဲလှယ်(သို့မဟုတ်)လွှဲပြောင်းရာ၌မြတ်စွန်းငွေပေါ်တွင်အခွန်တစ်ဆယ်ရာခိုင်နှုန်းဖြင့်တွက်ချက်သည့်အခါ၌ကျသင့်အခွန်ငွေသည် ၅၀၀၀၀ ကျပ်ကျော်သည့်ငွေပမာဏ၏ထက်ဝက်ထက်ပိုနေမည်ဆိုလျှင် ၅၀၀၀၀ ကျပ်ကျော်သည့်ငွေ၏ထက်ဝက်ကိုသာလျှင်အခွန်အဖြစ်ပေးဆောင်ရမည်ဖြစ်ပါသည်။

ပြည်ပမှပစ္စည်းတင်သွင်းလျှင်ထိုပစ္စည်း၏ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်အခွန်ပေးဆောင်ရပါသည်။ ကုန်းပေါ်ရောက်တန်ဖိုးဆိုသည်မှာပြည်ပမှတင်သွင်းသောပစ္စည်းအပေါ်အကောက်ခွန်ဥပဒေများအရ၊ သတ်မှတ်သည့်တန်ဖိုး၊ ထိုပစ္စည်းအပေါ်သည်းကြပ်သည့်အကောက်ခွန်နှင့်ကုန်ချစရိတ်တို့ပေါင်းစပ်ရရှိသောငွေကိုဆိုလိုပါသည်။ ပြည်ပမှတင်သွင်းသည့်ပစ္စည်းအတွက်ကျသင့်သောအခွန်သည် ထိုပစ္စည်း၏ကုန်းပေါ်ရောက်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ပါသည်။

အခကြေး ငွေယူသော ဖျော်ဖြေမှုအတွက်ကျသင့်သောအခွန် နှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) ရုပ်ရှင်ပြသခြင်း ဖြစ်ပါက ရငွေအားလုံး၏ ၄၀ ရာခိုင်နှုန်း နှင့်ညီမျှသောငွေ

(ခ) ရုပ်ရှင်မှအပကျန် ဖျော်ဖြေမှုဖြစ်ပါက ရငွေအားလုံး၏ ၂၀ ရာခိုင်နှုန်း နှင့်ညီမျှသော ငွေအသီးသီး ဖြစ်ပါသည်။

ဆားထုတ်လုပ်ခြင်း အတွက်ကျသင့်သောအခွန်သည်ထုတ်လုပ်သည့် ဆားတပိဿာလျှင် ၁၀ပြား နှုန်းဖြင့်တွက်ချက်ရရှိသော ငွေဖြစ်ပါသည်။

ယခင်ကအမြတ်ခွန်အက်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့အရ ၄၂၀၀ကျပ်အထက်ဝင်ငွေရလျှင်အခွန်ပေးဆောင်ရပါသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းငယ်ကလေးများပင်လျှင်အခွန်ပေးဆောင် နေကြရပါသည်။ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေအရတစ်နှစ်ဝင်ငွေ ၊ ၈၀၀၀ကျပ်ထက်ကျော်မှသာလျှင်အခွန်ပေးဆောင်ရခြင်းဖြစ်၍ယခင် ဥပဒေများနှင့်နှိုင်းယှဉ်ပါကအခွန်၏ဝန်ထုပ်ဝန်ပိုး ပို၍သက်သာ ပါ သည်။

အခြေပစ္စည်း ရောင်းချလှယ်လွှဲပြောင်းခြင်း နှင့်ပတ်သက်၍ယခင်ဥပဒေအရ ရောင်းချလှယ်လွှဲပြောင်း တန်ဖိုး ၂၅၀၀၀ ကျပ်ကျော်၍မြတ်စွန်း ငွေ ၅၀၀၀ ကျပ်အ ထက်ဖြစ်ပါကအခွန်ပေးဆောင် ရပါသည်။ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေသစ်အရမူအခြေပစ္စည်း နှင့်ပတ်သက်၍ ရောင်းချလှယ်လွှဲပြောင်း တန်ဖိုး ၅၀၀၀၀ ကျပ်အထက်မှသာ ကောက်ခံပြီး ကျသင့်သောအခွန်မှာလည်း အခြေပစ္စည်းမှမြတ်စွန်း ငွေ၏ ၁၀ ရာခိုင်နှုန်း သာဖြစ်ပါသည်။ သို့သော်ကျသင့်အခွန်သည်အခြေပစ္စည်း ရောင်းချလှယ်လွှဲပြောင်း သည့်တန်ဖိုး ငွေမှ ၅၀၀၀၀ကျပ် နုတ်ပယ် ပြီး ကျန်ရှိငွေ၏ထက်ဝက်ထက်မပို စေရန်သတ်မှတ်ထားပြန်ရာအခွန်ထမ်းများ

အဖို့အလွန်သက်သာလှပါသည်။

ထို့ကြောင့်ဝင်ငွေနည်းသူများအပေါ်တွင်အမြတ်ခွန်ဝန်ထုပ်ဝန်ပိုး မပိစေဘဲအကျိုးအမြတ်ခံစားမှုများပြားသူတို့အား ၄င်းတို့၏ရရှိသောဝင်ငွေနှင့်အညီ၊ အခွန်ထည့်ဝင်စေရန် ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေ၏အခွန်နှုန်းထားများကိုသတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေအရပြဋ္ဌာန်းထားသည့်အခွန်နှုန်းများကို လေ့လာလျှင်သက်သာသောအခွန်နှုန်းများဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ ဝင်ငွေ ၈၀၀၁ကျပ်မှ ၁၀၀၀၀ကျပ်အထိဝင်ငွေရရှိသူသည်အခွန်ငွေ ၂၄၀ကျပ်သာပေးဆောင်ရခြင်းမှာအလွန်သက်သာသည်ဟူ၍မှတ်ယူရမည်ဖြစ်ပါသည်။ သို့သော်ဝင်ငွေ ၅၀၀၀၀ကျပ်ထက်အထက်ဝင်ငွေရရှိသူများအနေဖြင့်အခွန်နှုန်းထားကြီးမားနေမှုကို တွေ့ရှိရပါသည်။ ထို့ကြောင့်ဝင်ငွေ ၅၀၀၀၀ကျပ်ထက်အထက်ဝင်ငွေရရှိသူများအား အခွန်ဝန်ထုပ်ဝန်ပိုး လျော့နည်းစေရန်နှင့်ဝင်ငွေထိမ်ချန်သူများအပေါ်အချိန်အခါမရွေး အရေးယူနိုင်ရန် [illegible]အကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေး၌ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၂)အဖြစ်ဥပဒေကို ၊ ပြင်ဆင်သည့်ဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေအရပြင်ဆင်သည့်အခွန်နှုန်းထားများကိုလည်း လေ့လာဘင်ပြပါသည်။

၃-၇-၁။ အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၏အခွန်နှုန်းထားများ

အမြတ်ခွန်ဥပဒေကိုပြင်ဆင်ခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအချက်များ ကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

(က) အခွန်ပေးဆောင်သူများ အခွန်ဘာဝန်ပပ်စေရန်

(ခ) အခွန်စည်းကြပ်ရာတွင်ယခင်ကထက်ပို၍မျှတမှန်ကန်မှု ရှိစေရန်

(ဂ) အခွန်ကောက်ခံရာတွင်အခွန်ထမ်းပြည်သူများ အခွန် ဘာဝန်သိ၍လိုလားစွာပေးဆောင်လာစေခြင်းဖြင့် အခွန်ကောက်ခံမှုတိုးတက်ပြီး တိုင်းပြည်အခွန်ဘဏ္ဍာတိုးပွါး လာစေရန်

(ဃ) အခွန်တိမ်းရှောင်မှုများ၊ လိမ်လည်မှုများ လျော့နည်း ပပျောက်စေရန်

မူလအမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားပါအမြတ်ခွန်နှုန်းများကို လေ့လာကြည့်လျှင်အခွန်ထမ်းဆောင်ထိုက်သောဝင်ငွေမှာ အနည်းဆုံး ၇၀၀၁ ကျပ်ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည်တစ်နှစ်အတွင်း အနည်းဆုံးဝင်ငွေဖြစ်သည့် ၇၀၀၁ကျပ်မှ ၁၀၀၀၀ကျပ်အထိကျသင့်အခွန်မှာ ၂၄၀ကျပ်၊ ၁၀၀၀၁မှ ၁၂၀၀၀ ကျပ်အထိ ၃၆၀ကျပ်၊ စသည်ဖြင့်ဝင်ငွေများပြားလာသည့်အလျောက် အခွန်တိုးမြှင့်ပေးဆောင်ရန်သတ်မှတ်ထားသည်ကိုတွေ့ရှိရပါသည်။ ဝင်ငွေကျပ် ၂၉၀၀၀၁မှ ၃၀၀၀၀၀ကျပ်အထိရှိလျှင်အခွန်ငွေ ၁၉၇၄၀၀ ကျပ်ပေးဆောင်ရန်နှင့် ၃၀၀၀၀၁ကျပ်ထက်ပိုမိုရရှိပါကကျသင့်အခွန် ၁၉၇၄၀၀ကျပ်အပြင်ကျပ် ၃၀၀၀၀၁ ထက်ပိုမိုသည့်ဝင်ငွေအပေါ် ၊

၉၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေနှင့်ရပ်ပေါင်းကိုပေးဆောင်ရန် သတ်မှတ်ထားသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့်ဝင်ငွေ ၅၀၀၀၀ကျပ်အထက် ရရှိသည့်အခွန်ထမ်းများအဖို့ထမ်းဆောင်ရသောအခွန်နှုန်းထားမှာ ကြီးမားနေသည်ကိုတွေ့ရှိရပါသည်။ ဥပမာ- ဝင်ငွေ ၃ သိန်းရရှိ သည့်အခွန်ထမ်း၏ကျသင့်အခွန်ကိုလေ့လာပါက ၁၉၇၄၀၀ဖြစ်ရာ၊ အခွန် သည် ၂သိန်းနီးပါးဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ အခွန်ထမ်းအနေဖြင့် လည်းလိုလားစွာအခွန်ပေးဆောင်လိုမည်မဟုတ်ဘဲ၊ အခွန်တိမ်းရှောင် မှုများပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

အမြတ်ခွန်ဥပဒေသစ်အရရိုးသားစွာအခွန်ထမ်းဆောင် သူများကိုအခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်တည်ဆဲအမြတ်ခွန်နှုန်းထား များကိုဝင်ငွေ ၅၅၀၀၁ မှအထက်ရရှိသည့်ဝင်ငွေအလွှာများအတွက်၊ လျှော့ချပြင်ဆင်ခဲ့ပါသည်။ ဝင်ငွေကျပ် ၅၅၀၀၁မှအထက်ရရှိသည့်အခွန် နှုန်းထားများကိုမူလအခွန်၏ ၃.၆၄ ရာခိုင်နှုန်းမှအဆင့်ဆင့် ၊ ၂၅.၆၀ ရာခိုင်နှုန်းအထိလျှော့ချခဲ့ပြီး ဝင်ငွေကျပ် ၃၀၀၀၀၀ ထက် ပိုမိုရရှိခဲ့လျှင်အခွန်ကျပ် ၁၄၆၇၀၃ကျပ်နှင့်ကျပ် ၃၀၀၀၀၀ထက်ပိုမို သည့်ဝင်ငွေအပေါ်တွင် ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေနှင့်ရပ် ပေါင်းကိုပေးဆောင်ရန်အထားထိုးပြင်ဆင်ခဲ့ပါသည်။ ထို့ကြောင့် ပြင် ဆင်သည့်ဥပဒေအရဝင်ငွေအနည်းအများအလိုက်အမြင့်ဆုံး ၅၀ ရာ ခိုင်နှုန်းအထိသာပေးဆောင်ကြရမည်ဖြစ်ပါသည်။

အထက်ပါအတိုင်းပြင်ဆင်ခြင်းဖြင့်အခွန်တိမ်းရှောင်မှုများ နည်းပါးလာနိုင်မည့်အပြင်ရိုးသားသောပြည်သူတို့အကျိုးငှာလုပ်ငန်းလုပ် ကိုင်စားသောက်မှုပို၍လွယ်ကူချောမွေ့ပြေပြစ်လာနိုင်မည်ဟုယူဆနိုင်ပါ သည်။ ပို၍ရှင်းလင်းစေရန်အောက်ပါဥပမာကိုလေ့လာနိုင်ပါသည်။

အခွန်ဝည်း ကြဖ်ထိုက်သည့်ဝင်ငွေ ၁၀သိန်း ရရှိသူဘဉ်ဦး၏ ကျသင့်အခွန်ကို မူလအခွန်နှုန်း ထား ဖြင့်တွက် ချက်လျှင် အောက်ပါအတိုင်းဖြစ် ပါသည်။

| | | |
|---|---|---|
| ကျပ် ၂၉၀၀၀၁မှ ၃၀၀၀၀၀ကျပ်အထိကျသင့်အခွန် | | ၁၉၇၄၀၀ |
| ကျပ် ၃၀၀၀၀၀ထက်ပိုငွေ | ၇၀၀၀၀၀ × $\frac{၉၀}{၁၀၀}$ | ၆၃၀၀၀၀ |
| ကျသင့်အခွန် | | ၈၂၇၄၀၀ |
| | | ======= |

၁၉၈၆ခုနှစ်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပါနှုန်း ထား များ ဖြင့်တွက် ချက်လျှင်ကျသင့်အခွန် မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၂၉၀၀၀၁ကျပ်မှ၃၀၀၀၀၀ကျပ်အထိကျသင့်အခွန် | | ၁၄၆၇၀၃ |
| ၃၀၀၀၀၀ကျပ်ထက်ပိုငွေ | ၇၀၀၀၀၀ × $\frac{၅၀}{၁၀၀}$ | ၃၅၀၀၀၀ |
| ကျသင့်အခွန် | | ၄၉၆၇၀၃ |
| | | ======= |

အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရဝင်ငွေ ၁၀ သိန်းရရှိသူသည်အခွန် ၅ သိန်း နီး ပါး ထမ်း ဆောင်ရသဖြင့်အများ ဆုံး ၅၀ ရာခိုင်နှုန်း သာအခွန် ပေး ဆောင်ရသည်ကို တွေ့ရှိရပါသည်။မပြင် မီကအခွန်နှုန်း ထား အရ၊ ကျသင့်ခွန်မှာ ၈ သိန်း ကျော်ရှိပြီး ၊ ၈၃ ရာခိုင်နှုန်း အခွန် ပေး ဆောင်ရသည်ကို တွေ့ရှိရပါသည်။ ဝင်ငွေ ၁၀၀ ကျပ်တွင်အခွန် ၈၃ကျပ် ပေး ဆောင်ရသဖြင့်လုပ်ငန်း လုပ်ကိုင်ရန်စိတ် ဓါတ်ကျဆင်း သည့်အပြင်အခွန်ကို ပေး ဆောင်လိုသောဆန္ဒမရှိဘဲ၊ နည်း အမျိုး မျိုး ဖြင့် ရှောင်တိမ်း နေမည်ဖြစ်ပါသည်။ ပြင်ဆင်သည့်ဥပဒေအရ ၊ ၅၀ ရာခိုင်နှုန်း အများ ဆုံး အခွန် ပေး ဆောင်ရခြင်း သည်ယခင်ထက်

များ ဓာသက်သာ၍တိုးပွားရေးလုပ်ငန်းများ ဘိုးဘက်ဖွံ့ဖြိုးဓာလုပ်ကိုင်နိုင်ရန်တွန်းအားပေးသကဲ့သို့ဖြစ်ပြီး ၊ အခွန်ပိုမိုရရှိစေရန်အခွန်ထမ်းဦးရေများပြားလာစေရန်သွဲ့ဆောင်နိုင်ပါသည်။

ပန္နည်းထုတ်လုပ်မှုလုပ်ငန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေရရှိခြင်းဖြစ်လျှင်မူလအတိုင်းဇယားအရကျသင့်ခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကိုနှုတ်ပယ်ပြီးကျန်ငွေကိုသာပေးဆောင်ရမည်ဖြစ်ပါသည်။ ဆေးပေါ့လိပ်ထုတ်လုပ်သောလုပ်ငန်းဖြင်ပါကဇယားအရ ၊ ကျသင့်အခွန်အပြင်ထိုအခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ကို ၊ ပေးဆောင်ရမည်ဖြစ်ပါသည်။ အခြေပန္နည်းနှင့်ပတ်သက်၍မူလဥပဒေအတိုင်းပန္နည်းတန်ဘိုး ၅၀၀၀၀ထက်ပိုမှသာအခွန်ကျသင့်ပြီး ၊ထိုပုံ ပန္နည်းရယူခဲ့ဝဉ်ကမူလတန်ဘိုး ၊ ကုန်ကျစရိတ်နှင့်မတည်စရိတ်များနှုတ်ပယ်ပြီးမြတ်ငွန်းငွေ၏ ၁၀ ရာခိုင်နှုန်းကိုသာပေးဆောင်ရန်သတ်မှတ်ထားပါသည်။ ပြည်ပမှပန္နည်းတင်သွင်းမှုအပေါ်ကုန်းပေါ်ရောက်တန်ဘိုး၏ ၁၅ ရာခိုင်နှုန်းကောက်ခံရန်သတ်မှတ်ထားပါသည်။

မူလမပြင်ဆင်မီကအမြတ်ခွန်ဥပဒေတွင်ရုပ်ရှင်ပြသခြင်းနှင့် ရုပ်ရှင်မှအဟောနှင့်ဖျော်ဖြေမှုများအတွက်ကျသင့်ခွန်ကိုသာသတ်မှတ်ထားခဲ့ပြီး ယခုအခါတွင် ဗီဒီယိုများပေါ်ပေါက်လာပြီး ၊ ၄င်းကိုအကြောင်းပြု၍ ဝင်ငွေရရှိခြင်းများရှိလာသောကြောင့်ပြင်ဆင်သည့်ဥပဒေသစ်တွင် ၊ ဗီဒီယိုပြသခြင်းအတွက်ပါရငွေ၏ ၄၀ ရာခိုင်နှုန်းနှင့်ရုပ်ရှင်(သို့ မဟုတ်)ဗီဒီယိုပြသခြင်းများမှအပကျန်ဖျော်ဖြေမှုများကို ၂၀ ရာခိုင်နှုန်းကိုအခွန်အဖြင်ကောက်ခံရန်ပြဌာန်းခဲ့ပါသည်။ ဆားခွန်နှင့်ပတ်သက်၍မူလဥပဒေအတိုင်း ၊ ထုတ်လုပ်သည့်တပိဿာလျှင် ၁၀ပြားနှုန်း ၊ ကောက်ခံရန်သတ်မှတ်ထားပါသည်။

ပြင်ဆင်သည့်ဥပဒေသစ်၏ထူးခြားချက်တစ်ရပ်မှာဝင်ငွေထိမ်ချန်မှုနှင့်ပတ်သက်၍ထိရောက်သောအရေးယူဆောင်ရွက်နိုင်ရန်ဒဏ်ငွေကိုတိုးမြှင့်သတ်မှတ်ထားခြင်းဖြစ်ပါသည်။ အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေတွင်အခွန်ကိုနည်းမျိုးစုံဖြင့်တိမ်းရှောင်၍မိမိဝင်ငွေကိုထိမ်ချန်ထားကြောင်းတွေ့ရှိရပါကပိုမိုကျသင့်သည့်အခွန်၏တစ်ဆနှင့်ညီမျှသောဒဏ်ငွေကိုပေးဆောင်ရမည်ဟုသတ်မှတ်ထားပါသည်။ ဆိုလိုသည်မှာအခွန်လိမ်လည်လျှင်(သို့မဟုတ်)တိမ်းရှောင်လျှင်ကွာခြားငွေ၏ ၁၀၀ရာခိုင်နှုန်းကိုပေးဆောင်ရမည်ဖြစ်ပါသည်။ ထို့ပြင်ကာလစည်းကမ်းသတ်မှ[illegible]ရှိ အချိန်မရွေးပြန်လည်စည်းကြပ်မှုပြုနိုင်ကြောင်းပြဋ္ဌာန်းထားပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအပိုဒ်၂၃(ခ)တွင်၊သတ်မှတ်ထားသောဒဏ်ငွေ 'မှာပိုမိုကျသင့်အခွန်၏ ၅၀ ရာခိုင်နှုန်းဖြစ်ပါသည်။ ဥပမာအခွန်ငွေ ၈၀၀ကျပ်ပေးဆောင်ခဲ့ပြီး၊ ဝင်ငွေထိမ်ချန်ကြောင်းသိရ၍ပြန်လည်စည်းကြပ်သဖြင့်တွက်ချက်ရသည့်အခွန်မှာ ၊ ၂၄၀၀ကျပ်ဖြစ်ပါကနောက်ထပ်အခွန်ကျငွေ ၁၆၀၀အပြင်ယခင်ဥပဒေအရကွာခြားငွေ ၁၆၀၀ကျပ်၏ ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ၈၀၀ကျပ်ကိုဒဏ်ငွေအဖြစ်ပေးဆောင်ရပြီးယခုပြင်ဆင်သည့်ဥပဒေအရပေးဆောင်ရမည့်ဒဏ်ငွေမှာကျပ် ၁၆၀၀ ဖြစ်ပါသည်။ ထို့ကြောင့်အခွန်ငွေဆုံးရှုံးမှုများကိုပိုမို၍ကာကွယ်လာနိုင်မည်ဖြစ်ပါသည်။

အခွန်နှုန်းထားများကိုပြင်ဆင်လျှော့ချလိုက်ခြင်းကြောင့် အခွန်ထမ်းဦးရေပိုမိုများပြားလာကြောင်းသိရှိရပါသည်။ ထိုဥပဒေသစ်ဖြင့်အခွန်ကောက်ခံခြင်းသည်လူမှုရေး၊ စီးပွားရေး၊ တိုးတက်ပြောင်းလဲမှုအခြေအနေများနှင့်ကိုက်ညီမှုရှိလာခြင်း၊ ဆိုရှယ်လစ်စနစ်နှင့်အံဝင်ခွင်ကျရှိခြင်း၊ ရေရှည်တွင်နိုင်ငံ၏အကျိုးကိုမျှော်ကိုး၍ကောက်ခံသည့်စနစ်ဖြစ်ခြင်းနှင့်နိုင်ငံတော်၏အကျိုးစီးပွားတိုးတက်မှုအတွက် ၊

ဘွန်းအားပေးနိုင်ခြင်း ၊ စသည့်အကျိုးကျေးဇူးများဖြစ်ပေါ်လာ စေနိုင်သည်။

အထက်ပါအချက်များအပြင်အခွန်ထမ်းဆောင်နေကြရသည့် နိုင်ငံသားများကပေးဆောင်ရသောအခွန်နှုန်းထားများမျှတမှု ရှိခြင်း ၊ အခွန်ကောက်ခံသည့်စနစ်ကိုလွယ်ကူရှင်းလင်းစေခြင်းနှင့် ၊ ဝင်ငွေနည်းသူအခြေခံလူတန်းစားများအပေါ်အခွန်ဘာဝန်မပိစေ ခြင်း စသည့်အကျိုးသက်ရောက်မှုများကိုဖြစ်ပေါ်စေကြောင်းလေ့လာ သိရှိရပါသည်။

ထို့ကြောင့်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေသစ်သည် ၄င်း၏ရည်ရွယ်ချက်များအတိုင်းအကောင်အထည်ဖော်နိုင်မည့်အပြင် ၊ အခွန်စည်းကြပ်မှုမှန်ကန်မျှတစေရေးအတွက်အထောက်အကူပြုလိမ့်မည်ဟု ထင်မြင်ယူဆပါသည် ။

## အခန်း (၄)

## အမြတ်ခွန်ပေးဆောင်ထိုက်သူများအပေါ် လက်တွေ့အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း

အမြတ်ခွန်သည်လူတိုင်းအပေါ်ကောက်ခံသည့်အခွန်မဟုတ်ပေ။ ဥပဒေအရအခွန်ပေးဆောင်ရန်တာဝန်ရှိသူများအပေါ်၌သာကောက်ခံခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဤအခန်းတွင် ၁၉၇၆ ခုနှစ်အမြတ်ခွန် ဥပဒေအရအခွန်ပေးဆောင်ထိုက်သူများအားမည်သို့မည်ပုံလက်တွေ့အမြတ်ခွန်စည်းကြပ်ကောက်ခံသည်ကိုလေ့လာတင်ပြထားပါသည်။

တည်ဆဲဥပဒေဖြစ်သော ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ အခွန်ပေးဆောင်ထိုက်သူများမှာအောက်ပါပုဂ္ဂိုလ်များဖြစ်ကြပါသည်။

(က) နှစ်တစ်နှစ်အတွင်းအခွန်ပေးဆောင်ရန်သတ်မှတ်ထားသော ဝင်ငွေရရှိသူများ

(ခ) နှစ်တစ်နှစ်အတွင်းအခွန်ပေးဆောင်ရန်သတ်မှတ်ထားသော အခြေပစ္စည်းမှမြတ်စွန်းငွေရရှိသူများ

(ဂ) ပြည်ပမှပစ္စည်းတင်သွင်းသူများ

(ဃ) အခကြေးငွေယူသောဖျော်ဖြေမှုကိုတာဝန်ယူ၍ကျင်းပသူများ

(င) ဆားထုတ်လုပ်သူများ

၄-၁။ နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန်သတ်မှတ်ထားသော ဝင်ငွေရှိသူများ အပေါ်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း

အခွန်ထမ်းတစ်ဦး အတွက်နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန်သတ်မှတ်ထားသောအနည်းဆုံး ဝင်ငွေမှာ ၇၀၀၀ ကျပ်ဖြစ်ပါသည်။ ဝင်ငွေ ၇၀၀၀ ကျပ်ထက်ကျော်၍ရရှိသူများသည်အမြတ်ခွန်ဥပဒေ ၏ နောက်ဆက်တွဲဇယားပါအမြတ်ခွန်နှုန်းထားများအရ၊ ကျသင့်ခွန်ကိုစည်းကြပ်ခြင်း ခံရမည်ဖြစ်ပါသည်။ ထိုဇယားကို၎င်းကျမ်း၏နောက်ဆက်တွဲ( ၉ ) ၌ဖော်ပြထားပါသည်။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့် ၊ ဥပဒေအရအခွန်နှုန်းဇယားကိုလည်း၎င်းကျမ်း၏နောက်ဆက်တွဲ( ၁၀ ) ၌ဖော်ပြထားပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေတွင်နှစ်တစ်အတွင်းအခွန်ပေးဆောင်ရမည့်ဝင်ငွေများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းမှဝင်ငွေ

၎င်းဝင်ငွေအမျိုးအစားတွင်အောက်ပါလုပ်ငန်းတို့မှဝင်ငွေများပါရှိပါသည်။

(၁) ဆေးဝါးလိပ်ထုတ်လုပ်မှုလုပ်ငန်းမှဝင်ငွေ

(၂) အခြားကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှဝင်ငွေ

(၃) သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေ

(၄) ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်းမှဝင်ငွေ

(ခ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ

(ဂ) ပစ္စည်းငှားရမ်းခြင်းမှဝင်ငွေ

(ဃ) ဝင်ငွေရလမ်းမဖော်ပြနိုင်သောလမ်းကြောင်းမှဝင်ငွေ

### ၄-၁-၁။ စီးပွားရေးလုပ်ငန်းမှဝင်ငွေအပေါ်အမြတ်ခွန် စည်းကြပ်ခြင်း

(၁) ဆေးပေါ့လိပ်လုပ်ငန်းမှဝင်ငွေ

လက်ရှိတည်ဆဲအမြတ်ခွန်ဥပဒေအရ၊ ပုဂ္ဂလိက ပိုင်စီးပွားရေးလုပ်ငန်းများအပေါ်တွင်ဝင်ငွေအမျိုးအစားအလိုက် အမြတ်ခွန်စည်းကြပ်ကောက်ခံမှုပြုရာတွင်ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်း အပေါ်အခွန်ပေးဆောင်ရန်သတ်မှတ်ထားသောဝင်ငွေမှာအနည်းဆုံး ၈၀၀၀ ကျပ်ဖြစ်ပါသည်။ ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းမှဝင်ငွေကိုခန့်မှန်းသတ်မှတ်ရာတွင်အမြတ်ခွန်စည်းမျဉ်း ၂၅(က)နှင့်(ခ)တို့ပါနည်းလမ်းနှစ်ခုကိုအသုံးပြုနိုင်ပါသည်။ ထိုနည်းလမ်းနှစ်ခုမှာ-

(က) တစ်နေ့ပျမ်းမျှရငွေ(သို့မဟုတ်)တစ်လပျမ်းမျှရငွေကိုအခြေပြုလျက်သက်ဆိုင်ရာနှစ်အတွက်စုစုပေါင်းရငွေမှထိုရငွေရရှိရန်ကုန်ကျငွေ အားလုံးကိုခန့်မှန်းနုတ်ပယ်၍ဝင်ငွေကိုခန့်မှန်းသတ်မှတ်ခြင်း

(ခ) စုစုပေါင်းရငွေကိုခန့်မှန်း၍လုပ်ငန်းသဘာဝအလိုက်ရရှိသောအသားတင်အမြတ်ရာခိုင်နှုန်းဖြင့်ဝင်ငွေကိုခန့်မှန်းသတ်မှတ်ခြင်း တို့ဖြစ်ပါသည်။

ထိုနည်းလမ်းများအပြင်အခြားနည်းလမ်းတစ်ခုခုကိုလည်း အသုံးပြုတွက်ချက်နိုင်ပါသည်။

ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းအတွက်ဝင်ငွေသတ်မှတ်ရန် ဆောင်ရွက်ရာတွင်လုပ်ငန်း၌ဆေးလိပ်လိပ်သူဦးရေမည်၍မည်မျှရှိသည် ကိုခန့်မှန်းပြီး၊ ဆေးပေါ့လိပ်လိပ်သူတစ်ဦးအနေဖြင့်ပျမ်းမျှတစ်နေ့ လျှင်ဆေးပေါ့လိပ်အလိပ်ပေါင်းမည်မျှလိပ်နိုင်မည်ကိုခန့်မှန်းရပါသည်။ ထို့နောက်ဝင်ငွေနှစ်အတွင်းလုပ်ရက်ပေါင်းကိုခန့်မှန်းပြီးတစ်နှစ်လုံး

အတွက် ဆေးလိပ်ဦး ရေစုစုပေါင်း မညီမျှရှိသည်ကိုတွက်ချက်ယူရသည်။ ရရှိပြီး ဆေးလိပ်အရေအတွက်များမှ အကြမ်းအားဖြင့် ဝါးရာခိုင်နှုန်းကိုအပျက်အစီး အလေအလွင့်အဖြစ် ခန့်မှန်းခုနှိမ်ပြီး၊ ကျန်ဆေးလိပ်များကိုရောင်းချသည်ဟု မှတ်ယူကာ၊ ဆေးလိပ်အမျိုးအစားများ အလိုက်ရောင်းဈေးကို၊ တွက်ချက်ပြီး တစ်နှစ်ရောင်းရငွေကိုခန့်မှန်းသည်။ ထိုရောင်းရငွေအပေါ်မှလုပ်ငန်းစရိတ်ကိုခုနှိမ်ပြီး ဝင်ငွေကိုတွက်ချက်ပါသည်။

ထိုခန့်မှန်းငွေကိုတွက်ချက်ပြီးပါက၊ ထိုဝင်ငွေအပေါ်ကျသင့်ခွန်ကိုတွက်ချက်သည်။ ကျသင့်ခွန်တွက်ချက်ရန်အမြတ်ခွန်နှုန်းများကိုအမြတ်ခွန်ဥပဒေ၏နောက်ဆက်တွဲဇယားအပိုဒ်(၁)တွင်ဖော်ပြထားပါသည်။ ထိုဇယားကိုဤကျမ်း၏နောက်ဆက်တွဲ( ၉ )တွင်ပူးတွဲဖော်ပြထားပါသည်။

ဆေးပေါ့လိပ်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှဝင်ငွေရရှိခြင်းဖြစ်လျှင်ဖော်ပြပါနောက်ဆက်တွဲ( ၉ )ပါအတိုင်း ကျသင့်ခွန်နှင့် ထိုအခွန်၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေနှစ်ရပ်ပေါင်းကို ထမ်းဆောင်ရမည်ဖြစ်သည်။ ထိုသို့သတ်မှတ်ထားခြင်းမှာ ၁၉၅၂ ခုနှစ်ရောင်းခွန်အက်ဥပဒေအရရောင်းခွန်စည်းကြပ်ခဲ့စဉ်က ဆေးပေါ့လိပ်များကိုဖိမ်ခံကုန်စည်များတွင်ထည့်သွင်းပြီး စည်းကြပ်ခဲ့သော်လည်း ယခုအခါတွင်သီးခြားရောင်းခွန်စည်းကြပ်ခြင်းမပြုတော့ဘဲ၊ အမြတ်ခွန်စည်းကြပ်ရာတွင်သာမန်ထက်တိုးမြှင့်စည်းကြပ်ခြင်းသဘောဖြစ်ပါသည်။ ထို့ကြောင့် ဆေးပေါ့လိပ်ထုတ်လုပ်သူများ၏ကျသင့်ခွန်မှာအခြားလုပ်ငန်းလုပ်ကိုင်ခြင်းအတွက်အခွန်ပေးဆောင်ခြင်းထက်ပိုမိုကြောင်း သုံးသပ်မိပါသည်။ ဆေးပေါ့လိပ်လုပ်ငန်းမှဝင်ငွေအပေါ်ပေးဆောင်ရမည့်အခွန်ကိုအောက်ပါပုံစံဖြင့်လေ့လာထားပါသည်။ ဤပုံစံတွင်ဆေးပေါ့လိပ်လုပ်ငန်းမှဝင်ငွေတစ်ခုတည်းသာရရှိသည်ဟုယူဆထားပါသည်။

ပုံစံ။ ။ ၁၉၇၁-၇၂ ဝင်ငွေနှစ်အတွင်း၊ `` ရွှေဖိဦး ``ဆေးပေါ့လိပ်လုပ်ငန်း ပိုင်ရှင်ဒေါ်ဦး၏ဝင်ငွေမှာ ၁၆၀၀၀ ကျပ်ဖြစ်ပြီး၊ အခြား ဝင်ငွေရလမ်း မရှိပါက ၁၉၇၂-၇၃ ၊ စည်းကြပ်မှုအတွက်ငွေ ပေး ဆောင်ရမည့်အခွန်ကို အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်။

| | ကျပ် |
|---|---|
| အခွန်စည်းကြပ်ရန်စုစုပေါင်း ငွေ | ၁၆၀၀၀ |
| ဇယား အပိုဒ် (၁) အရကျသင့်အမြတ်ခွန် | ၁၀၃၉၆ |
| **ပေါင်း** | |
| ဆေး ပေါ့လိပ်ထုတ်လုပ်ခြင်း မှဝင်ငွေအပေါ် ထမ်း ဆောင်ရန်အခွန် ( ၁၀/.) | ၁၀၃၉.၆၀ |
| အခွန်ပေးဆောင်ရန်ကျသင့်ငွေ | ၂၀၂၃၅.၆၀ |

( ၂ ) အခြား ပစ္စည်း ထုတ်လုပ်မှုဝင်ငွေ

ဆေး ပေါ့လိပ်ထုတ်လုပ်ခြင်း အပြင်၊ တည်ဆဲ အမြတ်ခွန်ဥပဒေအရအခြား ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း မှဝင်ငွေရှိပါ က လည်း ထိုဝင်ငွေအပေါ်အခွန်စည်းကြပ် ကောက်ခံပါသည်။ အခြား ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဟုဆိုရာတွင်စက်မှုလက်မှုလုပ်ငန်း အားလုံး အကျုံး ဝင်ပါသည်။

ဥပမာ။ ဆီစက်၊ ဆန်စက်၊ သစ်စက်၊ ဆပ်ပြာစက်အစရှိသောထုတ်လုပ်မှုနှင့်ပတ်သက်သည့်လုပ်ငန်း အားလုံး ပါဝင်ပါသည်။ အခြား ပစ္စည်း ထုတ်လုပ်မှုမှဝင်ငွေနှင့်ပတ်သက်၍အခွန်စည်းကြပ်ရာတွင်စည်းကြပ်ထိုက်သော အနည်းဆုံး ဝင်ငွေမှာကျပ် ၇၀၀၁ ဖြစ်ပါသည်။

ဤကဲ့သို့အခြား ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အပေါ်အခွန်ငွေ တွက်ချက်ရာတွင်အမြတ်ခွန်ဥပဒေ၏နောက်ဆက်တွဲဇယား ပါအမြတ်ခွန်နှုန်း များ အရကျသင့်ခွန်ကိုတွက်ချက်ပြီး ထိုကျသင့်ခွန်၏တစ်ဆယ်ရာခိုင်နှုန်း နှင့် ညီသောငွေကိုနှုတ်ပယ်ပြီး ကျန်ငွေကိုသာလျှင်ပေး ဆောင်စေရမည်ဖြစ်သည်။ ထို့ကြောင့်ပစ္စည်း ထုတ်လုပ်မှုအတွက်အခွန်ငွေများ ကိုသီး ခြား ခေါင်း စဉ်ဖြင့်တွက်ခြင်း ဖြစ်သည်။

ယခင်ကအမြတ်ခွန်အက်ဥပဒေနှင့် ၁၉၇၄ခုနှစ်ဝင်ငွေခွန် ဥပဒေတို့ကိုကျင့်သုံး ခဲ့စဉ်အခါကကုန်ပစ္စည်း ထုတ်လုပ်သူတို့သည်၎င်း တို့ပိုင်သော စက်ကရိယာများ ၊ အဆောက်အဦစသည်များ ကိုအသုံး ပြုသဖြင့်တန်ဘိုး လျော့ ငွေကိုစရိတ်အဖြစ်နုတ်ပယ်ခွင့်ရှိသည်။ တန်ဘိုး လျော့နှုန်း များ ကိုအမြတ်ခွန် အက်ဥပဒေနှင့် ၁၉၇၄ခုနှစ်ဝင်ငွေခွန်ဥပဒေတို့တွင်ထည့်သွင်း သတ်မှတ် ပေး ခဲ့ပါသည်။ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေတွင်ဝင်ငွေသတ်မှတ်ရာ၌ တန်ဘိုး လျော့နှင့်ပတ်သက်၍နုတ်ခွင့်ရှိမရှိကိုထည့်သွင်း ရေး သား ဖော်ပြ ထား ခြင်း မရှိပေ။ အမြတ်ခွန်ဥပဒေနောက်ဆက်တွဲဇယား အပိုဒ်(၁) အရ၊ အခွန်၏တစ်ဆယ်ရာခိုင်နှုန်း ကိုနုတ်ပယ်ရန်ပြဋ္ဌာန်း ထား ခြင်း သည် တန်ဘိုး လျော့ခွင့်ပြုခြင်း အစား ၊ သက်သာခွင့်အဖြစ်နုတ်ပယ်ခွင့်ပြုထားခြင်း ဖြစ်နိုင်သည်ဟုယူဆပါသည်။

ကုန်ပစ္စည်း ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ လေ့လာပါကကုန်ပစ္စည်း အမျိုး ပေါင်း ၊ အမျိုး စိတ် ပေါင်း များ စွာပါရှိသည်ကို တွေ့ရပါသည်။ကုန်ထုတ် လုပ်သူတို့သည်စား သုံး သူများ အသင့်စား သုံး နိုင်သည့်ကုန်စည်များ ကိုလည်း ကောင်း ၊ အခြား ထုတ်လုပ်သူများ ဆက်လက်အသုံး ပြုနိုင်သည့်ကုန်ကြမ်း အဖြစ် လည်း ကောင်း ထုတ်လုပ်ကြသည်။ ထို့ပြင်တစ်ခါသုံး ကုန်စည်များ ၊ တာရှည်သုံး ကုန်စည်များ ၊ ဟူ၍ကုန်စည်အမျိုး အစား ခွဲခြား ထုတ်လုပ်ကြပါသည်။ မည်သို့ သောကုန်ပစ္စည်း မျိုး ထုတ်လုပ်စေကာမူကျသင့်သောအခွန်မှတစ်ဆယ်ရာခိုင် နှုန်း နုတ်ပယ်၍ ပေး ရမည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်ခြင်း လုပ်ငန်း ကိုလုပ်ကိုင်သူအခွန်ထမ်းများအား အခွန်မှုး ဖြစ်သူသည်စည်း ကြပ်မှုပြုရန် ခေါ်ယူတွေ့ဆုံရာ၌ တွေ့ဆုံလင်ခွာ မေးမြန်း ထားခြင်း ဖြင့်ကုန်ထုတ်လုပ်ငန်း ၏အခြေအနေသဘာဝကိုသိရှိ နိုင်ပါသည်။ မှန်ကန်၍ဘရား မျှတစွာ စည်း ကြပ်မှုပြုနိုင်ရန်အတွက်အကျိုး ပြုမည့်အချက်အလက်များ ဖြေကြား ချက်များ ကိုမှတ်တမ်း တင်၍ထား ရှိရမည် ဖြစ် ကြောင်း လေ့လာသိရှိရပါသည်။

လုပ်ငန်း တွင်အသုံး ပြုနေ သော ကုန်ကြမ်း အမျိုး အမည်များ ၊ ဝင်ငွေနှစ်အတွင်း ဖြစ် ပေါ်ခဲ့ သော ထိုကုန်ကြမ်း များ ၏ ဈေး နှုန်း ၊အဆိုး ရထံမှ ဝယ်ခြင်း ( သို့မဟုတ် ) ပြင်ပမှ ဝယ်ခြင်း ၊ ပြည်တွင်း ( သို့မဟုတ် )နိုင်ငံခြား ဖြစ် ၊ ဖြစ်သည်ဟူ သော အချက်များ နှင့်ကုန်ကြမ်း သို လှောင်ရန် ဂိုဒေါင် ရှိမရှိ ၊ ကုန် ချောတယူနစ်အတွက်အသုံး ပြုရသည့်ကုန်ကြမ်း ပမာဏ ၊ စသည်တို့ သည်အခွန်စည်း ကြပ်ရန်အထောက်အကူပြုနေ သော အချက်များ ဖြစ်ပါသည်။ ထို့အတူလုပ်သား များ ထား ရှိခြင်း နှင့်ပတ်သက် သော အချက်များ ၊ စက် ပစ္စည်း ကရိယာများ ၊ ကုန် ချောထုတ်လုပ်မှုနှင့်ပတ်သက်သည့်အခြေအနေများ နှင့်အခွန်စည်း ကြပ်ရာတွင်လိုအပ် မည့်အချက်အလက်မှန်သမျှအခွန်ထမ်း တို့ထံ မှသိရှိနိုင်ခြင်း ဖြင့်အခွန်ကိုထိ ရောက်စွာစည်း ကြပ် ကောက်ယူမှုပြုနိုင် ပါ သည်။

## ( ၃ ) သယ်ယူပို့ ဆောင်ရေး လုပ်ငန်း မှဝင်ငွေ

သယ်ယူပို့ ဆောင် ရေး လုပ်ငန်း လုပ်ကိုင်ရာ တွင် မော်တော်ယာဉ် ၊ ရေယာဉ်များ ကိုပိုင်ဆိုင်မှသာလုပ်ကိုင်နိုင်သည်မ ဟုတ်ပါ။ အခြား သူများ ပိုင်ဆိုင် သော ယာဉ်များ ကိုငှား ရမ်း ၍ ပြေးဆွဲ လုပ်ကိုင်ခြင်း သည်လည်း သယ်ယူပို့ ဆောင် ရေး လုပ်ငန်း လုပ်ကိုင်ခြင်း ပင် ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေး လုပ်ငန်း မှ ဝင်ငွေခေါင်းစဉ် ဖြင့် ၊ အဝေးပြေး မော်တော်ယာဉ်များ ၊ ခရီးသည်တင်ကားများ ၊ သုံးဘီး ၊ လေးဘီး တက္ကစီပိုင်ရှင်များ အပေါ်တွင် အမြတ်ခွန်စည်းကြပ်မှုပြုပါသည် ။ ဘတ်စ်ကားလိုင်း ကားများ နှင့်ပတ်သက်၍ မည်သည့်စနစ်နှင့် ပြေးဆွဲသည်ကို အခွန်စည်းကြပ်ရာတွင် အခွန်မှူးသည် သိရှိထားရန်လိုအပ်ပါသည်။ ရန်ကုန်မြို့တွင် မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းရေး ကော်မတီ( မ-ထ-သ ) ဝင်လိုင်းကားများသည် ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင် စသည်တို့ကို မိမိတို့ ပြေးဆွဲသည့် ခေါက်ရေအလိုက် ဝယ်ယူခွင့်ရပါသည်။ တစ်ဖန် ညပိုင်းတွင်လည်း ၊ ကိုယ်ရကိုယ်ယူစနစ်ဖြင့် အပို ပြေးဆွဲလေ့ရှိရာ၊ ၎င်းအချက်များသည် အခွန်စည်းကြပ်ရာ၌ ဝင်ငွေကို မှန်ကန်စွာ တွက်ချက်ခန့်မှန်းနိုင်ရန် အထောက်အကူပြုသည်။

ဝင်ငွေနှစ်အတွင်း ယာဉ်ပျက်စီး၍ အချိန်ကြာရှည်စွာ ကားမပြေးဆွဲနိုင်လျှင် သက်ဆိုင်ရာလိုင်းမှ မှန်ကန်ကြောင်း ထောက်ခံစာ ရရှိထားရမည်ဖြစ်သည်။ ပြေးဆွဲခရငွေနှင့်ပတ်သက်၍ လိုင်းမှ ထုတ်ပေးသော အထောက်အထားများကို အခွန်စည်းကြပ်ရန် အခွန်မှူးသည် တောင်းယူစစ်ဆေးကြည့်ရပါသည်။

တစ်မြို့မှ တစ်မြို့သို့ ပြေးဆွဲသည့် အဝေးပြေး ခရီးသည်တင်ယာဉ်များကို အခွန်စည်းကြပ်ရာတွင် ကားအမျိုးအစား ၊ အင်ဂျင်အမျိုးအစား၊ ဓါတ်ဆီသုံး ၊ ဒီဇယ်ဆီသုံး စသည့်အချက်များ ၊ တင်နိုင်သည့် ခရီးသည်အရေအတွက်၊ တစ်ဦးအတွက် ပို့ဆောင်ခနှုန်း ၊ ပစ္စည်းတင်နှုန်းများ နှင့် ကုန်ကျစရိတ်များ တို့လည်းကောင်း ၊ တစ်နှစ်အတွက် ကုန်ကျသည့် ယာဉ်လိုင်စင်ခ၊ ဘီးခွန် လုပ်ငန်းလိုင်စင်ခ၊ သူတစ်ပါး ထိခိုက်မှုအာမခံကြေး စသည်တို့သည် အခွန်စည်းကြပ်ရာ၌ မှန်ကန်မျှတစွာ စည်းကြပ်နိုင်ရန် အခွန်မှူးက သိရှိထားရမည့် အချက်များ ဖြစ်ပါသည်။

သုံးဘီး ၊ လေးဘီးသော အငှားယာဉ်များကိုသည်းကြပ်ရာတွင် ယာဉ်မောင်းကို ရငွေ၏ ရာခိုင်နှုန်း–အချိုးအစားဖြင့် လုပ်ခပေးသည်။ (သို့မဟုတ်) ယာဉ်မောင်းက တစ်နေ့မည်မျှ ပုံသေနှုန်းဖြင့် ပိုင်ရှင်အား ပေးသည်။ ကားပြင်စရိတ်များကို မည်သူက ကျခံသည်။ ဓါတ်ဆီ၊ စက်ဆီ အင်ဂျင်ဝိုင် စသည်တို့ကို မည်သူက အကုန်အကျခံရသည်။ တိုက်ခိုက်မှုဖြစ်ပါက၊ မည်သူက အကုန်အကျခံ၍ ပြင်ဆင်ရသည်တို့သည် အခွန်စည်းကြပ်ရန် အခြေခံအချက်များ ဖြစ်ပါသည်။ အချို့ ယာဉ်ပိုင်ရှင်များသည် ကိုယ်တိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း ၊ အခွန်စည်းကြပ်ခြင်းမှ လွတ်ကင်းရန်၊ တစ်စုံတစ်ယောက်အား တစ်လမည်မျှဖြင့် ပုတ်ပြတ်ငှားထားကြောင်း ၊ စာချုပ်လိမ်များဖြင့် တင်ပြကြသည်ကိုလည်း တွေ့ရတတ်ပါသည်။

တိုက်ခိုက်မှုဖြစ်၍ ကားပြင်ရသည့် အမှန်ကုန်ကျစရိတ် ရှိလျှင် ခန့်မှန်းဝင်ငွေမှ နှုတ်ပယ်ပေးရန် လိုအပ်ပါသည်။ ယာဉ်ကိုပြင်နေသည့်ကာလ အပိုင်းအခြားကို ဝင်ငွေခန့်မှန်းရာတွင် ထည့်သွင်းမတွက်ပေ။ သို့သော် စရိတ်သက်သာရန် တိုက်ခိုက်မှုဖြစ်သည်ဟု အခွန်ထမ်းများက လိမ်လည်တတ်ကြရာ ယာဉ်တိုက်ခိုက်မှု မှန်ကန်ကြောင်း ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ထောက်ခံစာ ၊ သူတစ်ပါး ထိခိုက်မှုအာမခံ လျော်ကြေး လျော်ထားသည့် ကွက်ရပ်များတွင် ကားတိုက်ထားပုံ ဓါတ်ပုံ၊ စာရွက်စာတမ်း အထောက်အထားများကို အခွန်ထမ်းအား တင်ပြစေရပါသည်။ ယာဉ်တိုက်မှုဖြစ်လျှင် အာမခံလုပ်ငန်းကော်ပိုရေးရှင်းသည် တည်ဆဲမူများအရ၊ မည်မျှပင်ဆုံးရှုံးသည်ဖြစ်စေ၊ အများဆုံး ၂၀၀၀ ကျပ်သာ ထုတ်ပေးကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ပြင်ဆင်စရိတ်ကို ခွင့်ပြုရာတွင် အထောက်အထားပြနိုင်သည့် အမှန်ကုန်ကျစရိတ်မှ လျော်ကြေးရငွေကို နုတ်၍ ကျန်ငွေကိုသာ အသားတင်ပြင်ဆင်စရိတ်အဖြစ် နုတ် ရသည်။ ထို့အတူ ကားပစ္စည်း ပျောက်ဆုံးခြင်း ၊ ခိုးခံရခြင်းများအတွက် ၊ အစားဝယ်ရသည့် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ အထောက်အထားတင်ပြရန် လိုအပ်ပါသည်။

ယခင်အမြတ်ခွန်ဌာနခွဲအဖြစ်သီးခြားထည့်ရှိစဉ်ကသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေအပေါ်အခွန်စည်းကြပ်ရာ၌စုစုပေါင်းပြေးဆွဲခရငွေ၏ ၃၅ ရာခိုင်နှုန်းမှတန်ဘိုးလျော့ငွေကိုနုတ်ပယ်ပြီး ၊ ကျန်ရှိသောငွေကိုအသားတင်ဝင်ငွေအဖြစ်သတ်မှတ်ခဲ့ပါသည်။ ယခုအခါတွင်လည်း စည်းကြပ်မှုအဖွဲ့များသည်တန်ဘိုးလျော့ငွေကိုခွင့်ပြုခြင်း မရှိတော့သော်လည်း ၊ စုစုပေါင်းပြေးဆွဲခရငွေ၏ ၃၅ ရာခိုင်နှုန်းကိုပင် ၊ အသားတင်ဝင်ငွေအဖြစ်သတ်မှတ်စည်းကြပ်သည်ကိုလေ့လာသိရှိရပါသည်။ သို့သော်ဝင်ငွေခန့်မှန်းသတ်မှတ်ရာ၌ကာလဒေသလုပ်ငန်းသဘာဝအလိုက်သတ်မှတ်နိုင်ရန်သုံးသပ်တွက်ချက်ခြင်းသည်သာပို၍သင့်လျော်သည်ဟူ၍ ၊ ယူဆမိပါသည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်လည်း ၊ ယာဉ်အမျိုးမျိုးရှိရာကမ်းရိုးတန်းသွား ၊ မြစ်တွင်းသွား ၊ ဒက်တပ်သင်္ဘောများ ၊ မော်တော်များ ၊ စက်မဲ့ဝိဘိများ ၊ စက်လှေများ ၊ကူးတို့သမ္ဗာန်များဖြစ်ကြပါသည်။ အချို့ ရေယာဉ်များသည်ခရီးသည်နှင့်ကုန်တင်ပြီး ၊ အချို့မှာကုန်သက်သက်ကိုသာတင်၍အချို့ မှာကုန်တင်စက်မဲ့ဝိဘိများကိုဆွဲပေးရသောရေယာဉ်များဖြစ်ကြသည်။

အချို့ လူစီး မော်တော်ယာဉ်များသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းသာမကငွေပို့ငွေလွှဲလုပ်ငန်းကိုလည်း လုပ်ကိုင်တတ်ကြသည်။ ကုန်သည်များသည်တစ်မြို့မှတစ်မြို့ငွေပို့ရန်ရှိပါကသင်္ဘောအကြီးအမှူးထံအပ်နှံ၍ပေးပို့လေ့ရှိသည်။ ဤကိစ္စမျိုးကိုမြစ်ဝကျွန်းပေါ်သွားသင်္ဘောများ၌အများဆုံးတွေ့ရသည်။ ဤသို့ပြုလုပ်ပေးသဖြင့်ကော်မရှင်ရလေ့ရှိရာ၊ ထိုငွေကိုသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေဟုမသတ်မှတ်ဘဲ၊ အခြားဝင်ငွေအဖြစ်သာလျှင်သတ်မှတ်စည်းကြပ်ကြောင်း လေ့လာသိရှိရပါသည်။

နိုင်ငံ၏အဖွဲ့အစည်းများမှ ပစ္စည်းများကို ပုဂ္ဂလိကမော်တော်ယာဉ်၊ စက်ရေယာဉ်စသည်တို့ဖြင့်သယ်ယူပို့ဆောင်ခြင်းအတွက်ပေးချေရမည့်နှုန်းများကိုလည်း ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့(ဗဟို)မှ အခါအားလျော်စွာသတ်မှတ်ပေးလေ့ရှိရာ၊ လုပ်ငန်းရှင်များကိုအခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍လိုအပ်သောအချက်အလက်များကိုထိုအဖွဲ့မှရယူထားနိုင်သည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်းကိုသီးခြားခေါင်းစဉ်ခွဲ၍ကောက်ခံရခြင်းမှာလည်း၊ ကျသင့်အခွန်ကိုအမြတ်ခွန်ဥပဒေနောက်ဆက်တွဲဇယားပါအမြတ်ခွန်နှုန်းများအရတွက်ချက်ပြီး ထိုကျသင့်အခွန်၏တစ်ဆယ်ရာခိုင်နှုန်းကိုလျှော့ပေါ့တောင်းခံရန်အတွက်ဖြစ်ပါသည်။ ထိုသို့သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်အခွန်စည်းကြပ်ရာတွင်တစ်ဆယ်ရာခိုင်နှုန်းလျှော့ပေါ့ခြင်းမှာ ပိုင်ရှင်များအနေဖြင့်မတည်ရင်းနှီးငွေအမြောက်အမြားစိုက်ထုတ်ကာယာဉ်များဝယ်ယူထားခြင်းအတွက် ယခင်ကမြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေနှင့် ၁၉၇၄ ခုနှစ်ဝင်ငွေခွန်ဥပဒေများအရတန်ဘိုးလျှော့ငွေကိုခွင့်ပြုသော်လည်း၊ တည်ဆဲအမြတ်ခွန်ဥပဒေအရပစ္စည်းတန်ဘိုးလျှော့ခွင့်ပြုရန်ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် အခွန်ထမ်းများမနစ်နာစေရန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ကျသင့်ခွန်၏တစ်ဆယ်ရာခိုင်နှုန်းကိုလျှော့ပေါ့တောင်းခံခြင်းဖြစ်ပါသည်။

လက်တွေ့တွင်အချို့သောအခွန်ထမ်းတို့သည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း (သို့မဟုတ်) ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း (သို့မဟုတ်) ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းအပြင် အခြားဝင်ငွေရလမ်းတို့လည်းပူးတွဲ၍ရှိနေတတ်ပါသည်။ ထိုအခါတွက်ချက်ရန်နည်းလမ်းကိုအမြတ်ခွန်စည်းမျဉ်း ၆၄ တွင်ဖော်ပြထားပါသည်။ အခွန်ထမ်း၏စုစုပေါင်းဝင်ငွေတွင်ပစ္စည်းထုတ်လုပ်မှု

မှဝင်ငွေ (သို့မဟုတ်) ဆေးပေါ့လိပ်ထုတ်လုပ်ရေး လုပ်ငန်း မှဝင်ငွေ၊ ထိုဝင်ငွေဘဉ်ရပ်ရပ်သည်အခြား ဝင်ငွေအမျိုးအစား ဘို့နှင့်ဆွဲ၍တည်ရှိပါကနှုတ်ပေး ရမည့်အခွန် (သို့မဟုတ်) ထပ်ဆောင်း ရမည့်အခွန်များကို အောက်ပါပုံသေနည်း ဖြင့်တွက်ချက်ရသည်။

$$\frac{က \times ဂ}{၁၀ \times ခ}$$

က = ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) သယ်ယူပို့ဆောင်ရေး လုပ်ငန်း (သို့မဟုတ်) ဆေးပေါ့လိပ်ထုတ်လုပ်ရေး လုပ်ငန်း မှဝင်ငွေ

ခ = အခွန်ထမ်း၏စုစုပေါင်း ဝင်ငွေ

ဂ = အခွန်ထမ်း၏စုစုပေါင်း ဝင်ငွေအပေါ်ဇယားပါကျသင့်သောအခွန်

တွက်ချက်မှုကိုပိုမို၍ရှင်းလင်း စေရန် အောက်ပါပုံစံဖြင့်လေ့လာတင်ပြပါသည်။

ပုံစံ။ ။ ၁၉၇၃ -၇၄ ဝင်ငွေနှစ်အတွင်း ကား ခက်ပြင်လုပ်ငန်းလုပ်ကိုင်သူအခွန်ထမ်း သည်မိမိကိုယ်ပိုင်အသုံးပြုနေသောယာဉ်ကိုအငှားလိုင်စင်ခံယူပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုလုပ်ကိုင်ရာ ခက်ပြင်လုပ်ငန်း မှဝင်ငွေ ၁၆၅၀၀ ကျပ်နှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း မှဝင်ငွေ ၆၆၀၀ ကျပ်ရရှိသည်ဆိုပါက၊ ထိုဝင်ငွေများ အတွက်ကျသင့်သောအမြတ်ခွန် ကို၊ အောက်ပါအတိုင်း တွက်ချက်ပါသည်။

| | <u>ကျပ်</u> |
|---|---|
| အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ | ၁၆၅၀၀ |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေ | ၆၆၀၀ |
| အခွန်စည်းကြပ်ရန်စုစုပေါင်းဝင်ငွေ | ၂၃၁၀၀ |
| ဇယားအပိုဒ်(၁)အရကျသင့်ခွန် | ၂၁၀၀ |

<u>နုတ်</u>

သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေအတွက်
နှုတ်ပယ်ရန်အခွန်

$$\frac{၆၆၀၀ \times ၂၁၀၀}{၁၀ \times ၂၃၁၀၀}$$ ၆၀

| | |
|---|---|
| အခွန်ထမ်းဆောင်ရန်အသားတင်အခွန် | ၂၀၄၀ |

<u>မှတ်ချက်</u>။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေတို့သည်စည်းကြပ်မှုအဖွဲ့မှခန့်မှန်းပြီး သော ဝင်ငွေများဟုယူဆဖော်ပြထားပါသည်။

ယာဉ်တစ်စီးစီးနှင့်ခရီးသွားရေးလုပ်ငန်းကိုလုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည်ဟု၍မယူဆမိရန်လိုအပ်ပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုအမှန်တကယ်လုပ်ကိုင်သူတို့အားစည်းကြပ်ရသွင်ကျသင့်အခွန်မှတစ်ဆယ်ရာခိုင်နှုန်းနှုတ်ပေးရန်ဖြစ်သော်လည်း၊ ယာဉ်ဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်ခြင်း

မပြုဘဲ၊ အခြားသူတစ်ဦးအား ငှားရမ်းခြင်းဖြင့်ဝင်ငွေရနေသူတစ်ဦးအား စည်းကြပ်ရာတွင်ကျသင့်ခွန်မှတစ်ဆယ်ရာခိုင်နှုန်း နှုတ်ပေးခြင်း မပြုကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့ငှားရမ်းခြင်းဖြင့်ရသောဝင်ငွေကိုပစ္စည်းမှဝင်ငွေအဖြစ်သတ်မှတ်၍ဇယားအရသာအမြတ်ခွန်တွက်ချက်ပါသည်။ အောက်ဖော်ပြပါပုံစံဖြင့်ပစ္စည်းမှဝင်ငွေနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေတို့အတွက်အခွန်တွက်ချက်မှုကွဲပြားခြားနားမှုရှိကြောင်း ထင်ရှားစေရန်နှိုင်းယှဉ်လေ့လာတင်ပြပါသည်။

<u>ပုံစံ</u>။ ဒေါ်တင်သည်အိဇ္ဇူရူး ၆တန်ကားကိုဦးစိန်အားတစ်လ ၅၀၀၀ ကျပ်ဖြင့်ပုံသေပြတ်ငှားထားသည်။ ဦးစိန်သည်ထိုကားဖြင့် ၊ တောင်ကြီး – ရန်ကုန်ကုန်တင်ပြေးဆွဲခြင်းလုပ်ငန်းကိုလုပ်ကိုင်သည်။ ၁၉၈၂–၈၃ ဝင်ငွေနှစ်အတွင်း ဒေါ်တင်နှင့်ဦးစိန်တို့၏ ငွေကြေးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

<u>ဒေါ်တင်</u>

| | |
|---|---|
| ယာဉ်ငှားရမ်းခြင်းမှဝင်ငွေ | ၆၀၀၀၀ ကျပ် |
| ယာဉ်လိုင်စင်ကြေး၊ သူတစ်ပါးထိခိုက်မှု အာမခံကြေး၊ လုပ်ငန်းလိုင်စင်ကြေး နှင့်အခြားစရိတ်ကုန်ကျငွေ | ၁၁၀၀၀ ကျပ် |

<u>ဦးစိန်</u>

| | |
|---|---|
| ကားပြေးဆွဲခြင်းမှသယ်ပို့ခရငွေ | ၁၀၅၄၀၀ ကျပ် |
| ဆလောင်စာဆီ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ၊ ဂိတ်ကြေး၊ ယာဉ်မောင်းနှင့်စပယ်ယာ လခ၊ ကားပြင်နှင့်ကားငှားစရိတ်များ ကုန်ကျငွေ | ၁၇၃၀၀ ကျပ် |

၎င်းအခွန်ထမ်း နှစ်ဦးတို့အသီးသီး ထမ်းဆောင်ရမည့်၊ အခွန်တွက်ချက်မှုမှာ အောက်ပါအတိုင်း လေ့လာတင်ပြပါသည်။

ဒေါ်တင်သည်ယာဉ်ငှားရမ်းခြင်းမှဝင်ငွေကိုပစ္စည်းမှဝင်ငွေခေါင်းစဉ်အရအခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။ပေးဆောင်ရမည့်အခွန်မှာ–

| | ကျပ် |
|---|---|
| တစ်လငှားရမ်းခရငွေ ၅၀၀၀ကျပ်ဖြင့် ၁၂လ | ၆၀၀၀၀ |
| **နှုတ်** | |
| ယာဉ်လိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင်ကြေး၊ သူတစ်ပါး ထိခိုက်မှုအာမခံကြေး၊ လုပ်ငန်းလိုင်စင်ကြေး နှင့်၊ အခြားအထွေထွေစရိတ်များ | ၁၁၀၀၀ |
| အခွန်စည်းကြပ်ရန်ပစ္စည်းမှခုခုပေါင်းဝင်ငွေ | ၄၉၀၀၀ |
| ဇယားအရကျသင့်အမြတ်ခွန် --- | ၁၃၂၉၆ |

ဦးစိန်သည်ကုန်တင်ယာဉ်ဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေရရှိပါသည်။ ၎င်းအတွက်ကျသင့်အခွန်တွက်ချက်မှုမှာ–

| | ကျပ် |
|---|---|
| တောင်ကြီး – ရန်ကုန်သယ်ပို့ခရငွေ | ၁၀၂၀၀၀ |
| **နှုတ်** | |
| လောင်စာဆီ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ၊ ဂိတ်ကြေး ယာဉ်မောင်းနှင့်စပယ်ယာလခ၊ ကားပြင် နှင့်ကားထားခသည့်စရိတ်များကုန်ကျငွေ | ၈၇၃၀၀ |
| အခွန်စည်းကြပ်ရန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေ | ၁၄၇၀၀ |
| ဇယားအရကျသင့်ခွန် ----- | ၇၅၆ |
| **နှုတ်** | |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေအတွက် တစ်ဆယ်ရာခိုင်နှုန်း နှုတ်ပယ်ငွေ | ၇၅.၆၀ |
| ဦးစိန်ထမ်းဆောင်ရန်အသားတင်အမြတ်ခွန် ----- | ၆၈၀.၄၀ |

## (၄) ရောင်းဝယ်လှုပ်ကိုင်မှုလုပ်ငန်း မှဝင်ငွေ

ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်း မှဝင်ငွေအပေါ်အခွန်သည်းကြပ်ရန်ဝင်ငွေခန့်မှန်းရာတွင်တစ်နေ့၊ တစ်လ၊ တစ်နှစ်အတွက်ကုန်ရောင်းပမာဏကိုခန့်မှန်းရမည်ဖြစ်ပါသည်။ လုပ်ငန်းသဘာဝအပေါ်မူတည်၍ဝင်ငွေကိုခန့်မှန်းရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့်အအေးဆိုင်လုပ်ငန်းတစ်ခု၏တစ်နှစ်ရောင်းရငွေကိုခန့်မှန်းလျှင်မိုးကာလ၊ ဆောင်းကာလများ၌အရောင်းထိုင်းမည်ကိုသတိပြု၍ထိုကာလများအတွက်လည်းအရောင်းကိုလျှော့၍တွက်ချက်ခန့်မှန်းသည်။ တစ်ဖန်လုပ်ငန်းသဘာဝအလိုက်အကြမ်းအမြတ်နှုန်းကို၊ အသုံးပြု၍ဝင်ငွေကိုခန့်မှန်းရာတွင်ရရှိသောအကြမ်းအမြတ်များမှ တိုက်ရိုက်ရိတ်များကိုထပ်မံ၍မနှုတ်တော့ပါ။ ထိုသို့ထပ်မံနှုတ်ပါကအခွန်ငွေများနစ်နာမည်ဖြစ်ပါသည်။ သို့သော်အကြမ်းအမြတ်မှရောင်းချခြင်းနှင့်အုပ်ချုပ်ခြင်းတို့အတွက်အမှန်တကယ်ကုန်ကျသည့်ဆိုင်ငှားရမ်းခများ၊ ဓါတ်အားခ၊ အရောင်းဈေးသည်လခ၊ အခရှိသည်တို့ကိုမူနှုတ်ပေးပါသည်။

ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်းကိုသည်းကြပ်ရာတွင်၊ လက်ကားရောင်းဝယ်မှုလုပ်ငန်းနှင့်ပွဲခားလုပ်ငန်းတို့ကိုမရောမ်စေရန်သတိပြုရသည်။ လက်ကားကုန်သည်တို့သည်မိမိတို့ပိုင်သည့်ကုန်ပစ္စည်းများကိုရောင်းချသည့်အပြင်အခြားသူတို့၏အပ်နှံထားသောကုန်များကိုလည်းပွဲခယူ၍ရောင်းပေးခြင်းဖြင့်အကျိုးအမြတ်ရရှိကြသည်။ ကိုယ်ပိုင်ပစ္စည်းများရောင်းဝယ်ခြင်းအတွက်သီးခြား၊ အခြားသူများ၏ကုန်များကိုပွဲခယူ၍ရောင်းပေးခြင်းအတွက်သီးခြားတွက်ချက်ပြီးမှဝင်ငွေနှစ်ရပ်ကိုပေါင်း၍သည်းကြပ်သည်။ ထိုသို့ဆောင်ရွက်ရခြင်းမှာပွဲခရရှိခြင်းသည်အခွန်ထမ်းပိုင်ကုန်များရောင်းရခြင်းအတွက်ရရှိသည့်

အမြတ်ထက်နည်းသောကြောင့်သီးခြားတွက်ချက်ခြင်းမှသာလျှင်တရားမျှတမှုရှိနိုင်ပါသည်။ ထို့ကြောင့်ယခုလက်ရှိကျင့်သုံးနေသောအမြတ်ခွန်ဥပဒေကြပ်ကောက်ခံမှုဥပဒေအခွန်ထမ်းများအတွက်မနစ်နာစေရန်နှင့်တိုင်းပြည်အတွက်လည်းရသင့်ရထိုက်သောအခွန်ငွေများမဆုံးရှုံးမနစ်နာစေရန်အတွက်ကျင့်သုံးသောမျှတမှုရှိသည့်အခွန်ဥပဒေအဖြစ်သုံးသပ်မိပါသည်။

## ၄-၁-၂။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေအပေါ်အမြတ်ခွန်ဥပဒေကြပ်ကောက်ခံခြင်း

အသက်မွေးဝမ်းကျောင်းပညာဘာဝ်ရပ်ရပ် (သို့မဟုတ်)၊ မိမိကျွမ်းကျင်သောလုပ်ငန်းဘာဝ်ရပ်ရပ်ကိုအကြောင်းပြု၍ဝင်ငွေရရှိသူများ၏ဝင်ငွေကိုအသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေဟုခွဲသောခေါင်းဥဒ်ဖြင့်သတ်မှတ်ဥပဒေကြပ်ပါသည်။ အဘတ်ပညာဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ၊ သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ၊ ရရှိသောဝင်ငွေမှာအသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေပင်ဖြစ်သည်။

အဘတ်ပညာဖြင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းလုပ်ကိုင်သူများမှာဥဒ်တာပညာအမြောက်အမြင်ဖြင့်သက်ဆိုင်သောရှေ့နေ၊ ဆရာဝန်ဥသည်တို့ကဲ့သို့သောပုဂ္ဂိုလ်များဖြစ်ပြီး၊ သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုသည်မှာကျွမ်းကျင်မှုဖြင့်အသက်မွေးသည့်ဥက်ပြင်ဆရာ၊ ဘွင်ခုံဆရာ၊ စသည့်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ကျွှရှင်ဆရာ၊ လိုင်စင်ရပြင်ပအင်ဂျင်နီယာ၊ ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ၊ စတီရီယိုတေးရေးသူနှင့်တေးဆိုသူ၊ ဗေဒင်လက္ခဏာဆရာများနှင့်၊

တိုင်းရင်းဆေးဆရာတို့၏ဝင်ငွေများမှာအသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှဝင်ငွေများပင်ဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းပညာရှင်များ၏ဝင်ငွေရပုံ မှာအခြားလုပ်ငန်းများ၏ဝင်ငွေရရှိပုံနှင့်မတူပါ။ ရောင်းဝယ်မှု ထုတ်လုပ်မှုလုပ်ငန်းများတွင်အမြတ်သည်ဝင်ငွေဖြစ်၍လုပ်ငန်းတစ်ခုခု၏ အကြမ်းအမြတ်နှုန်းများကိုခန့်မှန်းခြင်းဖြင့်ဝင်ငွေကိုခန့်မှန်းနိုင် သော်လည်းအသက်မွေးဝမ်းကျောင်းပညာရှင်များ၏ဝင်ငွေကိုဤသို့ ခန့်မှန်း၍မဖြစ်နိုင်ပါ။

၎င်းတို့၏ဝင်ငွေမှာ၎င်းတို့၏ပညာအဆင့်အတန်း၊ ကျော် ကြားမှု၊ အများက၎င်း၏ပညာအဆင့်အတန်းကိုလက်ခံမှုသည့်အချက်များ အပေါ်မူတည်ပါသည်။ အချို့အထူးပညာရှင်များသည်ပျံ့ရွယ်ခဉ်ဒွဲသာဝင် ငွေကောင်း၍၊ အိုမင်းရင့်ရော်သည်နှင့်အမျှဝင်ငွေကျဆင်းသွားတတ် ကြပါသည်။ ဥပမာ - ရုပ်ရှင်သရုပ်ဆောင်များဖြစ်ပါသည်။ အချို့မှာ တာရှည်တသမတ်တည်းဝင်ငွေကောင်းတတ်ကြပါသည်။ ဥပမာ - ဆရာ ဝန်ကြီးများ၊ ဗေဒင်လက္ခဏာဆရာများဖြစ်ပါသည်။ ၎င်းတို့၏ဝင်ငွေ ကိုခန့်မှန်းရာတွင်၊ တိကျမှန်ကန်သောသတင်းအချက်အလက်များရရှိ ရန်လိုအပ်ပါသည်။

အသက်မွေးဝမ်းကျောင်းပညာရှင်တို့၏ရသမျှဝင်ငွေများ ကိုအသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသည်ဟူ၍သတ်မှတ်ခြင်း မပြုပါ။ ဥပမာ - ရှေ့နေတင်ဦးသည်ရှေ့နေလုပ်ငန်းအပြင်စာအုပ် ရောင်းချသောလုပ်ငန်းပါလုပ်ကိုင်ပါက၊ စာအုပ်ရောင်းချခြင်းလုပ် ငန်းမှဝင်ငွေသည်ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်းမှဝင်ငွေဖြစ်သည်။ ထို့အတူဆရာဝန်တင်ဦးသည်အစိုးရဆေးရုံတွင်တာဝန်ထမ်းဆောင်သ ဖြင့်၊ ရရှိသောလစာဝင်ငွေအပေါ်လစာခေါင်းစဉ်ဖြင့်ဝင်ငွေခွန်

စည်းကြပ်ခံရမည်ဖြစ်ပြီး၊ ပြင်ပဆေးကုခန်း၌ဆေးခန်းပိုင်ရှင်က၊ လခဖြင့်ငှားရမ်းသဖြင့်ရရှိသောရငွေသည်လည်း လာဝင်ငွေသာဖြစ်ပြီး ဝင်ငွေခွန်စည်းကြပ်ခြင်း ခံရမည်ဖြစ်ပါသည်။ မိမိကိုယ်ပိုင်ဆေးကုခန်းတွင်ဆေးကုသ၍ရငွေအားလုံး ရယူပြီး၊ ကုန်ကျစရိတ်အားလုံးကိုမိမိကပင်ကျခံရပါက၊ ထိုဆရာဝန်၏ဝင်ငွေအား အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှဝင်ငွေအဖြစ်စည်းကြပ်ရကြောင်း လေ့လာသိရှိရပါသည်။ မိမိပိုင်မဟုတ်သောအခြားဆေးကုခန်းတွင်လူနာတစ်ဦးအတွက်မည်မျှနှုန်းဟူ၍လည်းကောင်း၊ ကုသခံရငွေ၏ရာခိုင်နှုန်းမည်မျှဟူ၍လည်းကောင်း၊ စသည်ဖြင့်ယူသောဝင်ငွေသည်လည်း အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေအဖြစ်သတ်မှတ်ကြောင်း သိရှိရပါသည်။

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေကို၊ ခန့်မှန်းသတ်မှတ်ရာတွင်ထိုရငွေရရန်ကုန်ကျသည့်စရိတ်တို့ကိုနှုတ်ပယ်တွက်ချက်ပါသည်။ သို့သော်ကိုယ်ရေးကိုယ်တာစရိတ်များ၊ မတည်စရိတ်များ ၊ ကိုမနှုတ်ရပါ။ ဥပမာ- ရှေ့နေတစ်ဦးသည်မိမိရုံးခန်း၌ဥပဒေစာအုပ်များထားရှိရန်ဝယ်ယူသည့်စရိတ်သည်မတည်စရိတ်ဖြစ်ပြီး၊ ထိုစရိတ်ကိုနှုတ်ခွင့်မပြုကြောင်း လေ့လာသိရှိရပါသည်။

ဆရာဝန်များနှင့်ပတ်သက်၍အခွန်စည်းကြပ်ရာတွင်ဝင်ငွေခန့်မှန်းရာ၌ဆရာဝန်၏ရရှိထားသောဘွဲ့၊ ပြည်တွင်းပြည်ပဘွဲ့များ၊ ကိုယ်ပိုင်ဆေးခန်းရှိမရှိ၊ အခြားဆေးခန်းသို့သွားရောက်ထိုင်ပေးခြင်းရှိမရှိ၊ ရရှိသည့်စမ်းသပ်ခ၊ အစိုးရဆေးရုံတွင်လုပ်ကိုင်ခြင်းရှိမရှိ၊ လုပ်ကိုင်ခြင်းရှိလျှင်ရာထူးအဆင့်၊ လူနာများကိုဆေးရုံတင်နိုင်ခွင့် စသည်တို့မှာလိုအပ်သောအချက်အလက်များဖြစ်ပါသည်။ ထို့ပြင်ဆေးခန်းတွင်ဆေးကုသချိန်၊ တစ်နေ့လာရောက်သည့်လူဦးရေ၊ ကလေးလူကြီးကုသနှုန်းများ၊ ဓာတ်ခွဲခန်းရှိမရှိ (သို့မဟုတ်) ဓာတ်ခွဲခန်းနှင့်ဆက်သွယ်မှုရှိမရှိ

ဆေးခန်းဖွင့်ရက်စုစုပေါင်း အိ်ဖဋ္ဌလူနာများ လက်ခံခြင်း ရှိမရှိ၊ သည်တို့သည် ဝင်ငွေခန့်မှန်းရာ၌ အထောက်အကူပြုနေသော အချက်များ ဖြစ်ပါသည်။ ကုန်ကျစရိတ်များ နှင့်ပတ်သက်၍ အစိုးရဆေးဆိုင်မှ ဝင်ငွေနှစ် အတွင်း ဆေးမည်မျှဝယ်သည်၊ ပြင်ပမှ မည်မျှဝယ်ယူသည် စသည့်အချက်အလက် အကြောင်းအရာများ သည်အခွန်စည်းကြပ်ရာ၌ လိုအပ်ပါသည်။ ဆေးများများ အသုံးပြုခြင်းအား ဖြင့်လူနာများ များ ကုသရခြင်း ကြောင့်ဟူ၍ ယေဘုယျ ယူဆမှုပြုနိုင်ပါသည်။

ထို့အတူအခြား သောအသက်မွေးဝမ်းကျောင်း ပညာရှင်များ၏ ဝင်ငွေကိုခန့်မှန်းရာ၌ ဝင်ငွေရရှိစေမည့်အခြေအမြတ်အချက်အလက်များ နှင့်စရိတ်စကများ ကိုသက်ဆိုင်ရာအခွန်မှူး တို့သည် မေးမြန်းဆုံးဖြတ်၍ ၊ တရားမျှတ၍သင့်လျော်မျှရှိသော ဝင်ငွေများ ကိုခန့်မှန်း ပါသည်။ ထို့နောက် ကျသင့်အခွန်တွက်ချက်ရာတွင်အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ပါ ၊ အမြတ်ခွန်နှုန်း များ အတိုင်း တွက်ချက်ပါသည်။ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း အတွက်ကျသင့်ခွန်၏တစ်ဆယ်ရာခိုင်နှုန်း တိုးခြင်း ၊ လျော့ခြင်း မရှိပါ။

## ၄-၁-၃။ ပစ္စည်းငှားရမ်းခြင်းမှဝင်ငွေအပေါ်အမြတ်ခွန် စည်းကြပ်ကောက်ခံခြင်း

မြေ၊ အဆောက်အဦ၊ ယာဉ် (သို့မဟုတ်) အခြားပစ္စည်းများ နှင့်ပတ်သက်၍ဝင်ငွေနှစ်အတွင်း ရရှိသင့်သော ငှားရမ်းခငွေပေါင်းမှ ထိုငွေရရှိရေး အတွက်ကုန်ကျရသည့်စရိတ်များ ကိုနှုတ်ပယ်ပြီး ၊ ကျန်ငွေကို ဝင်ငွေအဖြစ်သတ်မှတ်ရန်အမြတ်ခွန်စည်းမျဉ်း ၂၁(ဂ) တွင်ပြဋ္ဌာန်းထားပါသည်။

ပစ္စည်း ငှား ရမ်း ခြင်း မှဝင်ငွေအပေါ်အခွန်စည်း ကြပ်ရာ၌ အောက်ပါအချက်များ ကိုအခွန်မှူး သည်သတိပြုရန်လိုအပ်ပါသည်။

(က) ငှား ရမ်း ခြင်း တွင်မြေ၊ အဆောက်အဦ၊ ယာဉ်များသာမက၊ အခြား မည်သည့်ပစ္စည်း မဆိုပါဝင်ခြင်း

(ခ) ငှား ရမ်း သည့်ပစ္စည်း သည်ငှား ရမ်း သူ၏ကိုယ်ပိုင်ပစ္စည်း ဖြစ်ရမည်ဟုမသတ်မှတ်ထား ခြင်း

(ဂ) အမှန်ငှား ရမ်း ခရငွေပေါ်တွင်မဟုတ်ဘဲ၊ ရရှိသင့်သောငှား ရမ်း ခပေါ်တွင်သာစည်း ကြပ်ခြင်း

အမြတ်ခွန်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့တွင်ပစ္စည်း မှဝင်ငွေသည် မြေ (သို့မဟုတ်) မြေနှင့်အဆောက်အဦတို့ကိုငှား ရမ်း ခြင်း မှဝင်ငွေဖြစ်ပြီး ၊ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ ပစ္စည်း မှဝင်ငွေသည် မည်သည့်ပစ္စည်း ကိုငှား ရမ်း သည်ဖြစ်စေအကျုံး ဝင်ပါသည်။

ပစ္စည်း ငှား ရမ်း ခြင်း မှဝင်ငွေကိုခန့်မှန်း ရာတွင်အခွန်ထမ်း တင်ပြသည့်အမှန်ငှား ရမ်း ခသည်ရသင့်ရထိုက်သောငှား ရမ်း ခထက်နည်း လျှင်ရသင့်ရထိုက်သောငှား ရမ်း ခကိုသာမူတည်၍တွက်ချက်ရမည်ဖြစ် ပါသည်။

အဆောက်အဦငှား ရမ်း ရာတွင်အဆောက်အဦတစ်စိတ်တစ်ဒေသတွင်အခွန်ထမ်း နေထိုင်ပါက၊ စရိတ်များ နုတ်ရာ၌ငှား ရမ်း သည့်အစိတ်အပိုင်း အတွက်အချိုး ကျသင့်ငွေကိုသာနုတ်ရမည်ဖြစ်ပါသည်။

ဥပမာ– အိမ်တစ်လုံး အတွက် မြေခွန်၊ စည်ပင်သာယာအခွန်တို့ကိုငှား ရမ်း ခမှ မနုတ်ရပါ။ ငှား ရမ်း ထား သည့်အစိတ်အပိုင်း အတွက်အချိုး ကျသာနုတ်ရမည်ဖြစ်ပါသည်။ တစ်ခါတစ်ရံအိမ်ငှား ထား သော်လည်း ငှား ရမ်း သူကငှား ခမပေး ခြင်း ရှိတတ်ရာ၊ လုံလောက်သောအထောက်အထား တင်ပြလျှင် ၊

ထိုကာလအတွက်ငွေးရမ်းခများကိုအခွန်စည်းကြပ်ရန်ဝင်ငွေဘွင်ထည့်သွင်းတွက်ချက်ခြင်းမပြုသည်ကိုတွေ့ရပါသည်။

မော်တော်ယာဉ်၊ ရေယာဉ်ဘို့ကိုလခဖြင့်အငှားချထားလျှင်ယာဉ်ပိုင်ရှင်ရသောဝင်ငွေသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှဝင်ငွေမဟုတ်ပါ။ ပစ္စည်းငှားရမ်းခြင်းမှဝင်ငွေသာလျှင်ဖြစ်ကြောင်း၊ လေ့လာသိရှိရပါသည်။

ငှားရမ်းခြင်းလုပ်ငန်း၌စားပွဲကုလားထိုင်ငှားရမ်းခြင်း၊ ဘက်ထရီအိုးလဲပေးငှားရမ်းခြင်း၊ မင်္ဂလာဆောင်ခံပွဲခန်းမငှားရမ်းခြင်း၊ စသည်ဖြင့်အမျိုးမျိုးရှိရာငှားရမ်းခြင်းလုပ်ငန်းသဘာဝအခြေအနေအလိုက်သုံးသပ်၍ဝင်ငွေကိုခန့်မှန်းစည်းကြပ်ရမည်ဖြစ်ပါသည်။

## ၄-၁-၄။ ဝင်ငွေရလမ်းမပေါ်ပေါက်နိုင်သောလမ်းကြောင်းမှ ဝင်ငွေအပေါ်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း

ဝင်ငွေရလမ်းမပေါ်ပြန်နိုင်သည့်ဝင်ငွေနှင့်စပ်လျဉ်း၍၊ အခွန်စည်းကြပ်ရန် ၁၉၇၆ခုနှစ်အမြတ်ခွန်စည်းမျဉ်းဥပဒေအပိုဒ် ၃၈ တွင် သူတစ်ဦးတွင်မိမိမည်ကဲ့သို့ရရှိခဲ့သည်ကိုအကြောင်းရှင်းလင်းမဖော်ပြနိုင်သည့်ငွေ(သို့မဟုတ်)ပစ္စည်းတန်ဖိုးရှိကြောင်းတွေ့ရှိလျှင်အဆိုပါငွေ(သို့မဟုတ်)ပစ္စည်းတန်ဖိုးကိုထိုသူ၏ဝင်ငွေအဖြစ်သတ်မှတ်စည်းကြပ်ရမည်။ ထိုသို့သတ်မှတ်စည်းကြပ်ရာတွင်ငွေဖြစ်ပါကထိုငွေရရှိကြောင်းတွေ့ရှိသည့်နေ့တွင်လည်းကောင်း၊ ပစ္စည်းကိုဝယ်ယူခြင်းဖြစ်ပါကဝယ်ယူသည့်နေ့တွင်လည်းကောင်း၊ ပစ္စည်းကိုဆောက်ခြင်းဖြစ်ပါကဆောက်သည်ဖြစ်သောနှစ်များအတွင်းတွင်လည်းကောင်း ရရှိသောဝင်ငွေဖြစ်သည်ဟုမှတ်ယူ၍စည်းကြပ်ရမည်ဟုပါရှိပါသည်။ ထို့ကြောင့်အခွန်ထမ်းတစ်ဦးသည်မြေ၊ အဆောက်အဦ၊

စသည့်အခြေပစ္စည်းများ ဝယ်ခြင်း၊ တည်ဆောက်ခြင်း၊ ယာဉ်ဝယ်ခြင်းတို့အတွက် ရှင်းလင်းနိုင်ရမည်ဖြစ်ပါသည်။ မရှင်းလင်းနိုင်ပါက ဝင်ငွေရလမ်း မဖော်ပြနိုင်သော ဝင်ငွေအဖြစ် စည်းကြပ်ခြင်း ခံရမည်ဖြစ်ပါသည်။ ပုံစံအားဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် ဝင်ငွေနှစ်အတွင်း ၃ သိန်းတန်ဘိုး ရှိသော ယာဉ်တစ်စီးကို ဝယ်ယူလျှင် ထိုငွေ ၃ သိန်းကို မည်ကဲ့သို့ရရှိခဲ့သည်ကို စည်းကြပ်မှုအဖွဲ့ ကျေနပ်အောင် ရှင်းလင်းပြနိုင်ရမည်။ နှစ်စဉ်ဝင်ငွေများမှ စားဝတ်နေရေးနှင့် အခွန် (ရှိလျှင်) နှုတ်ပြီး စုဆောင်းငွေ အနည်းငယ်သာ ရှိနိုင်ရာ၊ ထိုစုဆောင်းငွေနှင့် ကားဝယ်ငွေတို့၏ ခြားနားခြင်းကို အခွန်ထမ်းက အထောက်အထား အဖြစ် သက်သေ မပြနိုင်လျှင် ထိုခြားနားငွေကို ဝင်ငွေရလမ်း မဖော်ပြနိုင်သော ဝင်ငွေအဖြစ် သတ်မှတ်၍၊ အခွန်စည်းကြပ်ရမည် ဖြစ်ပါသည်။

ဝင်ငွေရလမ်း မဖော်ပြနိုင်သော ဝင်ငွေအဖြစ် သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်လာပါက ထိုဝင်ငွေသည် မည်သည့်နေ့က ပေါ်ပေါက်ကြောင်း ဦးစွာ သတ်မှတ်ရပါသည်။ ပစ္စည်းဝယ်ယူခြင်းဖြစ်ပါက ဝယ်ယူသည့်နေ့ကို သတ်မှတ်ရန်ဖြစ်ပြီး၊ မော်တော်ယာဉ်များ ဝယ်ယူခြင်းဖြစ်ပါက ကားကို အမှန်ဝယ်ယူသည့်နေ့ဖြစ်ရပါသည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ အမည်လွှဲပြောင်းသည့်နေ့ မဖြစ်ရပါ။ သို့သော် အခွန်ထမ်းသည် အမည်လွှဲပြောင်းသည့်နေ့ မတိုင်မီက ကားကို အမှန်တကယ်ဝယ်ကြောင်း၊ လုံလောက်သော အထောက်အထား မတင်ပြနိုင်ပါလျှင် အမည်ပြောင်းလျှောက်လွှာ၌ ဖော်ပြထားသည့်နေ့ကို ကားဝယ်ယူသည့်နေ့ဟု သတ်မှတ်ကြောင်း၊ လေ့လာသိရှိရပါသည်။

ဝင်ငွေရလမ်း မဖော်ပြနိုင်သော လမ်းကြောင်းမှ ဝင်ငွေရှိ မရှိ၊ စိစစ်ရာတွင် အခွန်ထမ်းတင်ပြသော ဝင်ငွေရလမ်းသည် အထောက်အထား ခိုင်မာမှု ရှိ မရှိ သတိပြုရပါမည်။ အချို့ဝန်ထမ်းများသည် ထိုဝင်ငွေကို၊

ရွှေထည်ပစ္စည်းများ ထုခွဲရောင်းချခြင်းမှ ရကြောင်း၊ ရွှေရောင်းပြေစာများနှင့်တကွ၊ အခိုင်အမာတင်ပြတတ်ပါသည်။ ဤသို့တင်ပြချက်ကို အခွန်စည်းကြပ်ရာ၌ လက်မခံပါ။ အခွန်ထမ်းသည် ထိုရွှေကို မည်သည့်အချိန်အခါက ရယူခဲ့ကြောင်း ဆက်လက်စိစစ်ရမည်ဖြစ်ပါသည်။ ရွှေများသည် ဖုံးကွယ်ထားသောငွေမည်းများနှင့် ဝယ်သော ရွှေထည်များ ဖြစ်နိုင်ရာ မည်ကဲ့သို့ရရှိကြောင်း အခွန်ထမ်းက ရှင်းလင်းနိုင်ရပါမည်။ အချို့ကမိဘထံမှ အမွေရရှိကြောင်း တင်ပြတတ်ပါသည်။ အခွန်ထမ်း၏ မိဘအမွေရသည့်ပမာဏနှင့်၊ ၎င်းမိဘ၏အလုပ်အကိုင် ဝင်ငွေရလမ်းနှင့် ငွေရေးကြေးရေး အခြေအနေများကို ချင့်ချိန်ရမည့်အပြင် အခွန်ထမ်းအား အမွေအမှန်တကယ်ပေး မပေး၊ အခြားသားသမီးများ ရှိမရှိ အမွေပေးခြင်း ရှိမရှိတို့ကို ၊ စိစစ်လေ့လာမှုပြုရမည်ဖြစ်ပါသည်။ အချို့သည် အမွေခွဲချဝ်လိမ်များ တင်ပြတတ်သဖြင့် ထိုဝင်ငွေရလမ်းနှင့်ပတ်သက်၍ အခွန်နစ်နာဆုံးရှုံးမှုမရှိစေရန် အခွန်စည်းကြပ်ရာတွင် အခွန်မှူးများသည် စေ့စပ်သေချာစွာ၊ လေ့လာစိစစ်ရပါသည်။

တစ်ဖန်အချို့သော အခွန်ထမ်းများသည် ဝင်ငွေရလမ်း မဖော်ပြနိုင်သော ဝင်ငွေနှင့်ပတ်သက်၍ ဆွေမျိုးမိတ်ဆွေ၊ အပေါင်းအသင်းများထံမှ ချေးငှားယူကြောင်း တင်ပြတတ်ပါသည်။ ဤသို့တင်ပြချက်သည်လည်း သာမန်အားဖြင့် လက်ခံနိုင်ဘွယ်မဟုတ်ပါ။

အချို့က ထီပေါက်၍ရငွေအဖြစ် တင်ပြတတ်ပါသည်။ ထိုသို့သော ပုဂ္ဂိုလ်တို့အား ထီလက်မှတ်အမှတ်၊ ထီဖွင့်ပွဲအကြိမ်နှင့် ပေါက်သည့်ဆုငွေများကို မေးမြန်းပြီး အောင်ဘာလေသိန်းဆု ဌာနခွဲမှ ထောက်ခံစာကိုပါ ရယူရပါသည်။ အချို့သော ပုဂ္ဂိုလ်များက ဘဏ်စာရင်းမှ ထုတ်ယူသော ငွေဖြင့် အခြေပစ္စည်းများ ဝယ်ယူကြောင်း ၊ တည်ဆောက်ကြောင်း ဘဏ်စာအုပ်

များ တင်ပြထားကြပါသည်။ ဘဏ်မှ ငွေထုတ်ယူခြင်းသည် ငွေကိုသုံးစွဲခြင်း မပြုမိက၊ ကပ်ထုတ်ယူခြင်း ဖြစ်မှသာ သဘာဝကျပါသည်။ ထိုငွေရရှိကြောင်းနှင့် မည်သည့်အချိန်ကစုဆောင်းထားခြင်း ဖြစ်ကြောင်း စိစစ်ရပါမည်။

ဝင်ငွေရလမ်း မဖော်ပြနိုင်သောလမ်းကြောင်းမှ ဝင်ငွေရှိမရှိစိစစ်ရန် ကား ဝယ်ခြင်း၊ မြေဝယ်ခြင်း၊ တိုက်ဆောက်ခြင်း ရှိမှသာ မဟုတ်ဘဲ၊ အမြတ်ခွန်စည်းကြပ်ထိုက်သော အနည်းဆုံး ငွေနှင့်ညီမျှသော ငွေတစ်ရပ်ရပ်ကိုသုံးစွဲကြောင်း (သို့မဟုတ်) လက်ဝယ်ရှိကြောင်း တွေ့ရှိရသည့်အခါတိုင်း စိစစ်ရပါမည်။ ဥပမာ– အိမ်တစ်အိမ်တွင်မူးယစ်ဆေးဝါး ရှိကြောင်း သတင်းရ၍ ရဲတပ်ဖွဲ့မှ ရှာရာ၊ ဆေးဝါးများ မတွေ့ဘဲ၊ ငွေ ၁၀ သိန်း သာရှာဖွေတွေ့ရှိကြောင်း ရဲမှတ်တမ်း၌ ပေါ်လွင်ပါကထိုငွေ သည်မည်သည့်ဝင်ငွေရလမ်းမှ ရရှိကြောင်း စိစစ်ရမည်ဖြစ်ပါသည်။

ဝင်ငွေရလမ်း မဖော်ပြနိုင်သောဝင်ငွေအပေါ် အခွန် စည်းကြပ်ရန်အတွက်သတ်မှတ်ဝင်ငွေတွက်ချက်ရာတွင်ယခင်စည်းကြပ်ပြီးဝင်ငွေများကို လေ့လာကြည့်ရာလွယ်ကူသောနည်းလမ်း အတိုင်း ပုံသေရာခိုင်နှုန်း သတ်မှတ်၍ စုဆောင်း နိုင်ငွေကိုတွက်ကြကြောင်း တွေ့ရှိရပါသည်။ ၎င်းသို့ တွက်ချက်ခြင်း သည်အမှန်တကယ်မဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စုတစ်စု၏အသုံး စရိတ်နှင့်လူမှုရေး အသုံး စရိတ်တို့သည်ကျယ်ဝန်း၍စားဝတ်နေရေး စရိတ်များ မှာလည်း နေ့စဉ်အဆင့်အတန်း အလိုက်ကုန်ကျပါသည်။ သား သမီး ပညာရေး စရိတ်၊ ယာဉ်မောင်း လခ၊ ကုသိုလ်ရေးစရိတ်များ၊ အလှူကြီး လှူဒါန်း ခြင်း စသောအထွေထွေကုန်ကျစရိတ်များ ရှိပါသည်။ ထိုစရိတ်များ နုတ်ပယ်၍အခွန်ထမ်း၏လက်ဝယ်စုဆောင်း ငွေကိုတွက်ချက်ရပါသည်။ ထိုစုဆောင်း ငွေမှအခြား သူများ အား လူမှုရေး အရ ချေးငှားခြင်း၊ အခြေပစ္စည်း တစ်ရပ်ရပ်ဝယ်ခြင်း၊ အခွန်ပေး ဆောင်ခြင်း၊ စသည့်သုံး စွဲခဲ့ပြီး သောစရိတ်များ ကိုနုတ်ပယ်ရပါသည်။ သို့မှသာလျှင်အခွန်

ထမ်းအပေါ်၌ဘာရားမှုဘမှုရှိမည်ဖြစ်ပါသည်။

ဝင်ငွေရလမ်းမဖော်ပြနိုင်သောလမ်းကြောင်းမှထင်ငွေအပေါ်တွင်အခွန်စည်းကြပ်ခြင်းဆောင်ရွက်ချက်သည်အလွန်ရှုပ်ထွေးပါသည်။ ၎င်းဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေနှင့်ပတ်သက်၍ဘာခွန်ထမ်းတို့သည်ကောင်းမွန်စွာသဘောပေါက်ထားရန်အလွန်လိုအပ်ပါသည်။ အခွန်ထမ်းတို့အပေါ်၌ထိုဝင်ငွေရလမ်းနှင့်ပတ်သက်၍အထောက်အထားများတင်ပြနိုင်ရန်သင့်လျော်လုံလောက်သောအချိန်များခွင့်ပြုခြင်းဖြင့်ဘာရားမှုတမှုကိုဖြစ်စေပါသည်။ ထို့ပြင်သေချာစေ့စပ်စွာစိစစ်ခြင်းဖြင့်အခွန်ငွေများဆုံးရှုံးမှုမရှိဘဲ၊ ကောက်ယူနိုင်မည်ဖြစ်ပါသည်။

## ၄-၂။ အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း

နှစ်ဘစ်နှစ်အတွင်းအခွန်ပေးဆောင်ရန်သတ်မှတ်ထားသောအခြေပစ္စည်းမှဝင်ငွေရှိသူများအပေါ်အမြတ်ခွန်တွက်ချက်မှုကိုလေ့လာခြင်းမပြုမီအခြေပစ္စည်းဟူသောဝေါဟာရနှင့်၊ အခြေပစ္စည်းမှမြတ်စွန်းငွေဟူသောဝေါဟာရနှစ်ခုကိုလေ့လာတင်ပြလိုပါသည်။

အခြေပစ္စည်းဆိုသည်မှာမြေ၊ အဆောက်အဦ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာမကာသ်ပစ္စည်းတို့ကိုဆိုလိုပါသည်။ စက်ကရိယာများသည်လည်းအခြေပစ္စည်းပင်ဖြစ်ပါသည်။ သို့ရာတွင်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ရောင်းကုန်များ၊ ကိုယ်ပိုင်လက်ဝတ်ရတနာတို့မှာမူအခြေပစ္စည်းများမဟုတ်ပါ။ မိမိပိုင်မဟုတ်ပဲအပြောက်ပေး၄ားရမ်းနေထိုင်သည့်တိုက်ခန်းများကိုမူလက်တွေ့ဆောင်ရွက်မှုအရအခြေပစ္စည်းဟုသတ်မှတ်ကြောင်းလေ့လာသိရှိရပါသည်။

အခြေပစ္စည်းမှမြတ်စွန်းငွေဆိုသည်မှာ အခြေပစ္စည်းကိုရောင်းချခြင်း ၊ လဲလှယ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းပြုလုပ်၍ရရှိသောမြတ်စွန်းငွေကိုဆိုလိုပါသည်။ လွှဲပြောင်းခြင်းဆိုသည့်စကားရပ်တွင်အမွေဆက်ခံခြင်း ၊ အဖိုးစားနားမဲ့မေတ္တာဖြင့်ပေးကမ်းခြင်း ၊ လှူဒါန်းခြင်းတို့မပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

အခွန်ထမ်းတစ်ဦးအတွက်နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန်သတ်မှတ်ထားသောအနည်းဆုံး အခြေပစ္စည်းမှမြတ်စွန်းငွေကိုမည်၍မည်မျှဟူ၍အမြတ်ခွန်ဥပဒေတွင်သတ်မှတ်ထားခြင်း မရှိပေ။ အခြေပစ္စည်းမှမြတ်စွန်းငွေမှာ ၁ ကျပ်ဖြစ်သည့်တိုင်အခွန်စည်းကြပ်ခြင်းခံရမည်ဖြစ်ပါသည်။ သို့ရာတွင်ရောင်းချလဲလှယ် (သို့မဟုတ်) လွှဲပြောင်းသည့်အခြေပစ္စည်း၏တန်ဖိုး ပေါ်တွင်မူတည်၍ကန့်သတ်ထားခြင်းရှိပါသည်။ ရောင်းချလဲလှယ် (သို့မဟုတ်) လွှဲပြောင်းသည့်တန်ဖိုးသည် ၅၀၀၀၀ ကျပ်ထက်ပိုမိုသည့်အခါမှသာအခွန်ပေးဆောင်ရပါသည်။ အခြေပစ္စည်းတစ်ရပ်ရပ်ရောင်းချလဲလှယ် (သို့မဟုတ်) လွှဲပြောင်းသည့်တန်ဖိုးကိုအခွန်ထမ်းကမည်မျှပင်ဖော်ပြသည်ဖြစ်စေ၊ စည်းကြပ်မှုအဖွဲ့ကတိုးမြှင့်သတ်မှတ်နိုင်ပါသည်။

အထက်တွင်ဖော်ပြသည့် ၅၀၀၀၀ ကျပ်ဆိုသည်မှာ စည်းကြပ်မှုအဖွဲ့ကသတ်မှတ်သည့်တန်ဖိုးအရ ၅၀၀၀၀ ကျပ်ထက်ပိုမိုသည့်အခါအခွန်ပေးဆောင်ရမည်ကိုဆိုလိုခြင်းဖြစ်ပါသည်။ စည်းကြပ်မှုပြုလုပ်ရာတွင်သာမန်အားဖြင့်မြတ်စွန်းငွေ၏တစ်ဆယ်ရာခိုင်နှုန်းသည်အခွန်အဖြစ်ကျသင့်ပါသည်။ သို့ရာတွင်အခွန်သည်အခြေပစ္စည်းကိုရောင်းချလဲလှယ်ရသည့်တန်ဖိုးငွေမှ ၊ ကျပ် ၅၀၀၀၀ ကိုနုတ်ပယ်ပြီး ကျန်ရှိသောငွေ၏ထက်ဝက်ထက်မပိုစေရပါ။

အခြေပစ္စည်းတစ်ရပ်ရပ်ကိုရောင်းချ၊ လဲလှယ် (သို့မဟုတ်) လွှဲပြောင်းသည့်တန်ဖိုးသည်ထိုသို့ပြုလုပ်သည့်အချိန်၌ ပေါ်ပေါက်သောကာလတန်ဖိုးထက်လုံလောက်သောအကြောင်းမရှိဘဲ၊ နည်းနေသည်ဟုစည်းကြပ်မှု

အဖွဲ့ကယူဆလျှင်အခွန်ထမ်း ဘင်ပြ သောထိုတန်ဖိုး ကိုပယ်၍ကာလတန်ဖိုး အစား ထိုး သတ်မှတ်ပါသည်။

အခြေပစ္စည်း မှမြတ်စွန်း ငွေကိုအခွန်စည်းကြပ်ရန်တွက်ချက် ရာတွင် ရောင်း ချလဲလှယ် (သို့မဟုတ်) လွှဲပြောင်း သည့်တန်ဖိုး မှထိုပစ္စည်းရယူခဲ့ရာတွင်အမှန်ကုန်ကျသည့်မူလတန်ဖိုး ၊ ထိုပစ္စည်း ရယူခဲ့ရာတွင်ကုန် ကျသည့်စရိတ်များ ၊ ပစ္စည်း ကိုမိမိပိုင်ဆိုင်စဉ်ကဖြည့်စွက်ခြင်း ၊ တိုး ချဲ့ခြင်း ၊ ပြုပြင် ပြောင်း လဲခြင်း တို့အတွက်ကုန်ကျသည့်မတည်စရိတ်များ နှင့်ထိုပစ္စည်းကို ရောင်း ချလဲလှယ်လွှဲပြောင်း ရာတွင်ကုန်ကျသောစရိတ်များ ကိုနုတ်ခြင်းဖြင့် ရရှိပါသည်။

ထိုပစ္စည်း ကိုအခွန်ထမ်း က ရယူခဲ့ရာတွင်အမှန်ကုန်ကျသည့်မူလ တန်ဖိုး ကိုတိကျစွာမသိနိုင်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာပစ္စည်း ကိုအမွေဆက်ခံ ခြင်း (သို့မဟုတ်) မေတ္တာအလျောက် ပေး ကမ်း ခြင်း တို့ဖြင့်ရယူခဲ့လျှင်၎င်း ကြပ်မှုအဖွဲ့က ခန့်မှန်း သည့်ထိုပစ္စည်း ကိုရယူခဲ့သည့်အချိန်၌ ပေါက် ဈေးသည့် ကာလတန်ဖိုး ကိုအစား ထိုး သတ်မှတ် ကြောင်း လေ့လာသိရှိရပါသည်။

အခြေပစ္စည်း ကိုရောင်း ချလဲလှယ်လွှဲပြောင်း သည့်အခါတိုင်း၌ လည်း မြတ်စွန်း ငွေမပေါ် ပေါက်တတ်ပါ။ အရှုံး ငွေလည်း ပေါ် ပေါက်နိုင် ပါသည်။ အရှုံး ငွေ ပေါ် ပေါက်သည်ဟူ၍စည်း ကြပ်မှုအဖွဲ့ကသတ်မှတ်သည့်အခါမှ သာအခွန် ပေး ဆောင်ခြင်း မှကင်း လွတ် ကြောင်း လေ့လာသိရှိရပါသည်။

လက်တွေ့၌အခြေပစ္စည်း မှမြတ်စွန်း ငွေကို အောက်ပါပုံစံပြ အတိုင်း တွက် ချက်သည်ကို လေ့လာတင်ပြပါသည်။

<u>ပုံစံ</u>။ အခွန်ထမ်း ဒေါ်သက်သည် ၁၉၈၂ ခုနှစ်မတ်လ ၃၁ ရက်နေ့ကုန် ဆုံး သောဝင်ငွေနှစ်အတွင်း ၅-၅-၈၁ နေ့တွင်၎င်း ပိုင်နှစ် ထပ်တိုက်နှင့် မြေကိုကိုတန်ဖိုး ကျပ် ၂၅၀၀၀၀ ဖြင့်ရောင်းချသည်။

စာကြည့်တိုက်
စီးပွားရေး တက္ကသိုလ်
ရန်ကုန်။

ထိုတိုက်နှင့်မြေကွက်ကို ၎င်းသည် ၆-၁၂-၇၅ နေ့က တန်ဘိုး ၁၈၀၀၀၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဝယ်စဉ်က အဝယ်စာချုပ်အတွက် တံဆိပ်ခေါင်းဘိုး ၇၉၂၀ ကျပ်၊ အခွန်ထမ်းက ကျခံခဲ့ရသည်။ ထို့ပြင် ရှေ့နေစရိတ် ၃၅၀၀ ကျပ်လည်း ကုန်ကျခဲ့ရသည်။ ပိုင်ဆိုင်စဉ်တလျှောက် နှစ်စဉ် ဆေးသုတ်ခ ငွေပေါင်း ၁၆၀၀၀ ကျပ်၊ ကားဂိုဒေါင်တစ်လုံး ထပ်ဖြည့် ဆောက်သည့်အတွက် ၂၅၀၀၀ ကျပ်ကုန်ကျခဲ့သည်။ ရောင်းချရာတွင် ပွဲခ ၇၅၀၀ ကျပ်ကုန်ကျခဲ့သည်။ ၎င်းထမ်းဆောင်ရမည့်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ပါသည်။

| | | |
|---|---|---|
| | | ကျပ် |
| ရောင်းချသည့်တန်ဘိုး | | ၂၅၀၀၀၀ |
| **နှုတ်** | | |
| ဝယ်စဉ်က တန်ဘိုး | ၁၈၀၀၀၀ | |
| ဝယ်စဉ်က ကုန်ကျသည့်တံဆိပ်ခေါင်းဘိုး | ၇၉၂၀ | |
| ရှေ့နေခ (ဝယ်စဉ်) | ၃၅၀၀ | |
| ရောင်းချရာတွင်ကုန်ကျသည့်ပွဲခ | ၇၅၀၀ | |
| ကားဂိုဒေါင်ဆောက်ခ | ၂၅၀၀၀ | |
| | | ၂၂၃၉၂၀ |
| အခြေပစ္စည်းမှ မြတ်စွန်းငွေ | | ၂၆၀၈၀ |
| ကျသင့်အမြတ်ခွန် ၂၆၀၈၀ × ၁၀ % | | ၂၆၀၈ |

အထက်ပါတွက်ချက်မှုတွင် နှစ်စဉ်ဆေးသုတ်ခြင်းအတွက်ကုန်ကျစရိတ်ကို ထည့်မနှုတ်ခြင်းသည်၊ မတည်စရိတ်မဟုတ်သောကြောင့်ဖြစ်ပါသည်။

အခြေပစ္စည်းမှ မြတ်စွန်းငွေအတွက် အခွန်ကျသင့်စေရာ၌ ၊ အထက်တွင်ဖော်ပြခဲ့သည့်တွက်ချက်မှုအတိုင်း တွက်ချက်ရရှိသည့်အခွန်သည် အခြေ

ပစ္စည်းကို ရောင်းချလဲလှယ် (သို့မဟုတ်) လွှဲပြောင်းသည့်တန်ဖိုးမှ ၅၀၀၀၀ ကျပ်ကို နှုတ်ပယ်ပြီး ကျန်ရှိသောငွေ၏ ထက်ဝက်ထက် မပိုရန် အမြတ်ခွန်ဥပဒေ နောက်ဆက်တွဲပါ ဇယားအပိုဒ် (၂) ၌ ခြွင်းချက် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ သာမန်နည်းအားဖြင့် တွက်ချက်ရရှိသော အခွန်သည်

$\frac{၁}{၂}$ (ရောင်းချလဲလှယ်လွှဲပြောင်းတန်ဖိုး − ၅၀၀၀၀ ကျပ်) ထက် မပိုရန်ဖြစ်ပါသည်။ ပို၍ရှင်းလင်းစေရန် အောက်ဖော်ပြပါပုံစံဖြင့် တင်ပြပါသည်။

<u>ပုံစံ</u>။ အခွန်ထမ်းတစ်ဦးသည် ၃၁-၁-၈၂ နေ့တွင် ၄င်း၏ မော်တော်ကားတစ်စီးကို တန်ဖိုး ၅၂၀၀၀ ဖြင့် ရောင်းချလိုက်သည်။ ထိုကားကို အခွန်ထမ်းသည် မိမိလုပ်ငန်းမှ ကြမ်းခင်းဈေး ၃၀၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၄င်းအခွန်ထမ်းအာ တွက်ကျသင့်ခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါသည်။

| | ကျပ် |
|---|---|
| အရောင်းတန်ဖိုး | ၅၂၀၀၀ |
| <u>နှုတ်</u> အဝယ်တန်ဖိုး | ၃၀၀၀၀ |
| မြတ်စွန်းငွေ | ၂၂၀၀၀ |
| ဇယားအပိုဒ် (၂) အရကျသင့်ခွန် ၁၀% | ၂၂၀၀ |

<u>သို့သော်</u>

ဇယားအပိုဒ် (၂) ခြွင်းချက်အရ

ကျသင့်ခွန် = $\frac{၁}{၂}$ (၅၂၀၀၀ − ၅၀၀၀၀)

= ၁၀၀၀ ကျပ်

∴ အခွန်ထမ်းဆောင်ရမည့်ကျသင့်ခွန်မှာ ၁၀၀၀ ကျပ်သာဖြစ်သည်။

အခြေပစ္စည်း မှမြတ်စွန်း ငွေနှင့်ပတ်သက်၍အခွန်ထမ်း တစ်ဦး သည်နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း ရောင်း ချလဲလှယ်လွှဲပြောင်း မှု၊ တစ်ရပ်ထက်ပိုမိုပြုလုပ်ခဲ့ပါလျှင်ထိုသူအား ရောင်း ချလဲလှယ်(သို့မဟုတ်)လွှဲပြောင်း မှုတစ်ရပ်စီအတွက်သီး ခြား အခွန်တွက်ချက်ကျသင့်စေပါသည်။ အဝယ်တန်ဖိုးများ အား လုံး ပေါင်း ပြီး အရောင်း တန်ဖိုး များ အား လုံး ပေါင်း ခြင်း မှ၊ နှုတ်၍အခြေပစ္စည်း မှမြတ်စွန်း ငွေတွက်ချက်သည့်စနစ်ကိုမကျင့်သုံး ကြောင်း လေ့လာသိရှိရပါသည်။ စည်း ကြပ်သောအခွန်နှုန်း သည်တစ်ဆယ်ရာခိုင်နှုန်း တစ်ပြေး ညီဖြစ်သော်လည်း ၊ ခု ပေါင်း တွက်ချက်ခြင်း မပြုပါ။

အခြေပစ္စည်း မှမြတ်စွန်း ငွေနှင့်ပစ္စည်း မှဝင်ငွေတို့သည် ၊ ခြား နား မှုရှိကြောင်း လေ့လာသိရှိရပါသည်။ အခြေပစ္စည်း မှမြတ်စွန်း ငွေသည်အခြေပစ္စည်း တစ်ရပ်ရပ်ကိုရောင်း ချလဲလှယ်လွှဲပြောင်း ခြင်း မှပေါ်ပေါက်သောမြတ်စွန်း ငွေဖြစ်၍ပစ္စည်း မှဝင်ငွေသည်အိမ်၊ မြေ၊ ကား ၊ စသည့်အခြေပစ္စည်း တို့ကိုငှား ရမ်း သဖြင့်ရရှိသည့်ငှား ရမ်း ခြင်း မှဝင်ငွေဖြစ်ပါသည်။ ပစ္စည်း မှဝင်ငွေသည်အမြတ်ခွန်ဥပဒေနောက်ဆက်တွဲဇယား အပိုဒ်(၁)ပါအမြတ်ခွန်နှုန်း များ ဖြင့်အခွန်ထိုက်သင့်သောဝင်ငွေဖြစ်ပြီး အခြေပစ္စည်း မှ မြတ်စွန်း ငွေမှာရောင်း ချလဲလှယ်တန်ဖိုး ၅၀၀၀၀ကျပ် ထက်ပိုမိုမှသာလျှင်အခွန်စည်း ကြပ်ရမည့်ဝင်ငွေဖြစ်ပါသည်။ ၎င်းခြားနား ချက် ကိုသိရှိနား လည်ခြင်း ဖြင့်စည်း ကြပ်မှုပြုရာတွင် ခေါင်း စဉ်ရောထွေး မှု မှ ကာကွယ်နိုင်ပါသည်။

## ၄-၃။ ပြည်ပမှပစ္စည်း တင်သွင်း သူများ အပေါ်အခွန်စည်း ကြပ် ကောက်ခံမှု

ပြည်ပမှပစ္စည်း တင်သွင်း သူများ နှင့်ပတ်သက်၍နိုင်ငံပိုင်အဖွဲ့ အစည်း များ ၊ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း များ ၊ အခြား သမ

ဝါယမအသင်းများနှင့်ပုဂ္ဂလိကများဟူ၍အမျိုးမျိုးရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းများမှာကုန်စည်နှင့်ဝန်ဆောင်မှုခွန်ကိုထမ်းဆောင်ကြပါသည်။ ပုဂ္ဂလိကပစ္စည်းတင်သွင်းသူများသည်အမြတ်ခွန်ထမ်းဆောင်ကြရပါသည်။

ပြည်ပမှပစ္စည်းတင်သွင်းသူအပေါ်အခွန်ကောက်ခံရာတွင်၊ သက်ဆိုင်ရာပစ္စည်း၏ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်အမြတ်ခွန်ဥပဒေနောက်ဆက်တွဲဇယား၌ဖော်ပြထားသည့်အတိုင်း ၁၅ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကိုအခွန်အဖြစ်တွက်ချက်ကောက်ခံပါသည်။ ကုန်းပေါ်ရောက်တန်ဖိုးဆိုသည်မှာပြည်ပမှတင်သွင်းလာသောပစ္စည်းတစ်ခုခု၏မူလတန်ဖိုးမဟုတ်ဘဲ၊ မြန်မာနိုင်ငံ၏ကုန်းပေါ်သို့ချပြီးသည့်အချိန်တွင်ကုန်ကျစရိတ်များနှင့်မူလတန်ဖိုးတို့ပေါင်းစပ်ထားသည့်တန်ဖိုးဖြစ်ပါသည်။ ကုန်ကျမည့်စရိတ်များတွင်ပစ္စည်း၏မူလတန်ဖိုး ပစ္စည်းအတွက်အာမခံပေးရငွေနှင့်သင်္ဘောသယ်ဆောင်ခများအပြင်အကောက်ခွန်ဌာနမှစည်းကြပ်ကောက်ခံသည့် အကောက်ခွန်အစရှိသည်တို့ပါဝင်ပါသည်။ ထိုကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်ဤအခွန်ခေါင်းစဉ်အရ ၁၅ ရာခိုင်နှုန်းကိုအခွန်ငွေအဖြစ်သတ်မှတ်ကောက်ခံခြင်းဖြစ်ပါသည်။

ဤသို့အမြတ်ခွန်ကောက်ခံရန်တာဝန်ကိုပြည်တွင်းအခွန်များဦးစီးဌာနလက်အောက်ရှိမြို့နယ်အခွန်ဦးစီးဌာနမှူးများကသော်လည်းကောင်း၊ စည်းကြပ်မှုအဖွဲ့ကသော်လည်းကောင်း၊ ဆောင်ရွက်ရခြင်းမရှိပါ။ အကောက်ခွန်ဦးစီးဌာနကသာလျှင်စည်းကြပ်ကောက်ခံပေးပြီး၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ငွေစာရင်းသို့လွှဲပြောင်းပေးသွင်းပါသည်။ ယခုလက်ရှိအခြေအနေတွင်ရန်ကုန်မြို့ကျောက်တံတားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ပေးသွင်းလျက်ရှိကြောင်းလေ့လာသိရှိရပါသည်။

ပြည်ပမှတင်သွင်း သောကုန်ပစ္စည်း အပေါ် ကောက်ခံသော၊ အမြတ်ခွန်သည်နှစ်အလိုက်တွက်ချက်စည်း ကြပ်ရသောနှစ်စဉ်အခွန်မဟုတ်ပါ ။ ပစ္စည်း တင်သွင်း သည့်အခါတိုင်း မှသာစည်း ကြပ် ကောက်ခံရသောအခွန်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၄-၄။ <u>အခကြေး ငွေယူသောဖျော်ဖြေမှုအပေါ်အမြတ်စည်း ကြပ်ကောက်ခံခြင်း</u>

အခကြေး ငွေယူသောဖျော်ဖြေမှုအပေါ်အခွန် ကောက်ခြင်းနှင့်ပတ်သက်၍အသား တင်ဝင်ငွေအပေါ်တွင်ကောက်ခံခြင်း မဟုတ်ဘဲ ၊ ရုံဝင်ခများ အပေါ် စည်း ကြပ် ကောက်ခံခြင်း သာဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အခကြေး ငွေယူသောဖျော်ဖြေမှုအပေါ်အခွန် ကောက်ခံရာတွင်ဘည်ဆဲအမြတ်ခွန်ဥပဒေပုဒ်မ ၄(ဃ)အရမည်သူမဆိုအခကြေး ငွေယူသော ဖျော်ဖြေမှုကိုတာဝန်ယူကျင်း ပလျှင်ဇယား ၌ဖော်ပြထား သည့်အတိုင်း ၊အခွန် ပေး ဆောင်ရန်တာဝန်ရှိသည်ဟူ၍ပြဌာန်း ထား ပါသည်။ အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား အပိုဒ်(၄)တွင်အခကြေး ငွေယူသောဖျော်ဖြေမှုအတွက်ကျသင့်ခွန် ကောက်ခံရန်အခွန်နှုန်း များ ကိုပြဌာန်း ထား ပါသည်။ ၎င်း တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရုပ်ရှင်နှင့်ဗီဒီယိုပြသခြင်း ဖြစ်ပါကရငွေအား လုံး ၏လေး ဆယ်ရာခိုင်နှုန်း နှင့်ညီမျှသောငွေကိုလည်း ကောင်း

(ခ) ရုပ်ရှင်နှင့်ဗီဒီယိုမှအပကျန်ဖျော်ဖြေမှုများ ဖြစ်ပါကရငွေအား လုံး ၏နှစ်ဆယ်ရာခိုင်နှုန်း နှင့်ညီမျှသောငွေကိုလည်း ကောင်း ကောက်ခံပါသည် ။

ဖျော်ဖြေမှုနှင့်ပတ်သက်၍ `ရုပ်ရှင်နှင့်ဗီဒီယိုမှအပ`၊ ဆိုရာတွင်ရုပ်ရှင်နှင့်ဗီဒီယိုပြသခြင်းမပါဝင်ဘဲ၊ မြန်မာ့ဇာတ်သဘင်ကပြမှုများ၊ အငြိမ့်ပွဲများ၊ ဆပ်ကပ်ပွဲများ၊ လက်ဝှေ့ပွဲ၊ ပဒေသာကပွဲနှင့်၊ ဂီတပဒေသာပွဲများအကျုံးဝင်ပါသည်။ ဤဖျော်ဖြေမှုများသည်ရုပ်ရှင်ဖျော်ဖြေမှုလောက်သာမန်အားဖြင့်အကျုံးမဖြစ်ထွန်းသည်ကိုသုံးသပ်သိရှိရသည့်အလျောက်အခွန်ငွေကောက်ခံရာတွင်နှစ်ဆယ်ရာခိုင်နှုန်းသတ်မှတ်၍ရုပ်ရှင်နှင့်နှုန်းထားခွဲခြားသတ်မှတ်ကောက်ခံခြင်းဖြစ်ပါသည်။

၁၉၃၆ ခုနှစ်အမြတ်ခွန်ဥပဒေသည်အခကြေးငွေယူသော၊ ဖျော်ဖြေမှုများတွင်သာအကျုံးသက်ရောက်ပြီး အခကြေးငွေယူခြင်းမရှိသောဖျော်ဖြေမှုများတွင်အကျုံးသက်ရောက်ခြင်းမရှိကြောင်းလေ့လာသိရှိရပါသည်။ ယခုအခါ၌အချို့သောမြို့နယ်များတွင်ရုံခိုငွေအတွက်အခကြေးငွေယူသောဖျော်ဖြေမှုကိုကျင်းပကြရာ၊ ထိုဖျော်ဖြေမှုများနှင့်ပတ်သက်၍ပုဂ္ဂလိကပွဲများနည်းတူအမြတ်ခွန်ကောက်ခံကြရမည်ဖြစ်ပါသည်။ မည်သည့်အဖွဲ့အစည်းကဦးဆောင်တာဝန်ယူကျင်းပသည်ဖြစ်စေ၊ ဖျော်ဖြေမှုရငွေဝင်ငွေတို့ကိုမည်သို့အသုံးပြုရန်ရည်ရွယ်သည်ဖြစ်စေ၊ ၁၉၃၆ ခုနှစ်အမြတ်ခွန်ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းလိုက်နာကြရပါသည်။ လူမှုရေး၊ အားကစားစသည့်ကိစ္စရပ်များအတွက်အခွန်ကင်းလွတ်ခွင့်ရလိုပါက၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့ကသီးသန့်တင်ပြကြရပါသည်။

ဖျော်ဖြေမှုနှင့်ပတ်သက်၍စည်းကြပ်မှုကိစ္စများကိုမြို့နယ်အသီးသီးရှိစည်းကြပ်မှုအဖွဲ့များကစီမံခန့်ခွဲကာ၊ စည်းကြပ်မှုပြုလုပ်ရပါသည်။ ဤဖျော်ဖြေမှုအတွက်မည်သို့မည်ပုံစည်းကြပ်ရမည်ဆိုသည့်လုပ်ထုံးလုပ်နည်းများကိုအမြတ်ခွန်စည်းမျဉ်းဥပဒေအခန်း ၁၆ တွင်ပြဋ္ဌာန်းထားပါသည်။ ၎င်းစည်းမျဉ်းဥပဒေတွင်ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည်၊ ကျင်းပမည့်နေ့ရက်မတိုင်မီအနည်းဆုံး (၃) ရက်ကြိုတင်၍ဖျော်ဖြေမှုကျင်းပရန်

အကြောင်းကြားစာကိုသတ်မှတ်ထားသည့်ပုံစံဖြင့် ဖျော်ဖြေမှုများကျင်းပမည့်နေရာဒေသနှင့်ဆိုင်သောအမြတ်ခွန်စည်းကြပ်မှုအဖွဲ့သို့ပေးပို့ရပါသည်။ လုံလောက်သောအကြောင်းရှိပါက ထိုကာလကိုစည်းကြပ်မှုအဖွဲ့က လျှော့ပေါ့လက်ခံနိုင်ပါသည်။ ရုပ်ရှင်ပြသမှုဖြစ်ပါက ရုပ်ရှင်ကားပြောင်းလဲပြသတိုင်း ဤအကြောင်းကြားစာကိုပေးပို့ရပါသည်။

၄င်းအပြင် ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုနှင့်ပတ်သက်၍ ရုံဝင်လက်မှတ်များနှင့် နေရာထိုင်ခင်းအတွက်လက်မှတ်များကို ဝင်ကြေးတူညီသည့်အတန်းအလိုက်၊ နေရာထိုင်ခင်းအမျိုးအစားအလိုက်၊ ခွဲခြား၍လက်ခံဖြတ်ပိုင်းများနှင့်ထားရှိရပါသည်။ ထို့ပြင်ဝင်ကြေးတူညီသည့်အတန်းအလိုက်၊ နေရာထိုင်ခင်းအမျိုးအစားတစ်ခုခုအတွက်လက်မှတ်များတူညီရပါသည်။ လက်မှတ်များကိုစာအုပ်ဖြင့်ချုပ်ထားပြီး လက်မှတ်များအပေါ်တွင်အမှတ်စဉ်၊ ဇာတ်ရုံ (သို့မဟုတ်) ရုပ်ရှင်ရုံအမည်၊ နေ့စွဲ၊ ပွဲပြသချိန်၊ အတန်း နေရာထိုင်ခင်းအမျိုးအစားနှင့်အခကြေးငွေနှုန်းထားများကိုဖော်ပြရမည်ဖြစ်ပါသည်။ လက်မှတ်များဖြင့်သာ ဖျော်ဖြေမှုအတွင်းသို့ဝင်ခွင့်ပြုရမည်ဖြစ်ပါသည်။

ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည်မိမိကျင်းပသည့်ဖျော်ဖြေမှုနှင့်စပ်လျဉ်း၍ နေရာထိုင်ခင်းအခြေပြပုံစံကိုပွဲစဉ်အလိုက်သီးခြားထားရှိရပါသည်။ ယင်းပုံစံတွင်ရောင်းချပြီးသည့်နေရာထိုင်ခင်းများကိုအမှတ်အသားပြထားရပါသည်။ ထို့ပြင်ပွဲစဉ်အလိုက်နေ့စဉ်ရောင်းရငွေစာရင်းများကိုလည်း သတ်မှတ်ထားသောပုံစံဖြင့်ထားရှိရပါသည်။

ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည်တစ်နေ့တာအတွက် ဖျော်ဖြေမှုမှရငွေကိုသတ်မှတ်ထားသည့်ပုံစံဖြင့်သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်အတူစည်းကြပ်မှုအဖွဲ့ထံသို့ထိုနေ့ကုန်ဆုံးပြီး နောက်နေ့တွင်တင်သွင်းရပါသည်။

ပုံစံ ရရှိသည့်အခါတွင်စည်း ကြပ်မှုအဖွဲ့ကငွေး ပုံခံအပေါ်တွင် မည်၍မည်မျှစည်း ကြပ်သည်ကိုအမိန့်ချမှတ်ရပါသည်။

ဖျော်ဖြေမှုအပေါ်အခွန် ကောက်ခံခြင်း ပြုရာတွင်ဖျော်ဖြေမှုအပေါ်စည်း ကြပ်မှုမှာတစ်နေ့တာအတွက်ဖြစ်ပါသည်။ အကယ်၍ဖျော်ဖြေမှုသည်(၅) ရက်ကြာမျှကျင်း ပသည်ဆိုပါကဖျော်ဖြေမှုအတွက် ၅ ကြိမ်၊ စည်း ကြပ်ခြင်း ခံရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## ၄-၅။ ဆားထုတ်လုပ်သူများ အပေါ်အမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း

ဆားထုတ်လုပ်ခြင်း အပေါ်အခွန် ကောက်ခံရာတွင်ယခင်က ဆားခွန်ဌာနဟူ၍သီး ခြား ရှိပါသည်။ သို့ရာတွင်ပြည်တွင်း အခွန်များဦး စီး ဌာနဖွဲ့စည်း သောအခါတွင်ဆားခွန်ဌာနသည်အစိတ်အပိုင်း တစ်ရပ် အနေဖြင့်ပါဝင်လာပြီး ၊ ဆားထုတ်လုပ်ခြင်း အပေါ်အခွန် ကောက်ခံခြင်း ကိုဘဏ္ဍာအမြတ်ခွန်ဥပဒေပုဒ်မ ၄(င)တွင်ပြဌာန်း ထား သည်ကိုတွေ့ရှိ ရပါသည်။

ဆားထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ကျသင့်အခွန်သည်ထုတ်လုပ် သည့်ဆားတစ်ပိဿာလျှင်တစ်ဆယ်ပြား နှုန်း ဖြင့်တွက်ချက်ရရှိသောငွေဖြစ် ပါသည်။ ဆားထုတ်လုပ်သူများ ကထုတ်လုပ်သမျှဆား အလေး ချိန် ပေါ်တွင်၊ ကောက်ခံခြင်း ဖြစ်ပါသည်။ ဆားကိုထုတ်လုပ်ပြီး ရောင်း ချမှအခွန်စည်း ကြပ် ကောက်ခံခြင်း မဟုတ်ပါ။ နိုင်ငံပိုင်စီး ပွား ရေး အဖွဲ့အစည်းများ နှင့်စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း များ ကထုတ်လုပ်သည့်ဆား နှင့် ပတ်သက်၍ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ဥပဒေအရကောက်ခံပြီး၊ ပုဂ္ဂလိက ဆား ထုတ်လုပ်မှုနှင့်ပတ်သက်၍အမြတ်ခွန်ဥပဒေနှင့်စည်း ကြပ် ကောက်ခံပါ သည်။

ဆားထုတ်လုပ်မှုအပေါ် စည်းကြပ်ရန်အဖွဲ့အစည်း မှာမြို့နယ် အခွန်စည်းကြပ်မှုအဖွဲ့များ ဖြစ်ပါသည်။ ဆားထုတ်လုပ်သူသည်ဆားထုတ်လုပ်ရန် အကြောင်းကြားစာကိုဆားထုတ်လုပ်ခြင်း မပြုမီ (၇) ရက်ကြိုတင်၍စည်းကြပ် မှုအဖွဲ့ထံသို့ပေးပို့ရပါသည်။ [၁] ထို့ပြင်ဆားထုတ်လုပ်သူတိုင်းသည်ဆားထုတ် လုပ်မှုကြေညာချက်ကိုသတ်မှတ်ထားသည့်ပုံစံဖြင့် ရက်သတ္တပတ်တစ်ပတ်လျှင်တစ် ကြိမ်စည်းကြပ်မှုအဖွဲ့သို့ပေးပို့ရပါသည်။

စည်းကြပ်မှုအဖွဲ့ထံမှကြိုတင်ခွင့်ပြုချက် ရလျှင် ရက်သတ္တပတ်တစ်ပတ် အစား တစ်လလျှင်တစ်ကြိမ်အကြောင်းကြားနိုင်ပါသည်။

ထို့ပြင်စည်းကြပ်မှုအဖွဲ့သည်ဆားထုတ်လုပ်သူပေးပို့သောကြေ ညာချက်ကိုလည်းကောင်း၊ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုပြည်သူ့ကောင် စီအလုပ်အမှုဆောင်အဖွဲ့ကပေးပို့သောတရင်းကိုလည်းကောင်း၊ အခြား ရရှိထားသောသတင်းအချက်အလက်များကိုသော်လည်းကောင်း အခြေပြု၍ ဆားထုတ်လုပ်သူကပေးဆောင်ရမည့်အခွန်ကိုခန့်မှန်းစည်းကြပ်၍တောင်း ခံရပါသည်။

ဤသို့အခွန်စည်းကြပ်ခြင်း မပြုမီလိုအပ်ပါကမည်သူ့ကိုမဆိုခေါ်ယူ စစ်ဆေးနိုင်ပါသည်။ လိုအပ်သောသတင်းအချက်အလက်များကိုလည်းတောင်း ယူနိုင်ပါသည်။

ဆားထုတ်လုပ်မှုအပေါ်အမြတ်ခွန်စည်းကြပ်ခြင်းနှင့်ပတ်သက် ၍သိရှိရန်လိုအပ်ချက်တစ်ခုမှာဆားကုန်ထုတ်သမဝါယမအသင်းဝင်ပုဂ္ဂိုလ်က ဆားထုတ်လုပ်သူများနှင့်ပတ်သက်၍ဖြစ်ပါသည်။ အချို့မြို့နယ်များတွင်ဆား ကုန်ထုတ်သမဝါယမအသင်းဟူ၍မှတ်ပုံတင်ဖွဲ့စည်းထားသော်လည်းအသင်းအ နေဖြင့်ရင်းနှီးငွေ၊ မတည်ပစ္စည်းကုန်ထုတ်ကိရိယာစသည်တို့လုံးဝပိုင်ဆိုင် ခြင်း၊ ကုန်ထုတ်ခြင်းမရှိဘဲ၊ အသင်းဝင်တစ်ဦးချင်းကမိမိတို့အသီးသီး၏ အစီအစဉ်ဖြင့်ထုတ်လုပ်သောဆားများကိုအသင်းအနေဖြင့်ရောင်းချခြင်း

၁။ အမြတ်ခွန်စည်းမျဉ်း ဥပဒေအပိုဒ် ၅၆

သာပြုလုပ်သည်ကို တွေ့ရှိရပါသည်။ ဤကဲ့သို့ကိစ္စရပ်များတွင်ကုန်ထုတ်သမဝါယမ အသင်းက ရောင်းချပေး သောဆားဘန်ဘိုး ပေါ်တွင်ကုန်ခွန်နှင့်ဝန်ဆောင်မှုခွန်ဥပဒေအရအခွန်စည်းကြပ် ကောက်ခံရမည်ဖြစ်ပြီး ၊ ဆားကုန်ထုတ်သမဝါယမအသင်း ဝင်ပုဂ္ဂလိကဆား ဖိုပိုင်ရှင်တစ်ဦး သည်မိမိထုတ်လုပ်သောဆား ကိုထိုအသင်း နှင့်မြို့နယ်သမဝါယမဦးစီး ဌာန၏ခွင့်ပြုချက်အရ၊ အသင်း မှတစ်ဆင့်မဟုတ်ဘဲ၊ မိမိကိုယ်တိုင်ရောင်း ချခြင်း ပြုလုပ်ပါလျှင်၊ ၎င်း ဆား ဖိုပိုင်ရှင်အား အမြတ်ခွန်ဥပဒေအရသာအမြတ်ခွန်စည်း ကြပ်ကောက်ခံကြောင်း လေ့လာသိရှိရပါသည်။

ဆား ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍အခွန် ကောက်ခံရာတွင် ၊ ဆား ထုတ်လုပ်သည့်လုပ်ငန်း များ မှာအများ အား ဖြင့်ပင်လယ်ကမ်း ခြေနှင့်နီး ကပ်ရာမြို့နယ်များ တွင်သာရှိပြီး ၊ ရန်ကုန်တိုင်း အတွင်း ၌ကွမ်းခြံကုန်း မြို့နယ်တစ်ခုတည်း ကသာလျှင်အခွန်စည်း ကြပ်မှုပြုလုပ်နိုင်ကြောင်း ၊ လေ့လာသိရှိရပါသည်။

## ၄-၆။ စည်းကြပ်ရာဒေသ သတ်မှတ်ခြင်း

အခွန် ကောက်ခံမှုစနစ်တွင်အခွန်စည်း ကြပ်ရမည့်ဒေသသတ်မှတ်ခြင်း သည်အရေး ကြီး သောလုပ်ငန်း ကိစ္စတစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ဤကိစ္စကိုအရေး မထား လျှင်အခွန်နစ်နာဆုံး ရှုံး မှုရှိနိုင်သောကြောင့်ဖြစ်ပါသည်။

စည်း မျဉ်း (၆၁) ၌ စည်း ကြပ်ရာဒေသသတ်မှတ်ခြင်း နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထား ပါသည်။

`` အခွန်ထမ်း အား အောက်ပါဒေသတို့တွင်အခွန်စည်း ကြပ်ကောက်ခံရမည်။

(က) အခွန်ထမ်း၏လုပ်ငန်း တည်ရှိရာမြို့နယ်၊ လုပ်ငန်း တစ်ခုထက် ပို၍ရှိလျှင်အဓိကလုပ်ငန်း တည်ရှိရာမြို့နယ်

(ခ) မြေ (သို့မဟုတ်) အဆောက်အဦငှားရမ်းခြင်းမှ ဝင်ငွေအတွက်သော်လည်းကောင်း ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေအတွက်သော်လည်းကောင်း ၊ ဖြစ်လျှင်အခွန်ထမ်း နေထိုင်ရာမြို့နယ်

(ဂ) အပိုဒ် (က) အရလက်တွေ့ဆောင်ရွက်ရာတွင်အခက်အခဲရှိသည့် ၊ ကိစ္စများ၌အခွန်ထမ်း နေထိုင်ရာမြို့နယ်ဟူ၍ပြဋ္ဌာန်းထားပါသည်။

စည်းကြပ်ရန်နေရာကိုသတ်မှတ်ဆုံးဖြတ်ရန်အတွက်အခွန်စည်းကြပ်ခြင်း ခံရမည့်သူလုပ်ကိုင်နေသည့်လုပ်ငန်းများ အနက်မည်သည့်လုပ်ငန်းသည်အဓိကကျသည်ကိုစည်းကြပ်မှုအဖွဲ့ကဆုံးဖြတ်ပါသည်။ အဓိကလုပ်ငန်းအဖြစ်သတ်မှတ်နိုင်ရန်အခွန်စည်းကြပ်ခံရမည့်သူ၏လုပ်ငန်းအားလုံးကိုမည်သည့်မြို့နယ်ရှိလုပ်ငန်းကကြီးကြပ်ကွပ်ကဲမှုပြုနေသည်ကို လေ့လာ၍ဆုံးဖြတ်ရပါသည်။ ထိုသို့လေ့လာရာ၌ပိုင်ရှင်က နေထိုင်ရာမြို့နယ်လုပ်ငန်းအားလုံး၏စာရင်းများ ထိန်းသိမ်းထားရှိရာမြို့နယ်ပိုင်ရှင်ကိုယ်တိုင်အုပ်ချုပ်ခြင်း ၊ ကုန်ထုတ်လုပ်ငန်းဖြစ်လျှင်ကုန်ပစ္စည်းများထုတ်လုပ်ရာမြို့နယ်ရောင်းချသည့် နေရာဒေသစသည့်အချက်အလက်များကိုပါထည့်သွင်းမှသာမှန်ကန်စွာဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

မြေ (သို့) အဆောက်အဦငှားရမ်းခြင်းမှဝင်ငွေအတွက်အခွန်ထမ်း နေထိုင်သည့်မြို့နယ်တွင်စည်းကြပ်ပါသည်။ သို့သော်ဤအချက်သည်ယာဉ်နှင့် အခြားပစ္စည်းငှားရမ်းခြင်းနှင့်ပတ်သက်၍အကျုံးမဝင်ပါ။ အခွန်ထမ်း တစ်ဦးတွင်မြေအဆောက်အဦငှားရမ်းခြင်းမှဝင်ငွေအပြင်အခွန်ပေး ဆောင်ရန်တာဝန်ရှိသောအခြားဝင်ငွေတစ်ရပ်ရပ်လည်းရှိနေပါက ၊ အဓိကလုပ်ငန်းတည်ရှိရာမြို့နယ်တွင်တစ်ပေါင်းတည်းစည်းကြပ်ပါသည်။

အခြေပစ္စည်း မှမြတ်စွန်း ငွေနှင့်ပတ်သက်၍စည်းကြပ်ရာ ၊ ဒေသမှာအခွန်ထမ်း နေထိုင်သည့်မြို့နယ်ပင်ဖြစ်ပါသည်။ အခွန်ထမ်း သည် လှိုင်မြို့နယ်တွင်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ကိုလုပ်ကိုင်ပြီး ၊ ဗဟန်း မြို့နယ်တွင် နေထိုင်သူဖြစ်ပါက၊ ကမာရွတ်မြို့နယ်ရှိ မြေကွက်ကို ရောင်း ချသဖြင့် ၊ ရရှိသောအခြေပစ္စည်း မှမြတ်စွန်း ငွေအပေါ်အခွန်စည်းကြပ်ရာဒေသမှာဗဟန်း မြို့နယ်ပင်ဖြစ်ပါသည်။ လှိုင်မြို့နယ်၌ ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အပေါ်အခွန်စည်း ကြပ်ပြီး ၊ ကမာရွတ်မြို့နယ်၌ ဤလုပ်ငန်း အတွက်စည်းကြပ်မှု ပြုလုပ်ခြင်း မရှိကြောင်း လေ့လာနိုင်ပါသည်။

လုပ်ငန်း လုပ်ကိုင်ခြင်း အတွက်အခွန်စည်း ကြပ်ခံရသူတစ်ဦးအား ဝင်ငွေရလမ်း မဖော်ပြနိုင်သောလမ်း ကြောင်း မှဝင်ငွေအတွက်စည်း ကြပ်ရန်ရှိလာပါကသက်ဆိုင်ရာလုပ်ငန်း တည်ရှိရာမြို့နယ်တွင်စည်း ကြပ် ရမည်ဖြစ်ပါသည်။ အခွန်ထမ်း နေထိုင်ရာမြို့နယ်တွင်လုံး ဝမစည်း ကြပ်ပါ ။ စည်း ကြပ်ပါကအခွန် ငွေများ နစ်နာနိုင်ကြောင်းကိုလေ့လာတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော်ထိုဝင်ငွေရလမ်း ခေါင်း စဉ်တစ်ခုတည်း ကိုသီးခြား စည်း ကြပ်ခြင်း မဟုတ်ဘဲ၊ အခြား ခေါင်း စဉ်များ အရဝင်ငွေများနှင့် ပေါင်း၍စည်း ကြပ်ခြင်း ဖြစ်၍၊ မြို့နယ်ခွဲ၍ဖြစ်စေ၊ အမှုခွဲ၍ဖြစ်စေ ၊ စည်း ကြပ်လျှင်အခွန် ငွေများ နစ်နာနိုင်ပါသည်။ ပိုမိုရှင်း လင်းစေရန် အောက်ပါဥပမာ ကိုလေ့လာနိုင်ပါသည်။

ဦး အေး သည်ဗဟန်း မြို့နယ်၌ နေထိုင်သူဖြစ်ပြီး ၊ ရောင်း ဝယ်မှုလုပ်ငန်း ကိုစမ်း ချောင်း မြို့နယ်၌လုပ်ကိုင်၏။ ရောင်း ဝယ်မှုလုပ်ငန်း မှဝင်ငွေ ၂၀၀၀၀ကျပ်ပေါ်တွင်အခွန်ငွေ ၁၃၅၆ကျပ် ထမ်း ဆောင်ပြီး ဖြစ်သည်။ ဦး အေး သည်ကား တစ်စီး ကို ၃၀၀၀၀ကျပ်ပေး ၍ဝယ်ကြောင်း သိရာ၊ ဝင်ငွေရလမ်း မဖော်ပြနိုင်သောဝင်ငွေ ၊

၁၆၅၀၀ကျပ် ပေါ်ပေါက်ကြောင်း စည်းကြပ်မှုအဖွဲ့ကဆုံးဖြတ်၏။ ကားဝယ်ခြင်းကိစ္စကိုဗဟန်းမြို့နယ်စာရင်းပြုစုရေးအဖွဲ့ကတွေ့နိုင်ရန်အလားအလာရှိပြီး၊ ထိုသတင်းကိုဝမ်းချောင်းမြို့နယ်သို့ပေးပို့၍စည်းကြပ်မှုကိုအောက်ပါအတိုင်းပြုလုပ်ပါသည်။

| | |
|---|---|
| မူလစည်းကြပ်မှုအရ ရောင်းဝယ်မှုလုပ်ငန်းမှဝင်ငွေ | ၂၀၀၀၀ |
| <u>ပေါင်း</u> | |
| ကားဝယ်ယူခြင်းအတွက် ပေါ်ပေါက်သည့်ဝင်ငွေရလမ်း မဖော်ပြနိုင်သောလမ်းကြောင်းမှဝင်ငွေ | ၁၆၅၀၀ |
| ပြန်လည်သတ်မှတ်သည့်စုစုပေါင်းဝင်ငွေ | ၃၆၅၀၀ |
| ကျသင့်သောအမြတ်ခွန် | ၆.၇၄၄ |
| <u>နှုတ်</u> | |
| မူလစည်းကြပ်မှုအရပေးဆောင်ပြီးအခွန် | ၁၃၅၆ |
| ထပ်မံဆောင်းခံရန်အမြတ်ခွန် | ၅၃၈၈ |

အကယ်၍စည်းကြပ်မှုကိုဗဟန်းမြို့နယ်၌ပင်သီးခြားပြုလုပ်ပါက ရရှိမည့်အခွန်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ကားဝယ်ယူခြင်းကြောင့် ပေါ်ပေါက်သည့်ဝင်ငွေရလမ်း | | |
| မဖော်ပြနိုင်သောလမ်းကြောင်းမှဝင်ငွေ | | ၁၆၅၀၀ |
| ကျသင့်အမြတ်ခွန် | | ၁၀၄၄ |
| ∴ နစ်နာမည့်အခွန်မှာ | ၅၃၈၈-၁၀၄၄ | ကျပ် ၄၃၄၄ |

အကယ်၍ဦးအေးသည်ထိုကားကိုပြန်လည်ရောင်းချပါက၊ အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်တွင်အခွန်စည်းကြပ်ရန်ဒေသမှာ ၊ ဗဟန်းမြို့နယ်ဖြစ်ပါမည်။ သို့သော်ထိုကား၏သတ်မှတ်သောအရောင်းတန်ဖိုး၊ သတ်မှတ်သည့်ရောင်းချသည့်နေ့နှင့်အခြေပစ္စည်းမှမြတ်စွန်းငွေ

နှင့်စည်းကြပ်သည့်အခွန်များကိုစမ်းချောင်းမြို့နယ်စည်းကြပ်မှုအဖွဲ့သို့ အကြောင်းကြားရမည်ဖြစ်ပါသည်။ စမ်းချောင်းမြို့နယ်စည်းကြပ်မှုအဖွဲ့သည် ရရှိသောသတင်းအချက်အလက်များကိုအမှုတွဲနေ့စဉ်မှတ်တမ်းတွင် ရေး ။ သွား၍အကြောင်းကြားစာကိုလည်းအမှုတွဲ၌တွဲထားရမည်ဖြစ် ကြောင်း လေ့လာသိရှိရပါသည်။

လက်တွေ့ဆောင်ရွက်ရာတွင်အခက်အခဲရှိပါကအခွန်ထမ်းနေထိုင်ရာမြို့နယ်တွင်စည်းကြပ်ပါသည်။ ပြည်ပမှပန္နည်းဘင်သွင်းသည့်အတွက်၊ စည်းကြပ်ကောက်ခံရန်အကောက်ခွန်ဦးစီးဌာနကတာဝန်ယူဆောင်ရွက်ပြီး ၊ ကျောက်တံတားမြို့နယ်သို့လွှဲပြောင်းပေးကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့်အခြားမြို့နယ်များ၌ဤကိစ္စနှင့်ပတ်သက်၍တာဝန် မရှိပါ။

အခကြေးငွေယူသောဖျော်ဖြေမှုနှင့်ပတ်သက်၍လည်းကောင်း ဆားထုတ်လုပ်ခြင်းများအတွက်လည်းကောင်း ၊ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများသည်ဖျော်ဖြေမှုကျင်းပရာဒေသနှင့်ဆားထုတ်လုပ်ခြင်း လုပ်ငန်းတည်ရှိရာဒေသများ၌ပင်အခွန်စည်းကြပ်ရန်ဒေသအဖြစ် ၊ သတ်မှတ်ကြောင်း လေ့လာရပါသည်။

စည်းကြပ်ရာဒေသနှင့်ပတ်သက်၍အငြင်းပွားမှုများကို ၊ မြို့နယ်အတွင်း၌မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကလည်းကောင်း ပြည်နယ်(သို့)တိုင်းအတွင်း၌ပြည်နယ်(သို့မဟုတ်)တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကလည်းကောင်း ၊ ကျန်ကိစ္စများအတွက်စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း စည်းမျဉ်း( ၆၂ )အရဆုံးဖြတ် ပေးပါသည်။

# အခန်း (၇)

## မြန်မာနိုင်ငံတွင်အမြတ်ခွန်စည်းကြပ်ကောက်ခံမှုအခြေအနေနှင့် ရန်ကုန်တိုင်း အတွင်း အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုအခြေအနေ

အမြတ်ခွန်သည်ပုဂ္ဂလိကကဏ္ဍမှ ကောက်ခံသည့်အခွန်များ အနက်၊ အဓိကအကျဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်း ပြီး သည့်အချိန်တွင်ဆိုရှယ်လစ်စီး ပွား ရေး စနစ်နှင့် အံဝင်ခွင်ကျဖြစ်ပြီး ဖွဲ့စည်း ပုံအခြေခံဥပဒေပုဒ်မ (၁၇၂) နှင့်ညီညွတ်သော အခွန်စည်းကြပ်မှုဖြစ်လာစေရန်အတွက်ပြည်သူ့လွှတ်တော်သည် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေကိုပြဋ္ဌာန်း ခဲ့ပါသည်။ ထိုဥပဒေသည်ယခင်ဥပဒေများ ထက် ပိုမို၍ရှင်း လင်း လွယ်ကူပြီး အခွန်စည်းကြပ်ကောက်ခံရာတွင်အခွန်ထမ်းများ အပေါ်သက်သာသော နှုန်း ထား များ ဖြင့် ကောက်ခံခြင်း ဖြင့်အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ၊ မျှတသောအခွန်စနစ်ကိုကျင့်သုံး ကြောင်း နှင့်ပြည်သူ့ကိုယ်စား လှယ်များ ကိုယ်တိုင်ကိုယ်ကျ ဖွဲ့စည်း ပါဝင်၍စည်း ကြပ်၊ ကြီး ကြပ် လမ်း ညွှန် သောအခွန်စနစ်ဖြစ် ကြောင်း အခန်း (၃) တွင် လေ့လာခဲ့ပြီး ဖြစ် ပါသည်။

ဤအခန်း တွင်မြန်မာနိုင်ငံ၏အမြတ်ခွန်စည်း ကြပ် ကောက်ခံရရှိမှုအခြေအနေ များ ကို လေ့လာမည်ဖြစ်ပါသည်။ ထို့ပြင်မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ပြီး ပုဂ္ဂလိကစီး ပွား ရေး လုပ်ငန်း အများ အပြား ထွန်း ကား ၍၊ စီး ပွား ရေး လူမှုရေး အချက်အချာဖြစ်သည့်ရန်ကုန်တိုင်း ၏အမြတ်ခွန် ကောက်ခံရရှိမှုအခြေအနေကို လေ့လာတင်ပြမည်ဖြစ်ပါသည်။ ထို့နောက်အမြတ်ခွန်ကောက်ခံရရှိမှုအများ ဆုံး ဖြစ်သည့်မြို့နယ်ကိုစိစစ်ရွေး ချယ်၍၊ ထိုမြို့နယ်၏အမြတ်ခွန် ကောက်ခံရရှိမှုအခြေအနေကိုဆက်လက် လေ့လာတင်ပြမည်ဖြစ်ပါသည်။ ထို့ကြောင့်

ဤအခန်း၌ လေ့လာသည့်ပုံစံမှာ ရွေးချယ်လေ့လာနည်း( Selected Method ) ကိုအသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင်အချိုး ဒ်ဝဒ်နည်း ( Ratio Analysis )ကိုလည်း အသုံးပြုမည်ဖြစ်ပါသည်။

၅-၁။ <u>မြန်မာနိုင်ငံ၏အမြတ်ခွန်စည်းကြပ်ကောက်ခံရရှိမှုအခြေအနေ</u>

မြန်မာနိုင်ငံတွင်အမြတ်ခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍နှစ်စဉ်ကောက်ခံရရှိမည့်ငွေကိုတစ်မျိုးသားလုံး၏အသားတင်ထုတ်လုပ်မှုအပေါ် အခြေခံလျက်တွက်ချက်ပြီး နိုင်ငံတော်မှနှစ်စဉ်လျာထားသတ်မှတ်ပေးပါသည်။ ထိုလျာထားသတ်မှတ်ချက်အတိုင်း ရရှိစေရန်ပြည်တွင်းအခွန်များဦးစီးဌာနမှအမြတ်ခွန်ကိုကောက်ခံပေးရပါသည်။ ထို့ကြောင့်သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့သည်ပုဂ္ဂလိကကဏ္ဍမှအမြတ်ခွန်အပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများလိုလားစွာအခွန်ပေးဆောင်လာစေရန်စည်းရုံးရေးစသည့်ရည်မှန်းချက်များနှင့်အညီ၊ အခွန်စည်းကြပ်ကောက်ခံရန်၊ပြည်နယ်တိုင်းများအား နိုင်ငံတော်မှသတ်မှတ်လျာထားပေးသည့်ကိန်းဂဏန်းများကိုပြည့်မီစေရန်တာဝန်ပေးဆောင်ရွက်စေပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေစတင်သည့် ၁၉၇၆-၇၇ ဘဏ္ဍာရေးနှစ်မှ ၁၉၈၅-၈၆ ဘဏ္ဍာရေးနှစ်တိုင်အောင်မြန်မာနိုင်ငံတစ်ဝှမ်းလုံး၏အမြတ်ခွန်ကောက်ခံရရှိမှုကိုလေ့လာပါကနိုင်ငံတော်မှနှစ်စဉ်လျာထားသတ်မှတ်သည့်ရာခိုင်နှုန်းများကိုပြည့်မီသည့်အပြင်ကျော်လွန်စွာပင်ရရှိခဲ့ရာဇယား ( ၅ ) ၌ ဖော်ပြထားပါသည်။ ဇယား ( ၅ )ကိုလေ့လာပါလျှင်အမြတ်ခွန်ကောက်ခံရရှိမှုပမာဏသည်တစ်နှစ်ထက်တစ်နှစ် ၊ သိသိသာသာတိုးတက်များပြားစွာရရှိခဲ့သည်ကိုတွေ့ရှိရပါသည်။

## ဇယား (၅)

### ၁၉၇၆-၇၇ခုနှစ်မှ၁၉၈၅-၈၆ခုနှစ်အထိမြန်မာနိုင်ငံအတွင်း အမြတ်ခွန် ကောက်ခံရန်လျာထား ငွေနှင့်ကောက်ခံရရှိမှုအခြေအနေပြဇယား

(ကျပ်ထောင်ပေါင်း)

| ဘဏ္ဍာနှစ် | လျာထားငွေ | ကောက်ခံရငွေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၇၆-၇၇ | ၁၄၁၁၀၀ | ၈၉၁၃၄ | ၆၃.၁၇ |
| ၁၉၇၇-၇၈ | ၁၄၅၀၀၀ | ၁၁၀၄၂၂ | ၇၆.၁၅ |
| ၁၉၇၈-၇၉ | ၁၂၃၈၅၉ | ၁၀၈၀၅၅ | ၈၅.၃၁ |
| ၁၉၇၉-၈၀ | ၁၂၆၃၃၂ | ၁၂၂၂၅၁ | ၉၆.၇၇ |
| ၁၉၈၀-၈၁ | ၁၃၀၄၅၀ | ၁၃၆၂၈၈ | ၁၀၄.၄၇ |
| ၁၉၈၁-၈၂ | ၁၄၁၁၇၃ | ၁၆၆၈၂၂ | ၁၁၈.၂ |
| ၁၉၈၂-၈၃ | ၁၄၅၈၉၆ | ၁၉၄၆၃၅ | ၁၃၃.၄ |
| ၁၉၈၃-၈၄ | ၁၆၀၂၅၀ | ၂၁၀၉၅၅ | ၁၃၆.၆ |
| ၁၉၈၄-၈၅ | ၂၀၁၇၅၅ | ၂၆၇၄၅၂ | ၁၃၂.၇၂ |
| ၁၉၈၅-၈၆ | ၂၂၀၀၅၅ | ၃၀၇၅၆၅ | ၁၃၉.၇၇ |

ဇယား (၅)ကို လေ့လာပါက၊ အမြတ်ခွန်ဥပဒေစတင်ပေါ်ပေါက်စကာလဖြစ်သည့် ၁၉၇၆-၇၇ခုနှစ်တွင်လျာထား သတ်မှတ်ချက်ကို ၊ ပြည့်မီခြင်း မရှိဘဲ လျော့နည်း နေသည်ကို တွေ့ရှိရပါသည်။ ရာခိုင်နှုန်း အားဖြင့် ဖော်ပြရလျှင် ၆၃.၁၇ ရာခိုင်နှုန်း သာရှိသည်ကို တွေ့ရှိရပါသည်။ ဤသို့ လျော့နည်း ရခြင်း သည်အမြတ်ခွန် ကောက်ခံမှုနှင့်ပတ်သက်၍အကောင်အထည် ဖော်ရန်အရှိန်ယူပြင်ဆင်ရခြင်း ၊ ဥပဒေစတင်ကျင့်သုံး စကာလဖြစ်၍သက်ဆိုင်ရာပုဂ္ဂိုလ်တို့သည်ဥပဒေအသစ်ကိုထိတွေ့မှုနည်း ပါးခြင်း ၊ ကြေညာ

ခြင်းများ မရှိသေးခြင်း ၊ စည်းကြပ်မှုအဖွဲ့များ ပြောင်းလဲခြင်းနှင့်၊ ဝန်ထမ်းများ ကျွမ်းကျင်မှုနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။ သို့သော် နှစ်စဉ်တိုးတက်မှုရှိလာခဲ့သည်ကိုမူ တွေ့ရှိရပါသည်။

၁၉၈၀–၈၁ ဘဏ္ဍာနှစ်မှစ၍အမြတ်ခွန် ကောက်ခံမှုသည်နှင့် စဉ်လျှောထား ချက်များကိုပြည့်မီ၍တရှိန်ထိုးတိုးတက်လာခဲ့ရာ၊ ၁၉၈၅–၈၆ ဘဏ္ဍာနှစ်တွင် ကောက်ခံရရှိငွေသည်လျာထားငွေ၏ ၁၃၉.၇၇ ရာခိုင်နှုန်း ရှိလာသည်ကို တွေ့ရှိရပါသည်။

ဇယား (၅) အရ ယေဘုယျကောက်ချက်ချရပါလျှင် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေသစ် ပေါ်ထွက်လာခြင်းဖြင့်အမြတ်ခွန် ကောက်ခံရရှိမှုသည် နှစ်စဉ်တိုးတက်ပြီး နိုင်ငံတော်၏လျာထားသတ်မှတ်ချက်များကိုပြည့်မီသည့် အပြင်ကျော်လွန်လျက်ပင်ရှိသောကြောင့်နိုင်ငံဘော်၏ဘဏ္ဍာငွေကိုအခွမ်းကုန် ဖြည့်ဆွမ်း ပေးနိုင်သည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့်ဆိုရှယ်လစ်စီးပွားရေး စနစ်၏အခွန်အပြည့်အဝ ကောက်ခံရရှိရေးဟူသောဦးတည်ချက်ကိုထိရောက် အောင်မြင်စွာအကောင်အထည်ဖော်လျက်ရှိသည်ဟု လေ့လာသုံးသပ်နိုင် ပါ သည်။

မြန်မာနိုင်ငံဘွင်အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၊ အခွန်ကောက် ခံရရှိမှုအခြေအနေတိုးတက်ပြောင်းလဲလာခြင်းကိုပိုမို၍ထင်ရှားစေရန် ဇယား (၆) ကိုအောက်ပါအတိုင်း ဖော်ထုတ်တင်ပြပါသည်။

## ဇယား (၆)

## မြန်မာနိုင်ငံအတွင်း အမြတ်ခွန် ကောက်ခံရရှိမှုတိုးတက်ပြောင်းလဲမှု အခြေအနေပြဇယား

(အခြေခံနှစ် = ၁၉၇၆-၇၇ဘဏ္ဍာရေးနှစ်)

| ဘဏ္ဍာရေးနှစ် | ကောက်ခံရငွေ | တိုးတက်ပြောင်းလဲမှု | တိုးတက်ပြောင်းလဲမှုရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၇၆-၇၇ | ၈၉၁၃၄ | - | - |
| ၁၉၇၇-၇၈ | ၁၁၀၄၂၂ | ၂၁၂၈၈ | ၂၃.၈၈ |
| ၁၉၇၈-၇၉ | ၁၀၈၀၅၅ | ၁၈၉၂၁ | ၂၁.၂၃ |
| ၁၉၇၉-၈၀ | ၁၂၂၂၅၁ | ၃၃၁၁၇ | ၃၇.၁၅ |
| ၁၉၈၀-၈၁ | ၁၃၆၂၈၈ | ၄၅၁၅၄ | ၅၂.၉၀ |
| ၁၉၈၁-၈၂ | ၁၆၆၈၂၂ | ၇၇၆၈၈ | ၈၇.၁၆ |
| ၁၉၈၂-၈၃ | ၁၉၄၆၃၅ | ၁၀၅၅၀၁ | ၁၁၈.၃၆ |
| ၁၉၈၃-၈၄ | ၂၁၈၉၅၅ | ၁၂၉၈၂၁ | ၁၄၅.၆၅ |
| ၁၉၈၄-၈၅ | ၂၆၇၄၅၂ | ၁၇၈၃၁၈ | ၂၀၀.၀၆ |
| ၁၉၈၅-၈၆ | ၃၀၇၅၆၅ | ၂၁၈၄၃၁ | ၂၄၅.၀၆ |

မှတ်ချက်။ ၁၉၇၆-၇၇ခုနှစ်မတိုင်မီကဘဏ္ဍာရေးနှစ်များတွင် ရရှိသည့်အမြတ်ခွန်ကောက်ခံရငွေမှာအခွန်အမျိုးအစား အမျိုးမျိုး ရောထွေးနေခြင်းကြောင့်အမြတ်ခွန်ဥပဒေ သစ်စတင်သည့် ၁၉၇၆-၇၇ဘဏ္ဍာရေးနှစ်ကိုသာလျှင် အခြေခံနှစ်အဖြစ်ထား ရှိ၍တွက်ချက်ပါသည်။

ဇယား (၆) တွင် နှစ်သည်အမြတ်ခွန် ကောက်ခံရငွေတိုးတက်ပြောင်းလဲလာမှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ ၁၉၇၆-၇၇ ခုနှစ်အမြတ်ခွန်ဥပဒေ ဝင်တင်အကျိုးသက်ရောက်သည့်နှစ်ကိုအခြေခံနှစ်အဖြစ်ထား၍ ကျန်နှစ်များ၏ ကောက်ခံရရှိသည့်အမြတ်ခွန်ပမာဏများဖြင့် နှိုင်းယှဉ်ကာ တိုးတက်ပြောင်းလဲမှုနှုန်းကို လေ့လာပါလျှင်နှစ်စဉ်တိုးတက်လာမှုကို တွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအား တိုင်း (၇) တိုင်း နှင့်ပြည်နယ် (၇) ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ထို့ကြောင့်တစ်နိုင်ငံလုံးအတွက်၊ အမြတ်ခွန် ကောက်ခံရရှိမှုတွင်၊ ပြည်နယ်နှင့်တိုင်း (၁၄) ခုတို့မှ ကောက်ခံရရှိထားပုံကို ဇယား (၇) ၌ဆက်လက် လေ့လာထားပါသည်။ ဇယား (၇) တွင် အမြတ်ခွန်ဥပဒေအခြေခိုင်မာလာသည့် ၁၉၈၁-၈၂ ဘဏ္ဍာနှစ်မှ၍၊ ၁၉၈၅-၈၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွက်အမြတ်ခွန် ကောက်ခံရရှိမှုကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

ဇယား (၇) ကို လေ့လာပါက ၁၉၈၁-၈၂ ဘဏ္ဍာနှစ်နှင့်၊ ၁၉၈၂-၈၃ ဘဏ္ဍာနှစ်တို့တွင်ချင်းပြည်နယ်မှအပ၊ ကျန်ပြည်နယ်/တိုင်းအားလုံး သည်မိမိတို့နှင့်သက်ဆိုင်ရာသတ်မှတ်လျာထားချက်များကိုပြည့်မီအောင် ကောက်ခံရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော် ၁၉၈၃-၈၄ ဘဏ္ဍာနှစ်မှစ၍ ၁၉၈၅-၈၆ ဘဏ္ဍာနှစ်အထိမှာမူ၊ ပြည်နယ်/တိုင်း (၁၄) ခုတို့သည် လျာထားချက်များကိုပြည့်မီသည့်အပြင် ကျော်လွန်လျက်ပင်ရှိကြောင်း တွေ့ရှိရပါသည်။

လျာထားချက်များကိုပြည့်မီ ကျော်လွန်စွာ ကောက်ခံရရှိခြင်းမှာ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ပြည်နယ်တိုင်းအသီးသီး၌ပြည်သူ့ကောင်စီဝင်များ ပါဝင်ဖွဲ့စည်းထားသော ရပ်ကွက်ကျေးရွာအုပ်စု၊ စာရင်းပြုစုရေးအဖွဲ့များနှင့်စည်းကြပ်မှု

ဇယား (၇)

ပြည်နယ်/တိုင်း အလိုက် ၁၉၈၁-၈၂ မှ ၁၉၈၅-၈၆ ခုနှစ်အထိ အမြတ်ဆုံးကောက်ခံရန် လျာထားငွေနှင့်ကောက်ခံရ ရှိမှု အခြေအနေပြဇယား

(ကျပ် ထောင်ပေါင်း)

| ပြည်နယ်/တိုင်း | ၁၉၈၁-၈၂ | | | ၁၉၈၂-၈၃ | | | ၁၉၈၃-၈၄ | | | ၁၉၈၄-၈၅ | | | ၁၉၈၅-၈၆ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လျာထား | ကောက်ခံ | ရာခိုင်နှုန်း | လျာထား | ကောက်ခံ | ရာခိုင်နှုန်း | လျာထား | ကောက်ခံ | ရာခိုင်နှုန်း | လျာထား | ကောက်ခံ | ရာခိုင်နှုန်း | လျာထား | ကောက်ခံ | ရာခိုင်နှုန်း |
| ကချင် | ၂၀၆၃ | ၂၃၀၂ | ၁၁၁.၆ | ၂၁၀၀ | ၂၂၂၃ | ၁၀၅.၉ | ၂၂၀၂ | ၂၅၆၅ | ၁၁၆.၅ | ၂၅၆၅ | ၂၇၈၅ | ၁၀၈.၆ | ၂၅၅၀ | ၂၈၈၈ | ၁၁၃.၂ |
| ကယား | ၂၅၀ | ၃၇၄ | ၁၄၉.၆ | ၂၆၀ | ၅၆၀ | ၂၁၅.၄ | ၂၇၀ | ၆၁၃ | ၂၂၇.၀ | ၆၁၅ | ၇၆၀ | ၁၂၃.၆ | ၆၈၂ | ၇၉၃ | ၁၁၆.၃ |
| ကရင် | ၁၁၀၀ | ၁၂၀၇ | ၁၀၉.၇ | ၁၁၅၀ | ၁၃၀၅ | ၁၁၃.၅ | ၁၂၁၅ | ၁၃၁၈ | ၁၀၈.၅ | ၁၃၂၀ | ၁၄၃၈ | ၁၀၈.၉ | ၁၃၀၀ | ၁၄၈၆ | ၁၁၄.၃ |
| ချင်း | ၁၂၂ | ၁၁၀ | ၉၀.၂ | ၁၂၅ | ၁၁၉ | ၉၅.၂ | ၁၁၄ | ၁၂၂ | ၁၀၇.၀ | ၁၂၅ | ၁၅၄ | ၁၂၃.၂ | ၁၂၅ | ၁၆၁ | ၁၂၈.၈ |
| စစ်ကိုင်း | ၆၁၃၀ | ၆၆၁၈ | ၁၀၈.၀ | ၆၄၅၃ | ၆၉၈၅ | ၁၀၇.၉ | ၆၆၈၇ | ၇၄၃၂ | ၁၁၁.၅ | ၇၄၃၅ | ၇၈၅၁ | ၁၀၅.၆ | ၇၈၀၀ | ၈၆၃၅ | ၁၁၀.၇ |
| တနင်္သာရီ | ၄၄၃၈ | ၅၄၈၄ | ၁၂၃.၆ | ၄၆၃၀ | ၅၄၁၃ | ၁၁၆.၉ | ၅၀၇၀ | ၆၀၂၈ | ၁၁၈.၉ | ၆၀၃၀ | ၆၄၁၃ | ၁၀၆.၃ | ၆၅၀၀ | ၇၀၃၇ | ၁၀၈.၃ |
| ပဲခူး | ၁၄၁၀၀ | ၁၄၂၆၄ | ၁၀၁.၂ | ၁၄၁၀၀ | ၁၅၀၁၆ | ၁၀၆.၅ | ၁၄၅၆၇ | ၁၆၁၇၄ | ၁၁၁.၀ | ၁၆၁၇၅ | ၁၇၆၁၁ | ၁၀၈.၉ | ၁၇၆၀၀ | ၁၉၀၁၃ | ၁၀၈.၀ |
| မကွေး | ၄၃၀၀ | ၅၃၄၅ | ၁၂၄.၃ | ၄၇၂၀ | ၅၄၇၇ | ၁၁၆.၀ | ၅၂၀၀ | ၅၉၇၄ | ၁၁၄.၉ | ၅၉၇၅ | ၆၅၂၉ | ၁၀၉.၃ | ၆၄၀၀ | ၆၈၇၇ | ၁၀၇.၄ |
| မန္တလေး | ၂၀၀၀၀ | ၂၁၃၅၁ | ၁၀၆.၈ | ၂၁၀၀၀ | ၂၃၃၆၅ | ၁၁၁.၃ | ၂၂၀၀၀ | ၂၄၁၉၈ | ၁၀၉.၉ | ၂၄၁၇၀ | ၂၆၆၀၆ | ၁၁၀.၁ | ၂၆၀၀၀ | ၂၉၂၂၀ | ၁၁၂.၄ |
| မွန် | ၆၇၇၀ | ၇၄၇၈ | ၁၁၀.၅ | ၆၇၀၀ | ၇၂၇၉ | ၁၀၈.၆ | ၇၂၄၀ | ၇၉၁၇ | ၁၀၉.၄ | ၇၉၂၀ | ၈၅၆၁ | ၁၀၈.၁ | ၈၄၀၀ | ၉၀၈၀ | ၁၀၈.၁ |
| ရခိုင် | ၉၀၀ | ၁၁၀၇ | ၁၂၃.၀ | ၉၅၀ | ၁၁၄၃ | ၁၂၀.၃ | ၉၈၄ | ၁၄၀၈ | ၁၄၃.၁ | ၁၄၁၀ | ၁၈၀၂ | ၁၂၇.၈ | ၁၅၆၀ | ၁၉၁၃ | ၁၂၂.၆ |
| ရန်ကုန် | ၆၀၉၈၀ | ၈၀၄၇၀ | ၁၃၂.၀ | ၆၃၀၀၀ | ၁၀၃၆၁၃ | ၁၆၄.၅ | ၇၃၃၆၀ | ၁၂၀၇၈၆ | ၁၆၄.၇ | ၁၀၄၅၄၀ | ၁၃၈၆၉၉ | ၁၃၂.၇ | ၁၀၄၃၃၃ | ၁၉၁၀၄၀ | ၁၈၇.၁ |
| ရှမ်း | ၈၁၂၀ | ၈၃၇၆ | ၁၀၃.၂ | ၈၅၀၀ | ၉၃၃၃ | ၁၁၀.၃ | ၈၆၅၄ | ၁၀၉၆၅ | ၁၂၆.၇ | ၁၀၀၀၀ | ၁၂၀၇၅ | ၁၂၀.၇ | ၁၂၃၀၀ | ၁၃၄၉၆ | ၁၀၉.၇ |
| ဧရာဝတီ | ၁၁၉၀၀ | ၁၂၃၃၆ | ၁၀၃.၇ | ၁၂၂၀၀ | ၁၂၇၈၄ | ၁၀၄.၈ | ၁၂၇၀၇ | ၁၃၄၇၅ | ၁၀၆.၀ | ၁၃၄၇၅ | ၁၄၁၆၈ | ၁၀၅.၁ | ၁၄၅၀၀ | ၁၅၉၂၆ | ၁၀၉.၈ |
| စုစုပေါင်း | ၁၄၁၁၇၃ | ၁၅၆၈၂၂ | ၁၁၁.၂ | ၁၄၅၈၈၆ | ၁၉၄၆၃၅ | ၁၃၃.၄ | ၁၆၀၂၅၀ | ၂၁၈၉၅၅ | ၁၃၆.၆ | ၂၀၁၇၅၅ | ၂၆၇၄၅၂ | ၁၃၂.၅၂ | ၂၂၀၀၅၅ | ၃၀၇၅၆၅ | ၁၃၉.၇၇ |

ဇယား (၈)

## စုစုပေါင်း အမြတ်ခွန်ကောက်ခံရရှိမှုတွင် ပြည်နယ်/တိုင်း အသီးသီး၏ ပါဝင်မှုအချိုးပြဇယား

(ကျပ်ထောင်ပေါင်း)

| ပြည်နယ်/တိုင်း | ၁၉၈၁-၈၂ | | ၁၉၈၂-၈၃ | | ၁၉၈၃-၈၄ | | ၁၉၈၄-၈၅ | | ၁၉၈၅-၈၆ | |
|---|---|---|---|---|---|---|---|---|---|---|
| | ကောက်ခံငွေ | ပါဝင်မှု % | ကောက်ခံငွေ | ပါဝင်မှု % | ကောက်ခံငွေ | ပါဝင်မှု % | ကောက်ခံငွေ | ပါဝင်မှု % | ကောက်ခံငွေ | ပါဝင်မှု % |
| ကချင် | ၂၃၀၂ | ၁.၃၈ | ၂၂၂၃ | ၁.၁၄ | ၂၅၆၅ | ၁.၁၇ | ၂၇၈၅ | ၁.၀၄ | ၂၈၈၈ | .၉၄ |
| ကယား | ၃၇၄ | .၂၂ | ၅၆၀ | .၂၉ | ၆၁၃ | .၂၈ | ၇၆၀ | .၂၈ | ၇၉၃ | .၂၆ |
| ကရင် | ၁၂၀၇ | .၇၂ | ၁၃၀၅ | .၆၇ | ၁၃၁၈ | .၆၀ | ၁၄၃၈ | .၅၄ | ၁၄၈၆ | .၄၈ |
| ချင်း | ၁၁၀ | .၀၇ | ၁၁၉ | .၀၆ | ၁၂၂ | .၀၆ | ၁၅၄ | .၀၆ | ၁၆၁ | .၀၅ |
| စစ်ကိုင်း | ၆၆၁၈ | ၃.၉၇ | ၆၉၆၅ | ၃.၅၈ | ၇၄၃၂ | ၃.၃၉ | ၇၈၅၁ | ၂.၉၄ | ၈၆၃၅ | ၂.၈၁ |
| တနင်္သာရီ | ၅၄၈၄ | ၃.၂၉ | ၅၄၁၃ | ၂.၇၈ | ၆၀၂၈ | ၂.၇၅ | ၆၄၁၃ | ၂.၄၀ | ၇၀၃၇ | ၂.၂၉ |
| ပဲခူး | ၁၄၂၆၄ | ၈.၅၅ | ၁၅၀၁၆ | ၇.၇၁ | ၁၆၁၇၄ | ၇.၃၉ | ၁၇၆၁၁ | ၆.၅၈ | ၁၉၀၁၃ | ၆.၁၈ |
| မကွေး | ၅၃၄၅ | ၃.၂၀ | ၅၄၇၇ | ၂.၈၁ | ၅၉၇၄ | ၂.၇၃ | ၆၅၂၉ | ၂.၄၄ | ၆၈၇၇ | ၂.၂၄ |
| မန္တလေး | ၂၁၃၅၁ | ၁၂.၈ | ၂၃၃၆၅ | ၁၂.၀၀ | ၂၄၁၆၉ | ၁၁.၀၄ | ၂၆၆၀၆ | ၉.၉၅ | ၂၉၂၂၀ | ၉.၅၀ |
| မွန် | ၇၄၇၈ | ၄.၄၈ | ၈၂၇၉ | ၃.၇၄ | ၇၉၁၇ | ၃.၆၂ | ၈၅၆၁ | ၃.၂၀ | ၉၈၈၀ | ၂.၉၅ |
| ရခိုင် | ၁၁၀၇ | .၆၆ | ၁၁၄၃ | .၅၉ | ၁၄၀၈ | .၆၄ | ၁၈၀၂ | .၆၇ | ၁၉၁၃ | .၆၂ |
| ရန်ကုန် | ၈၀၄၇၀ | ၄၈.၂၄ | ၁၀၃၆၁၃ | ၅၃.၂၃ | ၁၂၀၇၂၆ | ၅၅.၁၇ | ၁၄၀၆၉၉ | ၅၀.၁၉ | ၁၉၁၀၄၀ | ၆၂.၁ |
| ရှမ်း | ၈၃၇၆ | ၅.၀၂ | ၉၃၇၃ | ၄.၈၂ | ၁၀၉၆၅ | ၅.၀၁ | ၁၂၀၇၅ | ၄.၅၁ | ၁၃၃၉၆ | ၄.၃၆ |
| ဧရာဝတီ | ၁၂၃၃၆ | ၇.၃၉ | ၁၂၇၈၄ | ၆.၅၇ | ၁၃၄၇၅ | ၆.၁၅ | ၁၄၁၆၈ | ၅.၃၀ | ၁၅၉၂၆ | ၅.၁၈ |
| စုစုပေါင်း | ၁၆၆၈၂၂ | ၁၀၀ | ၁၉၄၆၃၅ | ၁၀၀ | ၂၁၈၉၅၅ | ၁၀၀ | ၂၆၇၄၅၂ | ၁၀၀ | ၃၀၇၅၉၅ | ၁၀၀ |

မှုအဖွဲ့များ က အမြဲတမ်းခွန်စည်းကြပ်ကောက်ခံခြင်း ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ကို ဖိဖိစီးစီး ဆောင်ရွက်ခြင်း နှင့် ထိုအဖွဲ့များ၏ ဆောင်ရွက်ချက်များ ထိရောက်စေရန် ပြည်နယ်တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ နှင့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ က ကြီးကြပ်မှုပြုပေးခြင်း အခွန်ထမ်းပြည်သူများ အား အခွန်ပေး ဆောင်လာစေရန် စည်းရုံးဆောင်ရွက်ခြင်း တို့ကြောင့် အမြဲတမ်းခွန် ကောက်ခံရရှိမှုသည် ပိုမို၍ တိုး တက်ကောက်ခံရရှိခြင်း ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထား သောရပ်ကွက်ကျေး ရွာအုပ်စုစာရင်း ပြုစုရေး အဖွဲ့များ ၊ အခွန်စည်းကြပ်မှုအဖွဲ့များ ၏ ဆောင်ရွက်ချက်များ နှင့်ပြည်နယ်တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ ၏ကြီးကြပ်မှုများ သည် ၊ ထိရောက် အောင်မြင်ခြင်း ရှိသည်ဟူ၍ မှတ်ယူရပါသည်။

ပြည်နယ်/တိုင်း (၁၄) ခုအနက်၊ မြန်မာနိုင်ငံတနိုင်ငံလုံး၏ စုစုပေါင်း အမြဲတမ်းခွန် ကောက်ခံရရှိမှုတွင်ပြည်နယ်တိုင်း အသီး သီး သည်မည်မျှ ထည့်ဝင်မှုပေး ၍မည်သည့်ပြည်နယ်/တိုင်း ကထည့်ဝင်မှုအများ ဆုံး ပေးနိုင် သည်ကိုဇယား (၈) ဖြင့်ထုတ်ဖော်၍တင်ပြပါသည်။ ဇယား (၈) တွင်ပြည်နယ် တိုင်း တစ်ခုစီ၏ စုစုပေါင်း အမြဲတမ်းခွန် ကောက်ခံရရှိမှုတွင်ပါဝင်မှုအချိုး အစား ကိုရာခိုင်နှုန်း ဖြင့်တွက်ချက်ဖော်ပြထား ပါသည်။

ဇယား (၈) ကို လေ့လာပါက ရန်ကုန်တိုင်း သည်ပြည်နယ်/တိုင်း အားလုံး အနက်အမြဲတမ်းခွန် ကောက်ခံရရှိမှုပမာဏအများ ဆုံး ရရှိသည့်တိုင်း တစ်တိုင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ၏အမြဲတမ်းခွန် ကောက်ခံရရှိမှုတွင်ပါဝင်သည့်ရာခိုင်နှုန်း မှာလည်း အခြား ပြည်နယ်/တိုင်း များ နှင့်နှိုင်း ယှဉ်ပါကအများ ဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ပြင်ရန်ကုန် တိုင်း ၏စုစုပေါင်း အမြဲတမ်းခွန် ကောက်ခံရရှိမှုတွင်ပါဝင်သည့်ရာခိုင်နှုန်းမှာ လည်း ၁၉၈၁–၈၂ဘဏ္ဍာနှစ်တွင် ၄၈.၂၄ ရာခိုင်နှုန်း ရှိရာမှနှ

## မြန်မာနိုင်ငံ၏ အမြတ်ခွန်ကောက်ခံရရှိငွေတွင် ရန်ကုန်တိုင်းမှ ပါဝင်မှု အချိုးပြပုံ

(ကျပ်သိန်းပေါင်း)

စကေး

•၅" = ၅၀၀

မြန်မာနိုင်ငံတစ်နိုင်ငံလုံး အမြတ်ခွန်ကောက်ခံရငွေ

ရန်ကုန်တိုင်းမှ ကောက်ခံရငွေ



စဉ်တိုး တက်လာခဲ့ပြီး ၊ ၁၉၈၅–၈၆ဘဏ္ဍာနှစ်တွင် ၆၂.၁၁ရာခိုင်နှုန်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်ခုခု ပေါင်း အမြတ်ခွန် ကောက်ခံရရှိမှု၏ထက်ဝက် ကျော်မှာ ရန်ကုန်တိုင်း တစ်ခုတည်း ကပင်ဖြည့်ဆည်း ပေး လျက်ရှိကြောင်း ပေါ်လွင်နေပါသည်။

ရန်ကုန်တိုင်း သည်အမြတ်ခွန် ကောက်ခံရရှိမှုအမြင့်ဆုံး ရသည့်တိုင်း ဖြစ်သည့်ပြင်မြန်မာနိုင်ငံတစ်နိုင်ငံလုံး ၏အမြတ်ခွန်တိုး တက်လာမှုတွင် ပါဝင်မှုအချိုး အစား မှာလည်း တိုး တက်လျက်ရှိပါသည်။ ရန်ကုန်တိုင်း သည် ၊ ကုန်သွယ်မှုဝန် ဆောင်မှုနှင့်ကုန်ထုတ်လုပ်မှုမှုများ အရစီး ပွား ရေးအချက် အချာကျသည့်တိုင်း ဖြစ်သဖြင့်ပုဂ္ဂလိကကဏ္ဍမှထိုလုပ်ငန်း များ အပေါ်အမြတ်ခွန်စည်း ကြပ် ကောက်ခံမှုကိုပိုမိုတိုး တက်လာစေရန်ပြည်သူ့ကောင်စီအဆင့်ဆင့်၏ပံ့ပိုး မှုဖြင့်ဌာနဆိုင်ရာများ ကဖိဖိစီး စီး ကောက်ခံခဲ့သဖြင့်အမြတ်ခွန် ကောက်ခံရရှိငွေတွင်ရန်ကုန်တိုင်း မှပါဝင်မှုအချိုး အစား မှာတိုးတက်လာရခြင်း ဖြစ်ပါသည်။ ထိုသို့တိုး တက်လာပုံကို ပုံချပ်(၁)တွင်ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ပုံချပ်(၁)ကို လေ့လာပါကတစ်နိုင်ငံလုံး ၏အမြတ်ခွန် ကောက်ခံရရှိမှုသည် ၁၉၇၆–၇၇ဘဏ္ဍာရေး နှစ်မှစ၍တိုး တက်လာခဲ့ပါသည် ။ ထို့အတူပင်ရန်ကုန်တိုင်း မှအမြတ်ခွန် ကောက်ခံရရှိမှုသည်လည်း ၁၉၇၆–၇၇ ဘဏ္ဍာရေး နှစ်မှ၁၉၈၅–၈၆ဘဏ္ဍာရေး နှစ်အထိ(၁၀)နှစ်တာ၊ကာလအတွင်း တိုး တက်လာခဲ့ပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံတစ်နိုင်ငံလုံး ၏အမြတ်ခွန် ကောက်ခံမှုတွင်ရန်ကုန်တိုင်း မှပါဝင်သည့်အချိုး အစား မှာလည်း တစ်နှစ်ထက်တစ်နှစ်တိုး တက်လာခဲ့ပါသည်။ ၁၉၇၆–၇၇ဘဏ္ဍာရေး နှစ်တွင် ရန်ကုန်တိုင်း မှပါဝင်မှုအချိုး အစား သည် ၄၈.၁၆ ရာခိုင်နှုန်း ရှိရာမှ၁၉၈၅–၈၆တွင် ၆၂.၁၁ ရာခိုင်နှုန်း ရှိလာရာ(၁၀)နှစ်တာ ၊

ကာလတွင်တစ်နိုင်ငံလုံး၏အမြတ်ခွန်ကောက်ခံရရှိမှုတွင်ရန်ကုန်တိုင်းမှပါဝင်မှုအချိုးသည် ၁၃.၉၅ ရာခိုင်နှုန်းတိုးတက်လာသည်ကိုတွေ့ရပါသည်။

အထက်ဖော်ပြပါဇယားများနှင့်ပုံချက်အရ၊ ရန်ကုန်တိုင်းသည်အမြတ်ခွန်ကောက်ခံရရှိမှုအများဆုံးဖြည့်ဆည်းပေးသည့်တိုင်းဖြစ်သည့်ပြင်စီးပွားရေးအချက်အချာကျသည့်တိုင်းတစ်တိုင်းဖြစ်ခြင်းကြောင့် ၊ ရန်ကုန်တိုင်းအတွင်းရှိအမြတ်ခွန်ကောက်ခံရရှိမှုအခြေအနေများကို ၊ လေ့လာတင်ပြပါသည်။

## ၅-၂။ <u>ရန်ကုန်တိုင်းအတွင်းအမြတ်ခွန်ကောက်ခံရရှိမှုများအခြေအနေ</u>

ရန်ကုန်တိုင်း၏အမြတ်ခွန်ကောက်ခံရရှိမှုသည်အခြားပြည်နယ်တိုင်းများနှင့်မတူဘဲ၊ ထိပ်ဆုံးမှရပ်တည်နေပါသည်။ ရန်ကုန်တိုင်း၏ဘဏ္ဍာရေးနှစ်အလိုက်အမြတ်ခွန်ကောက်ခံရရှိမှုအခြေအနေများကိုဇယား (၉) ဖြင့်ဖော်ပြထားပါသည်။ ဇယား (၉) တွင်နိုင်ငံတော်မှနှစ်စဉ်လျာထားပေးသည့်ငွေများနှင့် ၊ ရန်ကုန်တိုင်းမှကောက်ခံရရှိသည့်ငွေများကို ၊ နှိုင်းယှဉ်ဖော်ပြထားပါသည်။ ထို့ပြင်ကောက်ခံရရှိမှုသည်လျာထားငွေကိုပြည့်မီအောင်ကောက်ခံရရှိခြင်းရှိမရှိကိုလည်းလေ့လာနိုင်ရန်၊ ရာခိုင်နှုန်းအားဖြင့်ဖော်ပြထားပါသည်။

## ဇယား (၉)

## ရန်ကုန်တိုင်း၏ဘဏ္ဍာနှစ်အလိုက်အမြဲတမ်းခွန်ကောက်ခံရန်လျာထားငွေနှင့်ကောက်ခံရရှိမှုအခြေအနေပြဇယား

(ကျပ်ထောင်ပေါင်း)

| ဘဏ္ဍာနှစ် | လျာထားငွေ | ကောက်ခံရငွေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၇၆-၇၇ | ၆၅၀၆၇ | ၄၃၉၃၃ | ၆၅.၉၈ |
| ၁၉၇၇-၇၈ | ၇၂၀၀၄ | ၅၂၄၁၈ | ၇၂.၈၀ |
| ၁၉၇၈-၇၉ | ၅၇၃၂၀ | ၅၃၇၆၈ | ၉၃.၈၀ |
| ၁၉၇၉-၈၀ | ၅၇၁၇၈ | ၅၃၄၉၄ | ၉၃.၅၆ |
| ၁၉၈၀-၈၁ | ၅၆၀၀၀ | ၆၁၃၄၂ | ၁၀၉.၅၃ |
| ၁၉၈၁-၈၂ | ၆၀၉၈၀ | ၈၀၄၇၀ | ၁၃၁.၉၆ |
| ၁၉၈၂-၈၃ | ၆၃၀၀၀ | ၁၀၃၆၁၃ | ၁၆၄.၄၇ |
| ၁၉၈၃-၈၄ | ၇၃၃၆၀ | ၁၂၀၇၉၆ | ၁၆၄.၆၆ |
| ၁၉၈၄-၈၅ | ၁၀၄၅၄၀ | ၁၆၀၆၉၉ | ၁၅၃.၇၂ |
| ၁၉၈၅-၈၆ | ၁၁၄၃၃၈ | ၁၉၁၀၄၀ | ၁၆၇.၀၈ |

အထက်ဖော်ပြပါဇယား (၉) ကိုလေ့လာပါက ၁၉၇၆-၇၇ ဘဏ္ဍာရေးနှစ်တွင်အမြဲတမ်းခွန်ကောက်ခံရန်လျာထားငွေသည်ကျပ် ၆၅၀.၆၇ သိန်းဖြစ်သော်လည်း၊ အမှန်တကယ်ကောက်ခံရရှိငွေမှာကျပ် ၄၃၉.၃၃ သိန်း၊ သာဖြစ်၍နိုင်ငံတော်၏လျာထားချက်ကိုပြည့်မီခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်း၏အဓိကအကြောင်းရင်းမှာ ဤအခန်း၏ရှေ့ပိုင်း၌ဖော်ပြခဲ့သည့်အတိုင်း ၁၉၇၆ ခုနှစ်အမြဲတမ်းခွန်ဥပဒေကျင့်သုံးစကာလဖြစ်၍ဥပဒေကိုမကြေညက်သေးခြင်း၊ ဝန်ထမ်းများကျွမ်းကျင်မှု

ပုံချပ် (၂)

## တတိယ နှင့် စတုတ္ထ လေးနှစ်စီမံကိန်း ကာလ ဘဏ္ဍာရေးနှစ်အသီးသီး၏ နှစ်ကုန်တွင် ပုဂ္ဂလိက အမြတ်ခွန်ကောက်ခံရရှိမှု ဂရပ်ဖ်

စကေး:
၁" = ၂၀၀ ကျပ်သိန်း



မရှိသေးခြင်းတို့ကြောင့်ဖြစ်ပါသည်။ အမြတ်ခွန်ကောက်ခံရရှိမှုသည်၊ ၁၉၇၆–၇၇ ဘဏ္ဍာရေးနှစ်မှစ၍လျာထားချက်ကိုပြည့်မီခြင်းမရှိသည့်တိုင်အောင်နှစ်ထက်တစ်နှစ်၊ နှစ်စဉ်တိုးတက်လာသည်ကိုတွေ့ရှိရပါသည်။ ၁၉၈၀–၈၁ဘဏ္ဍာရေးနှစ်မှစတင်၍နောက်ပိုင်းနှစ်များတွင်သိသိသာသာတိုးတက်လာခဲ့ပြီး၊ လျာထားချက်ကိုပြည့်မီသည့်အပြင်ကျော်လွန်၍ပင်ကောက်ခံနိုင်ခဲ့ရာ၊ ၁၉၈၅–၈၆တွင်အများဆုံးကောက်ခံနိုင်သည်ကိုတွေ့ရှိရပါသည်။ ၁၉၈၅–၈၆တွင်အမှန်ကောက်ခံရရှိသည့်ပမာဏမှာကျပ် ၁၉၁၀.၄ သိန်းဖြစ်ပြီး လျာထားငွေ၏ ၁၆၇.၀၈ ရာခိုင်နှုန်းဖြစ်ရာ၊ လျာထားချက်ကို၊ အပြည့်အဝအောင်အထည်ဖော်နိုင်သည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေစတင်ပေါ်ပေါက်ထားစ ၁၉၇၆–၇၇ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ၄–ဆကျော် ၅–ဆနီးပါးမျှတိုးတက်လာခဲ့သည်ကို ၊ လေ့လာတွေ့ရှိရပါသည်။

ထိုသို့အမြတ်ခွန်ကောက်ခံရရှိမှုသည်လျာထားချက်များကိုပြည့်မီ၍နှစ်စဉ်တိုးတက်လျက်ရှိသည့်အခြေအနေကိုသိသာပေါ်လွင်စေရန်ဇယားနှင့်စတုဂံလေးနှစ်စီမံကိန်းကာလဘဏ္ဍာရေးနှစ်အသီးသီး၏နှစ်ကုန်တွင်ပုဂ္ဂလိကအမြတ်ခွန်ကောက်ခံရရှိမှုကိုဂရပ်ဖ်ရေးဆွဲ၍လေ့လာတင်ပြထားပါသည်။

ပုံချပ်(၂)တွင်ဖော်ပြထားသည့်ရန်ကုန်တိုင်း၏ဇယားနှင့်စတုဂံလေးနှစ်စီမံကိန်းကာလဘဏ္ဍာရေးနှစ်ကုန်ရှိပုဂ္ဂလိကအမြတ်ခွန်ကောက်ခံရရှိမှုဂရပ်ဖ်ကိုလေ့လာရာ၌နိုင်ငံတော်မှလျာထားငွေကိုဖော်ပြသည့်လျာထားချက်မျဉ်းသည်နှစ်စဉ်တိုးတက်နေသည်ကိုတွေ့ရပါသည်။ အမြတ်ခွန်ကောက်ခံရရှိမှုမျဉ်းသည်လည်း ၁၉၈၀–၈၁ဘဏ္ဍာရေးနှစ်မှစ၍တရှိန်ထိုးတိုးတက်လျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုမျဉ်း ၂ ခု၏ကွာဟချက်များသည်

## ဇယား ( ၁၀ )

### ရန်ကုန်တိုင်း၏
### အမြတ်ခွန်သစ်ဦးရေတိုးတက်မှုအခြေအနေပြ ဇယား

( ဦးရေ )

| အမှတ်စဉ် | ထင်ငွေအမျိုးအစား | ၁၉၈၂-၈၃ | ၁၉၈၃-၈၄ | ၁၉၈၄-၈၅ | ၁၉၈၅-၈၆ |
|---|---|---|---|---|---|
| ၁ | ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်း | ၃ | ၂ | ၅ | ၃ |
| ၂ | အခြားပန္နည်းထုတ်လုပ်ခြင်းလုပ်ငန်း | ၃၉၀ | ၄၄၈ | ၈၆၃ | ၅၇၁ |
| ၃ | သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၆၂၃ | ၅၀၆ | ၂၄၀၄ | ၁၇၇၁ |
| ၄ | ကျောင်း ဝယ်လုပ်ကိုင်မှုလုပ်ငန်း | ၁၆၇၄ | ၁၁၂၇ | ၁၉၆၁ | ၁၂၅၇ |
| ၅ | အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း | ၂၁၃ | ၂၅၅ | ၃၂၄ | ၃၅၇ |
| ၆ | ပန္နည်းမှဝင်ငွေ | ၃၈ | ၆၆ | ၆၁ | ၇၇ |
| ၇ | အခြား ဝင်ငွေ | ၁၉၁၆ | ၁၄၇၁ | ၂၇၆၁ | ၂၆၄၄ |
| ၈ | အခြေပန္နည်း | ၂၈၁၅ | ၃၄၈၀ | ၅၄၂၇ | ၄၈၃၄ |
| | စုစုပေါင်း | ၇၆၇၂ | ၇၃၅၅ | ၁၃၈၀၆ | ၁၁၅၃၂ |

ဇစ်မြစ် ။ ရန်ကုန်တိုင်း အခွန်ဦးစီးဌာန၏အခွန်အရပ်ရပ် ကောက်ခံရရှိမှုအစီရင်ခံစာ

မှတ်ချက် ။ ရုပ်ရှင်၊ အခြား ဖျော်ဖြေမှုနှင့်သား ထုတ်လုပ်မှုတို့မှ အခွန်သစ်တိုးပွားမှုမှာ ပမာဏအားဖြင့်နည်းပါးသည့်ပြင်တိုးပွားမှုမရှိတတ်ပါသဖြင့်၄င်းတို့ကို ဖော်ပြမထားခြင်းဖြစ်ပါသည်။

စာကြည့်တိုက်
စီးပွားရေး တက္ကသိုလ်၊
ရန်ကုန်

နှစ်စဉ်လှူထားချက်များကိုပြည့်မီသည့်အပြင် ကျော်လွန်၍ကောက်ခံရရှိသည့်ရာခိုင်နှုန်းများကို ဖော်ပြလျက်ရှိပါသည်။ ထို့ကြောင့်တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်သုံးစွဲရန်အခွန်ဘဏ္ဍာငွေများ ရရှိရန်အတွက်ပုဂ္ဂလိကကဏ္ဍမှအမြတ်ခွန်တိုးတက်ကောက်ခံရရှိခြင်း ဖြင့်ဖြည့်တင်းပေးလျက်ရှိကြောင်း သုံးသပ်မိပါသည်။

ထိုကဲ့သို့အမြတ်ခွန်တိုးတက်ကောက်ခံရရှိခြင်း မှာအမြတ်ခွန်စည်းကြပ်ကောက်ခံခြင်း နှင့်ပတ်သက်၍ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသော ၊ ပြည်သူ့ကောင်စီဝင်များ ကိုယ်တိုင်ပါဝင်စည်းကြပ်ကောက်ခံခြင်း များ ကြီးကြပ်ခြင်း များ ကြောင့်ဖြစ်ပါသည်။ ထို့ပြင်အမြတ်ခွန်ကိုနည်းမျိုးစုံဖြင့်တိမ်းရှောင်နေသူများကို ဖော်ထုတ်၍အခွန်ပြည့်ဝစွာပေးဆောင်လာစေရေး အတွက်သတင်း အချက်အလက်များ ရယူစုဆောင်း၍ ဖော်ထုတ်ခြင်း ကြောင့် ဖြစ်ပါသည်။ ရပ်ကွက်ကျေးရွာအုပ်စုစာရင်းပြုစုရေး အဖွဲ့များ ကလည်း ၊ မိမိတို့၏ ရပ်ကွက်ကျေးရွာအုပ်စုအတွင်း ရှိလုပ်ငန်းများ ၊ နေထိုင်သူများ၏ဝင်ငွေအခြေအနေကိုအနီး ကပ်သုံး ခန့်မှန်း၍အခွန်ပေးဆောင်ထိုက်သူများ စာရင်းကို စေ့စပ်စွာဖော်ထုတ်ပြုစုကြခြင်း ကြောင့်လည်း ဖြစ်ပါသည်။ ရန်ကုန်တိုင်း၏ဝင်ငွေခေါင်းစဉ်အလိုက်တိုးတက်လာသည့်အမြတ်ခွန်ထမ်းဦးရေကိုဇယား (၁၀) ၌ဖော်ပြထားပါသည်။

အမြတ်ခွန်အပြည့်အဝကောက်ခံရရှိရေး ၊ တိုးတက်ရေးသည် ၊ မြို့နယ်အတွင်း ရှိစည်းကြပ်မှုများ နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်မှုအပေါ်တွင်အဓိကအခြေပြုလျက်ရှိပါသည်။ မိမိတို့မြို့နယ်အတွင်း ရှိစည်းကြပ်ရန်ရှိသောအမှုကိစ္စများ ကိုအချိန်မီအမိန့်ချမှတ်တောင်း ခံနိုင်ခြင်းဖြင့် အခွန်ငွေများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်အခွန်ထမ်း မှတ်ပုံတင်စာရင်း ( General Index Register )တွင်ရှိသောအခွန်ထမ်းဟောင်းများ နှင့်ပေါ်ထွက်လာသည့်အခွန်ထမ်းသစ်များ ကိုသက်ဆိုင်ရာ

ဘဏ္ဍာရေး နှစ်မကုန်မီအတွင်း အမှုများ ပြီးပြတ်စေရန်စည်းကြပ်မှုအဖွဲ့များ အနေဖြင့်စီမံဆောင်ရွက်ရန်အလွန်လိုအပ်ပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ ရန်ကုန်တိုင်းအတွင်း စည်းကြပ်မှုပြုလုပ်ရာတွင်ပြည်ပမှပစ္စည်းတင်သွင်းခြင်းအပေါ်အမြတ်ခွန်ကောက်ခံသည့်ကိစ္စရပ်မှလွဲ၍အခြားကောက်ခံမှုများကိုမြို့နယ်အခွန်စည်းကြပ်မှုအဖွဲ့များကသာလျှင်ဆုံးဖြတ်ဆောင်ရွက်ခြင်းကိုပြုလုပ်ကြပါသည်။

အမြတ်ခွန်စည်းကြပ်မှုပြုလုပ်ရာတွင်အဘိအကုမှန်ကန်မျှတသော ဝင်ငွေကိုခန့်မှန်းနိုင်ရန်အတွက်စည်းကြပ်မှုအဖွဲ့ဝင်များသည်မြို့နယ်အခွန်မှူးများ ထံမှသုံးသပ်ချက်များ၊ နည်းနာများကိုလိုအပ်လျှင်လိုအပ်သလို၊ တောင်းခံရယူပြီး၊ စိစစ်ဝေဖန်ကာအဆုံးအဖြတ်များကိုပြုလုပ်ပါသည်။ထို့ကြောင့်အဘိကုမှန်ကန်သောငွေပမာဏကိုဆုံးဖြတ်ရမည့်အဖွဲ့သည်စည်းကြပ်မှုအဖွဲ့ပင်ဖြစ်ပါသည်။

စည်းကြပ်မှုအဖွဲ့သည်တိကျမှန်ကန်မျှတ သောဝင်ငွေကိုဆုံးဖြတ်ရန်ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအလုပ်အမှုဆောင်အဖွဲ့ကပေးပို့သော စာရင်းကိုလည်းကောင်း၊ အခွန်ထမ်းထံမှရရှိသည့်ဝင်ငွေကြေညာလွှာကိုလည်းကောင်း အခြေပြု၍ခန့်မှန်းရပါသည်။

ထိုသို့အမြတ်ခွန်စည်းကြပ်ကောက်ခံမှုများကိုမြို့နယ်အမြတ်ခွန်စည်းကြပ်မှုအဖွဲ့များကဆောင်ရွက်ရာတွင်စည်းကြပ်မှုအဖွဲ့များ၏လုပ်ငန်းရပ်များကိုမြို့နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့များကတာဝန်ယူ၍ကြီးကြပ်ကွပ်ကဲမှု ပြုလုပ်ပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရအခွန်စည်းကြပ်မှုပြုရာတွင်မှန်ကန်မှုတသည့်စည်းကြပ်မှုများပြုလုပ်နိုင်ရန်အတွက်မြို့နယ်အခွန်ဦးစီးမှူးများသည်မြို့နယ်အခွန်စည်းကြပ်မှုအဖွဲ့များသို့ကူညီပါသည်။ ၎င်းပြင်ဥပဒေနည်းနာအကြံပြုချက်များကိုလိုအပ်လျှင်လိုအပ်သကဲ့သို့စည်းကြပ်မှုအဖွဲ့သို့

ဘင်ပြခြင်း ၊ မြို့နယ်အခွန်ရုံး အုပ်ချုပ်မှုကိုတာဝန်ယူ၍ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးရပါသည်။ ၎င်းသို့မြို့နယ်အသီးသီး ရှိအခွန်ဦးစီး ဌာနမှူးများ၏ဘာဝန်ဝတ္တရား ဆောင်ရွက်မှုများနှင့် ပတ်သက်၍ရန်ကုန်တိုင်း အနေဖြင့်ရန်ကုန်တိုင်း အခွန်ဦးစီး ဌာနမှူးများ ကကြီးကြပ်ကွပ်ကဲရပါသည်။

ဤကဲ့သို့အဆင့်ဆင့်ကွပ်ကဲမှုများ ပြုလုပ်ကာ ဆောင်ရွက်ကြသဖြင့်၊ ရန်ကုန်တိုင်း အနေဖြင့်အခွန်ငွေများ တိုးတက်ကောက်ခံရရှိခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်း အတွင်း အမြတ်ခွန်တိုး တက်ကောက်ခံရရှိမှုကို ၊ လေ့လာသုံးသပ်နိုင်ရန်အမြတ်ခွန်စည်းကြပ်မှုများ ပြီးပြတ်မှုအခြေအနေကို လေ့လာသန်းစစ်ထားပါသည်။ အမြတ်ခွန် ကောက်ခံရရှိမှုသည်စည်းကြပ်မှုများ၏ပြီးပြ ,မှုအပေါ်တွင်အခြေတည်လျက်ရှိခြင်း ကြောင့်စည်းကြပ်မှုများ ကိုလျင်မြန်စွာနှင့်အရေအတွက်များ များ ပြုလုပ်နိုင်ပါကအမြတ်ခွန်ကေ ကောက်ခံရရှိမှုသည်တိုးတက်၍လာမည်ဖြစ်ပါသည်။ သို့သော်ဝင်ငွေနည်းသော အမှုအရေအတွက်များ များပြီးခြင်း ထက်ဝင်ငွေများ သောအမှုများလျင်မြန်စွာဖြင့်အရေအတွက်များ များပြီးပြတ်ခြင်း ကသာလျှင်ပို၍အကျိုး ရှိကြောင်း လေ့လာသုံးသပ်မိပါသည်။ ဥပမာအားဖြင့်ဝင်ငွေ ၅၀၀၀၀ ကျပ်စည်းကြပ်ရမည့်အမှုတွင်ကျသင့်အခွန်မှာအမြတ်ခွန်ဥပဒေ၏နောက်ဆက်တွဲဇယားအရ ၁၅၃၉၆ကျပ်ဖြစ်ပြီး ဝင်ငွေ ၇၀၀၁ကျပ်စည်းကြပ်ရမည့် အမှုတွင်ကျသင့်ခွန်မှာ ၂၄၀ကျပ်ဖြစ်ရာဝင်ငွေ ၅၀၀၀၀ကျပ်စည်းကြပ်ရမည့်အမှုတစ်ခုမှရရှိသည့်အခွန်ပမာဏသည်ဝင်ငွေ ၇၀၀၁ကျပ်စည်းကြပ်ရမည့်အမှုပေါင်း ၆၅ မှုမှရရှိမည့်အခွန်ပမာဏနှင့်ညီမျှမည်ဖြစ်ပါသည်။ ထို့ကြောင့်အခွန်ကောက်ခံရရှိမှုပမာဏပိုမိုတိုးတက်စေရန်ဝင်ငွေအလွန်မြင့်မားသောအမှုအရေအတွက်များ တိုးပွားခြင်း ၊ လျင်မြန်စွာပြီးပြတ်

ခြင်း တို့ကိုစည်းကြပ်မှုအဖွဲ့များ အနေဖြင့် ဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။

စည်းကြပ်မှုအဖွဲ့များ ၏ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘဏ္ဍာရေးနှစ်အလိုက်စည်းကြပ်မှုပြီးပြတ်သည့်အခြေအနေကိုဇယား ( ၁၁ ) ၌ ဖော်ပြထားပါသည်။

<u>ဇယား (၁၁)</u>

<u>ရန်ကုန်တိုင်း၏ဘဏ္ဍာရေးနှစ်အလိုက်အမြတ်ခွန်</u>

<u>စည်းကြပ်ပြီးပြတ်မှု အခြေအနေပြဇယား</u>

| ဘဏ္ဍာရေးနှစ် | ဆောင်ရွက်ရန် အမှု | ပြီးပြတ်မှု | ပြီးပြတ်မှု ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၈၁-၈၂ | ၉၇၀၉၈ | ၇၃၈၇၆ | ၇၆.၁၀ |
| ၁၉၈၂-၈၃ | ၉၀၉၈၂ | ၆၁၇၉၉ | ၆၇.၉၂ |
| ၁၉၈၃-၈၄ | ၉၇၇၅၅ | ၇၈၂၈၅ | ၈၀.၀၈ |
| ၁၉၈၄-၈၅ | ၁၁၂၀၃၀ | ၁၀၀၅၆၂ | ၉၈.၀၈ |
| ၁၉၈၅-၈၆ | ၈၈၈၀၈ | ၈၅၃၈၂ | ၉၆.၁၄ |

ဇစ်မြစ်။ ပြည်တွင်းအခွန်ဦးစီးဌာန၏ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ ။

မှတ်ချက်။ ကုန်သွယ်ခွန်နှင့်ပတ်သက်သည့်ပြီးပြတ်သောအမှုများကို ဖယ်ရှား၍တွက်ယူဖော်ပြပါသည်။

ဇယား ( ၁၁ ) တွင်ရန်ကုန်တိုင်းအတွင်းစည်းကြပ်မှုအဖွဲ့များ၏စည်းကြပ်ပြီးပြတ်မှုအခြေအနေကိုထင်ရှားစွာတွေ့မြင်နိုင်ပါသည် ။ ၁၉၈၁-၈၂ တွင်ဆောင်ရွက်ရန်ရှိသည့်အမှု ( ၉၇၀၉၈ ) အမှုအနက် ၊

ဇယား(၁၂)

ရန်ကုန်တိုင်း၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်ကျသင့်သောအမှုများနှင့် အခွန်မကျသင့်သောအမှုများ၏ ပြီးပြတ်မှုအခြေအနေနှိုင်းယှဉ်ဇယား

| အမှတ်စဉ် | အကြောင်းအရာ | ၁၉၈၁-၈၂ | | ၁၉၈၂-၈၃ | | ၁၉၈၃-၈၄ | | ၁၉၈၄-၈၅ | | ၁၉၈၅-၈၆ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဦးရေ | % | ဦးရေ | % | ဦးရေ | % | ဦးရေ | % | ဦးရေ | % |
| ၁။ | အခွန်မကျသင့်သော အမှုများ၏ ပြီးပြတ်မှု | ၃၆၀၆၀ | ၄၈.၈၁ | ၂၆၄၀၂ | ၄၂.၇၂ | ၃၆၅၃၀ | ၄၆.၆၆ | ၅၄၆၈၅ | ၄၉.၄၆ | ၃၂၂၃၁ | ၃၇.၇၅ |
| ၂။ | အခွန်ကျသင့်သော အမှုများ၏ ပြီးပြတ်မှု | ၃၇၈၁၆ | ၅၁.၁၉ | ၃၅၃၉၇ | ၅၇.၂၈ | ၄၁၇၅၅ | ၅၃.၃၄ | ၅၅၈၇၇ | ၅၀.၅၄ | ၅၃၁၅၁ | ၆၂.၂၅ |
| | စုစုပေါင်း ပြီးပြတ်မှု | ၇၃၈၇၆ | ၁၀၀ | ၆၁၇၉၉ | ၁၀၀ | ၇၈၂၈၅ | ၁၀၀ | ၁၁၀၅၆၂ | ၁၀၀ | ၈၅၃၈၂ | ၁၀၀ |

မှတ်ချက်။ ရန်ကုန်တိုင်း၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်အရပ်ရပ် အစီရင်ခံစာများ၌ ဖော်ပြထားသည့် ဝင်ငွေအသွားအလိုက် အမြတ်ခွန် စည်းကြပ်ပြီးပြတ်မှု အခြေအနေဇယားများမှ ကောက်နုတ်ထုတ်ယူပါသည်။

ပြီးပြတ်မှုမှာ ၇၆.၁၀ ရာခိုင်နှုန်းရှိပြီး၊ ၁၉၇၃-၇၄ခုနှစ်တွင် ပြီးပြတ်မှုအခြေအနေတိုးတက်လာခဲ့ရာ၊ ၁၉၇၄-၇၅တွင် ၈၁.၀၇ ၊ ရာခိုင်နှုန်းနှင့် ၁၉၇၅-၇၆တွင် ၉၆.၁၄ ရာခိုင်နှုန်းရှိလာခဲ့ပါသည်။ ထို့ကြောင့်အမှုများ စည်းကြပ်ပြီးပြတ်မှုမြန်ဆန်လာသည်ကို တွေ့ရှိရပါသည်။ ၁၉၇၅-၇၆တွင်ပြီးပြတ်မှုလျော့နည်းခြင်းသည် ၁၉၇၄-၇၅ခုနှစ်တွင်နှစ်ဟောင်းအမှုလက်ကျန်များကိုပြီးပြတ်အောင်ဆောင်ရွက်နိုင်သဖြင့် ၁၉၇၅-၇၆ခုနှစ်တွင်ဆောင်ရွက်ရန်အမှုလက်ကျန်လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်။ ထိုကဲ့သို့အမှုများပြီးပြတ်ခြင်းသည်စည်းကြပ်မှုအဖွဲ့များ၏ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေနှင့်အညီဆောင်ရွက်ခြင်းနှင့်မြို့နယ်အခွန်မှူးများ၏တာဝန်ကျေမှုများကြောင့်ဖြစ်ပါသည်။

အမှုများပြီးပြတ်ရာတွင်အခွန်မကျသင့်သောအမှုများပြီးပြတ်ခြင်းနှင့်အခွန်ကျသင့်သောအမှုများပြီးပြတ်ခြင်းဟူ၍ရှိလေရာ ၊ အခွန်ကျသင့်သောအမှုများပြီးပြတ်ခြင်းကသာလျှင်အခွန်တိုးတက်ရရှိမှုကို အထောက်အကူပြုပါသည်။ ထို့ကြောင့်ဇယား (၁၂)တွင်ထိုအမှုများ၏ပြီးပြတ်မှုအခြေအနေကိုနှိုင်းယှဉ်၍လေ့လာတင်ပြထားပါသည်။

ဇယား (၁၂)တွင်အခွန်ကျသင့်သောအမှုများပြီးပြတ်မှုသည်ပိုမို၍များပြားလာသည်ကိုတွေ့ရှိရပါသည်။ အခွန်ကျသင့်သောအမှုများပြီးပြတ်မှုရာခိုင်နှုန်းမှာလည်းမြင့်လာသည်ကိုတွေ့ရှိရသဖြင့်စည်းကြပ်မှုအဖွဲ့များသည်စည်းကြပ်မှုများကိုနှစ်ချင်းပြီးပြတ်အောင်စည်းကြပ်ကောက်ခံနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလေ့လာသိရှိရပါသည်။ စည်းကြပ်ပြီးပြတ်သည့်အမှုများမှအခွန်များကိုလည်းသတ်မှတ်ထားသည့်ရက်တွင်အခွန်ပေးသွင်းစေရန်ဆောင်ရွက်ခြင်းများကြောင့်အခွန်ကောက်ခံရရှိမှုပမာဏသည်တိုးတက်မှုရှိလာခြင်းဖြစ်ပါသည်။

ဇယား (၁၃)

ရန်ကုန်တိုင်း၏ ဘဏ္ဍာရေးနှစ်အသီးသီး အတွက်ဝင်ငွေအလွှာအလိုက်အခွန်ကျသင့်သောအမှုများပြဇယား

| အမှတ်စဉ်။ | ဝင်ငွေအလွှာများ | ၁၉၇၁-၇၂ | ၁၉၇၂-၇၃ | ၁၉၇၃-၇၄ | ၁၉၇၄-၇၅ | ၁၉၇၅-၇၆ |
|---|---|---|---|---|---|---|
| ၁ | အလွှာလိုက်မဖော်ပြသည့်အမှုများ | ၄၉၉၀ | ၄၇၁၂ | ၅၀၇၉ | ၅၁၄၉ | ၄၂၇၄ |
| ၂ | ၁၆၀၀၀ကျပ်အထိ | ၂၅၂၃၆ | ၂၂၄၇၂ | ၂၆၀၆၅ | ၃၆၄၀၅ | ၃၃၅၉၀ |
| ၃ | ၁၆၀၀၁ကျပ်မှ၃၀၀၀၀ကျပ်အထိ | ၅၃၅၆ | ၅၅၉၀ | ၇၂၀၉ | ၈၅၃၃ | ၈၀၆၃ |
| ၄ | ၃၀၀၀၁ကျပ်မှ၅၀၀၀၀ကျပ်အထိ | ၁၅၃၄ | ၁၅၄၁ | ၁၉၅၉ | ၂၆၀၀ | ၂၆၅၉ |
| ၅ | ၅၀၀၀၁ကျပ်နှင့်အထက် | ၇၀၀ | ၁၀၇၂ | ၁၄၄၃ | ၂၁၉၀ | ၂၇၁၇ |
| | စုစုပေါင်း | ၃၇၈၁၆ | ၃၅၃၈၇ | ၄၁၇၇၅ | ၅၅၈၇၇ | ၅၃၀၅၀ |

ဇစ်မြစ်။ ရန်ကုန်တိုင်းအခွန်ဦးစီးဌာန၏ဘဏ္ဍာရေးနှစ်အလိုက်အခွန်အရပ်ရပ်ကောက်ခံရရှိမှုအစီရင်ခံစာများမှကောက်နုတ်ချက်ဖော်ပြပါသည်။

ပို့မို၍ နိုင်မာစေရန်အခွန်ကျသင့်သောအမှုများကို ဝင်ငွေအလွှာအလိုက်ဆက်လက်လေ့လာဖော်ထုတ်ပါသည်။ ဇယား (၁၃) သည် ၁၉၇၁-၇၂ မှ ၁၉၇၅-၇၆ အထိ အခွန်ကျသင့်သောအမှုများကို ဝင်ငွေအလွှာအလိုက်ဖော်ပြထားသည့်ဇယားဖြစ်ပါသည်။ ဤဇယားတွင် ၁၉၇၄-၇၅ ခုနှစ်၌ ဝင်ငွေအလွှာမြင့်သည့် အမှုအရေအတွက်များ ပြီးပြတ်မှုသည်များ ပြားလာသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် အမြတ်ခွန်ကောက်ခံရရှိမှုသည် ပို၍တိုးတက်လာခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

စည်းကြပ်မှုများ ပြီးပြတ်မှုအခြေအနေကောင်းမွန်ခြင်းအပြင်၊ အမြတ်ခွန်နှင့်ပတ်သက်သည့်အခွန်ကြွေးများကို မိမိဖစ်စီးစီး ကောက်ခံခြင်းဖြင့် အခွန်များ ဘိုးဘက် ကောက်ခံရရှိလာနိုင်ပါသည်။ အခွန်ကြွေးများကို ကောက်ခံရန်အတွက် ရန်ကုန်တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ရန်ကုန်တိုင်းအတွင်း မြို့နယ်များမှ ပြည်သူ့ကောင်စီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် (စီမံဘဏ္ဍာတာဝန်ခံ) များ၊ တိုင်းနှင့်မြို့နယ်များမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း၍ အခွန်ကြွေးစီမံချက်များကို၊ ချမှတ်၍ ဆောင်ရွက်ပါသည်။

မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ၏ ကြီးကြပ်မှုဖြင့် စည်းကြပ်မှုအဖွဲ့များသည် ရပ်ကွက်ပြည်သူ့ကောင်စီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ အကူအညီယူလျက် အခွန်ကြွေးရှိသူများအား နှိုး ဆော်ခြင်း၊ ရပ်ကွက်အလိုက် ကွင်းဆင်း ကောက်ခံ ဆွေးနွေးခြင်းဖြင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ကြပါသည်။

တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် (စီမံဘဏ္ဍာတာဝန်ခံ) သည် ဦးစီးအရာရှိများနှင့် အတူ ဘဏ္ဍာရေးနှစ်အတွင်း၊ လစဉ် မြို့နယ်များ၏ ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းစိစစ်ညှိနှိုင်း

လမ်းညွှန်ခြင်း၊ မြို့နယ်ရုံးများသို့သွားရောက်၍စာရင်းမှတ်တမ်းများဖြင့်စိစစ်ခြင်းတို့ကိုပြုလုပ်ပါသည်။

အခွန်ကြွေးများထပ်မံမတိုးပွားစေရန်၊ ကြိုတင်ကာကွယ်ခြင်းနှင့်နှစ်အတွင်းစည်းကြပ်သည့်အခွန်ကိုတောင်းခံလွှာထုတ်ဆင့်၍ သတ်မှတ်သည့်ကာလအတွင်းမှန်ကန်စွာရရှိခြင်းရှိမရှိမြို့နယ်အခွန်မှူးတစ်ဦးချင်းအလိုက်မိမိတို့၏သက်ဆိုင်ရာမြို့နယ်၏အခွန်စည်းကြပ်ကောက်ခံသည့်မှတ်ပုံတင်စာရင်းဖြင့်စိစစ်ခြင်း၊ မိမိတို့နှင့်သက်ဆိုင်ရာစည်းကြပ်မှုအဖွဲ့သို့တင်ပြ၍နှိုးဆော်ခြင်းဖြင့်အခွန်ငွေများရရှိသည်အထိဆောင်ရွက်ရန်ကြီးကြပ်ခြင်းများကိုပြုလုပ်ပါသည်။

ဤကဲ့သို့ပြည်သူ့ကိုယ်စားလှယ်များဖြင့်စုစည်းဆောင်ရွက်ခြင်းဖြင့်အမြတ်ခွန်အခွန်ကြွေးကောက်ခံရရှိမှုအခြေအနေကိုအောက်ဖော်ပြပါဇယား (၁၄) တွင်လေ့လာတင်ပြပါသည်။

ဇယား(၁၄)

ရန်ကုန်တိုင်း၏ ၁၉၈၂-၈၃ မှ ၁၉၈၅-၈၆ ခုနှစ်အထိ

အမြတ်ခွန်အကြွေးကောက်ခံရရှိမှုအခြေအနေ

| တာဝန်နှစ် | ကောက်ခံရန်ရှိသောအခွန်ကြွေး | ကောက်ခံရရှိငွေ | | ခုနှိမ်လျှော်ပယ်သည့်အခွန်ကြွေး | | ကောက်ခံရန်ကျန်သောအခွန်ကြွေး | |
|---|---|---|---|---|---|---|---|
| | | | % | | % | | % |
| ၁၉၈၂-၈၃ | ၁၉၂၉၀၄ | ၈၀၃၅ | ၄.၁၇ | ၂၅၉၉၃ | ၁၃.၄၇ | ၁၅၈၈၇၆ | ၈၂.၃၆ |
| ၁၉၈၃-၈၄ | ၁၇၈၉၄၆ | ၃၆၀၅၃ | ၂၀.၁၅ | ၁၉၀၅ | ၁.၀၇ | ၁၄၀၉၇၀ | ၇၈.၇၈ |
| ၁၉၈၄-၈၅ | ၁၅၄၆၇၀ | ၁၄၀၅၃ | ၉.၀၉ | ၃၈၇၅ | ၂.၅၀ | ၁၃၆၇၄၂ | ၈၈.၄၄ |
| ၁၉၈၅-၈၆ | ၁၆၅၄၉၃ | ၂၃၀၅၆ | ၁၄.၂၀ | ၄၅၁၀ | ၂.၅၁ | ၁၃၈၀၀၇ | ၈၃.၂၂ |

လမ်းညွှန်ခြင်း၊ မြို့နယ်ရုံးများသို့သွားရောက်၍စာရင်းမှတ်တမ်းများ ဖြင့်စိစစ်ခြင်းတို့ကိုပြုလုပ်ပါသည်။

အခွန်ကြွေးများထပ်မံမတိုးပွားစေရန်၊ ကြိုတင်ကာကွယ်ခြင်းနှင့်နှစ်အတွင်းစည်းကြပ်သည့်အခွန်ကိုဘောင်းခံလွှာထုတ်ဆင့်၍ သတ်မှတ်သည့်ကာလအတွင်းမှန်ကန်စွာရရှိခြင်းရှိမရှိမြို့နယ်အခွန်မှူးတစ်ဦးချင်းအလိုက်မိမိတို့၏သက်ဆိုင်ရာမြို့နယ်၏အခွန်စည်းကြပ်ကောက်ခံသည့်မှတ်ပုံတင်စာရင်းဖြင့်စိစစ်ခြင်း၊ မိမိတို့နှင့်သက်ဆိုင်ရာစည်းကြပ်မှုအဖွဲ့သို့တင်ပြ၍နှိုးဆော်ခြင်းဖြင့်အခွန်ငွေများရရှိသည်အထိဆောင်ရွက်ရန်ကြီးကြပ်ခြင်းများကိုပြုလုပ်ပါသည်။

၎င်းသို့ပြည်သူ့ကိုယ်စားလှယ်များဖြင့်စုစည်းဆောင်ရွက်ခြင်းဖြင့်အမြတ်ခွန်အခွန်ကြွေးကောက်ခံရရှိမှုအခြေအနေကိုအောက်ဖော်ပြပါဇယား (၁၄) တွင်လေ့လာတင်ပြပါသည်။

ဇယား (၁၄)

ရန်ကုန်တိုင်း၏၁၉၈၂-၈၃မှ၁၉၈၅-၈၆ခုနှစ်အထိ

အမြတ်ခွန်အကြွေးကောက်ခံရရှိမှုအခြေအနေ

| ဘဏ္ဍာနှစ် | ကောက်ခံရန်ရှိသောအခွန်ကြွေး | ကောက်ခံရရှိငွေ | % | ခွန်ပိလျော်ပယ်သည့်အခွန်ကြွေး | % | ကောက်ခံရန်ကျန်သောအခွန်ကြွေး | % |
|---|---|---|---|---|---|---|---|
| ၁၉၈၂-၈၃ | ၁၉၂၉၀၄ | ၈၀၃၅ | ၄.၁၇ | ၂၅၈၈၃ | ၁၃.၄၇ | ၁၆၇၀၂၁ | ၈၆.၅၃ |
| ၁၉၈၃-၈၄ | ၁၇၀၉၄၆ | ၃၆၀၅၃ | ၂၀.၁၅ | ၁၈၁၅ | ၁.၀၇ | ၁၆၉၁၃၁ | ၉၈.၉၃ |
| ၁၉၈၄-၈၅ | ၁၅၄၆၇၀ | ၁၄၀၅၃ | ၉.၀၉ | ၃၇၁၅ | ၂.၄၀ | ၁၅၀၉၅၅ | ၉၇.၆၀ |
| ၁၉၈၅-၈၆ | ၁၆၁၄၉၃ | ၂၃၀၅၆ | ၁၄.၂၈ | ၃၅၇၀ | ၂.၂၁ | ၁၅၇၉၂၃ | ၉၇.၇၉ |

ရန်ကုန်တိုင်း၏အခွန်ကြွေးကောက်ခံရရှိမှုအခြေအနေကို ၊ ဇယား (၁၄) အရလေ့လာကြည့်ရာ အမြတ်ခွန်အခွန်ကြွေးကောက်ခံရရှိမှု အခြေအနေအားနည်းနေသည်ကို တွေ့ရှိရပါသည်။ အခွန်ကြွေးအဖြစ်ကျန် ရသည့်အကြောင်းများမှာ ပြည်သူပိုင်သိမ်းလုပ်ငန်းများထံမှ ပြည်သူပိုင်လျော်ကြေးမှ ခုနှိမ်ရန်ဖြစ်၍ လျော်ကြေးမပေးမီ ကြွေးအဖြစ်ကျန်ခြင်း ၊ နှစ်စဉ်တိုးတက်လျာထားသော အခွန်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးကိုသာ ဦးစားပေးဆောင်ရွက်သဖြင့် ကြွေးကောက်ခံမှုကို ပြည့်ဝစွာ မဆောင်ရွက်နိုင်ခြင်း ၊ အခွန်ထမ်းများထံမှ အခွန်ကိုအကြေကောက်ခံမရရှိခြင်းနှင့် အမြတ်ခွန်ဥပဒေဟောင်းအရ အခွန်၏ ၄ဆ အထိဒဏ်ရိုက် သဖြင့် အခွန်ထမ်းများက မပေးသွင်းနိုင်ခြင်းကြောင့် ကြွေးအဖြစ်ကျန်ခြင်း များဖြစ်ပါသည်။

အခွန်ကြွေးကျန်များ လျော့နည်းကျဆင်းစေရန် မြို့နယ်ပြည်သူ့ကောင်စီအမှုဆောင်အဖွဲ့သည် စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်ကြောင်း လေ့လာသိရှိရပါသည်။ အခွန်ကြွေးကျန်များ ကောက်ခံရရှိခြင်းဖြင့်လည်း ၊ အမြတ်ခွန်ကောက်ခံရရှိမှုပမာဏ တိုးတက်လာနိုင်စရာအကြောင်း ရှိပါသည်။

## ၅-၃။ ရန်ကုန်တိုင်းအတွင်း အမြတ်ခွန်အများဆုံး ကောက်ခံရရှိသည့် မြို့နယ်ကိုရွေးချယ်စိစစ်ခြင်း

ရန်ကုန်တိုင်းအတွင်း၌ မြို့နယ်ပေါင်း (၃၉) မြို့နယ်ပါဝင်ဖွဲ့စည်းထားပါသည်။ ရန်ကုန်တိုင်း၏မြို့နယ်အသီးသီး၌ အခွန်ဦးစီးရုံးများကို ဖွင့်လှစ်ထားရှိပါသည်။ သို့သော်ကိုကိုးကျွန်းမြို့နယ်တွင် အခွန်ဦးစီးရုံး ဖွင့်ထားခြင်းမရှိဘဲ၊ ကွမ်းခြံကုန်းမြို့နယ်နှင့်ပေါင်းစည်းကာ ကြီးကြပ်မှု

ဇယား ( ၁၅ )

ရန်ကုန်တိုင်း အတွင်း မြို့နယ်အလိုက်အမြတ်ခွန် ကောက်ခံရရှိမှုနှင့် ပါဝင်မှုအချိုး အစီး ပြဇယား

(ကျပ်ထောင်ပေါင်း)

| | မြို့နယ်များ | ၁၉၈၀-၈၁ | | | ၁၉၈၁-၈၂ | | | ၁၉၈၂-၈၃ | | | ၁၉၈၃-၈၄ | | | ၁၉၈၄-၈၅ | | | ပျမ်းမျှ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် | ကောက်ခံရငွေ | ပါဝင်မှု % | အဆင့် |
| ၁ | အင်းစိန် | ၁၁၇၀ | ၁.၄၅ | ၁၂ | ၁၀၅၉ | ၁.၀၂ | ၁၇ | ၁၄၅၃ | ၁.၂၀ | ၁၅ | ၁၈၁၉ | ၁.၁၃ | ၁၈ | ၂၄၄၉ | ၁.၂၈ | ၁၈ | ၁၅၉၀ | ၁.၁၂ | ၁၆ |
| ၂ | လမ်းမတော် | ၄၈၆၈ | ၆.၀၅ | ၄ | ၅၁၂၈ | ၄.၉၅ | ၄ | ၆၁၇၂ | ၅.၁၁ | ၃ | ၇၃၆၃ | ၅.၂၃ | ၃ | ၉၅၃၃ | ၄.၉၉ | ၃ | ၆၆၁၄ | ၅.၀၄ | ၃ |
| ၃ | တောင်ဥက္ကလာပ | ၁၃၇၇ | ၁.၇၁ | ၁၀ | ၁၅၇၄ | ၁.၅၂ | ၉ | ၁၅၂၆ | ၁.၂၆ | ၁၃ | ၂၀၄၄ | ၁.၄၅ | ၁၃ | ၂၄၈၂ | ၁.၃၀ | ၁၅ | ၁၈၆၁ | ၁.၄၀ | ၁၄ |
| ၄ | သာကေတ | ၇၅၄ | .၉၄ | ၂၁ | ၈၀၆ | .၇၈ | ၂၂ | ၁၀၃၄ | .၈၆ | ၂၁ | ၁၁၉၅ | .၈၅ | ၂၁ | ၁၅၂၃ | .၈၀ | ၂၂ | ၁၀၆၂ | .၈၁ | ၂၂ |
| ၅ | ဒဂုံ | ၉၀၀ | ၁.၁၂ | ၁၈ | ၈၂၉ | .၈၀ | ၂၀ | ၁၁၃၉ | .၉၄ | ၂၀ | ၁၈၆၆ | ၁.၁၆ | ၁၉ | ၂၄၅၀ | ၁.၂၈ | ၁၇ | ၁၄၃၇ | ၁.၀၉ | ၁၉ |
| ၆ | ကျောက်တန်း | ၁၇၄ | .၂၂ | ၃၁ | ၂၁၇ | .၂၁ | ၂၇ | ၂၄၄ | .၂၀ | ၃၁ | ၂၃၃ | .၁၇ | ၃၂ | ၃၃၀ | .၁၉ | ၂၉ | ၂၄၈ | .၁၉ | ၃၀ |
| ၇ | သုံးခွ | ၁၉၆ | .၂၄ | ၂၇ | ၂၁၇ | .၂၁ | ၂၇ | ၂၈၀ | .၂၃ | ၂၆ | ၃၀၆ | .၁၉ | ၂၈ | ၄၀၈ | .၂၁ | ၂၇ | ၂၈၁ | .၂၁ | ၂၈ |
| ၈ | ခရမ်း | ၂၃၂ | .၂၉ | ၂၆ | ၂၆၄ | .၂၅ | ၂၆ | ၃၁၆ | .၂၆ | ၂၅ | ၃၄၉ | .၂၂ | ၂၆ | ၃၈၂ | .၂၀ | ၂၈ | ၃၀၉ | .၂၄ | ၂၆ |
| ၉ | ပန်းဘဲတန်း | ၁၀၂၁၂ | ၁၂.၆၉ | ၂ | ၁၅၃၂၆ | ၁၄.၇၉ | ၂ | ၁၆၀၄၀ | ၁၃.၂၈ | ၂ | ၁၆၀၀၉ | ၁၁.၃၈ | ၂ | ၂၃၅၁၉ | ၁၂.၃၁ | ၂ | ၁၆၈၁၂ | ၁၂.၈၁ | ၂ |
| ၁၀ | တာမွေ | ၂၃၄၃ | ၂.၉၁ | ၈ | ၂၆၁၃ | ၂.၅၂ | ၆ | ၂၈၁၁ | ၂.၃၃ | ၆ | ၃၆၀၅ | ၂.၅၆ | ၆ | ၅၀၉၉ | ၂.၆၇ | ၇ | ၃၁၉၄ | ၂.၅၁ | ၇ |
| ၁၁ | အလုံ | ၇၉၃ | ၀.၉၈ | ၂၀ | ၈၂၁ | .၇၉ | ၂၁ | ၁၀၂၈ | .၈၅ | ၂၂ | ၁၁၇၅ | .၈၃ | ၂၂ | ၁၇၁၈ | .၉၀ | ၂၁ | ၁၁၀၇ | .၈၄ | ၂၁ |
| ၁၂ | တွံတေး | ၁၉၇ | .၂၄ | ၂၈ | ၁၉၃ | .၁၉ | ၃၁ | ၂၆၄ | .၂၂ | ၂၉ | ၂၅၂ | .၁၆ | ၃၀ | ၂၄၈ | .၁၃ | ၃၁ | ၂၃၁ | .၁၈ | ၃၁ |
| ၁၃ | သံလျင် | ၄၉၇ | .၆၁ | ၂၃ | ၃၄၉ | .၃၄ | ၂၄ | ၅၃၃ | .၄၄ | ၂၃ | ၅၇၉ | .၄၁ | ၂၄ | ၆၂၄ | .၃၃ | ၂၄ | ၅၁၆ | .၃၉ | ၂၃ |
| ၁၄ | လှည်းကူး | ၂၂၂ | .၂၈ | ၂၇ | ၁၉၇ | .၁၉ | ၃၀ | ၂၆၃ | .၂၂ | ၃၀ | ၃၀၂ | .၁၉ | ၂၉ | ၃၅၃ | .၁၈ | ၃၀ | ၂၆၇ | .၂၀ | ၂၉ |
| ၁၅ | ဒေါပုံ | ၁၀၀ | .၁၂ | ၃၆ | ၁၆၂ | .၁၆ | ၃၂ | ၁၉၅ | .၁၆ | ၃၃ | ၂၁၃ | .၁၃ | ၃၃ | ၂၂၃ | .၁၂ | ၃၃ | ၁၇၉ | .၁၄ | ၃၃ |
| ၁၆ | လသာ | ၄၈၁၀ | ၅.၉၈ | ၅ | ၅၁၆၃ | ၄.၉၈ | ၃ | ၆၀၄၃ | ၅.၀၀ | ၄ | ၇၂၄၃ | ၅.၁၅ | ၄ | ၉၂၉၅ | ၄.၈၇ | ၄ | ၆၅၁၁ | ၄.၉၆ | ၄ |
| ၁၇ | သင်္ဃန်းကျွန်း | ၁၁၂၅ | ၁.၄၀ | ၁၄ | ၁၁၉၄ | ၁.၁၅ | ၁၄ | ၁၄၅၆ | ၁.၂၁ | ၁၄ | ၂၀၀၁ | ၁.၄၂ | ၁၄ | ၁၈၉၂ | .၉၉ | ၂၀ | ၁၅၃၄ | ၁.၁၇ | ၁၇ |
| ၁၈ | မင်္ဂလာဒုံ | ၂၄၁ | .၃၀ | ၂၅ | ၂၀၅ | .၂၀ | ၂၉ | ၂၇၄ | .၂၃ | ၂၈ | ၃၃၄ | .၂၁ | ၂၇ | ၄၃၁ | .၂၃ | ၂၆ | ၂၉၇ | .၂၃ | ၂၇ |
| ၁၉ | ဆိပ်ကမ်း | ၁၆၈ | .၂၁ | ၃၂ | ၂၇၃ | .၂၇ | ၂၅ | ၂၇၉ | .၂၃ | ၂၇ | ၄၄၀ | .၂၇ | ၂၅ | ၅၁၈ | .၂၇ | ၂၅ | ၃၃၆ | .၂၆ | ၂၅ |
| ၂၀ | ရန်ကင်း | ၇၁၈ | .၈၉ | ၂၂ | ၁၀၃၅ | ၁.၀၀ | ၁၈ | ၁၂၀၂ | ၁.၀၀ | ၁၈ | ၁၃၈၂ | .၉၆ | ၂၀ | ၁၉၇၈ | ၁.၀၄ | ၁၉ | ၁၂၆၃ | .၉၆ | ၂၀ |
| ၂၁ | မင်္ဂလာတောင်ညွန့် | ၁၂၃၆ | ၁.၅၄ | ၁၁ | ၁၂၉၇ | ၁.၂၅ | ၁၂ | ၁၆၀၄ | ၁.၃၃ | ၁၂ | ၁၉၉၁ | ၁.၂၄ | ၁၇ | ၃၀၈၅ | ၁.၆၁ | ၁၂ | ၁၈၄၃ | ၁.၄၀ | ၁၂ |
| ၂၂ | ဆိပ်ကြီး / ခနောင်တို | ၁၂၉ | .၁၆ | ၃၄ | ၁၁၃ | .၁၁ | ၃၇ | ၁၅၀ | .၁၂ | ၃၅ | ၁၅၅ | .၁၀ | ၃၆ | ၁၈၉ | .၁၀ | ၃၄ | ၁၄၇ | .၁၁ | ၃၅ |
| ၂၃ | ဒလ | ၇၇ | .၁၀ | ၃၇ | ၁၃၉ | .၁၃ | ၃၃ | ၉၀ | .၀၇ | ၃၇ | ၁၅၉ | .၁၀ | ၃၅ | ၁၆၉ | .၀၉ | ၃၅ | ၁၂၇ | .၁၀ | ၃၆ |
| ၂၄ | ကမာရွတ် | ၆၅၆၃ | ၈.၁၆ | ၃ | ၁၃၇၆ | ၁.၃၃ | ၁၀ | ၁၈၇၁ | ၁.၅၅ | ၉ | ၂၈၈၃ | ၁.၈၆ | ၈ | ၃၈၇၉ | ၂.၀၃ | ၉ | ၃၃၃၄ | ၂.၅၄ | ၆ |
| ၂၅ | လှိုင် | ၂၅၃၂ | ၃.၁၅ | ၆ | ၂၅၀၄ | ၂.၄၂ | ၇ | ၂၅၂၉ | ၂.၀၉ | ၇ | ၂၇၃၃ | ၁.၇၃ | ၉ | ၃၆၈၄ | ၁.၉၃ | ၁၀ | ၂၇၉၈ | ၂.၁၃ | ၈ |
| ၂၆ | မရမ်းကုန်း | ၈၆၈ | ၁.၀၈ | ၁၉ | ၉၉၀ | .၉၆ | ၁၉ | ၁၂၂၈ | ၁.၀၂ | ၁၇ | ၂၀၀၀ | ၁.၂၄ | ၁၅ | ၂၅၄၀ | ၁.၃၃ | ၁၆ | ၁၅၂၅ | ၁.၁၆ | ၁၈ |
| ၂၇ | ကြည့်မြင်တိုင် | ၁၁၄၈ | ၁.၄၃ | ၁၃ | ၁၃၁၅ | ၁.၂၇ | ၁၁ | ၁၆၆၆ | ၁.၃၈ | ၁၁ | ၂၃၆၂ | ၁.၄၇ | ၁၂ | ၃၀၂၀ | ၁.၅၈ | ၁၃ | ၁၈၀၂ | ၁.၄၅ | ၁၁ |
| ၂၈ | စမ်းချောင်း | ၂၄၀၂ | ၂.၉၈ | ၇ | ၂၇၁၁ | ၂.၆၂ | ၅ | ၂၀၆၂ | ၁.၇၁ | ၉ | ၄၄၉၂ | ၂.၈၈ | ၅ | ၅၅၁၈ | ၂.၈၉ | ၆ | ၃၈၃၃ | ၂.၇၇ | ၅ |
| ၂၉ | တိုက်ကြီး | ၃၈၁ | .၄၇ | ၂၄ | ၃၅၅ | .၃၄ | ၂၃ | ၅၁၇ | .၄၃ | ၂၄ | ၅၉၃ | .၃၃ | ၂၃ | ၆၈၇ | .၃၆ | ၂၃ | ၅၀၉ | .၃၉ | ၂၄ |
| ၃၀ | မှော်ဘီ | ၁၈၀ | .၂၂ | ၃၀ | ၁၅၅ | .၁၅ | ၃၅ | ၂၀၉ | .၁၇ | ၃၂ | ၂၃၄ | .၁၅ | ၃၁ | ၂၇၆ | .၁၄ | ၃၂ | ၂၁၂ | .၁၆ | ၃၂ |
| ၃၁ | ထန်းတပင် | ၁၇ | .၀၂ | ၃၈ | ၁၉ | .၀၂ | ၃၈ | ၃၂ | .၀၃ | ၃၈ | ၃၁ | .၀၄ | ၃၈ | ၉၇ | .၀၅ | ၃၈ | ၄၇ | .၀၄ | ၃၈ |
| ၃၂ | ကျောက်တံတား | ၂၈၇၇၅ | ၃၅.၇၆ | ၁ | ၄၉၀၂၈ | ၄၇.၃၂ | ၁ | ၅၈၃၁၈ | ၄၈.၂၈ | ၁ | ၈၀၄၈၁ | ၅၇.၀၈ | ၁ | ၈၅၃၃၅ | ၄၄.၇၈ | ၁ | ၆၀၄၂၇ | ၄၆.၀၁ | ၁ |
| ၃၃ | ပုဇွန်တောင် | ၁၀၂၂ | ၁.၂၇ | ၁၅ | ၁၀၆၀ | ၁.၀၂ | ၁၆ | ၁၄၂၉ | ၁.၁၈ | ၁၆ | ၂၅၉၂ | ၁.၆၁ | ၁၁ | ၃၁၀၈ | ၁.၆၃ | ၁၁ | ၁၈၄၂ | ၁.၄၀ | ၁၃ |
| ၃၄ | မြောက်ဥက္ကလာပ | ၁၀၀၂ | ၁.၂၆ | ၁၆ | ၁၀၆၅ | ၁.၀၃ | ၁၅ | ၁၁၉၉ | .၉၉ | ၁၉ | ၁၉၉၅ | ၁.၂၄ | ၁၆ | ၂၈၀၅ | ၁.၄၇ | ၁၄ | ၁၆၃၅ | ၁.၂၅ | ၁၅ |
| ၃၅ | ဗိုလ်တထောင် | ၉၉၃ | ၁.၂၃ | ၁၇ | ၁၂၄[illegible] | ၁.၂၀ | ၁၃ | ၁၈၂၀ | ၁.၅၁ | ၁၀ | ၂၇၂၄ | ၁.၇၀ | ၁၀ | ၆၂၁၈ | ၃.၂၅ | ၅ | ၂၅၉၉ | ၁.၉၈ | ၁၀ |
| ၃၆ | ဗဟန်း | ၁၇၉၁ | ၂.၂၃ | ၉ | ၂၂၇၄ | ၂.၁၉ | ၈ | ၂၂၀၅ | ၁.၈၃ | ၈ | ၃၀၃၉ | ၁.၉၅ | ၇ | ၄၂၄၆ | ၂.၂၂ | ၈ | ၂၃၃၁ | ၂.၀၈ | ၉ |
| ၃၇ | ကွမ်းခြံကုန်း | ၁၁၇ | .၁၅ | ၃၅ | ၁၁၄ | .၁၁ | ၃၆ | ၁၇၉ | .၁၅ | ၃၄ | ၁၆၁ | .၁၀ | ၃၄ | ၁၈၇ | .၀၉ | ၃၆ | ၁၄၈ | .၁၁ | ၃၄ |
| ၃၈ | ကော့မှူး | ၁၃၀ | .၁၆ | ၃၃ | ၁၅၇ | .၁၅ | ၃၄ | ၁၂၆ | .၁၀ | ၃၆ | ၁၀၉ | .၀၇ | ၃၇ | ၁၁၈ | .၀၆ | ၃၇ | ၁၂၂ | .၀၉ | ၃၇ |
| | စုစုပေါင်း | ၈၀,၄၇၀ | ၁၀၀ | | ၁၀၃,၆၁၃ | ၁၀၀ | | ၁၂၀,၇၉၆ | ၁၀၀ | | ၁၄၀,၆၉၉ | ၁၀၀ | | ၁၉၁,၀၄၀ | ၁၀၀ | | ၁၃၁,၃၂၂ | ၁၀၀ | |

ပြကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့်ရန်ကုန်တိုင်း၏အမြတ်ခွန်ကောက်ခံရရှိမှုအခြေအနေများကို၊ ကိုကိုးကျွန်းမြို့နယ်မှအပ ကျန် ၁၈မြို့နယ် ၌ ၁၉၈၁–၈၂ ခုနှစ်မှစ၍ ၁၉၈၅–၈၆ ခုနှစ်အထိမည်မျှကောက်ခံရရှိပြီး မြို့နယ်တစ်ခုစီအနေဖြင့်ရန်ကုန်တိုင်း၏အမြတ်ခွန် ကောက်ခံရရှိမှုတွင်မည်မျှထည့်ဝင်လျက်ရှိသည်ကိုဇယား ( ၁၅ ) ဖြင့်ဖော်ထုတ်လေ့လာတင်ပြပါသည် ။

ဇယား ( ၁၅ ) သည်ရန်ကုန်တိုင်း အတွင်း မြို့နယ်အလိုက်၊ အမြတ်ခွန် ကောက်ခံရရှိမှုနှင့်ပါဝင်မှုအချိုး အစား များ ကိုဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုဇယား တွင်နှစ်စဉ်အမြတ်ခွန် ကောက်ခံရရှိမှုအပေါ်မြို့နယ် အသီး သီး မှပါဝင်သောအချိုး အစား များ ကိုလေ့လာထား ပြီး ၊ ၎င်း တို့၏အဆင့်များ ကိုလည်း သတ်မှတ် လေ့လာထား ပါသည်။ နှစ်စဉ်ပါဝင်မှုအချိုးအစား အများ ဆုံး ဖြစ် သောမြို့နယ်မှာ ကျောက်တံတား မြို့နယ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ၁၉၈၁–၈၂ တွင် ကျောက်တံတား မြို့နယ်မှ ကောက်ခံရရှိသော အမြတ်ခွန်မှာကျပ် ထောင် ပေါင်း ၂၈၇၇၅ ဖြစ်ပြီး ၊ ရန်ကုန်တိုင်း မှ စုစုပေါင်း ကောက်ခံရရှိသောအမြတ်ခွန်၏ ၃၅.၇၆ ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၁၉၈၂–၈၃ တွင်ပါဝင်မှုရာခိုင်နှုန်း မှာ ၄၇.၃၂ ရာခိုင်နှုန်း ၊ ၁၉၈၃–၈၄တွင် ၄၈.၃၈ ရာခိုင်နှုန်း နှင့် ၁၉၈၄–၈၅တွင် ၅၀.၀၈ ရာခိုင်နှုန်း နှင့် ၁၉၈၅–၈၆ တွင် ၊ ၄၄.၇၈ ရာခိုင်နှုန်း ဖြစ်သည်ကို လေ့လာသိရှိရပါသည်။

ဇယား ( ၁၅ ) အရ၊ ကောက်ခံရရှိငွေအလိုက်မြို့နယ်အသီး သီး ကိုအဆင့်များ သတ်မှတ်ရာတွင်နှစ်စဉ်အမြတ်ခွန် ကောက်ခံရရှိမှုငွေအများ ဆုံး ရရှိသည့်မြို့နယ်များ မှာ ကျောက်တံတား မြို့နယ်၊ ပန်း ပဲတန်း မြို့နယ် ၊ လမ်း မတော်မြို့နယ်နှင့်လသာမြို့နယ်တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထိုမြို့နယ် များ သည်စီး ပွား ရေး လုပ်ငန်း များ ဖွံ့ဖြိုး ရာနေရာဒေသဖြစ်သည်.

ဇယား (၁၆)

ကျောက်တံတား မြို့နယ်၏ ဝင်ငွေအမျိုးအစား အလိုက်အမြတ်ခွန် ကောက်ခံရရှိမှု နှိုင်းယှဉ်ဇယား

(ကျပ်ထောင်ပေါင်း)

| အမှတ်စဉ် | ဝင်ငွေအမျိုးအစား | ၁၉၈၁-၈၂ | | ၁၉၈၂-၈၃ | | ၁၉၈၃-၈၄ | | ၁၉၈၄-၈၅ | | ၁၉၈၅-၈၆ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % |
| ၁ | ဆေး ဖော်စပ်ထုတ်လုပ်မှုလုပ်ငန်း | - | - | - | - | - | - | - | - | - | - |
| ၂ | အခြား ပန္နည်းထုတ်လုပ်ခြင်းလုပ်ငန်း | ၉၉ | .၃၅ | ၆၇ | .၁၄ | ၉၇ | .၁၇ | ၁၁၈ | .၁၅ | ၁၁၁ | .၁၃ |
| ၃ | သယ်ယူပို့ဆောင်ရေး လုပ်ငန်း | ၁၆၆ | .၅၈ | ၁၄၉ | .၃၁ | ၁၆၁ | .၂၈ | ၄၈၃ | .၆၀ | ၈၉၄ | ၁.၀၅ |
| ၄ | ရောင်း ဝယ်လုပ်ကိုင်မှုလုပ်ငန်း | ၄၁၃ | ၁.၄၄ | ၆၂၁ | ၁.၂၉ | ၉၃၄ | ၁.၆၁ | ၁၁၇၁ | ၁.၄၆ | ၁၀၆၇ | ၁.၂၅ |
| ၅ | အသက်မွေး ဝမ်းကျောင်းပညာလုပ်ငန်း | ၂၅၉ | .၉၀ | ၁၀၆၉ | ၂.၂၂ | ၂၀၃ | .၃၅ | ၂၆၁ | .၃၂ | ၇၈၇ | .၉၃ |
| ၆ | ပန္နည်း မှဝင်ငွေ | ၇၆ | .၂၇ | ၃၇ | .၀၇ | ၃၁ | .၀၅ | ၃၆ | .၀၄ | ၂၆ | .၀၃ |
| ၇ | အခြား ဝင်ငွေရလမ်း | ၁၉၃၈ | ၆.၇၆ | ၁၅၉၃ | ၃.၃၁ | ၂၀၄၂ | ၃.၅၁ | ၂၀၂၀ | ၃.၁၃ | ၂၅၀၀ | ၂.၉၄ |
| ၈ | အခြေပန္နည်း မှမြတ်စွန်းငွေ | ၇၆၀ | ၂.၆၅ | ၈၁၃ | ၁.၆၉ | ၁၃၄၈ | ၂.၃၂ | ၁၉၇၀ | ၂.၄၆ | ၂၄၈၀ | ၂.၉၁ |
| ၉ | သွင်းကုန် | ၂၀၃၉၆ | ၇၁.၁၈ | ၃၈၉၉၅ | ၈၀.၉၈ | ၄၈၀၄၂ | ၈၂.၆၆ | ၆၇၇၃၅ | ၈၄.၄၈ | ၇၁၁၀၈ | ၈၃.၅၃ |
| ၁၀ | ရုပ်ရှင် | ၄၅၁၅ | ၁၅.၇၆ | ၄၇၉၀ | ၉.၉၅ | ၅၂၄၂ | ၉.၀၂ | ၅၅၇၁ | ၆.၉၅ | ၆၁၁၀ | ၇.၁၈ |
| ၁၁ | အခြား ဖျော်ဖြေမှု | ၃၁ | .၁၁ | ၁၈ | .၀၄ | ၁၈ | .၀၃ | ၈ | .၀၁ | ၄၃ | .၀၅ |
| ၁၂ | ဆား ထုတ်လုပ်မှု | - | - | - | - | - | - | - | - | - | - |
| | စုစုပေါင်း | ၂၈၆၅၃ | ၁၀၀ | ၄၈၁၅၂ | ၁၀၀ | ၅၈၁၁၅ | ၁၀၀ | ၈၀၁၈၂ | ၁၀၀ | ၈၅၁၁၉ | ၁၀၀ |

ဇာစ်မြစ် ။ ရန်ကုန်တိုင်း အခွန်ဦးစီးဌာန၏လချုပ်အစီရင်ခံစာများမှ ကောက်နှုတ်တွက်ချက်ပါသည်။

အပြင်၊ ဈေးများ၊ ရုပ်ရှင်ရုံများနှင့်အခြားစီးပွားရေးလုပ်ငန်း ပေါင်းစုံထွန်းကားသောကြောင့်အမြတ်ခွန်ကောက်ခံရရှိမှုပမာဏများ ကြောင်းလေ့လာသိရှိရပါသည်။

ဇယား (၁၆)သည်ကျောက်တံတားမြို့နယ်ဝင်ငွေအရွယ်အစား အလိုက်အမြတ်ခွန်ကောက်ခံရရှိမှုကိုနှစ်အလိုက်နှိုင်းယှဉ်ဖော်ပြထားသော ဇယားဖြစ်ပါသည်။ ဤဇယားအရကျောက်တံတားမြို့နယ်တွင်ပုဂ္ဂလိကများ ၏ပြည်ပမှတင်သွင်းသည့်ပစ္စည်းများအပေါ်ကောက်ခံရရှိသည့်အမြတ်ခွန် မှာအများဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ ထိုသို့များပြားရခြင်းမှာ မြန်မာတစ်နိုင်ငံလုံးရှိပုဂ္ဂလိကများကတင်သွင်းသောသွင်းကုန်များအား လုံးအတွက်အမြတ်ခွန်သည်ကျောက်တံတားမြို့နယ်ဘစ်ခုဘဏ်၌သာပါဝင်နေ ခြင်းကြောင့်ဖြစ်ပါသည်။ သွင်းကုန်အပေါ်ကောက်ခံအည့်အမြတ်ခွန်ကို ဥပဒေအရလုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်အကောက်ခွန်ဦးစီးဌာနက၊ တာ ဝန်ယူ၍ကောက်ခံပေးရပါသည်။ အကောက်ခွန်ဦးစီးဌာနတည်ရှိရာ မြို့နယ်သည်ကျောက်တံတားမြို့နယ်ဖြစ်သဖြင့်သွင်းကုန်ပေါ်မှအမြတ်ခွန်အား လုံးကိုအကောက်ခွန်ဦးစီးဌာနသည်ကျောက်တံတားမြို့နယ်အခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးသွင်းပါသည်။

ကျောက်တံတားမြို့နယ်တွင်ရုပ်ရှင်ရုံအများအပြားပါဝင်တည် ရှိနေသောကြောင့်ရုပ်ရှင်မှကောက်ခံရရှိသည့်အမြတ်ခွန်ပမာဏမှာလည်း များပြားသည်ကိုတွေ့ရှိရပါသည်။ အမြတ်ခွန်ကောက်ခံရရှိမှုမှာပြည်မနိုင် ငံမှထုတ်လုပ်သည့်ရုပ်ရှင်ကားများပြသခြင်း* မှ ၄၀ ရာခိုင်နှုန်းဖြင့် ကောက်ခံရရှိသည့်အခွန်ငွေဖြစ်ပါသည်။ ရုပ်ရှင်ရုံအရေအတွက်မှာအတိုးအ

---

* နိုင်ငံခြားရုပ်ရှင်ကားများပြသခြင်းအပေါ်ကုန်စည်နှင့်ဝန် ဆောင်မှုခွန်ဥပဒေအရကောက်ခံပါသည်။

လျော့မရှိဘဲ၊ ဝင်ငွေသာလျှင်ရုပ်ရှင်ကားများ အပေါ်မူတည်၍ ပြောင်းလဲပါသည်။ ရုပ်ရှင်ကား ကောင်းလျှင်ကြည့်ရှုသူများ၍ ဝင်ငွေများပြားပြီး အခွန်ငွေပိုမိုရရှိမည်ဖြစ်ပါသည်။ ရုပ်ရှင်ကား မကောင်းပါကကြည့်သူနည်းပါး၍အခွန်ရရှိမှုပမာဏမှာလည်း ကျဆင်းမည်ဖြစ်ပါသည်။

ကျောက်တံတားမြို့နယ်တွင်ပုံမှန်အရောင်းအဝယ်လုပ်ငန်းများနှင့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဟော်တယ်များ တည်ရှိပါသည်။ ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်း ခေါင်းစဉ်ဖြင့်ကောက်ခံရရှိသည့်၊ အမြတ်ခွန်မှာ ၁၉၈၁–၈၂ တွင်ကျပ်ထောင်ပေါင်း (၄၁၃) မှ ၁၉၈၅–၈၆ တွင်ကျပ်ထောင်ပေါင်း (၁၀၆၇) သို့တိုးတက်ကောက်ခံရရှိခဲ့ပါသည်။

ကျောက်တံတားမြို့နယ်တွင်ကိုယ်ပိုင်ဆေးကုခန်းများပေါများသည့်အပြင် ရှေ့နေထူထပ်သည့်မြို့နယ်တစ်မြို့နယ်ဖြစ်ပါသည်။ ဆရာဝန်များ၊ ရှေ့နေများ အပေါ်အဓိကထား၍အခွန်စည်းကြပ်မှု ပြုခဲ့ရာနှစ်စဉ်အသက်မွေးဝမ်းကြောင်း ခေါင်းစဉ်ဖြင့်အခွန်ငွေများ တိုးတက်ကောက်ခံရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ရန်ကုန်တိုင်း၏မြို့နယ်များ အနက် ကျောက်တံတားမြို့နယ်သည် အခွန်အများဆုံး ကောက်ခံရရှိသည့်မြို့နယ်အဖြစ် ပေါ်လွင်ရခြင်းသည်၊ သွင်းကုန်မှရရှိသောအခွန်ပမာဏကြောင့်သာလျှင်ဖြစ်ပါသည်။ ထိုသွင်းကုန်မှရရှိသောအခွန်ပမာဏသည်အမှန်စင်စစ် ကျောက်တံတားမြို့နယ်တစ်ခုတည်းနှင့်သက်ဆိုင်ခြင်း မဟုတ်ဘဲ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံး မှပုဂ္ဂလိကများ ပြည်ပမှပစ္စည်း တင်သွင်းသည့်အပေါ်အကောက်ခွန်ဦးစီး ဌာနကကုန်းပေါ်ရောက်တန်ဖိုးအပေါ် ၁၅ ရာခိုင်နှုန်းဖြင့်ကောက်ခံ၍ ပေးသွင်းထားခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကျောက်တံတားမြို့နယ်မှအမြတ်ခွန်ကောက်ခံရရှိမှုပမာဏမှသွင်းကုန်အတွက် ကောက်ခံရရှိသည့်အမြတ်ခွန်

ဇယား ၁၃ (၂၁၃)

ပဒိုး ဘဲတန်း မြို့နယ်၏ ဝင်ငွေအမျိုး အစား အလိုက်အမြတ်ခွန် ကောက်ခံရရှိမှုနှိုင်းယှဉ်ဇယား

(ကျပ်သောင်းပေါင်း)

| စဉ် | ဝင်ငွေအမျိုး အစား | ၁၉၈၁-၈၂ | | ၁၉၈၂-၈၃ | | ၁၉၈၃-၈၄ | | ၁၉၈၄-၈၅ | | ၁၉၈၅-၈၆ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % | ကောက်ခံရရှိမှု | ပါဝင်မှု % |
| ၁ | ဆေးပေါ်လစီထုတ်လုပ်မှုလုပ်ငန်း | - | - | - | - | - | - | - | - | - | - |
| ၂ | အခြား ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း | ၁၇ | .၁၇ | ၁၅ | .၃၇ | ၅၁ | .၃၃ | ၁၅၇ | .၈၆ | ၁၃၁ | .၅၈ |
| ၃ | သယ်ယူပို့ဆောင်ရေး လုပ်ငန်း | ၁၉၉ | ၂.၀၂ | ၁၇၇ | ၁.၁၀ | ၂၀၃ | ၁.၃၁ | ၃၀၅ | ၂.၁၂ | ၆၀၆ | ၃.၀၃ |
| ၄ | ရောင်း ဝယ်လုပ်ကိုင်မှုလုပ်ငန်း | ၈၁၃၅ | ၈၂.၄၀ | ၁၂၅၅၃ | ၈၃.၇၇ | ၁၂၆၅၈ | ၈၁.၇၄ | ၁၄၅၀၉ | ၇၉.၇၀ | ၁၆၉၄၅ | ၇၄.၈၂ |
| ၅ | အသက်မွေး ထိန်းကျောင်းပညာလုပ်ငန်း | ၄၉ | .၅၀ | ၇၃ | .၄၉ | ၁၁၁ | .၇၂ | ၂၇၀ | ၁.၄၉ | ၂၅၅ | ၁.၁၃ |
| ၆ | ပစ္စည်း မှဝင်ငွေ | ၈၄ | .၈၅ | ၁၈၁ | ၁.၂၁ | ၁၆၁ | ၁.၀၄ | ၂၀၆ | ၁.၁၃ | ၂၅၆ | ၁.၁၃ |
| ၇ | အခြား ဝင်ငွေရလမ်း | ၅၀၀ | ၅.၀၈ | ၇၉၇ | ၅.၃၂ | ၈၅၆ | ၅.၅၃ | ၉၉၆ | ၅.၄၇ | ၁၇၄၉ | ၇.၇၂ |
| ၈ | အခြေပစ္စည်း မှမြတ်စွန်း ငွေ | ၇၇၈ | ၇.၈၈ | ၁၁၃၈ | ၇.၅၉ | ၁၄၂၄ | ၉.၁၉ | ၁၆၇၃ | ၉.၁၉ | ၂၆၁၈ | ၁၁.၅၆ |
| ၉ | သွင်းကုန် | - | - | - | - | - | - | - | - | - | - |
| ၁၀ | ရုပ်ရှင် | ၃၀ | .၃၀ | ၁၁ | .၀၇ | ၁ | .၀၁ | - | - | - | - |
| ၁၁ | အခြား ဖျော်ဖြေမှု | - | - | - | - | ၂၀ | .၁၃ | ၇ | .၀၄ | ၆ | .၀၃ |
| ၁၂ | ဆား ထုတ်လုပ်မှု | - | - | - | - | - | - | - | - | - | - |
| | စုစုပေါင်း | ၉၈၇၂ | ၁၀၀ | ၁၄၉၈၈ | ၁၀၀ | ၁၅၄၈၅ | ၁၀၀ | ၁၈၂၀၄ | ၁၀၀ | ၂၂၆၄၆ | ၁၀၀ |

## ဇယား (၁၈)

### ပန်းဘဲတန်း မြို့နယ်ရှိ
### ဝင်ငွေအမျိုးအစားအလိုက် အခွန်ထမ်းသည့်ဦးရေ

(ဦးရေ)

| အမှတ်စဉ် | ဝင်ငွေအမျိုးအစား | ၁၉၈၁-၈၂ | ၁၉၈၂-၈၃ | ၁၉၈၃-၈၄ | ၁၉၈၄-၈၅ | ၁၉၈၅-၈၆ |
|---|---|---|---|---|---|---|
| ၁ | ဆေးပေါ့လိပ်ထုတ်လုပ်မှု လုပ်ငန်း | - | - | - | - | - |
| ၂ | အခြားပန္နည်း ထုတ်လုပ်ခြင်း | - | ၂ | ၅ | ၅၁ | ၄ |
| ၃ | သယ်ယူပို့ဆောင်ရေး လုပ်ငန်း | ၃၉ | ၃၉ | ၃၃ | ၂၁၇ | ၂၄၀ |
| ၄ | ရောင်းဝယ်လုပ် ကိုင်မှုလုပ်ငန်း | - | ၇၂၉ | ၄၁၅ | ၁၈၂ | ၂၃၅ |
| ၅ | အသက်မွေးဝမ်း ကျောင်းပညာလုပ်ငန်း | - | ၁၁ | ၂၈ | ၂၀ | ၁၆ |
| ၆ | ပန္နည်းမှဝင်ငွေ | - | ၁၃ | ၄ | ၈ | ၁၄ |
| ၇ | အခြားဝင်ငွေ | ၈၃၃ | ၄၂၁ | ၂၆၀ | ၂၈၆ | ၁၃၂ |
| ၈ | အခြေပန္နည်းမှ မြတ်စွန်းငွေ | ၅၅၁ | ၄၆၅ | ၄၀၀ | ၄၀၃ | ၃၃၉ |
| ၉ | ရုပ်ရှင် | ၁၉ | - | - | - | - |
| ၁၀ | အခြားဖျော်ဖြေမှု | - | - | ၁၉ | ၂ | - |
| ၁၁ | ဆားထုတ်လုပ်မှု | - | - | - | - | - |
| | စုစုပေါင်း | ၁၄၄၂ | ၁၆၈၀ | ၁၁၆၄ | ၁၁၆၉ | ၉၈၀ |

ဇစ်မြစ်။ ပန်းဘဲတန်းမြို့နယ်အခွန်ဦးစီးဌာန။

ပမာဏကိုဖယ်ထုတ်လိုက်ပါတွင်အမှန်တကယ်အများဆုံး ကောက်ခံရရှိသည့်မြို့နယ်မှာပန်းဘဲတန်းမြို့နယ်ပင်ဖြစ်ပါသည်။ ပန်းဘဲတန်းမြို့နယ်သည်စီးပွားရေးလုပ်ငန်းများ စုံလင်သောကြောင့်အခွန်ထမ်း အမျိုးအစားလည်း စုံလင်ပါသည်။ ထို့ကြောင့်အမြတ်ခွန်အများဆုံး ရရှိသည့်ပန်းဘဲတန်းမြို့နယ်ကိုနမူနာမြို့နယ်အဖြစ် ရွေးချယ်၍အမြတ်ခွန် ကောက်ခံရရှိမှုကို လေ့လာတင်ပြပါသည်။

## ၅-၃-၁။ ပန်းဘဲတန်းမြို့နယ်၏အမြတ်ခွန် ကောက်ခံရရှိမှု

ဇယား (၁၇)သည်ပန်းဘဲတန်းမြို့နယ်၏အမြတ်ခွန် ကောက်ခံရရှိမှုကိုဝင်ငွေအမျိုးအစားအလိုက်၊ ငါးနှစ်ကာလအတွက် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ပန်းဘဲတန်းမြို့နယ်တွင်ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

အခြားပစ္စည်းထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ၁၉၈၁-၈၂ ခုနှစ်တွင်အမြတ်ခွန် ကောက်ခံရရှိမှုမှာကျပ်ထောင်ပေါင်း (၁၇)ဖြစ်ပြီး တဖြေးဖြေးတိုးတက်လာရာ၊ ၁၉၈၄-၈၅ခုနှစ်တွင်ကျပ်ထောင်ပေါင်း (၁၅၇) ကောက်ခံရရှိခဲ့ပြီး ၊ ၁၉၈၅-၈၆ခုနှစ်တွင်ကျပ်ထောင်ပေါင်း (၁၃၁) ကောက်ခံရရှိခဲ့သည်ကိုတွေ့ရှိရပါသည်။ ၎င်းခေါင်းစဉ်ဖြင့် ၊ ၁၉၈၄-၈၅ခုနှစ်အထိအမြတ်ခွန် ကောက်ခံမှုတိုးတက်ခဲ့ရခြင်း သည်လုပ်ငန်းများတိုးပွားလာခြင်း နှင့်အခွန်ထမ်းသစ်များတိုးပွားလာခြင်း ၊ ဇယား (၁၈)တို့ကြောင့်ဖြစ်ပါသည်။ ၁၉၈၅-၈၆တွင်ကုန်ကြမ်းအခက်အခဲများ ရှိသောကြောင့်လုပ်ငန်းများ ရပ်ဆိုင်းထားခြင်း ၊ ပိတ်သိမ်းခြင်းများ ကြောင့်အခွန်ထမ်းသစ်ဦးရေနည်းပါးသွားခြင်းဖြစ်၍ ၊ အခွန်ငွေရရှိမှုမှာလည်းကျဆင်းသွားခြင်း ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ၁၉၈၁-၈၂ ခု တွင်ကောက်ခံရရှိသောအမြတ်ခွန်မှာကျပ်သောင်းပေါင်း(၃၉) ရှိရာမှ၁၉၈၅-၈၆တွင်ကျပ်သောင်းပေါင်း ( ၆၈၆ )သို့တိုးတက်ကောက်ခံရရှိပါသည်။ စီးပွားရေးကြီးထွားဖွံ့ဖြိုးရာမြို့နယ်ဖြစ်သဖြင့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက်ယာဉ်အမျိုးမျိုးပိုင်ဆိုင်ကြသူများ၊ များပြားလာသည့်အလျောက်ထိုခေါင်းစဉ်ဖြင့်အခွန်စည်းကြပ်ခံရသူများသည်လည်း တစ်နှစ်ထက်တစ်နှစ်တိုးပွားလာခြင်းကြောင့်ဖြစ်ပါသည်။

အရောင်းအဝယ်လုပ်ငန်းခေါင်းစဉ်ဖြင့်အမြတ်ခွန်ကောက်ခံရရှိမှုမှာရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များအားလုံးအနက်၊ ပန်းဘဲတန်းမြို့နယ်မှကောက်ခံရရှိမှုမှာအများဆုံးဖြစ်ပါသည်။ ပန်းဘဲတန်းမြို့နယ်သည်နေရာအကျယ်အဝန်းအားဖြင့်ကျဉ်းမြောင်းသော်လည်း၊ စီးပွားရေးလုပ်ငန်းကြီးများ၊ အမျိုးအစားစုံလင်စွာတည်ရှိသဖြင့်အခွန်ထမ်းဦးရေများပြားကာအခွန်ကောက်ခံရရှိမှုပမာဏလည်းများပြားခြင်းဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းကြီးများအပြင်ရွှေဆိုင်ကြီးများ၊ ဈေးကြီးများလည်းပါဝင်တည်ရှိနေပါသည်။ ပန်းပဲတန်းမြို့နယ်အတွင်း၌ ရောင်းဝယ်လုပ်ကိုင်မှုလုပ်ငန်းခေါင်းစဉ်နှင့်အကျုံးဝင်သောလုပ်ငန်းများစွာရှိသည့်အနက်စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ ပုံနှိပ်လုပ်ငန်းများ၊ နာရီဆိုင်ကြီးများ၊ ရွှေဆိုင်ကြီးများမှအမြတ်ခွန်ပမာဏများစွာကောက်ခံရရှိပါသည်။ ရောင်းဝယ်မှုလုပ်ငန်းတွင်လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်စသည့်ကုန်ပစ္စည်းများဝယ်ယူရောင်းချခြင်းလုပ်ငန်းများလည်းပါဝင်ပါသည်။ စားသောက်ဆိုင်လုပ်ငန်းများနှင့်ပတ်သက်၍၊ ဆိုင်နာမည်ရရှိမှု၊ တည်နေရာအကျယ်အဝန်း၊ လုပ်သားသုံးစွဲမှု၊

ကုန်ကြမ်း ဝယ်ယူသုံးစွဲမှု၊ နေ့စဉ်ရောင်း ချမှုပမာဏများ ကိုတွက်ဆ၍ ၊ စည်းကြပ်ရန်ဝင်ငွေကိုခန့်မှန်း ပါသည်။

ရောင်း ဝယ်မှုလုပ်ငန်း အတွက်ခန့်မှန်း ဝင်ငွေသတ်မှတ်ရာတွင်ရောင်း ဈေး နှုန်း များ မြင့်မား လာမှုကြောင့်အကြမ်း အမြတ်ပိုမိုလာမည်ဖြစ်ပြီး ၊ ခန့်မှန်း ဝင်ငွေလည်း မြင့်မား လာခြင်း ကြောင့်၊ကောက်ခံရရှိသည့်အခွန်ပမာဏမှာလည်း တိုး ပွား လာခြင်း ဖြစ်ပါသည်။အရောင်း အဝယ်လုပ်ငန်း မှ ကောက်ခံရရှိသောအမြတ်ခွန်ပမာဏမှာ ၁၉၈၁-၈၂ တွင်ကျပ်ထောင်ပေါင်း (၈၁၃၅) ရှိရာမှနှစ်စဉ်တိုး တက်လာပြီး၊၁၉၈၅-၈၆ တွင်ကျပ်ထောင်ပေါင်း (၁၆၉၄၅) ဖြစ်လာခဲ့သဖြင့်တိုး တက်မှုနှုန်းမှာ ၂၀၈.၃၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂-ဆကျော်ခန့်တိုး တက်လာသည် ကို တွေ့ရှိရပါသည်။ သို့သော်ပန်း ဘဲတန်း မြို့နယ်မှစုစုပေါင်း ကောက်ခံရရှိ မှုတွင်ရောင်း ဝယ်မှုလုပ်ငန်း များ မှ ကောက်ခံရရှိမှုပမာဏမှာတိုး တက်သော်လည်း ပါဝင်မှုအချိုး အစား ရာခိုင်နှုန်း မှာ လျော့နည်း ရခြင်းသည် အခြား သောဝင်ငွေခေါင်း စဉ်များ ဖြင့်ကောက်ခံရရှိမှုပမာဏများ သည်တိုး တက်လာသောကြောင့်ဖြစ်ပါသည်။

ပန်း ဘဲတန်း မြို့နယ်တွင်အသက်မွေး ဝမ်း ကျောင်း ပညာလုပ်ငန်း ခေါင်း စဉ်ဖြင့်ရရှိသောအခွန်ပမာဏမှာလည်း တိုး တက်လာသည် ကို တွေ့ရှိရပါသည်။ ပန်း ဘဲတန်း မြို့နယ်၌ဆေး ရုံမရှိသော်လည်း ၊ ရွှေဘုံသာလမ်း အထက်အောက်၊ ၃၁လမ်း ၊ ကုန်ဈေး တန်း လမ်း အစရှိသည်များ ၌ ၊ ကိုယ်ပိုင်ဆေး ခန်း များ ဖွင့်လှစ်ထား သူများ အပေါ်အခွန်စည်း ကြပ်ခြင်း မှာတစ်နှစ်ထက်တစ်နှစ်တိုး ပွား လာသည်ကိုတွေ့ရှိရပါသည်။ ပန်း ဘဲတန်း မြို့နယ်၌ဆရာဝန်များ ကိုသာမကဘဲ၊ ဝင်ငွေကောင်း သည့်ဗေဒင်လက္ခဏာပညာရှင်များ ၊ ကျူရှင်ဆရာများ အပေါ်တွင်လည်း အသက်မွေး ဝမ်းကျောင်း ပညာလုပ်ငန်း ဟူသောခေါင်း စဉ်ဖြင့်အခွန်စည်း ကြပ်ခြင်း ပြုသည်ကို တွေ့ရ

ပါသည်။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှအမြတ်ခွန်ကောက်ခံရရှိမှုသည်၊ ၁၉၀၁-၀၂မှ ၁၉၀၄-၀၅ထိတိုးဘက်ကောက်ခံရရှိခဲ့ပြီး၊ ၁၉၀၅-၀၆ တွင်လျော့နည်းရခြင်းမှာပညာရေးဌာနကကန့်သတ်ချက်အရနံမည်ကြီးကျူရှင်များ၊ နှုတ်သိမ်းသွားခြင်းကြောင့်ဖြစ်ကြောင်း၊ သိရှိရပါသည်။ ထိုသူများအပေါ်အမြတ်ခွန်စည်းကြပ်ရန်ဝင်ငွေဆိုင်ရာအချက်အလက်များကိုမြို့နယ်ပညာရေးဌာနမှလည်းကောင်း၊ ကွင်းဆင်းလေ့လာခြင်းဖြင့်လည်းကောင်း၊ စုဆောင်း၍ရသင့်သောအခွန် ငွေများကိုမလွတ်အောင်စည်းကြပ်ကောက်ခံကြောင်းသိရှိရပါသည်။

အထူးသဖြင့်ဝင်ငွေရလမ်းမဖော်ပြနိုင်သည့်ခေါင်းစဉ်နှင့်အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်များအရကောက်ခံရရှိသည့်အမြတ်ခွန်ပမာဏမှာတိုးဘက်ကောက်ခံရရှိခဲ့သည်ကိုတွေ့ရှိရပါသည်။ ထို့သို့များပြားလာရခြင်းမှာမြို့နယ်အတွင်းအိမ်ခန်းရောင်းဝယ်ခြင်း၊ ဆိုင်ခန်းရောင်းဝယ်ခြင်း၊ ကားရောင်းဝယ်ခြင်းများ၊ များပြားလာခြင်းကြောင့်ဖြစ်ကြောင်းသိရှိရပါသည်။ အိမ်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍သန်းခေါင်စာရင်းဖြင့်ထိန်းချုပ်ထားကြောင်းလေ့လာသိရှိရပါသည်။ အိမ်ခန်းရောင်းခြင်း၊ ကားရောင်းခြင်းများအတွက်အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့်စည်းကြပ်ကောက်ခံပြီး၊ အခန်းဝယ်သူများ၊ ကားဝယ်သူများအတွက်ဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေခေါင်းစဉ်ဖြင့်စည်းကြပ်ကောက်ခံပါသည်။ အိမ်ခန်းဝယ်ခြင်း၊ ကားဝယ်ခြင်းများအတွက်ဝယ်သူသည်ထိုငွေကိုမည်သို့ရရှိသည် ကို၊ ရှင်းလင်းနိုင်ရမည်ဖြစ်ပါသည်။ ဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေပမာဏကြီးမားလေပေးဆောင်ရမည့် အခွန်ပမာဏမှာလည်း၊ များပြားလေဖြစ်ပါသည်။ ဤသို့ဖြင့်ဖုံးကွယ်နေသည့်ဝင်ငွေများကိုအတတ်နိုင်ဆုံးဖော်ထုတ်စည်းကြပ်နိုင်ခဲ့ခြင်းများကြောင့်အခွန်ပမာဏများ

ခြင်း ဖြစ်ပါသည်။

ပန်းဘဲတန်းမြို့နယ်၌ ရုပ်ရှင်ရုံများ မရှိသဖြင့် ၎င်းခေါင်းစဉ်ဖြင့် အပြည့်အဝ ကောက်ခံရရှိခြင်း မရှိပါ။ ထို့အတူပြည်ပမှ ပစ္စည်းတင်သွင်းခြင်း၊ ဆား ထုတ်လုပ်ခြင်း လုပ်ငန်းများ နှင့်ပတ်သက်၍လည်း ဆောင်ရွက်ခြင်း မရှိပါ။ အခြား ဖျော်ဖြေမှုနှင့်ပတ်သက်၍အခကြေး ငွေယူသော ၊ ဇာတ်ပွဲ၊ အငြိမ့်၊ စတိတ်ရှိုး များ ကျင်းပခြင်း ကိုဘဏ္ဍာနှစ်တစ်ကြိမ်ခန့်သာပြုလုပ် လေ့ရှိသဖြင့်ထို ခေါင်း စဉ်ဖြင့် ရရှိ သောအမြတ်ခွန်ပမာဏမှာအခြား ဝင်ငွေ ခေါင်း စဉ်များ နှင့်နှိုင်း ယှဉ်ပါလျှင်နဲပါး ကြောင်း တွေ့ရှိရ ပါသည်။

ပန်း ဘဲတန်း မြို့နယ်သည်စီး ပွား ရေး လုပ်ငန်း များ ဖွံ့ဖြိုး သော ကြောင့် ဖုံး ကွယ် နေ သော ဝင် ငွေများ ရှိနေမည်ဖြစ်ရာ၊ ရပ်ကွက် စာရင်း ပြုစု ရေး အဖွဲ့များ မှ ပေး ပို့သောအချက်အလက်များ ရရှိခြင်း ပါတီ ကောင်စီဦး ဆောင်မှုဖြင့် ဖိဖိစီး စီး စနစ်တကျအခွန် ကောက်ခံခြင်း များ ကြောင့်အခွန်များ ပြည့်ဝစွာ ကောက်ခံရရှိခဲ့ခြင်း ဖြစ်ကြောင်း ၊ လေ့လာသိရှိရပါသည်။

ပန်း ဘဲတန်း မြို့နယ်၏စုစု ပေါင်း ကောက်ခံရရှိသည့်ပမာဏ မှာနှစ်စဉ်တိုး တက်လျက်ရှိပါသည်။ ၁၉၈၅–၈၆ခုနှစ်၏တိုး တက်မှုနှုန်းမှာ ၁၉၈၁–၈၂ နှင့်နှိုင်း ယှဉ်လျှင် ၂၂၉.၄၀ ရာခိုင်နှုန်း ဖြစ်၍ ၊ ၂.၂၉ ဆတိုး တက်လာသည်ကို တွေ့ရှိရပါသည်။ ထိုသို့တိုး တက်မှုအရှိန်မြင့်မား ရခြင်း မှာအမြတ်ခွန်ဥပဒေအရဖွဲ့စည်း ထား ရှိသောရပ်ကွက် ကျေး ရွာ အုပ်စုစာရင်း ပြုစု ရေး အဖွဲ့များ နှင့်စည်း ကြပ်မှုအဖွဲ့များ က ဥပဒေနှင့် အညီတာဝန် ကျေပွန်စွာ ဆောင်ရွက်ကြခြင်း ကြောင့်ဖြစ်ပါသည်။ ထို့ပြင် မြို့ နယ်စည်း ကြပ်မှုအဖွဲ့များ အနေဖြင့်အမြတ်ခွန်စည်း ကြပ် ကောက်ခံမှုဆိုင်ရာ

လုပ်ငန်း ရပ်များ အပေါ်တွင်အတွေ့အကြုံရှိလာခြင်း ကြောင့်အခွန် ငွေများ တိုး တက် ကောက်ခံရရှိခဲ့ပါသည်။ အမြတ်ခွန်ကိုနည်း မျိုး စုံဖြင့်တိမ်း ရှောင် နေသူများ အား ဖော်ထုတ်ရန်စာရင်း ပြုစု ရေး အဖွဲ့များ သည် မိမိရပ်ကွက် ကျေး ရွာအတွင်း နေထိုင်သူများ ၏လုပ်ငန်း နှင့်ဝင်ငွေကို ၊ အနီး စပ်ဆုံး ခန့်မှန်း သိရှိနိုင်သူများ ဖြစ်၍အခွန် ပေး ဆောင်ထိုက် သူများ စာရင်း ကို စေ့စေ့စပ်စပ်တင်ပြနိုင်ခြင်း ကြောင့်ရသင့်ရထိုက်သော အခွန်များ ပြည့်ဝစွာရရှိခြင်း ဖြစ်ပါသည်။

အခွန် ပေး ဆောင်ထိုက်သူတိုင်း အား စိမ်ခန့်ခွဲရေးနည်းများ ဖြင့်အခွန် ပေး ဆောင်လာစေရန် ဆောင်ရွက်ခြင်း အပြင်၊ စည်း ကြပ်မှု အဖွဲ့များ ၊ ရပ်ကွက် ကျေး ရွာစာရင်း ပြုစု ရေး အဖွဲ့များ နှင့်အခွန်ဝန် ထမ်း များ ကစည်း ရုံး ရေး နည်း ဖြင့်လည်း ဆောင်ရွက်ခဲ့ပါသည်။ယန်းဘဲ ဘန်း မြို့နယ်အခွန်ဦး စီး ဌာနကအခွန်ထမ်း များ အနေဖြင့်ကျသင့်သော အခွန် ပေး ဆောင်ရန်တာဝန်ရှိပုံနှင့် ပေး ဆောင်ရန်ပျက်ကွက်ပါက ၊၊ အရေး ယူခံရဘွယ်ရှိပုံတို့ကိုစာတမ်း များ ရိုက်နှိပ်ပြီး ၊ အရောင်းအဝယ် လုပ်ငန်း ဌာနများ ၊ ဈေး များ ၊ မြို့နယ်ပြည်သူ့ကောင်စီနှင့်ရပ်ကွက် ပြည်သူ့ကောင်စီရုံး များ၌ ချိတ်ဆွဲပညာပေး ခြင်း ဖြင့်အခွန်ထမ်း များ အခွန် ပေး ဆောင်လိုစိတ်ဖြစ်ပေါ်ကာအခွန်ထမ်း သစ်ဦး ရေများ တိုး ပွား လာကြောင်း လေ့လာသိရှိရပါသည်။

## နိဂုံး

နိုင်ငံတော်အနှစ်(၂၀)နှစ်ရှည်စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၊ နိုင်ငံတော်၏လူမှုရေးစီမံခန့်ခွဲရေး စသည့်ကဏ္ဍရပ်များ အတွက်ကျခံသုံးစွဲရန်နှင့်ရင်းနှီးမြှုပ်နှံနိုင်ရေး အတွက်အခွန်အကောက်ကောက်ခံရရှိရေးသည်ပဓာနကျသော အခန်းမှပါဝင်ပါသည်။ ထို့ကြောင့်ရန်ကုန်တိုင်း အပါအဝင်ဒေသအသီးသီးရှိအခွန်ပေးဆောင်ထိုက်သူများ ပေးဆောင်စေရေး နှင့်အပြည့်အဝကောက်ခံရရှိရေးကိုပါတီ၏ဦးဆောင်မှု၊ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ကြီးကြပ်မှုတို့ကိုခံယူ၍အမြတ်ခွန်ကောက်ခံခြင်းလုပ်ငန်းကို ၁၉၇၆ခုနှစ် အမြတ်ခွန်ဥပဒေစည်းမျဉ်းပါလုပ်ပိုင်ခွင့်များအရ၊ အားကြိုးမာန်တက်ဆောင်ရွက်ခြင်းတို့ကိုကျမ်း၌လေ့လာတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့်ဆိုရှယ်လစ်စီးပွားရေးစနစ်သည်ပိုမို၍ရှင်သန်မည်ဟုယူဆမိပါသည်။

၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေ၏နိဒါန်း၌လည်း ``နိုင်ငံတော်ရှိပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ်လက်ရှိကောက်ခံနေသည့်အခွန်အကောက်စနစ်အစား ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် ၊ အံဝင်ခွင်ကျဖြစ်စေပြီး ၊အခြေခံဥပဒေပုဒ်မ (၁၇၂)နှင့်ညီညွတ်သည့် အခွန်အကောက်စနစ်ဖြစ်ပေါ်စေရန်ပြည်သူ့လွှတ်တော်သည်အောက်ပါ ဥပဒေသကိုပြဋ္ဌာန်းလိုက်သည် ။`` ဟူ၍ဖော်ပြပါရှိပါသည်။

ထို့ကြောင့် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့်အံဝင်ခွင်ကျ မှုရှိသည့်အခွန်အကောက်စနစ်

ဖြစ်စေရန်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီနှင့်မြို့နယ်ပြည်သူ့ကောင်စီအစရှိသော ပြည်သူ့ကိုယ်စားလှယ်များအား အမြတ်ခွန်စည်းကြပ်မှုကိစ္စအဝဝကို ဆောင်ရွက်ရန်တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းခဲ့ပါသည်။ ထိုသို့အမြတ်ခွန်စည်းကြပ်မှုကိုအဖွဲ့များ ဖွဲ့စည်း၍စည်းကြပ်မှုအဖွဲ့ကသာလျှင်ကြပ်မတ်ဆောင်ရွက်ခြင်းကြောင့် မသမာမှုများကိုအတော်အတန်ထိန်းသိမ်းနိုင်သည့်အပြင်အခွန်ငွေတိုးတက်ကောက်ခံရရှိမှုအခြေအနေထူးခြားလာသည်ကို တွေ့မြင်ရပါသည်။ အုပ်ချုပ်မှုစနစ်အရ၊ ဆင့်ကဲဆင့်ကဲကြီးကြပ်လမ်းညွှန်မှုပြုခြင်း၊ ကွပ်ကဲအုပ်ချုပ်ခြင်းတို့မှာ ပိုမို၍ ၊ ထိရောက်လာသည်ကို တွေ့ရှိရပါသည်။

၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေသည်အခွန်ရှောင်တိမ်းသူများနှင့်ဖုံးကွယ်ဝင်ငွေရှိသူများကိုလွယ်ကူထိရောက်သောနည်းလမ်းများဖြင့်ဖော်ထုတ်နိုင်ရန်ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပါသည်။ အခွန်တိမ်းရှောင်သူများ၊ ထိမ်ချန်မှုများ မရှိစေရေး အတွက်ကာကွယ်တားဆီးရေးလုပ်ငန်းနှင့်ပတ်သက်၍ပါတီ၏ဦးဆောင်မှု၊ မြို့နယ်ပြည်သူ့ကောင်စီ၏ကြီးကြပ်မှုကိုခံယူလျက်ရပ်ကွက်ပြည်သူ့ကောင်စီနှင့်အခွန်ထမ်းစာရင်းပြုစုရေးအဖွဲ့တို့အားအခါအားလျော်စွာပညာပေးဆွေးနွေးပွဲများပြုလုပ်ပြီး၊ ၎င်းတို့မှမိမိတို့ရပ်ကွက်အတွင်းပညာပေးဆွေးနွေးပွဲများဆင့်ပွားပြုလုပ်ကာ၊ အခွန်ထမ်းဆောင်ထိုက်သူများ မကျန်ရှိစေရေးအတွက်ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ ပန်းဘဲတန်းမြို့နယ်တွင်လည်း ပညာပေးစည်းရုံးဆောင်ရွက်မှုလုပ်ငန်းများမှာအောင်မြင်မှုရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

ဤကဲ့သို့သက်ဆိုင်ရာတာဝန်ရှိသူများ ကစီမံခန့်ခွဲနည်း၊ စည်းရုံးရေးနည်းများဖြင့်စည်းကြပ်ကောက်ခံမှုပြုသည့်အတွက်ကြောင့်လည်း

ကောင်း ၊ နိုင်ငံသူနိုင်ငံသားများ အနေဖြင့်လည်း မိမိတို့၏တာဝန်ကို ၊ ကျေပွန်စွာထမ်း ဆောင်ရမည်ဟူသော အသိဥာဏ်များ တိုး ပွား လာခြင်း ကြောင့်လည်း ကောင်း ၊ အမြတ်ခွန် ကောက်ခံရရှိမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက် ကောက်ခံရရှိလာသည်ကို တွေ့ရပါသည်။ နှစ်စဉ်ပြည်သူ့လွှတ်တော်မှ ချမှတ်ပေးသည့်အခွန်လျှာထားချက်များကိုပြည့်မီ၍ပို၍ ကောက်ခံရရှိခဲ့သည်ကို ထောက်ရှုခြင်းဖြင့် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေအရသက်ဆိုင်သည့် အဖွဲ့အစည်းများ၏ကြီးကြပ်ဆောင်ရွက်မှုများသည် အောင်မြင်နေသည်ကို လေ့လာ တွေ့ရှိနိုင်ပါသည်။

အခွန်နှုန်းထားမြင့်ခြင်းသည်အခွန်ငွေကိုတိုးတက်ရရှိစေလိမ့်မည်ဟူ၍တထစ်ချယူဆ၍မရပေ။ အခွန်နှုန်းထားကြီးမြင့်ခြင်းအားဖြင့် အခွန်ထမ်းများအနေဖြင့်အခွန်ပေးဆောင်လိုမှုလျော့နည်း၍ဝင်ငွေ ထိမ်ချန်မှု၊ ဖုံးကွယ်မှုများ စသည့်မသမာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရအနေဖြင့်တိကျမှန်ကန်သောအခွန်များကိုပေးဆောင်လိုစိတ်ဖြစ်ပေါ်စေရန်တရားမျှတ၍ခေတ်နှင့်လျော်ညီသောအခွန်နှုန်းများကိုယခုအခါတွင်ထပ်မံ၍ပြန်လည်သတ်မှတ်ပေးထားပြန်ပါသည်။ ၁၉၈၆ခုနှစ်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပေါ်ထွက်လာပြီး ၊ ဝင်ငွေ ၅၀၀၀၀ကျပ်အထက်ဝင်ငွေရရှိသူများ အခွန်ဝန်ထုပ်ဝန်ပိုးပိနေခြင်းကိုလျော့နည်းစေရန်အခွန်နှုန်းများကိုပြင်ဆင်ခဲ့ရာ၊ များစွာကျေနပ်အားရဘွယ်ဖြစ်ပါသည်။ ထို ၁၉၈၆ ခုနှစ်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရဝင်ငွေမည်မျှပင်များပြားစေကာမူ၊ အခွန်ငွေ ၅၀ ရာခိုင်နှုန်းထက်ပို၍ကောက်ခံခြင်းမရှိတော့ပါ။ အခွန်ထမ်းများအနေဖြင့်ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းအထိပေးဆောင်နေကြရာမှယခုအခါတွင်အများဆုံး ၅၀ ရာခိုင်နှုန်းအထိသာအခွန်ပေး

ဆောင်ကြရမည်ဖြစ်သဖြင့်မှန်ကန်သောအခွန်များကိုလိုလားစွာပေးဆောင်လိုသောသဘောများဖြစ်ပေါ်လာကြမည်ဖြစ်ပါသည်။ ထိုကဲ့သို့အမြတ်ခွန်ဥပဒေကိုလက်တွေ့အကောင်အထည်ဖော်ရာ၌ တွေ့ရှိလာသည့်အခက်အခဲပြဿနာများပေါ်တွင်မူတည်၍ဥပဒေကိုပြင်ဆင်ဖြည့်စွက်ခြင်းသည်အခွန်ထမ်းသစ်များတိုးပွားလာစေကာအခွန်ငွေတိုးတက်ကောက်ခံရရှိလာစေမည့်ဆွဲဆောင်နည်းပင်ဖြစ်ပါသည်။

ယခင်ကျင့်သုံးခဲ့သောအမြတ်ခွန်အက်ဥပဒေသည်အမြတ်ခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်၍ပြဋ္ဌာန်းချက်များမှာအလွန်ရှုပ်ထွေးသည့်အပြင်အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားခြင်းကြောင့်မြန်မာနိုင်ငံသူနိုင်ငံသားအများစုမှာနားလည်ရန်ခက်ခဲလှပါသည်။ ၁၉၇၆ခုနှစ်အမြတ်ခွန်ဥပဒေမှာမူရှင်းလင်းလွယ်ကူသည့်အပြင်အခွန်ထမ်းအများအပြားအနေဖြင့်စိတ်ဝင်စားမှုရှိလာသည်ကိုလေ့လာသိရှိရပါသည်။ အခွန်ထမ်းများအနေဖြင့်မိမိပေးဆောင်ရန်ရှိသည့်အခွန်နှင့်ပတ်သက်၍ မိမိကိုယ်တိုင်တတ်ကျွမ်းနားလည်သဘောပေါက်ကြမှသာလျှင်အခွန်ပေးဆောင်လိုစိတ်ရှိကြမည်ဖြစ်ပါသည်။ ထို့ကြောင့်မြို့နယ်များတွင်အမြတ်ခွန်နှင့်ပတ်သက်၍အခွန်ထမ်းများပိုမိုနားလည်သဘောပေါက်ကြစေရန်ပြည်သူ့ကောင်စီဝင်များ၊ အခွန်ဦးစီးမှူးများနှင့်သက်ဆိုင်ရာဝန်ထမ်းများကပညာပေးဟောပြောစည်းရုံးကြခြင်းဖြင့်အမြတ်ခွန်ကောက်ခံရရှိမှုများတိုးတက်လာခဲ့ပါသည်။

အမြတ်ခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်၍အကြံပေးတင်ပြလိုသည်မှာပြည်သူလူထုအနေဖြင့်အခွန်ပေးဆောင်လိုစိတ်ဖြစ်ပေါ်ရေးမှာအဓိကအချက်တစ်ရပ်ဖြစ်သဖြင့်ပညာပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများကိုပိုမိုထိရောက်သည်ထက်ထိရောက်စွာကြိုးပမ်းဆောင်ရွက်ကြရမည်

ဖြစ်ပါသည်။ ထို့ပြင်အမြဲတမ်းခွန်ဥပဒေ၊ စည်းမျဉ်းဥပဒေပါသတ်မှတ်ချက်များနှင့်အညီရပ်ကွက်ကျေးရွာအုပ်စုစာရင်းပြုစုရေးအဖွဲ့များ၊ မြို့နယ်စည်းကြပ်ရေးအဖွဲ့များကိုစနစ်တကျဖွဲ့စည်းရေး၊ အရည်အချင်းပြည့်ဝသောအဖွဲ့ဝင်ပုဂ္ဂိုလ်များဖြစ်ရေးနှင့်ထိုအဖွဲ့များသည်ဥပဒေစည်းမျဉ်းပါရည်ရွယ်ချက်များကိုထမြောက်အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနမှချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်များဖြစ်သောအခွန်အရပ်ရပ်လျာထားချက်ပြည့်မီကျော်လွန်စွာကောက်ခံရရှိရေး၊ အခွန်ကြွေးများအမြစ်ကုန်ကောက်ခံရရှိရေး၊ အခွန်ထမ်းသစ်တိုးချဲ့ဖော်ထုတ်ရေး၊ အခွန်ရုံးများစနစ်တကျရှိပြီးလုပ်ငန်းအဆင့်အတန်းမြင့်မားရေး၊ အခွန်ထမ်းပြည်သူများလိုလားစွာအခွန်ပေးဆောင်လာစေရန်စည်းရုံးပညာပေးရေးတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုနိုင်မှသာလျှင်အခွန်ကောက်ခံရရှိမှုသည်နှစ်စဉ်တိုးတက်မည်ဖြစ်ကြောင်းတင်ပြလိုပါသည်။

အမြဲတမ်းခွန်ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်ရာ၌ရရှိခဲ့သည့်အတွေ့အကြုံများကိုအခြေပြု၍အခွန်ကောက်ခံခြင်းဆိုင်ရာသဘောတရားများနှင့်အညီအခွန်နှုန်းထားများသည်တိုင်းပြည်၏စီးပွားရေးအခြေအနေနှင့်သင့်လျော်မှုရှိမရှိ၊ အစဉ်သုတေသနပြုခြင်းဖြင့်လည်းကောင်း၊ ဆိုရှယ်လစ်စနစ်နှင့်အံဝင်ခွင်ကျပြီးနိုင်ငံတော်၏ဘဏ္ဍာငွေများဖြည့်တင်းနိုင်မည့်အခွန်အကောက်ပြည့်ဝစွာကောက်ခံရရှိသည့်အခွန်ကောက်ခံမှုစနစ်သို့ဦးတည်နိုင်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်းအကြံပြုတင်ပြလိုပါသည်။

နောက်ဆက်တွဲ (၁)

# အမြတ်ခွန်ဥပဒေပုဒ်မ ၁၄၊ သို့မဟုတ် ၁၇ အရ ပေးပို့ရမည့်ဝင်ငွေကြေညာလွှာ

အမည်၊ ____________________

အလုပ်အကိုင်၊ သို့မဟုတ် လုပ်ငန်း ____________________

လုပ်ငန်းလိပ်စာ ____________________

နေအိမ်လိပ်စာ ____________________

၁။ ၁-၄ မှ ၃၁-၃ အထိ၊ တနှစ်ကာလအတွင်း ရရှိသောဝင်ငွေစာရင်း။

| ဝင်ငွေရလမ်း | | | | | ဝင်ငွေ | |
|---|---|---|---|---|---|---|
| | | | | | ကျပ် | ပြား |
| ၁။ ဆေးပေါ့လိပ်ထုတ်လုပ်ခြင်းမှ | .... | .... | .... | .... | | |
| ၂။ အခြားပစ္စည်းထုတ်လုပ်ခြင်းမှ | .... | .... | .... | .... | | |
| ၃။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ | .... | .... | .... | .... | | |
| ၄။ အခြားဝင်ငွေရလမ်းမှ | .... | .... | .... | .... | | |
| | | | စုစုပေါင်း | .... | | |
| အခြားပစ္စည်းမှ မြတ်စွန်းငွေ | .... | .... | .... | .... | | |

၂။ အထက်ပါကာလအတွက် ပေးသွင်းပြီးသည့်အမြတ်ခွန်ကျပ် ____________________

အထက်တွင်ဖေါ်ပြထားသော အချက်များသည်၊ ကျွန်ုပ်တို့ယုံကြည်သိရှိသမျှ မှန်ကန်ပြည့်စုံသည့်ပြင် ၁-၄ မှ ၃၁-၃ အထိ တနှစ်ကာလအတွင်း
ကျွန်ုပ်

---

ကျွန်ုပ်ပါဝင်သော အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ အသင်း၊ သို့မဟုတ် အဖွဲ့အစည်းတွင် အမြတ်ခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ အခွန်ကျသင့်သော အခြားဝင်ငွေ တစုံတရာရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးပေးပါသည်။

အခွန်ထမ်း၏လက်မှတ် ____________________

အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ____________________

နေ့စွဲ ____________________

အလုပ်အကိုင်/လုပ်ငန်း ____________________

**မှတ်ချက်။** ။ရှင်းလင်းချက်ကိုကျောဘက်တွင်ကြည့်ပါ။

---

## လက်ခံဖြတ်ပိုင်း

၁၉ -၁၉ စည်းကြပ်နှစ်အတွက် အခွန်ထမ်း (အမည် ____________________

နေရပ်လိပ်စာ ____________________)
က တင်သွင်းသောဝင်ငွေကြေညာလွှာတစောင်ကိုလက်ခံရရှိပါသည်၊

____________________

ရုံးတံဆိပ်

စည်းကြပ်မှုအဖွဲ့ကိုယ်စား၊

အမည် ____________________

ရာထူး ____________________

နေ့စွဲ ____________________

မြို့နယ် ____________________

**ရှင်းလင်းချက်။** ။၁ မြန်မာနိုင်ငံပြည်ပတွင် ဝင်ငွေရှိက ယင်းဝင်ငွေကို မှတ်ချက်ဖြင့်ဖော်ပြရပါမည်။

၂။ စင်ငွေကြေညာလွှာတွင် ဖော်ပြထားသည့်ဝင်ငွေနှင့် ဝန်ခံချက်များကို—

(က) တဦးချင်းပုဂ္ဂိုလ်ဖြစ်လျှင် တဦးချင်းပုဂ္ဂိုလ်ကိုယ်တိုင်။

(ခ) ကုမ္ပဏီဖြစ်လျှင်၊ယင်းကုမ္ပဏီ၏အတွင်းရေးမှူး၊အထွေထွေမန်နေဂျာ၊ မန်နေဂျာ သို့မဟုတ်ကိုယ်စားလှယ်။

(ဂ) ဒီးစုစပ်လုပ်ငန်း သို့မဟုတ် အခြားအဖွဲ့အစည်းအသင်းစသည်တို့ဖြစ်လျှင်၊ ယင်းတို့တွင်ပါဝင်သူတဦးဦးက လက်မှတ်ရေးထိုးရမည်။

ပုံစံ ၁၀က (၂)
(အမခ-၇)

# အမြတ်ခွန် ဥပဒေပုဒ်မ ၁၂ အရ အခွန်ကြိုတင်ပေးဆောင်ရန် တောင်းခံလွှာ

အခွန်ထမ်းမှတ်ပုံတင်စာရင်းအမှတ်________________

______________________________

______________________________

______________________________

၁။ ၃၁–၃ နေ့ကုန်ဆုံးမည့် ၁၉ –၁၉ ဘဏ္ဍာနှစ်အတွင်း ရှိသည့်ဝင်ငွေနှင့်စပ်လျဉ်း၍၊ လူကြီးမင်းသည် အမြတ်ခွန်ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ယင်းနှစ်အတွင်း၌ပင် အခွန်ကိုပေးဆောင်ရန်လိုအပ်ပါသည်။

၂။ ယင်းသို့ပေးဆောင်ရမည့်အခွန်ကို ပူးတွဲပါပုံစံတွင် ဖြည့်စွက်တွက်ချက်ပြီး ပေးပို့ရပါမည်။ ထို့ပြင် ယင်းအခွန်ကို အရစ်များ အညီအမျှခွဲ၍ ပူးတွဲပါငွေသွင်းပြေစာများဖြင့် ______________________ မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ ၁၉ ခု၊ ______________________ လမှစ၍ လစဉ် သို့မဟုတ် သုံးလတကြိမ် ပေးသွင်းပြီး ငွေလက်ခံဖြတ်ပိုင်း တစောင်ကို ရယူစေလိုပါသည်။ အကယ်၍ ဤအကြောင်းကြားစာကို အဆိုပါအရစ်ကျပေးဆောင်ရန် ရက်ကျော်လွန်မှရရှိပါက ကျန်ရှိသည့်အရစ်များဖြင့်အပြည့်ပေးဆောင်ရပါမည်။

၃။ လူကြီးမင်းသည် အထက်အပိုဒ် ၂ အရ အခွန်ကို ဝင်ငွေရရှိသည့်နှစ်အတွင်း မပေးဆောင်လျှင် သို့မဟုတ် ပေးဆောင်ခဲ့သော အခွန်စုစုပေါင်းသည် စည်းကြပ်မှုပြုလုပ်သည့်အခါ ကျသင့်သည့်အခွန်ထက် လျော့နည်းလျှင် ယင်းအခွန် သို့မဟုတ် လျော့နည်းငွေ၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏအထိကို ဒဏ်ငွေအဖြစ် ပေးဆောင်ရဘွယ်ရာကြောင်း အသိပေးပါသည်။

နှုံးတံဆိပ်။

စာအမှတ်________________ စည်းကြပ်မှုအရာရှိ၊

နေ့စွဲ________________ ________________ မြို့နယ်။

(အဖမ-၂)

အခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၄ ပုဒ်မခွဲ (က) အရ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဝင်ငွေအပေါ် အခွန်ပေးဆောင်ထိုက်သူများစာရင်း

၁၉— ၁၉ စည်းကြပ်နှစ်

| အမှတ်စဉ် (၁) | အမည်နှင့်နေရပ်လိပ်စာ (၂) | လုပ်ငန်းအမျိုးအစား (၃) | လုပ်ငန်းအလိုက်ဝင်ငွေ (၄) | စုစုပေါင်း (၅) | မှတ်ချက် (၆) |
|---|---|---|---|---|---|
| | | | | | |

ဥက္ကဋ္ဌ .................... အဖွဲ့ဝင် .................... အဖွဲ့ဝင် ....................

စာရင်းပြုစုရေးအဖွဲ့

.................... ရပ်ကွက်/ကျေးရွာအုပ်စု

.................... မြို့နယ်။

[ကျောဘက်သို့

ရှင်းလင်းချက်။ ၁။ လုပ်ငန်းအမျိုးအစားကို ဖော်ပြရာ၌—

(က) ဆေးပေါ့လိပ်ထုတ်လုပ်သည့် လုပ်ငန်း၊

(ခ) အခြားကုန်စည်ထုတ်လုပ်သည့် လုပ်ငန်းနှင့်

(ဂ) အသယ်ယူပို့ဆောင်ရေးလုပ်ငန်း [ဘတ်(စ်)ကား၊ တက္ကစီ၊ ကုန်တင်ကား၊ မော်တော်ရေယာဉ်စသည်] တို့ကိုသီးခြားဖော်ပြရပါမည်။ ကျန်လုပ်ငန်းများကိုလည်း မည်သည့်လုပ်ငန်းဖြစ်သည်ကို သိသာရန်ဖော်ပြပေးရပါမည်။ (ဥပမာ-ထမင်းဆိုင်လုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း၊ ရွှေနေလုပ်ငန်း၊ ဆေးကုသခြင်းလုပ်ငန်း၊ အိမ်ငှားမြေငှားခြင်းစသည်ဖြင့်)။

၂။ ဝင်ငွေဆိုသည်မှာ အသားတင်အမြတ်ဖြစ်သည်။ လုပ်ငန်းမှ ရငွေအားလုံးကို ခန့်မှန်း၍ ယင်းမှလုပ်ငန်းအတွက် ကုန်ကျစရိတ်အားလုံးကို ခန့်မှန်းနုတ်ပယ်ပါက ကျန်ငွေသည် ခန့်မှန်းရရှိသော အသားတင်အမြတ်ဖြစ်ပါသည်။ ခန့်မှန်းရာတွင် တနေ့ပျမ်းမျှရငွေ၊ သို့မဟုတ် တလပျမ်းမျှရငွေကိုအခြေပြု၍ ခန့်မှန်းနိုင်ပါသည်။ လုပ်ငန်းအတွက် ကုန်ကျစရိတ်ကို ခန့်မှန်းနုတ်ပယ်ရာတွင် မ, တည်စရိတ်နှင့် အိမ်သုံးစရိတ် အပါအဝင် ကိုယ်ရေးကိုယ်တာစရိတ်များကို နုတ်ပယ်ပေးခြင်းမပြုရပါ။ ရငွေအားလုံးအပေါ် လုပ်ငန်းသဘာဝအလိုက် ရရှိနိုင်သောအသားတင်အမြတ် ရာခိုင်နှုန်းဖြင့်လည်း ဝင်ငွေကိုခန့်မှန်းနိုင်ပါသည်။

၃။ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် အခြားပစ္စည်း ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ ရရှိသင့်သောငှားရမ်းခရငွေအပေါ်မှ ယင်းငွေရရှိရေးအတွက် ကုန်ကျစရိတ်များကို နုတ်ပယ်ခြင်းဖြင့် ဝင်ငွေကို ခန့်မှန်းနိုင်ပါသည်။

၄။ သက်ဆိုင်ရာပုဂ္ဂိုလ်၏ နေထိုင်စားသုံးမှုစရိတ်ကို ခန့်မှန်းခြင်းဖြင့်လည်း ဝင်ငွေကိုခန့်မှန်းနိုင်ပါသည်။ ယင်းသို့ ခန့်မှန်းပါက အခြေပြုသည့် အချက်အလက်များကို မှတ်ချက်တွင်ဖော်ပြရမည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်သည် အမွေရရှိထားသောငွေ၊ ပစ္စည်းကို ထုခွဲရောင်းချ၍ ရရှိသောငွေ စသောငွေတို့ဖြင့် နေထိုင်စားသောက်ခြင်းဖြစ်ပါက၊ ယင်းငွေတို့ကို ဝင်ငွေအဖြစ် ခန့်မှန်းခြင်းမပြုနိုင်ပါ။

ပ၁၀၊၈က—အမှတ် ၁၄၀၂၅၀၊ မြည်တွင်းအခွန်များဦးစီးဌာန၊ ၀၅၊ ၂၀၀,၀၀၀ ရွက်—၁။

(အမခ-၃)

အမြတ်ခွန်ဥပဒေပုဒ်မ ၄ ပုဒ်ခွဲ (ခ) နှင့် ပုဒ်မ ၆ တို့အရ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အမြတ်ခွန်ပေးဆောင်ထိုက်သူများစာရင်း

| အမှတ်စဉ် (၁) | အမည်နှင့်နေရပ်လိပ်စာ (၂) | ရောင်းချသည့်ပစ္စည်း အမျိုးအစား (၃) | ရောင်းချ သည့်နေ့ (၄) | ပစ္စည်းအတွက်ကုန်ကျ ငွေပေါင်း (၅) | ရောင်းရငွေ (၆) | မြတ်စွန်းငွေ (၇) | မှတ်ချက် (၈) |
|---|---|---|---|---|---|---|---|
| | | | | | | | |

ရှင်းလင်းချက်။ ။၁။ ဤပုံစံနှင့်စာရင်းကို ပစ္စည်းရောင်းသည့်ကိစ္စပြီးပြတ်သည်နှင့်တပြိုင်နက် နှစ်ကုန်သည့်တိုင်အောင်မစောင့်ဘဲ ဖြည့်စွက်စာရင်းအဖြစ် ပေးပို့ရမည်ဖြစ်ပါသည်။

၂။ ရောင်းချသည့်ပစ္စည်းအမျိုးအစားအောက်တွင် အိမ်၊ မြေ၊ မော်တော်ယာဉ်၊ သို့မဟုတ် လုပ်ငန်းတွင်သုံးစွဲနေသောစက်ပစ္စည်း၊ အဆောက်အဦစသည့်လုပ်ငန်းဆိုင်ရာ မ,တည်ပစ္စည်းများ ကိုသာဖော်ပြရပါမည်။ အခြားပစ္စည်းများရောင်းချသည့်ကိစ္စကို ဤစာရင်းတွင်ထည့်သွင်း ဖော်ပြရန်မလိုပါ။

၃။ ရောင်းရငွေကျပ် ၅၀၀၀၀-၀၀ ကျော်မှသာ ဤစာရင်းတွင် ဖော်ပြရန်လိုပါသည်။

၄။ ရောင်းချသောပစ္စည်းကို ဝယ်ယူခဲ့သည့်တန်ဘိုး မရောင်းချမီ ကုန်ကျခဲ့သော မ,တည်စရိတ်များနှင့်ရောင်းချရာတွင် ကုန်ကျသည့်စရိတ်များကို ပေါင်းစပ်လျှင် စာကိုင်(၅)တွင် ဖော်ပြရမည့်ငွေဖြစ်ပါသည်။ အမွေရရှိခဲ့ခြင်း မေတ္တာနှင့်ပေးကမ်း၍ ရရှိခဲ့ခြင်းဖြစ်လျှင် ယင်းအချက်ကို ဖော်ပြရပါမည်။

၅။ ရောင်းရငွေမှ ပစ္စည်းအတွက်ကုန်ကျငွေများကိုနုတ်လျှင် ယင်းရောင်းချခြင်းမှ ရရှိသည့်ပစ္စည်းမှ မြတ်စွန်းငွေရပါမည်။

၆။ ဤပုံစံကိုဖြည့်ရာ၌ သိရှိထားသောသတင်းအချက်အလက်များကို အခြေပြု၍ဆောင်ရွက်ရန်ဖြစ်ပါသည်။ သိရှိထားသော အချက်အလက်မရှိလျှင်လည်း ခန့်မှန်းဖော်ပြရန်ဖြစ်ပါသည်။ မည်သို့အခြေပြုဖော်ပြသည်ကို မှတ်ချက်အပြည့်အစုံပါရှိရပါမည်။

ဥက္ကဋ္ဌ ____________________

အဖွဲ့ဝင် ____________________

အဖွဲ့ဝင် ____________________

စာရင်းပြုစုရေးအဖွဲ့

____________ ____________ ရပ်ကွက်/ကျေးရွာအုပ်စု

____________________ မြို့နယ်

(အမခ-၅)စ

## အမြိတ်ခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)အရ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ဖျော်ဖြေမှုကျင်းပသူများစာရင်း

| နေ့စွဲ | ပွဲအမျိုးအစားနှင့်အမည် | ပွဲတာဝန်ယူကျင်းပသူ | တပွဲခြင်းအလိုက်ခန့်မှန်းချက် | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပွဲချိန်များ | ခန့်မှန်းရငွေ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

ရှင်းလင်းချက်။ ၁။ ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ စည်းကြပ်မှုအခွန်က သတင်း။ အချက်အလက်များတောင်းလျှင် ဤပုံစံဖြင့် စာရင်းပြုစုပေးပို့ရပါမည်။
၂။ ရုံဝင်ခအပြင် အခြားအခကြေးငွေများရှိလျှင် (ဥပမာ ချော်ခ) ယင်းအချက်ကို မှတ်ချက်တွင် ဖော်ပြရပါမည်။

ဥက္ကဋ္ဌ ____________

အဖွဲ့ဝင် ____________

အဖွဲ့ဝင် ____________

စာရင်းပြုစုရေးအဖွဲ့၊

____________ ရပ်ကွက်/ ကျေးရွာအုပ်စု

____________ မြို့နယ်။

နောက်ဆက်တွဲ ( ၇ )
(အမဝ-၁)

## အမြတ်ခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (င) တို့အရ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဆားထုတ်လုပ်မှုအပေါ် အခွန်ပေးဆောင်ထိုက်သူများစာရင်း

…ကွက်/ကျေးရွာအုပ်စု ____________

…် ____________

____________ မှ ____________ ထိရက်သတ္တပတ်/တလအတွက်

| …ှတ်စဉ် (၁) | ဆားထုတ်လုပ်သူအမည် (၂) | နေရပ်လိပ်စာ (၃) | ဆားခိုတည်ရှိရာ ကွင်းအမှတ်/အမည် (၄) | ဆားခိုအမှတ် (၅) | ထုတ်လုပ်သည့်ဆားပိဿာချိန် (၆) | မှတ်ချက် (၇) |
|---|---|---|---|---|---|---|
| | | | | | | |

ဥက္ကဋ္ဌ ____________

အဖွဲ့ဝင် ____________

အဖွဲ့ဝင် ____________

စာရင်းပြုစုရေးအဖွဲ့၊

____________ ရပ်ကွက်/ကျေးရွာ…ုပ်စု၊

____________ မြို့နယ်။



…မှတ် ၇၇၃၁ အစွန်ပြီးမြင့်ခွာန၊ ၅-၇-၇၆—၁၀ဝဝ၀င်း။ (၀ပ)

## အမြတ်ခွန်နှုန်းများ

၁၉၆၃ - ၆၄ စည်းကြပ်နှစ် မှ ၁၉၇၁-၇၂ စည်းကြပ်နှစ် အထိ အတည်ဖြစ်ရှိခဲ့သော အမြတ်ခွန်နှုန်းများမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း နေထိုင်သူ အခွန်ထမ်းများ အတွက် အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါသည်။

| ဝင်ငွေအလွှာ | | | အမြတ်ခွန်နှုန်း | ဝင်ငွေအလွှာအလိုက် ကျသင့်အမြတ်ခွန် | စုစုပေါင်းဝင်ငွေ | စုစုပေါင်းဝင်ငွေ အပေါ် ကျသင့် အမြတ်ခွန် |
|---|---|---|---|---|---|---|
| ကျပ် | | ကျပ် | | | | |
| ၁ | မှ | ၁,၅၀၀ | မရှိ | ---- | ၁၅၀၀ | ---- |
| ၁,၅၀၁ | မှ | ၅,၀၀၀ | ၇ | ၂၄၅ | ၅၀၀၀ | ၂၄၅ |
| ၅,၀၀၁ | မှ | ၁၀,၀၀၀ | ၁၅ | ၇၅၀ | ၁၀,၀၀၀ | ၉၉၅ |
| ၁၀,၀၀၁ | မှ | ၁၅,၀၀၀ | ၂၅ | ၁၂၅၀ | ၁၅,၀၀၀ | ၂၂၄၅ |
| ၁၅,၀၀၁ | မှ | ၂၀,၀၀၀ | ၃၅ | ၁၇၅၀ | ၂၀,၀၀၀ | ၃၉၉၅ |
| ၂၀,၀၀၁ | မှ | ၃၀,၀၀၀ | ၄၅ | ၄၅၀၀ | ၃၀,၀၀၀ | ၈၄၉၅ |
| ၃၀,၀၀၁ | မှ | ၄၀,၀၀၀ | ၆၅ | ၆၅၀၀ | ၄၀,၀၀၀ | ၁၄၉၉၅ |
| ၄၀,၀၀၁ | မှ | ၅၀,၀၀၀ | ၇၅ | ၇၅၀၀ | ၅၀,၀၀၀ | ၂၂၄၉၅ |
| ၅၀,၀၀၁ | မှ | ၆၀,၀၀၀ | ၈၅ | ၈၅၀၀ | ၆၀,၀၀၀ | ၃၀၉၉၅ |
| ၆၀,၀၀၁ | မှ | ၁,၀၀,၀၀၀ | ၉၅ | ၃၈,၀၀၀ | ၁,၀၀,၀၀၀ | ၆၈၉၉၅ |
| ၁,၀၀,၀၀၁ | မှ | ၃,၀၀,၀၀၀ | ၉၈ | ၁,၉၆,၀၀၀ | ၃,၀၀,၀၀၀ | ၂,၆၄,၉၉၅ |
| ၃,၀၀,၀၀၁ | နှင့် | အထက် | ၉၉ | ---- | ---- | ---- |

မှတ်ချက်။ (၁) အခြေပြုနည်း မှ မြတ်စွန်းငွေအတွက် သီးခြားနှုန်းဖြင့် တွက်ချက်သည်။

(၂) အမြတ်ခွန်စည်းကြပ်မှု လုပ်ထုံးလုပ်နည်း မှ ကူးယူပါသည်။

## အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား

### အမြတ်ခွန်နှုန်းများ

၁။ ပုဒ်မ ၄ ပုဒ်မခွဲ (က) အရ အခွန်စည်းကြပ်ထိုက်သော အနည်းဆုံးဝင်ငွေသည် ကျပ် ၈၀၀၁ ဖြစ်သည်။ ဝင်ငွေအတန်းအစားအလိုက် ကျသင့်သော အခွန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ သို့ရာတွင် ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းမှ ဝင်ငွေ ရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သော အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို နုတ်ပယ်ပြီး ကျန်ငွေကိုသာ ပေးဆောင်ရမည်။ ဆေးပေါ့လိပ် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းမှ ဝင်ငွေရရှိခြင်း ဖြစ်လျှင်အောက်ပါအတိုင်းကျသင့်သော အခွန်နှင့် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေနှစ်ရပ်ပေါင်းကို ပေးဆောင်ရမည်—

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၈၀၀၁ | ၁၀၀၀၀ | ၂၄၀ |
| ၁၀၀၀၁ | ၁၂၀၀၀ | ၃၆၀ |
| ၁၂၀၀၁ | ၁၄၀၀၀ | ၅၄၀ |
| ၁၄၀၀၁ | ၁၆၀၀၀ | ၇၅၆ |
| ၁၆၀၀၁ | ၁၈၀၀၀ | ၁၀၄၄ |
| ၁၈၀၀၁ | ၂၀၀၀၀ | ၁၃၅၆ |
| ၂၀၀၀၁ | ၂၂၀၀၀ | ၁၆၈၀ |
| ၂၂၀၀၁ | ၂၄၀၀၀ | ၂၀၀၀ |
| ၂၄၀၀၁ | ၂၆၀၀၀ | ၂၅၈၀ |
| ၂၆၀၀၁ | ၂၈၀၀၀ | ၃၀၆၀ |
| ၂၈၀၀၁ | ၃၀၀၀၀ | ၃၆၂၄ |
| ၃၀၀၀၁ | ၃၂၀၀၀ | ၄၀၀၈ |
| ၃၂၀၀၁ | ၃၄၀၀၀ | ၅၁၃၆ |
| ၃၄၀၀၁ | ၃၆၀၀၀ | ၅၉၄၀ |
| ၃၆၀၀၁ | ၃၈၀၀၀ | ၆၇၄၄ |
| ၃၈၀၀၁ | ၄၀၀၀၀ | ၇၅၉၆ |
| ၄၀၀၀၁ | ၄၂၀၀၀ | ၈၆၀၄ |
| ၄၂၀၀၁ | ၄၄၀၀၀ | ၉၆၉၆ |
| ၄၄၀၀၁ | ၄၆၀၀၀ | ၁၀၈၉၆ |
| ၄၆၀၀၁ | ၄၈၀၀၀ | ၁၂၀၉၆ |
| ၄၈၀၀၁ | ၅၀၀၀၀ | ၁၃၂၉၆ |
| ၅၀၀၀၁ | ၅၅၀၀၀ | ၁၅၃၉၆ |
| ၅၅၀၀၁ | ၆၀၀၀၀ | ၁၈၃၉၆ |
| ၆၀၀၀၁ | ၆၅၀၀၀ | ၂၁၃၉၆ |
| ၆၅၀၀၁ | ၇၀၀၀၀ | ၂၄၃၉၆ |
| ၇၀၀၀၁ | ၇၅၀၀၀ | ၂၇၃၉၆ |
| ၇၅၀၀၁ | ၈၀၀၀၀ | ၃၀၆၄၈ |
| ၈၀၀၀၁ | ၈၅၀၀၀ | ၃၄၁၅၂ |
| ၈၅၀၀၁ | ၉၀၀၀၀ | ၃၇၆၅၆ |
| ၉၀၀၀၁ | ၉၅၀၀၀ | ၄၁၁၆၀ |
| ၉၅၀၀၁ | ၁၀၀၀၀၀ | ၄၄၆၅၂ |
| ၁၀၀၀၀၁ | ၁၁၀၀၀၀ | ၄၉၈၉၆ |
| ၁၁၀၀၀၁ | ၁၂၀၀၀၀ | ၅၆၉၀၄ |
| ၁၂၀၀၀၁ | ၁၃၀၀၀၀ | ၆၃၉၀၀ |
| ၁၃၀၀၀၁ | ၁၄၀၀၀၀ | ၇၀၈၉၆ |
| ၁၄၀၀၀၁ | ၁၅၀၀၀၀ | ၇၇၉၀၄ |

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၁၅၀၀၀၁ | ၁၆၀၀၀၀ | ၈၅၄၀၄ |
| ၁၆၀၀၀၁ | ၁၇၀၀၀၀ | ၉၃၃၉၆ |
| ၁၇၀၀၀၁ | ၁၈၀၀၀၀ | ၁၀၁၄၀၀ |
| ၁၈၀၀၀၁ | ၁၉၀၀၀၀ | ၁၀၉၄၀၄ |
| ၁၉၀၀၀၁ | ၂၀၀၀၀၀ | ၁၁၇၃၉၆ |
| ၂၀၀၀၀၁ | ၂၁၀၀၀၀ | ၁၂၅၄၀၀ |
| ၂၁၀၀၀၁ | ၂၂၀၀၀၀ | ၁၃၃၄၀၄ |
| ၂၂၀၀၀၁ | ၂၃၀၀၀၀ | ၁၄၁၃၉၆ |
| ၂၃၀၀၀၁ | ၂၄၀၀၀၀ | ၁၄၉၄၀၀ |
| ၂၄၀၀၀၁ | ၂၅၀၀၁၀ | ၁၅၇၄၀၄ |
| ၂၅၀၀၀၁ | ၂၆၀၀၀၀ | ၁၆၅၃၉၆ |
| ၂၆၀၀၀၁ | ၂၇၀၀၀၀ | ၁၇၃၄၀၀ |
| ၂၇၀၀၀၁ | ၂၈၀၀၀၀ | ၁၈၁၄၀၄ |
| ၂၈၀၀၀၁ | ၂၉၀၀၀၀ | ၁၈၉၃၉၆ |
| ၂၉၀၀၀၁ | ၃၀၀၀၀၀ | ၁၉၇၄၀၀ |

ဝင်ငွေကျပ် ၃၀၀၀၀၀ အထက်ရှိလျှင် ကျသင့်သော အခွန်သည် ကျပ် ၁၉၇၄၀၀ နှင့် ကျပ် ၃၀၀၀၀၀ ထက်ပိုမိုသည့် ဝင်ငွေအပေါ် ကိုးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေနှစ်ရပ်ပေါင်းဖြစ်သည်။

၂။ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့်စပ်လျဉ်း၍ အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့် တန်ဘိုးသည်ကျပ် ၅၀၀၀၀ ထက်ပိုမိုသည့်အခါမှ အခွန်ကျသင့်စေရမည်။ ကျသင့်သောအခွန်သည် အခြေပစ္စည်းမှ မြတ်စွန်းငွေ၏ တစ်ဆယ် ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်သည်။

သို့ရာတွင်ကျသင့်သော အခွန်သည် အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့် တန်ဘိုးငွေမှ ကျပ် ၅၀၀၀၀ နုတ်ပယ်ပြီးကျန်ရှိသောငွေ၏ ထက်ဝက်ထက် မပိုစေရ။

၃။ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှ တင်သွင်းသည့် ပစ္စည်းအတွက် ကျသင့်သော အခွန်သည် ယင်းပစ္စည်း ကုန်းပေါ်ရောက် တန်ဘိုး၏တစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်သည်။

၄။ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) အရ အခကြေးငွေယူသော ဖျော်ဖြေမှုအတွက်ကျသင့်သော အခွန်သည် အောက်ပါအတိုင်းဖြစ်သည်—

(က) ရုပ်ရှင်ပြသခြင်းဖြစ်ပါက ရငွေအားလုံး၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေ၊

(ခ) ရုပ်ရှင်မှအပ ကျန်ဖျော်ဖြေမှု ဖြစ်ပါက ရငွေအားလုံး၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေ။

၅။ ပုဒ်မ ၄ ပုဒ်မခွဲ (င) အရ ဆားထုတ်လုပ်ခြင်း အတွက်ကျသင့်သောအခွန်သည် ထုတ်လုပ်သည့် ဆားတပိဿာလျှင် ဆယ်ပြားနှုန်းဖြင့် တွက်ချက်ရရှိသောငွေဖြစ်သည်။

## အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော် တဝန်းလုံးတွင် ၁၉၇၆-၇၇ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ အမြတ်ခွန် ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည်—

(က) တစ်ဦး တစ်ယောက်သော သူသည် မိမိ၏ ဝင်ငွေထိမ်ချန်ကြောင်း သို့မဟုတ် ယင်းဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း၊ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့က တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်၊

(ခ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းကပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

၄။ အမြတ်ခွန် ဥပဒေ၏ နောက်ဆက်တွဲဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည်—

### အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား

### အမြတ်ခွန်နှုန်းများ

၁။ ပုဒ်မ ၄ ပုဒ်မခွဲ (က)အရ အခွန်စည်းကြပ်ထိုက်သော အနည်းဆုံးဝင်ငွေသည် ကျပ် ၈၀၀၁ ဖြစ်သည်။ ဝင်ငွေ အတန်းအစားအလိုက် ကျသင့်သော အခွန်များမှာ အောက်ပါအတိုင်းဖြစ်သည်။ သို့ရာတွင် ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းနှင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သောအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို နုတ်ပယ်ပြီး ကျန်ငွေကိုသာ ပေးဆောင်ရမည်။ ဆေးပေါ့လိပ် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သော အခွန်နှင့် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေနှစ်ရပ်ပေါင်းကို ပေးဆောင်ရမည်—

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၈၀၀၁ | ၁၀၀၀၀ | ၂၄၀ |
| ၁၀၀၀၁ | ၁၂၀၀၀ | ၃၆၀ |
| ၁၂၀၀၁ | ၁၄၀၀၀ | ၅၄၀ |
| ၁၄၀၀၁ | ၁၆၀၀၀ | ၇၅၆ |
| ၁၆၀၀၁ | ၁၈၀၀၀ | ၁၀၄၄ |
| ၁၈၀၀၁ | ၂၀၀၀၀ | ၁၃၅၆ |

| ဝင်ငွေအတန်းအစား | | ကျသင့်သော အခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၂၀၀၀၁ | ၂၂၀၀၀ | ၁၆၈၀ |
| ၂၂၀၀၁ | ၂၄၀၀၀ | ၂၁၀၀ |
| ၂၄၀၀၁ | ၂၆၀၀၀ | ၂၅၈၀ |
| ၂၆၀၀၁ | ၂၈၀၀၀ | ၃၀၆၀ |
| ၂၈၀၀၁ | ၃၀၀၀၀ | ၃၆၂၄ |
| ၃၀၀၀၁ | ၃၂၀၀၀ | ၄၀၀၈ |
| ၃၂၀၀၁ | ၃၄၀၀၀ | ၅၁၃၆ |
| ၃၄၀၀၁ | ၃၆၀၀၀ | ၅၉၄၀ |
| ၃၆၀၀၁ | ၃၈၀၀၀ | ၆၇၄၄ |
| ၃၈၀၀၁ | ၄၀၀၀၀ | ၇၅၉၆ |
| ၄၀၀၀၁ | ၄၂၀၀၀ | ၈၆၀၄ |
| ၄၂၀၀၁ | ၄၄၀၀၀ | ၉၆၉၆ |
| ၄၄၀၀၁ | ၄၆၀၀၀ | ၁၀၈၉၆ |
| ၄၆၀၀၁ | ၄၈၀၀၀ | ၁၂၀၉၆ |
| ၄၈၀၀၁ | ၅၀၀၀၀ | ၁၃၂၉၆ |
| ၅၀၀၀၁ | ၅၅၀၀၀ | ၁၅၃၉၆ |
| ၅၅၀၀၁ | ၆၀၀၀၀ | ၁၇၇၂၇ |
| ၆၀၀၀၁ | ၆၅၀၀၀ | ၂၀၂၀၆ |
| ၆၅၀၀၁ | ၇၀၀၀၀ | ၂၂၈၃၅ |
| ၇၀၀၀၁ | ၇၅၀၀၀ | ၂၅၆၁၄ |
| ၇၅၀၀၁ | ၈၀၀၀၀ | ၂၈၅၄၃ |
| ၈၀၀၀၁ | ၈၅၀၀၀ | ၃၁၆၂၂ |
| ၈၅၀၀၁ | ၉၀၀၀၀ | ၃၄၈၅၁ |
| ၉၀၀၀၁ | ၉၅၀၀၀ | ၃၈၂၃၀ |
| ၉၅၀၀၁ | ၁၀၀၀၀၀ | ၄၁၇၅၉ |
| ၁၀၀၀၀၁ | ၁၁၀၀၀၀ | ၄၅၄၄၄ |
| ၁၁၀၀၀၁ | ၁၂၀၀၀၀ | ၅၀၂၈၉ |
| ၁၂၀၀၀၁ | ၁၃၀၀၀၀ | ၅၅၂၂၅ |
| ၁၃၀၀၀၁ | ၁၄၀၀၀၀ | ၆၀၂၅၀ |
| ၁၄၀၀၀၁ | ၁၅၀၀၀၀ | ၆၅၃၆၆ |
| ၁၅၀၀၀၁ | ၁၆၀၀၀၀ | ၇၀၅၇၁ |
| ၁၆၀၀၀၁ | ၁၇၀၀၀၀ | ၇၅၈၆၇ |
| ၁၇၀၀၀၁ | ၁၈၀၀၀၀ | ၈၁၂၅၂ |
| ၁၈၀၀၀၁ | ၁၉၀၀၀၀ | ၈၆၇၂၈ |
| ၁၉၀၀၀၁ | ၂၀၀၀၀၀ | ၉၂၂၉၃ |
| ၂၀၀၀၀၁ | ၂၁၀၀၀၀ | ၉၇၅၁၈ |
| ၂၁၀၀၀၁ | ၂၂၀၀၀၀ | ၁၀၂၇၉၁ |
| ၂၂၀၀၀၁ | ၂၃၀၀၀၀ | ၁၀၈၁၁၂ |
| ၂၃၀၀၀၁ | ၂၄၀၀၀၀ | ၁၁၃၄၈၁ |
| ၂၄၀၀၀၁ | ၂၅၀၀၀၀ | ၁၁၈၈၉၈ |
| ၂၅၀၀၀၁ | ၂၆၀၀၀၀ | ၁၂၄၃၆၃ |
| ၂၆၀၀၀၁ | ၂၇၀၀၀၀ | ၁၂၉၈၇၆ |
| ၂၇၀၀၀၁ | ၂၈၀၀၀၀ | ၁၃၅၄၃၇ |
| ၂၈၀၀၀၁ | ၂၉၀၀၀၀ | ၁၄၁၀၄၆ |
| ၂၉၀၀၀၁ | ၃၀၀၀၀၀ | ၁၄၆၇၀၃ |

ဝင်ငွေကျပ် ၃၀၀၀၀၀ အထက်ရှိလျှင် ကျသင့်သော အခွန်သည် ကျပ် ၁၄၆၇၀၃ နှင့် ကျပ် ၃၀၀၀၀၀ ထက်ပိုမိုသည့် ဝင်ငွေအပေါ် ၈၇ းဆယ် ရာခိုင်နှုန်းနှင့် ညီမျှသော ငွေနှစ်ရပ်ပေါင်း ဖြစ်သည်။

၂။ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့်စပ်လျဉ်း၍ အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးသည် ကျပ် ၅၀၀၀၀ ထက် ပိုမိုသည့်အခါမှ အခွန်ကျသင့် စေရမည်။ ကျသင့်သော အခွန်သည် အခြေပစ္စည်းမှ မြတ်စွန်းငွေ၏ တစ်ဆယ် ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

သို့ရာတွင် ကျသင့်သော အခွန်သည် အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးငွေမှ ကျပ် ၅၀၀၀၀ နုတ်ပယ်ပြီး ကျန်ရှိသော ငွေ၏ထက်ဝက်ထက် မပိုစေရ။

၃။ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှတင်သွင်းသည့် ပစ္စည်းအတွက် ကျသင့်သော အခွန်သည် ယင်းပစ္စည်း ကုန်းပေါ်ရောက် တန်ဖိုး၏ တစ်ဆယ့်ငါး ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

၄။ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) အရ အခကြေးငွေ ယူသော ဖျော်ဖြေမှု အတွက် ကျသင့်သော အခွန်သည် အောက်ပါအတိုင်း ဖြစ်သည်—

(က) ရုပ်ရှင် သို့မဟုတ် ဗွီဒီယို ပြသခြင်းဖြစ်ပါက ရငွေအားလုံး၏ လေးဆယ် ရာခိုင်နှုန်းနှင့် ညီမျှသောငွေ၊

(ခ) ရုပ်ရှင် သို့မဟုတ် ဗွီဒီယို မှအပ ကျန်ဖျော်ဖြေမှု ဖြစ်ပါက ရငွေအားလုံး၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေ။

၅။ ပုဒ်မ ၄ ပုဒ်မခွဲ (င) အရ ဆား ထုတ်လုပ်ခြင်းအတွက် ကျသင့်သော အခွန်သည် ထုတ်လုပ်သည့် ဆား တစ်ပိဿာလျှင် ဆယ်ပြားနှုန်းဖြင့် တွက်ချက်ရရှိသော ငွေဖြစ်သည်။

(ပုံ) စန်းယု
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ရက်။
(၁၉၈၆ ခုနှစ်၊ မတ်လ ရက်)

ပ၊စ၊က/၁၅၄၀၈၃/စီမံ + ဘဏ္ဍာ/၃၀၀၀+၁၀/၈၆/မနလစ။

# ကျမ်းကိုးစာရင်း

## အင်္ဂလိပ်စာအုပ်များ


1. Charles M. Allan. " The Theory of Taxation " (1971) Penguin Books.
2. Bastable, C.F. "Public Finance", Third Edition, London, 1903.
3. Dalton, Hugb, " Principles of Public Finance, Fourth Edition(1957), Routledge & Keegan Paul Ltd, London.
4. Seligman, E.R.A, " Essays in Taxation,," 10th Edition (1925), New York, Macmillan.
5. Simons, Henery C., " Personal Income Taxation," (Chicago: University of Chicago Press ( 1921)
6. Adam.H.C, " The Science of Finance, " New York, 1898.
7. Iyengar, A.C. Sampath, " The Indian Income-Tax Act".
8. Funnivall J.S. " An Introduction to the Political Economy of Burma " Rangoon 1957.
9. Maung Kyaw Sein " A Study of the Development of Taxation on Income in Burma. (L.L.M Thesis )( 1980 )
10. Samuelson P.A. " Economics", Mc. Graw Hill Book Co:, 1973.
11. The Burma Income-Tax Act 1922.

<u>မြန်မာစာအုပ်များ</u>


၁။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း နှင့်ဘိုး တော်ဘုရား၏ရာဇသတ် ခေါ် သောအမိန့်တော်တမ်းကြီး ။( ပထမပိုင်း ၊ ဒုတိယပိုင်း ၊ တတိယပိုင်း )

၂။ ၁၉၂၂ ခုနှစ်မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ ( မြန်မာပြန် )

၃။ ၁၉၇၄ ခုနှစ်ဝင်ငွေခွန်ဥပဒေ ( ၁၉၇၄ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီဥပဒေအမှတ်- ၇ )

၄။ ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေ ( ပြည်သူ့လွှတ်တော်ဥပဒေအမှတ်- ၄ )

၅။ ၁၉၇၆ ခုနှစ်အမြတ်ခွန်စည်းမျဉ်းများ

၆။ ၁၉၈၆ ခုနှစ်အမြတ်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

၇။ မြန်မာ့စွယ်စုံကျမ်း ၊ အတွဲ ၁၄၊

၈။ ပါတီရေးရာစာစောင်၊ ၁၉၇၇ ခုနှစ်ဩဂုတ်လထုတ်

၉။ ပါတီရေးရာစာစောင် ၁၉၈၆ ခုနှစ်ဇူလိုင်လထုတ်

၁၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့်အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေ

၁၁။ ဦးတင်အောင် ၁၉၇၆ ခုနှစ်အမြတ်ခွန်ဥပဒေနှင့်စည်းမျဉ်း လက်တွေ့ပိုင်းဆိုင်ရာရှင်းလင်းချက်စာတမ်း (အပိုင်း ၁ နှင့် ၂ ) ပြည်တွင်းအခွန်များ ဦးစီးဌာန၊

၁၂။ မြန်မာနိုင်ငံအခွန်ကောက်ခံမှုသမိုင်းစဉ်အကျဉ်းစာတမ်း (ပထမပိုင်း) ( ပြည်တွင်းအခွန်များ ဦးစီးဌာန )

၁၃။ လမ်းစဉ်သတင်း အတွဲ ၂၂ အမှတ် ၁၆ (၁၅-၈-၈၆)

၁၃။ ရတနာပုံခေတ်အခွန်ကောက်ခံပုံစနစ်များ စာတမ်း
(ပြည်တွင်းအခွန်များဦးစီးဌာန)

၁၄။ လမ်းစဉ်သတင်း အတွဲ ၂၂ အမှတ် ၁၆ (၁၅-၈-၈၆)

၁၅။ ပြည်သူ့စာရင်းကိုင်စာစောင် အတွဲ၁၊ အမှတ် ၁၊ ၁၉၈၂ ခုနှစ် အောက်တိုဘာလထုတ်။